www.burmeseclassic.com



www.burmeseclassic.com

ဆုမြတ်မွန်မွန်

ဆန်တိုဆာချစ်ပုံပြင်

၂၀၁၄ခုနှစ်၊ အောက်တိုဘာလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၁၀၂၈၅)၊ စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅.၈၃

ဆုမြတ်မွန်မွန်

ဆန်တိုဆာချစ်ပုံပြင်၊ ဆုမြတ်မွန်မွန် (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၄


၃၂၄-စာ၊ ၅×၇

(၁) ဆန်တိုဆာချစ်ပုံပြင်

# ဆုမြတ်မွန်မွန်

## ဆန်တိုဆာချစ်ပုံပြင်

(Love Story in Sentosa)



စီစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



YANGOON ➡ SINGAPORE

www.burmeseclassic.com

www.burmeseclassic.com



## ၁

တိမ်တိုက်တွေကြားမှ Silk Air လေယာဉ်ကြီးက တဖြည်းဖြည်းချင်း နိမ့်လာလျှင် ရေပြင်စိမ်းပြာပြာတွေ စတွေ့ရသည်။ ကျွန်းသေးရှည်ရှည်လေးတွေက ဟိုတစ်စ ဒီတစ်စ ဖြစ်နေတာဟာ ပန်းချီဆရာတစ်ယောက်က စိတ်ကူးကျကျ ရေးဆွဲထားတဲ့အတိုင်း။ တကယ်တော့ ဒါဟာ သဘာဝအတိုင်း ဖြစ်နေတာလေ။ တစ်ခါတစ်ရံကျတော့လည်း သဘာဝရဲ့ ဆန်းကြယ်မှု၊ အလှအပတွေ ဆိုတာဟာ တမင်ဖန်တီးထားတာထက်တောင် ရှုမောမဆုံး လှပနေတတ်သည်။

ရေပြင်ပြာကို ငေးရင်း အတွေးနယ်ချဲ့နေသည့် မြယာအနားသို့ ဖက်ဖူးစိမ်းနုရောင် ယူနီဖောင်း လေယာဉ်မယ် ဝတ်စုံလေးနှင့် လှပသော လေယာဉ်မယ်လေးက ကပ်လာရင်း...

"Excuse me"



www.burmeseclassic.com

www.burmeseclassic.com



မော့်ကြည့်လိုက်တော့ နံ့ကိုပြန်မတ်ဖို့နဲ့ ခါးပတ်ပတ်ထားဖို့ လာပြောသည်မို့ မြယာက ရက်ပြုံးလေးဖြင့် ခေါင်းညိတ်ပြလိုက်သည်။ ထိုင်ခုံကိုပြန်မတ်၊ ခါးပတ်,ပတ်ပြီး အသက်ကို ဝဝရှူကာ မျက်လုံးကို နှစ်စက္ကန့်လောက် မှိတ်ပြီးမှ ပြန်ဖွင့်လိုက်သည်။ နှလုံးခုန်သံ တိုးတိုးလေး ကြားနေရသည်။ တကယ်တော့ နှလုံးခုန်သံဆိုတာ လူတိုင်းမှာ ရှိတာပဲလေနော်။ ပုံမှန်ဆိုရင်တော့ ကြားစရာအကြောင်း မရှိချေ။ ခုလို ကြားနေရတာယ်ဆိုတာက ပုံမှန်ထက် ပိုမြန်နေလို့၊ ပိုကျယ်နေလို့။ တစ်နည်းဆိုသော် ရင်ခုန်နေလို့ မဟုတ်ပါလား။

ဘာလို့မှန်း မသိပါ။ စင်ကာပူမြေကို နင်းရမှာ မြယာ ရင်ခုန်နေသည်။ တစ်ခါမှ မရောက်ဘူးလို့ ရင်ခုန်တာမျိုးလား ဆိုတော့လည်း မဟုတ်။ Oversea ကို မြယာ ဗန်ကောက်ကို ပထမဆုံး စရောက်ဖူးသည်။ ဘယ်လိုမှ မနေပါ။ ဩော် … ဗန်ကောက်ဆိုတာ ဒါလား ဟူသော ပုံစံမျိုးသာရှိသည်။ ကိုယ့်တိုင်းပြည်နှင့် ကွာနေသော အနေအထားတွေအတွက် မျက်လုံးအဝိုင်းသားနှင့် ငေးမည်။ ဈေးဝယ်ကောင်းလို့သာ သဘောတကျ ဖြစ်ချင်ဖြစ်မည်။ ရင်ခုန်စိတ်ဆိုတာ မရှိခဲ့ဘူးဆိုတာ သေချာသည်။

အဲဒီတုန်းကတော့ မေမေခင်ရယ်၊ ကိုကြီးရယ်နဲ့တော့ အတူသွားခဲ့ကြတာပေါ့။ အဲဒါကြောင့်ပဲ ရင်မခုန်တာလား။ ခုတော့ စင်ကာပူကို မြယာ တစ်ယောက်တည်း လာခဲ့သည်။ တစ်ယောက်





တည်း လာရတာမို့ ရင်ခုန်နေတာလား၊ တက်ကြွနေတာလား၊ ပျော်ရွှင်နေတာလား။ အို … ဘာလဲဆိုတာ မြယာ ဝေခွဲမနေတော့။

သေချာတာကတော့ ရင်ထဲမှာ ကြယ်လေးတစ်လုံး ရောက်နေသလို တောက်ပလင်းလက်နေပါသည်။ ထိုကြယ်ကလေးက ခုန်ပေါက်မြူးတူးနေဦးမည်။ လေယာဉ်ကြီးက ပြေးလမ်းပေါ် ဆင်းသက်ဖို့ ကြိုးစားနေသည်။ ဘာရယ်မဟုတ်ဘဲ နီနီခင်ဇော်ရဲ့ လေယာဉ်ပျံသီချင်းကို သွားသတိရမိသေးသည်။ ဒီအချိန်ဆို နွေးလည်း ရောက်နေရောပေါ့။ နွေးဆိုမှပဲ မြယာက လူကြုံနှင့် နွေး ထည့်ပေးလိုက်သော ဖုန်းကတ်လေးကို သတိရသွားသည်။ အိတ်ထဲက Note 3 ဖုန်းကိုထုတ်ကာ မြန်မာပြည်က MPT ဆင်းကတ်ကိုထုတ်ပြီး စင်ကာပူဆင်းကတ်ကို ပြောင်းထည့်လိုက်သည်။ ပါဝါဖွင့်လိုက်သည်။ Sing Tel ဖုန်းလိုင်းက တက်လာပါသည်။

မြယာက ကျေနပ်စွာ ပြုံးမိရင်း ပိုက်ဆံအိတ်ရဲ့ ဘေးအိတ်ထဲကို ဖုန်းကို အလွယ်ပြန်ထိုးထည့်ထားလိုက်သည်။ မြယာ စင်ကာပူကို လာမည်ဆိုတည်းက အရာရာကို စေ့စပ်သေချာသော နွေးက လူကြုံနှင့်အတူ စင်ကာပူဖုန်းကတ်ကို ထည့်ပေးလိုက်သည်။ နွေး လာကြိုနေမှာ ဖြစ်ပေမယ့် လေဆိပ်အရောက်မှာကိုပဲ မြယာကို ဆက်သွယ်ချင်လို့တဲ့။ အင်မီဂရေးရှင်းကိုဖြတ်လို့ တစ်ခုခုများ အဆင်မပြေတာ ရှိခဲ့ရင် မြယာ လှမ်းဆက်သွယ်နိုင်အောင်တဲ့။ အင်း … သိပ်ချစ်ဖို့ကောင်းစွာ အကျင့်ရှိသော



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း။ တက်ကြွသော နွေး။ ဒါကြောင့်လည်း စင်ကာပူမှာ အင်ဂျင်နီယာမလေးအဖြစ် အောင်အောင်မြင်မြင် ရပ်တည်နေနိုင်တာ မဟုတ်လား။

အတွေးတွေထဲ မျောနေသဖြင့် လေယာဉ်ဘီးချတာတောင် သတိမထားမိလိုက်ချေ။ ပိုးသားလေးကြောင်းလိုင်းကြီးမို့လား။ လေယာဉ်က လုံးဝစက်ရပ်သွားပြီမို့ မြယာက ခါးပတ်ကိုဖြုတ်ကာ မတ်တတ်ထရပ်လိုက်သည်။ အပေါ်က အိတ်ခါးကိုဖွင့်ကာ လက်ဝှေ့ချ် Hand Carry အိတ်လေးကို ဆွဲယူလိုက်သည်။ အိတ်ထဲမှာ မြယာရဲ့အဝတ်အစား၊ အသုံးအဆောင်တချို့ ပါသည်။ ဒါပဲ ... အဲဒါ အကုန်ပဲ။ ရွေးရမည့် အိတ်အကြီးထဲမှာ ဘာအဝတ်အစားမှ မပါတော့ချေ။ စင်ကာပူကို လာမည်ဆိုတော့ နွေးက လှမ်းပြောထားသည်။

"ဟဲ့ ... မြယာ။ နင် စ,လုံးကိုလာရင် ဘာအဝတ်အစားမှ အများကြီး ထည့်မလာနဲ့။ နင်ရောက်မယ့်အချိန်က Big Sale အချိန်နော်။ ဈေးတွေ အကြီးအကျယ်လျှော့ကြတာ၊ ခရစ်စမတ်နဲ့ နယူးရီးယား၊ အမယ်လေး ... မကြုံဖူးတဲ့ လျှော့ဈေးမျိုးတွေမို့ လိုတာတွေရော မလိုတာတွေရော ဒီရောက်မှသာဝယ်။ အဝတ်အစား လေးငါးစုံလောက်သာ ထည့်လာခဲ့။ ကျန်တဲ့ ကီလိုတွေ အစားအသောက်သာသယ်ခဲ့ ... ဟုတ်ပြီလား"





အစ်မတော်ဖုရားလေး၏ မှာကြားချက်အတိုင်း ကီလို သုံးဆယ်နီးပါးကို မြန်မာပြည်က ဒေသထွက်ကုန် စားသောက်စုံ မျိုးစုံကို သယ်ဆောင်လာခဲ့ရသည်။ မုန့်ဟင်းခါးအခြောက်ထုပ်၊ ရှမ်းခေါက်ဆွဲအစည်းကကို ဘယ်နှထုပ်မှန်းမသိ။ လေယာဉ်တံခါးဖွင့်ကာ ဆင်းခွင့်ပေးလိုက်ပြီမို့ မြယာက Hand Carry အိတ်ခရမ်းရောင်လေးကိုဆွဲကာ လေယာဉ်ထဲမှ ထွက်လာခဲ့သည်။ ကျယ်ဝန်းလှပ သပ်ရပ်သော ချန်ဂီလေဆိပ်သည် အေးမြအခြေကြီးစွာ ကြိုဆိုနေပါသည်။

ဘယ်အရာကိုမှ အရေးမကြီးဟု သတ်မှတ်ထားသော မြယာမှာ အိတ်လေးကိုဆွဲပြီး အေးအေးလူလူပဲ လျှောက်လှမ်းထွက်လာခဲ့သည်။

-"Just give me a reason xx Just still little bits enough just still when i broken ur best till we can love to love again ..."

အိတ်ထဲမှ ထွက်လာသော Pink ရဲ့အသံကြောင့် မြယာက တစ်ချက်ပြုံးကာ ဖုန်းကိုထုတ်လိုက်သည်။ နွေးဆီကပဲဖြစ်ရမည်။ စင်ကာပူမှာ မြယာဆီသို့ ဖုန်းဆက်နိုင်သောလူဆိုတာ နွေးပဲ ရှိမှာလေ။ တကယ်လည်း နွေးပဲ ဖြစ်နေသည်။

"ဟေး ... မြယာ ... ဘယ်နားရောက်နေပြီလဲ"

"အင်း ... အင်မီဂရေးရှင်းကို သွားနေတဲ့လမ်းမှာ"

"အေး ... အဆင်ပြေတယ်မှလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ခုထိတော့ ပြေပါတယ်။ အင်မီဂရေးရှင်း ဖြတ်ရင်တော့ မသိဘူး"

"အေးပါ ... ကုလားမထိုင်တဲ့ခုံကို မဖြတ်နဲ့။ ယောကျ်ားထိုင်တဲ့ခုံကိုဖြတ်၊ နင့်လည်ပင်းမှာ LV ပဝါ ပတ်ထားတယ် မဟုတ်လား"

နွေးရဲ့အမေးစကားကြောင့် မြယာက ခပ်ဟက်ဟက် ရယ်မောမိသည်။ နွေး ဘာကိုဆိုလိုတယ် ဆိုတာကိုလည်း မြယာ သိပါသည်။ မြယာ ရယ်နေသဖြင့် နွေးက ဆက်ပြောသည်။

"ဟုတ်တယ် ... ဒီက အင်မီဂရေးရှင်းက ကြောက်နေရင် ဖြစ်ခြောက်တယ်။ လူတိုင်းကို အလုပ်လာရှာတဲ့သူလို့ မှတ်နေတာ။ တော်တန်ရုံ ဝတ်စားထားပြီး visit visa နဲ့ တစ်လလောက်နေမယ် ပြောလိုက်ရင် အလုပ်လာရှာမယ်ပဲ ထင်နေကြတာ ...

သားသားနားနား ဝတ်စားပြီး တစ်လလောက်နေမယ် ဆိုမှ ပိုက်ဆံလာဖြုန်းတယ်ဆိုတာ လက်ခံချင်တယ်နဲ့ တူတယ်"

"အိုခေပါ ... ငါ ပြီးရင် ဖုန်းပြန်ဆက်မယ်"

"အေးပါ ... အဆင်ပြေမှာပါ ဆီးရား"

နွေးက ဖုန်းချသွားသည်။ မြယာက ဆံပင်ကို တစ်ချက်သပ်ကာ ဆက်လျှောက်လာခဲ့သည်။ ဘေးက မှန်ချပ်တွေမှာ အရိပ်ထင်နေသော ကိုယ့်ပုံကိုယ် အသာငဲ့ကြည့်မိတော့ အနီနု





ရောင် ကုတ်လက်တိုကို အပေါ်ထပ်အဖြစ် ပေါ့ပေါ့ပါးပါး ဝတ်ထားကာ ဆင်စွယ်ရောင်ဘောင်းဘီရှည်ကို ပြောင်လက်တောက်ပနေသော လေဒီရှူးအနက်ဖြင့် တွဲဖက်ဝတ်ဆင်ထားသည်။

နွေး ပြောသလိုပဲ လည်ပင်းမှာ LV တံဆိပ် ပုဝါလေးကို ဖက်ရှင်တစ်ခုအဖြစ် လှပသပ်ရပ်စွာ စည်းနှောင်ထားပါသေးသည်။ ပတ်စပို့ မပြသေးလျှင် ယိုးဒယားမလိုလို မလေးတရုတ်မလိုလို ထင်ရသော ရုပ်သွင်နှင့် ခေတ်မီမီကမ္ဘာကို ကြည့်မြင်နေသော မြယာမှာ စင်ကာပူ အင်မဂရေးရှင်းကောင်တာသို့ ရောက်လာသည်။ ကိုယ် ဖြတ်သန်းရမည့်၊ ကိုယ့်ကိုစစ်ဆေးမည့် လူဝင်မှုကြီးကြပ်ရေးအရာရှိကို ကိုယ်ရွေးချယ်ခွင့်ရသေးသည်ကတော့ ကိုယ့်အခွင့်အရေးပဲလေ။

မြယာက တရုတ်ငယ်ငယ် အရာရှိလေးရှေ့မှာရောက်မှ တန်းစီဝင်ရပ်လိုက်သည်။ သုံးယောက်တန်းစီပြီးလျှင် မြယာ အလှည့်သို့ ရောက်လာသည်။ မြယာက လိုအပ်သော စာရွက်စာတမ်းတို့ကို တင်ပေးလိုက်သည်။ အရာရှိက မြယာကို တစ်ချက်ကြည့်၊ ပတ်စ်ပို့ကို လှန်ကြည့်ကာ ကွန်ပျူတာကိုခေါက်သည်။ ပြီးတော့ white card ကို ပြန်ကြည့်ကာ မြယာကို ထပ်ကြည့်လာသည်။ မေးပါပြီ။

"စင်ကာပူကို ဘာလာလုပ်တာလဲ"

Visit လို့ ရေးထားရဲ့သားနဲ့ ဘာလာလုပ်တာလဲဆိုတော့ ဘယ်လိုပြောရမလဲ၊ ကဲ ... ပါးစပ်နဲ့ပဲ ပြောပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အလည်လာတာ"

"တစ်လနေမယ် ... ဟုတ်လား၊ အပြန်လေယာဉ်လက်မှတ်လေး ပြပါဦး"

မြယာက လွင့်လွင့်လေးပြုံးရင်း အိတ်ထဲမှ ထိုးထွက်နေသော အသွားအပြန်ဝယ်ထားသည့် Air ticket ကို ထုတ်ပြလိုက်သည်။ အရာရှိက ဘဝင်ကျသွားဟန်ဖြင့် ခေါင်းတစ်ချက်ဆတ်ကာ စင်ကာပူမှာ နေထိုင်မည့်လိပ်စာကို ထောက်ပြရင်း ထပ်မေးပြန်သည်။

"ဒါ ဘယ်သူ့လိပ်စာလဲ။ မင်းနဲ့ ဘာတော်လဲ"

"ကျွန်မ သူငယ်ချင်းပါ၊ သူ အပြင်မှာတောင် လာကြိုနေပြီ"

"အိုခေ ... အိုခေ"

စိတ်တိုင်းကျသွားတော့ဟန်ဖြင့် မြမာယာရဲ့ ပတ်စ်ပို့တွင် တုံးထုချပစ်လိုက်တော့သည်။ ပတ်စ်ပို့၊ လေယာဉ်လက်မှတ်စတာတွေကို ပြန်ကမ်းပေးသည်။ မြယာက လှမ်းယူရင်း သင့်ခ်ယူပြောကာ ပေါ့ပါးလွတ်လပ်သော ခြေလှမ်းများဖြင့် ထွက်လာခဲ့သည်။ အိတ်ရွေးရဦးမည်။ အိတ်မရွေးခင် မှန်အကာကြီးမှတစ်ဆင့် လာကြိုနေသူများကို လှမ်းမြင်နေရလေရာ လက်ဝှေ့ယမ်းပြနေသော နွေးကို မြင်လိုက်ရသည်။ အိုခေ အဆင်ပြေ ဟူသော သဘောဖြင့် မြယာက လက်မတစ်ချက် ထောင်ပြလိုက်သည်။





အိတ်တွေ တရွေ့ရွေ့ လည်ပတ်နေတာကိုကြည့်ရင်း မြယာရဲ့အိတ်က သိပ်ခက်ခက်ခဲခဲ ရှာစရာ မလိုခဲ့ပါ။ ခရမ်းရင့်ရောင် စိုလက်နေသည့်အိတ်ကို ချက်ချင်းလိုလို လှမ်းတွေ့မြင်ရသည်။ အိတ်ကို မ,ယူပြီးနောက် လှည်းပေါ်တင်ကာတွန်းရင်း နွေးထံ ဖုန်းခေါ်လိုက်သည်။

"အေး ... မြယာ ပြော"

"ငါ Duty Free ဆိုင်က ဘာဝယ်ခဲ့ရဦးမလဲ"

"အေး ... စီးကရက်နဲ့ အရက် ရောင်းသလောက် ဝယ်ခဲ့ဟာ"

"ဟာ ... ဟ ... တယ်ဟုတ်ပါလား"

"ငါ့အလုပ်ထဲက လူတွေအတွက်ပါ။ ကုမ္ပဏီမှာ အသေးစားပါတီလုပ်ရင် ငါပဲ စီစဉ်ပေးရတာ။ အရက်က အပြင်မှာဝယ်ရင် ဈေးကြီးတယ့်လေဟာ၊ စီးကရက်ကတော့ လာဘ်ထိုးဖို့ပေါ့ ... ဟဲ ဟဲ ... ဝယ်လာခဲ့"

"ဟင်း ... ဖြစ်ရတယ်"

မြယာက နှုတ်ခမ်းလေး တစ်ချက်ဆူရင်း နွေးကို လှမ်းကြည့်လိုက်သည်။ တစ်ယောက်နဲ့ တစ်ယောက်က မြင်နေရပေမယ့် ဖုန်းတွေကိုယ်စီနဲ့ စကားပြောနေကြဆဲ။ ဖုန်းချလိုက်ပြီးနောက် မြယာက Duty Free ဆိုင်ထဲသို့ ဝင်လာကာ Double Black တစ်ပုလင်း ဝယ်လိုက်သည်။ ပြီးတော့ မြယာ တစ်ယောက် နွေးထံ လျှောက်လှမ်းထွက်လာခဲ့ပါသည်။

www.burmeseclassic.com



အပြင်ရောက်သွားတာနှင့် နွေးနဲ့ မြယာ ပွေ့ဖက်နှုတ်ဆက်မိသည်။ မတွေ့ရတာ တစ်နှစ်ခွဲကျော်လောက်တောင်ရှိတော့မည်။ ခါတိုင်း တစ်နှစ် တစ်ခေါက် ပြန်လာနေကြ နွေးမှာ အလုပ်မှာ ရာထူးတက်သွားတော့ ပြန်မလာအားတော့ပြီ။

"မိန်းမ ... လှလာလိုက်တာ ... ကျွမ် ! (ကြည့်စမ်း)"

"ဩော် ... သူကတော့ မလှရှာဘူး၊ မက်ခ်ကျီးကျူခ်က... ဟာ ဟ"

နွေးက Nikita (နီကီတာ)ဇာတ်လမ်းတွဲထဲမှ မင်းသမီး မက်ခ်ကျီးကျူခ်လို အရပ်မြင့်မြင့်၊ သွယ်လျလျရှိကာ မျက်ရစ်သေးသေး၊ နှုတ်ခမ်းပါးလျလျ ကောင်မလေး ဖြစ်လေသည်။

"ပေး ပေး ... ငါ တွန်းခဲ့မယ်"

"နေပါ ဒီလောက်တော့ ရပါတယ်ဟ"

"ဩော် ... ပေးပါဆိုဟာ၊ နင်က လေယာဉ်စီးလာရတာ ညောင်းနေမှာပေါ့၊ ခြေဆန့်လက်ဆန့် လျှောက်ပါ လာ...

ဩော် ... ဗိုက်ဆာပြီလား။ ဒီမှာပဲ တစ်ခုခုစားသွားမလား"

အချိန်က ညနေခြောက်နာရီခန့် ရှိနေပေပြီ။ လေယာဉ်ပေါ်မှာ နည်းနည်းစားလာသေးကာမို့ မြယာ မဆာပါ။

"မဆာပါဘူးဟ။ လေယာဉ်ပေါ်မှာ ကော်ဖီလည်းသောက်လာသေးတယ်

"အိုခေ ... အိမ်ရောက်မှ အေးဆေးစားတာပေါ့"





"နင် ဟင်းချက်ထားလို့လား"

"အင် ... ချက်စရာလား။ နင့် ဒီအိတ်ကြီးတစ်လုံးက ငါ့အတွက် ရိက္ခာတွေပဲ မဟုတ်ဘူးလား ... ဟား ဟား"

"ဟင်"

မြယာ မျက်လုံးပြူးသွားပုံကို နွေးက တဟားဟား ရယ်သည်။ နွေးကြည့်ရတာ မြယာ ရောက်လာတာကို အတော်မြူးနေဟန်ရှိသည်။ နွေး ပျော်နေပုံကိုကြည့်ကာ မြယာတောင် နလုံးသားထဲက တထိတ်ထိတ်နဲ့ ပျော်ရွှင်လာရလေသည်။ အရှေ့တောင်အာရှမှာ အတိုးတက်ဆုံးနှင့် လုံခြုံမှုအရှိဆုံးနိုင်ငံမှာ ချစ်သူငယ်ချင်းနဲ့အတူ လွတ်လွတ်လပ်လပ် လည်ပတ်ရှုစမ်းရတော့မှာမို့ ပျော်ရွှင်တက်ကြွမှုက အတိုင်းမသိတက်လာသည်။

"နင် မနက်ဖြန် ဘယ်သွားချင်လဲ"

မနက်ဖြန် တနင်္ဂနွေနေ့မို့ နွေး ရုံးပိတ်ကာ စင်ကာပူမြို့အနှံ့ စည်ကားလှပနေလိမ့်မည်။

"ရပါတယ်ဟာ ... အေးဆေးပေါ့။ နင် လုပ်စရာရှိတာ လုပ်ပါဦး"

"အိုး ... ငါက ဘာလုပ်စရာရှိတာမှတ်လို့။ ငါက တစ်နေ့စာ တစ်နေ့ အကျွန်လုပ်တာ။ အဝတ်တောင် တစ်နေ့ဝတ်တဲ့အဝတ်အစား တစ်နေ့လျှော်တာ အကြွေးမထားဘူး။ နားရက်ကျမှ ကျုံးလုပ်ရတာမျိုးက ပိုပင်ပန်းလို့"



www.burmeseclassic.com

www.burmeseclassic.com



"အေးဆေးပေါ့ဟာ၊ ငါက သုံးပတ်လောက် နေမှာပဲဟာ၊ Visa တစ်လထိ ယူထားတာပဲ"

"ဒါတော့ ဒါပေါ့။ ဒါပေမဲ့ မနက်ဖြန်တော့ ငါလည်းရုံးပိတ်၊ နင်လည်း ရောက်နေပြီဆိုတော့ တစ်နေရာတော့ သွားမှ ဖြစ်မှာပေါ့ ...

ကဲ ... ဒီတော့ ယူနီဗာဆယ်တွေ ဘာတွေ နောက်ထား။ မိန်းကလေးဆိုတော့ အမိုက်စားဆိုင်တွေ စုဝေးရာ Orchard ကိုသွားမှ။ ငါတောင် Orchard ကို မရောက်တာကြာပြီ"

"ဟင် ... နင်က ! "

"မထင်နဲ့ မြယာ ရ။ နင် ဒီမှာ နည်းနည်းကြာသွားရင် သိလာလိမ့်မယ်။ ဒီမှာ အနေကြာသွားတဲ့ လူတွေက ဘယ်မှသိပ်မရောက်ဖြစ်တော့ဘူးဟ။ အိမ်ထောင်သည်တွေဆို ပိုဆိုးတယ် ...

ငါတို့လို ဖလန်း ဖလန်း ထတတ်သူတွေတောင် ရေရှည်ကျတော့ မသွားဖြစ်တော့ဘူးဟ။ ဆန်းဒေးဆို အိမ်မှာပဲ နပ်နေချင်တော့တာလေ။ ရုံးဖွင့်တဲ့ရက်တွေ စောစောထရတော့ ရုံးပိတ်ပြီဆို ၁၀ နာရီလောက်ထိအိပ်တယ်၊ ရုပ်ရှင်ကြည့်တယ်၊ စာဖတ်တယ် ဆိုတော့ကာ အိမ်မှာပဲ နပ်ချင်တော့တယ် ...





ဩော် ... စာအုပ်ဆိုလို့ နင် ငါ့မှာတဲ့ စာအုပ်တွေရော ပါလား"

"ပါ,ပါတယ် မမလေးရယ်။ နင် မှာတာတွေရော မမှာတာတွေရော လိုအပ်မည် နှစ်သက်မည် ထင်တာမှန်သမျှ ကျွန်တော်မျိုးမ အကုန်ယူဆောင်လာခဲ့ပါတယ်ရှင့်"

"ဟား ဟား ... တော်တယ်။ အိုခေ ... ကဲ ... စင်ကာပူရဲ့ Life Style Lesson one စတင်ပြီဟေ့။ Q ရတော့မယ် ...

ဒါဟာ နေ့စဉ်ဘဝတွေထဲက တစ်ခုပေါ့ မြယာရေ"

Taxi စီးဖို့ရာအတွက် လူတွေက စနစ်တကျ တန်းစီနေရခြင်း ဖြစ်ပါသည်။ မြယာတို့လည်း စနစ်တကျ တန်းစီရသည်။

"ဒီမှာ ဘယ်နေရာမဆို တန်းစီရတယ်လေ။ ရှော့ပင်းမောလ်မှာလည်း တန်းစီရတယ်"

"အင်း ... ကောင်းပါတယ်။ စည်းကမ်းတကျ ဖြစ်တာပေါ့ဟာ"

"စည်းကမ်းကတော့ ဘာကျသလဲ မမေးနဲ့။ နင် တွေ့ရပါလိမ့်မယ်။ အသည်းယားရဦးမယ့် အဖြစ်တွေပေါ့ဟာ"

မြယာက နားလည်သဘောပေါက်သလိုဖြင့် ပခုံးတွန့်ပြလိုက်သည်။ သိပ်မကြာခင် မြယာတို့အလှည့် ရောက်လာသည်။ နွေးက ကားပေါ်ကို ပစ္စည်းတွေတင်ပြီးနောက် တက္ကစီ



www.burmeseclassic.com

www.burmeseclassic.com



သမားကို လိပ်စာပြောလိုက်သည်။ ဈေးတွေ ဘာတွေ ဆစ်စရာ မလို။ မီတာနှင့် တွက်သည်မို့ ကျသလောက် ရှင်းရုံပါပဲ။

ကားလေးက ကတ္တီပါ ကတ္တရာလမ်းမျိုးတွင် ပြေးနေသည်။ ဥယျာဉ်မြို့တော်အလား ဖန်တီးတည်ဆောက်ထားသော စင်ကာပူ၏ သွားရိုင်းသွင်းချိန် အလှတရားကို မြယာက နှုတ်ဆိတ်စွာ ငေးမောနေမိသည်။ မိုးထိထိုးထွက်နေသော ခေတ်မီတိုက်တာများ အစီအစီ ရှိနေသော်လည်း မွန်းကျပ်သည့် အရိပ်အယောင်မျိုး ရှိမနေချေ။ ပြွတ်သွတ်နေသည့် မြို့ပြစတိုင်လ်မျိုး စင်ကာပူမှာ ရှိမနေပါ။ စိုက်ပျိုးဖြစ်ထွန်းမည့် မြေနှင့်ရေ မရှိသဖြင့် စင်ကာပူကို တိုးတက်ဖွံ့ဖြိုးအောင် ဘယ်လိုလုပ်ရပါ့မလဲဟု စင်ကာပူနိုင်ငံသားတို့ စိတ်ဓာတ်ကျခဲ့ရဖူးသည်။

နေရောင်ခြည်ရှိရင် ရပြီလေ ဟူသော မဆုတ်မနစ်စိတ်ဓာတ်ဖြင့် ဝန်ကြီးချုပ် လီကွမ်ယုက ရဲရဲတောက် ပြောခဲ့သည်တဲ့။ ဘာသယံဇာတမှ မထွက်သော။ ရေကိုပင် မလေးရှားက ဝယ်သုံးရသော စင်ကာပူသည် သူများထက် ဘဝနာခဲ့၍ သူများထက် ပိုကြိုးစားခဲ့သည်လား မပြောတတ်။ ခုချိန်မှာတော့ အာရှရဲ့ကျားတစ်ကောင်အဖြစ် လှပစွာ ရပ်တည်မော်ကြွားနိုင်နေချေပြီ။ မြယာ စိတ်ထဲတွင် အဝေးမှာကျန်ခဲ့သည့် ကိုယ့်တိုင်းပြည်လေးကို သွားသတိရမိသည်။ သတိရမိသည့်အခိုက် ဖျတ်ခနဲ ဝမ်းနည်းသွားသလို ခံစားသွားရတာလည်း အမှန်အကန်ပါပဲ။





"နင် မြန်မာကို သတိရနေတာလား။ အမ်ဗိုင်အေ အမ်အေအာ မြန်မာ ဆိုတာကိုလေ ... ဟင်း ဟင်း"

နွေးအသံက လှောင်သလိုလို၊ ခနဲ့သလိုလို၊ ခံစားဖူးသလိုလို။ မြယာက ဘာကြောင့် သိနေရတာပါလိမ့် ဟူသော ပုံစံဖြင့် နွေးကို ကြည့်မိလျှင် နွေးက နားလည်သလိုဖြင့် မြယာရဲ့လက်ကလေးကို လာရောက်ဖျစ်ညှစ်ရင်း ...

"ငါ ရန်ကုန်က အဲလေ ... မြန်မာပြည်က လာတဲ့လူတွေ တော်တော်များများကို လေဆိပ်မှာ သွားကြိုဖူးတယ် မြယာ...

အထူးသဖြင့် စင်ကာပူကို ပထမဦးဆုံး ရောက်ဖူးတဲ့ လူတွေကိုပေါ့၊ သူတို့ရဲ့အတွေးတွေ ခံစားချက်တွေက အားလုံး အတူတူပဲလေ မြယာ။ တော်ရုံအားဖြင့်တော့ လူတော်တော်များများဟာ စင်ကာပူ ဘယ်ဘဝက လာလဲ သိကြတာပါပဲ။ လူ့သဘာဝနဲ့ ပြောရရင်တော့ စင်ကာပူနဲ့ မြန်မာဆိုတဲ့ လူနှစ်ယောက်ပဲထား ...

စင်ကာပူဆိုတာ ဆင်းရဲသားမိဘက ပေါက်ဖွားလာတဲ့ ဆင်းရဲသားလေး၊ မြန်မာကတော့ ချမ်းသာတဲ့၊ အမွေတွေ အများကြီးရထားတဲ့ သူဌေးသားမျိုး၊ ဒါပေမဲ့လည်း မြန်မာဆိုတာ ကုဋေရှစ်ဆယ်သူဌေးသားလို ဖြစ်သွားတာပဲ မဟုတ်လား ...

နောက်နေ့တွေ ရထား၊ ဘတ်စ်ကားစီးရင် နင်တွေ့ပါလိမ့်မယ် မြယာ၊ တို့တိုင်းပြည်က နောက်နှစ်ဆယ်စာလောက် နောက်ကျကျန်နေခဲ့မါပြီ"



www.burmeseclassic.com

www.burmeseclassic.com



မြယာက သက်ပြင်းမောတစ်ချက်ကို ချမိသည်။ မှောင်စပျိုးလာပြီမို့ လမ်းမီးတွေထွန်းကြပြီ။ မီးရောင်အောက်မှာ မြို့တော်သည် ခမ်းနားတည်ငြိမ်စွာ ညအသက်ဝင်လာသည်။ ကဲ ... တို့ရွှေမြို့တော်ကြီး ရန်ကုန်နဲ့ နိုင်းယှဉ်တဲ့ အကျင့်တွေ ဖျောက်ထားမှဖြစ်မယ်။ အားကျငေးမောရုံသာ တတ်နိုင်တော့တယ် မဟုတ်လားစင်ကာပူရယ်။





## ၂

ညက မြယာနှင့် နွေးတို့ အလွမ်းသယ်နေရတာနှင့် ည(၁)နာရီလောက်မှ အိပ်ပျော်သွားကြသော်လည်း မနက်ကျတော့ အိပ်ရာပြောင်းတာကြောင့်လားတော့ မသိချေ။ နွေးက အိပ်မောကျနေတုန်း ဖြစ်ပေမယ့် မြယာကတော့ (၇)နာရီလောက်မှာ ပြန်နိုးလာသည်။ အိပ်ချင်စိတ်လည်း မရှိတော့သဖြင့် ကိုယ်လက်သန့်စင်ကာ ပြတင်းတံခါးမှတစ်ဆင့် စင်ကာပူ နံနက်ခင်းကို ငေးမောမိသည်။

နွေးရဲ့အိမ်က Jurong East ဟုခေါ်သည့် ရပ်ကွက်ကြီးမှာရှိသည်။ စည်ကားသောနေရာပါပဲ။ နွေးဟာ Jurang East မှာရှိသည့် ကွန်ဒိုတစ်ခုတွင်နေသည်။ ကွန်ဒိုဟာ (၂၇)ထပ်မြင့်ပြီး နွေးအခန်းကတော့ (၂၃)ထပ်မှာ ရှိပါသည်။ မြယာက (၂၃)ထပ်မှ



www.burmeseclassic.com

www.burmeseclassic.com



နေ၍ ကွန်ဒိုဝင်းထဲမှ စိမ်းစိုလှပနေသော မြက်ခင်းပြင်များ၊ ကလေးကစားကွင်းလေးကို ငေးနေသည်။ ဒီမှာ ဘယ်နေရာကိုပဲ ကြည့်လိုက် ကြည့်လိုက် သစ်ပင်တွေ၊ မြက်ခင်းစိမ်းတွေနဲ့ စိမ်းလန်းနေလေ့ရှိသည်။

"အိုး ... သေတော့မှာပဲ"

ခုမှ မြယာက အလန့်တကြား ရေရွတ်မိသည်။ စင်ကာပူကို ချောမောစွာရောက်ကြောင်း မေမေခင့်ထံ ဖုန်းမဆက်ရသေး။ နွေးနွေးတွေ့ပြီး လွတ်လပ်ပျော်ရွှင်ရတာရယ်၊ စင်ကာပူရဲ့ ခေတ်မီလှပမှုကို ငေးမောနေတာနှင့်ရယ် ... မနေ့က ရန်ကုန်အိမ်ကိုတောင် ဖုန်းဆက်ဖို့ လုံးဝ လုံးဝ သတိမရခဲ့ပါ။ ခုမှ ဖုန်းကို သွားယူကာ ကပျာကယာ နှိပ်ခေါ်မိသည်။ စင်ကာပူမှာ (၇)နာရီ ရန်ကုန်မှာ ၈ နာရီခွဲတော့မည်။ ဖုန်းလိုင်းက ချောချောမွေ့မွေ့ပင် မေမေခင်ရဲ့ဖုန်းကို ခေါ်ဆိုသည်။

"ဟယ်လို"

ကြည်လင်ပြတ်သားသလောက် မာန်တစ်ခု ဝင့်ထည်နေသော မေမေခင်ရဲ့အသံကို ကြားရပြီ။

"မေခင် ... သမီး မြယာပါ"

"အေး ... မြယာ။ ခုမှ ဖုန်းဆက်ရသလား"

"ဟဲ ... မဟုတ်ဘူး။ မနေ့ကလေ ဖုန်းကတ်ကလည်း မဝယ်ရသေးတာနဲ့"





"ခုမှ ဝယ်ပြီး ဆက်ရတယ်ပေါ့။ မနေ့က စောစောရောက်တာပဲ မဟုတ်ဘူးလား ဆက်တာမဟုတ်ဘူး။ ငါကတော့ အဆင်မှ ပြေပါ့မလား။ တစ်ယောက်တည်း ဘာတွေများ ဖြစ်နေပြီလဲဆိုပြီး စိတ်ပူလိုက်ရတာ"

"ဩော် ... စိတ်မပူဖို့ သမီး မှာခဲ့သားပဲ မေမေခင်ရယ်။ အလကား စိတ်ပူနေတယ်"

"ဟဲ့ ... လူကြီးကတော့ စိတ်ပူတာပေါ့ဟဲ့။ ခုရော ဘယ်လိုလဲ အားလုံး အဆင်ပြေတယ် မဟုတ်လား"

"ပြေပါတယ် မေခင်။ ဒီမှာက ဗန်ကောက်လို မဟုတ်ပါဘူး။ အရမ်း Safe ဖြစ်တဲ့ တိုင်းပြည်ပါ။ မိန်းကလေးတစ်ယောက်တည်း လျှောက်သွားနေလဲ နှောင့်ယှက်မယ့်သူ မရှိပါဘူး"

"ဟဲ့ ... နှောင့်ယှက်တဲ့သူရှိရှိ မရှိရှိ သတိဆိုတာ ပိုတယ်မှ မရှိတာ။ အစစ အရာရာ သတိဝီရိယနဲ့နေနော်။ ဘယ်တော့ ပြန်လာမှာလဲ"

"ခစ် ... မေခင်ကလည်း မြယာက မနေ့ညကမှ ရောက်တာလေ"

"ရောက်တာ သိသားပဲ။ မေးတာကိုသာဖြေ"

"ဩော် ... မြယာက Air ticket တောင် တစ်လ ticket ဝယ်ထားတာလေ။ အနည်းဆုံးတော့ သုံးပတ်ပေါ့၊ ဒါမှ အေးအေးဆေးဆေးနဲ့ ဖြည်းဖြည်း နှံ့နှံ့စပ်စပ် လည်လို့ကောင်းမှာပေါ့ မေခင်ရဲ့ ... ဟုတ်ဖူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... မ ... မဟုတ်ပါဘူး။ ကျွန်မတို့ သွားကြရအောင်"

မြယာက ပြောပြောဆိုဆို ထရပ်သည်။ သူ မျှော်လင့်ထားတာ ဒီ့ထက်ကောင်းသော အခြေအနေမဟုတ်ပေမယ့် ဒီလောက်ထိလည်း မမျှော်လင့်ခဲ့။ နားလည်း နားမလည်နိုင်ခဲ့ပါပေ။ သူကိုယ်တိုင် တစ်ခုခုပြောဖို့ ကြိုးစားပေမယ့် ဘာပြောရမှန်းလဲ မသိချေ။ အပြန်မှာ သူမက Lift နှင့်ဆင်းသည်။ သူလည်း စကားထပ်မဆိုမိ။ ကားရပ်ထားသော နေရာသို့ ရောက်မှပဲ သူမက နှုတ်ဆက်ဖို့ လှမ်းအကြည့်မှာ သူက စကားဆိုမိသည်။

"ကားမောင်းဖို့ အဆင်ပြေရဲ့လား မြယာ"

"ပြေပါတယ် စိတ်မပူနဲ့။ ရှင်က ဘယ်ရှို့ပြန်မှာလဲ"

"ကျွန်တော့်သူငယ်ချင်း ဒီနားမှာ ရှိပါတယ်။ ဖုန်းဆက်လိုက်တာနဲ့ ဆယ်မိနစ်အတွင်း ရောက်လာမှာ။ ခင်ဗျား တစ်ယောက်တည်း ပြန်သွားရမှာကိုသာ ကျွန်တော် စိတ်ပူတာ"

"စိတ်မပူပါနဲ့။ အိမ်ရောက်ရင် ကျွန်မ ဖုန်းဆက်လိုက်ပါ့မယ်၊ သွားတော့မယ်"

သူမက တိုးတိတ်စွာ နှုတ်ဆက်ရ ကားပေါ်တက် မောင်းထွက်သွားသည်။ သူက အိတ်ထဲမှဖုန်းကိုထုတ်ကာ မင်းသူထံ ခေါ်လိုက်ပါသည်။ မင်းသူက ငါးမိနစ်အတွင်း ရောက်လာသည်။ အိမ်မပြန်သေးဘဲ မင်းသူကို ပြည်သူ့ရင်ပြင်ရှေ့သို့





မောင်းခိုင်းလိုက်သည်။ သူ့ရဲ့မအီမလည်ပုံစံကိုကြည့်ကာ မင်းသူက အခြေအနေ ဘယ်လိုလဲဟု မေးသည်။

ကားတံခါးမှာမှီရင်း စီးကရက်ကို ဖွာထုတ်ပစ်ကာ ဘာပြောရမှန်း မသိသေးဘဲ ခေတ္တစဉ်းစားနေမိသည်။ စီးကရက်ကို အမြဲမသောက်တတ်ပေမယ့် သိပ်တွေးစရာတွေ၊ စိတ်ညစ်စရာတွေ နည်းနည်းရှိလာရင်တော့ ဖွာတတ်သည်။

"ငါ မပြောတတ်တော့ပါဘူးကွာ။ သူ့မျက်လုံးထဲမှာ ငါ့အပေါ် နားလည်တဲ့ အရိပ်အယောင်တွေ ငါတွေ့တယ်၊ သူ့ကို ချစ်တယ်လို့ ပြောတဲ့စကားအပေါ်မှာ သူ့ဘက်က ခံစားချက်တစ်ခုခု ဖြစ်သွားတယ်ဆိုတာတော့ ငါသိတယ်၊ ဒါပေမဲ့ ဘာလဲဆိုတာ အတိအကျ မသိဘူး ...

မင်းလည်း မိန်းကလေးတစ်ယောက်ကို propose လုပ်ဖူးမှာပဲကွာ၊ ကိုယ်ပြောလိုက်တဲ့အချိန်မှာ တစ်ဖက်မိန်းကလေးရဲ့ responce က စိတ်လှုပ်ရှားတာရှိမယ်၊ ရင်ခုန်တာရှိမယ်၊ ရှက်သွားတာရှိမယ်၊ သူနဲ့ကိုယ် အတိုင်းအတာတစ်ခုထိ ပွင့်လင်းမြင်သာပြီးသားဆိုရင် ကိုယ့်ချစ်စကားမှာ သူ ပျော်ရွှင်သွားတာမျိုးရှိမယ်၊ ပြောလိုက်ရတဲ့သူမှာ feeling တစ်ခုခုတော့ ကျန်ရမယ်ကွာ"

"အခု မင်းက ဘာမှမကျန်လို့လား"

သူက စီးကရက်တစ်ဖွာကို ရှိုက်လိုက်သည်။ မီးခိုးငွေ့တွေ မှုတ်ထုတ်လိုက်ချိန်မှာ လောလောလတ်လတ် မြင်တွေ့ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ဟုတ်ဖူးလားလဲ။ တလောက ပင်ပန်းတာတွေ နား ပါစေတော့ ပျော်ပါစေတော့ ဆိုပြီး လွှတ်လိုက်တာ။ ကောင်းကောင်းမွန်မွန် အေးအေးဆေးဆေးနေနော်"

မြယာက နှာခေါင်းတစ်ချက် ရှုံ့မိသည်။ စင်ကာပူမှာ မြယာ ပျော်ရွှင်တက်ကြွရမှာ အသေအချာပဲ ဟာ မမေခင်နှင့် ဝေးတာကြောင့်လည်း ပါမည်။ မမေခင်က ပွစိ ပွစိ ဗျစ်တောက် ဗျစ်တောက် လုပ်လွန်းသဖြင့် တစ်ခါတစ်ရံ မြယာ့ အာရုံအရှမ်း နှောက်ရသည်။ စိတ်ညစ်ရပါသည်။

"ဟုတ်ကဲ့ ... စိတ်ချပါ မေခင်"

"အေး... အေး။ ကျန်းမာရေးလည်း ဂရုစိုက်ဦး၊ ဖုန်းလည်း တစ်ပတ်တစ်ခါလောက်ဆက် ... ကြားလား"

"ဟုတ်ကဲ့ ... ဒါဆို မြယာ ဖုန်းချလိုက်တော့မယ်နော်"

"အေး ... အေး"

ဖုန်းချပြီးတော့မှပဲ လူက ပြန်လည်လွတ်လပ်ပေါ့ပါးသွားသည်။ နွေးကို သွားကြည့်လိုက်တော့ အိပ်ကောင်းတုန်း။ မြယာကတော့ နွေး နိုးလာလျှင် အံ့ဩဝမ်းသာသွားအောင် မုန့်ဟင်းခါးချက်ဖို့ ပြင်သည်။ ငါးဝယ်ထားတာ မရှိသော်လည်း လောလောဆယ်မှာ မုန့်ဟင်းခါးနှင့် ဝေးနေမည့် နွေးအတွက်တော့ စိတ်ဖြေရာ မုန့်ဟင်းခါးလေးတော့ ဖြစ်နိုင်ပေမည်။ မုန့်ဟင်းခါးဟင်းရည် တည်နေတုန်းမှာ ရန်ကုန်က ယူလာသော ရွှေလဝန်းကော်ဖီမှုန့်ကို စက်ဖြင့် နှပ်ထားလိုက်သည်။ အစား





အသောက်တွေကို ရေခဲသေတ္တာထဲ ထည့်တန်ထည့်၊ ဗီရိုထဲသိမ်းသင့်တာသိမ်း အားလုံးပြီးစီးချိန်မှာ မုန့်ဟင်းခါးဟင်းရည်နံ့ကလည်း မွှေးလာပြီး နွေးကို သွားနှိုးသလို ရှိလေသည်။ နွေးက အိပ်ချင်မူးတူးဖြင့် kitchen တံခါးဝမှာ လာခေါင်းပြူကြည့်ကာ...

"ဝေး ... ဘယ်က ဂျင်းနီ ရောက်နေတာလဲ။ ငါ အိပ်မက်ထဲမှာ မုန့်ဟင်းခါး စားရတယ်။ မုန့်ဟင်းခါးဟင်းရည်နံ့တွေ ရနေတာ ပြီးတော့ နိုးလာတာပဲ"

"ဟား ဟား ... နင့်အိပ်မက်က နှာခေါင်းတစ်ဆင့် ခြေရာခံပြီးမက်တာ ဖြစ်နိုင်တယ်။ အိုခေ ... မောနင်း ... နင်... မျက်နှာသစ်ပြီးရင် Breakfast စားလို့ ရပြီနော် ...

ကော်ဖီကလည်း မြန်မာကော်ဖီမှုန့်ကို နှပ်ဖျော်ထားပြီးသား"

"အောင်မယ်လေး ... So Amazing ။ ငါ ဒီလိုနံနက်ခင်းမျိုး မပိုင်ဆိုင်ရတာ သက္ကရာဇ်တစ်ခါကျော်စာလောက် ရှိရောပေါ့ ... ကဲ ... မျက်နှာသစ်လိုက်ဦးမယ်ဟေ့"

နွေး တစ်ယောက် ခုန်ပေါက်ပြီး မျက်နှာသစ်ဖို့ ထွက်သွားချိန်ဝယ် မြယာက ခပ်ပြုံးပြုံးဖြင့် မုန့်ဟင်းခါးနှစ်ပွဲကို ပြင်ဆင်လိုက်သည်။ ကြက်သွန်ဖြူဆီချက်လေးလည်း ကြိုက်သူမို့ ဆီချက်လေးလည်း လောင်းထည့်လိုက်သေးသည်။ ငါးမိနစ်တောင် မကြာဘဲ နွေးက ပြန်ရောက်လာလေသည်။ အဆင်သင့် ပြင်ထားသော မုန့်ဟင်းခါးကို အားပါးတရ စားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းလိုက်တာဟယ် ... ငါ မုန့်ဟင်းခါး မစားရတာ တော်တော်ကြာပြီဟဲ့။ ငှက်ပျောအူလေးတွေကလည်း ရှိုလိုက်တာ အမယ်လေး ... အမယ်လေး ... ဘယ်လိုကောင်းမှန်း မသိအောင်ပါပဲ"

"ဟား ဟား ... ဖြည်းဖြည်းစားပါ နွေးရယ်။ ထင်လို့ ငါ အများကြီး ချက်ထားတယ်။ ဒါတောင် ငါ့စိတ်တိုင်းကျ မဟုတ်ဘူး။ ငါးတွေ ဘာတွေ ထပ်မထည့်ရသေးဘူးလေ။ ရယ်ဒီမိတ်အတိုင်း ချက်ထားရုံလေး စပါးလင်လည်းမပါသေးဘူး"

"ငါး မပါတာရော၊ စပါးလင် မပါတာရော ဘာမှမသိသာဘူး။ ငါ့အတွက်တော့ မြောင်းမြဒေါ်ရှို ဆိုင်ရှေ့ရောက်နေတဲ့ အတိုင်းပဲ၊ ငှက်ပျောအူက နင် ယူလာတာလား၊ ခေတ်ကာလ တိုးတက်လာတာ တစ်ခုတော့ ကောင်းတယ်နော် ...

မုန့်ဟင်းခါး ရယ်ဒီမိတ်တွေက ဒီလို တော်တော်လေး ကောင်းအောင် တီထွင်နိုင်တယ်"

"အင် ... နင် မုန့်ဟင်းခါး ကြိုက်တတ်မှန်းသိလို့ ရောက်တာနဲ့ ချက်ကျွေးမယ်ဆိုပြီး ငှက်ပျောအူလေးတစ်ပိုင်းပါ ထိုးထည့်လာတာ။ ရယ်ဒီမိတ် မုန့်ဟင်းခါးတွေ နောက်ပိုင်း တော်တော်ကောင်းလာတယ်။ နိုင်ငံခြားနေတဲ့လူတွေ





အတွက် ဝမ်းသာစရာပေါ့ဟာ။ ငါက ရန်ကုန်မှာဆို ဒါကို modify ပြန်လုပ်တယ်ဟ၊ ငါးဆီမွှေးသတ်တယ်။ စပါးလင်တွေ ဘာတွေ နည်းနည်းထပ်ထည့် အဲလိုပေါ့၊ အရမ်းကောင်းသွားတယ်"

"အေးပေါ့ ... ကောင်းတာဟာ၊ ကဲ ... နောက်တစ်ပွဲ ကိုယ့်ဘာသာထည့်တော့မယ်"

နွေးက နောက်တစ်ပွဲ ထပ်ထည့်လာသည်။ မြယာက ကော်ဖီတစ်ငုံ ယူသောက်ရင်း ပြုံးကြည့်နေကာ အနားပြန်ရောက်လာသော နွေးကို မေးခွန်းထုတ်မိသည်။

"ခါတိုင်းရော စာရေး သောက်ရေး နင် ဘယ်လိုစီစဉ်ဖြစ်လဲ နွေး"

"ငါက တစ်ကိုယ်တည်းသမားဆိုတော့ စောစောစီးစီး ဟင်းထချက်ပြီး အလုပ်ရှုပ်လည်း မခံချင်တော့ဘူးလေ။ ရုံးကို ရှိုးစမိုးနဲ့ပဲ သွားတာပေါ့ဟယ် ...

Breakfast ကတော့ ထုံးစံအတိုင်း ကော်ဖီနဲ့မုန့်ပေါ့၊ ဒါမှမဟုတ် ခေါက်ဆွဲပေါ့။ နေ့လယ်စာက ရုံးနားက Food Court မှာပဲ စားတယ်၊ ညနေစာကတော့ ဒေါ်ဝါဝါ့လက်ရာပေါ့ ... ဟား ဟား"

"ဒေါ်ဝါဝါ့ လက်ရာ ! ဘယ်လိုတုန်းဟဲ့၊ နင့်အမေပို့ပေးတဲ့ ဟင်းတွေလား"



www.burmeseclassic.com

www.burmeseclassic.com



"Right ! မေမေ ပို့ပေးထားတဲ့ အကြော် အလှော်တွေ ရှိတယ်လေ။ ထမင်းတစ်လုံးတည်ပြီး အဲဒါတွေနဲ့စားရင် လည်းစား၊ မစားရင်လည်း KFC ကြက်ကြော်တို့ ဘာတို့ စိတ်ကူးပေါက်ရာပေါ့ဟာ၊ တစ်ခါတလေ သူငယ်ချင်းနဲ့ ချိန်းပြီး ဒီနားက မောလ်တွေမှာ ယိုးဒယားစာတို့ ဟော့ပေါ့ တို့ သွားစားဖြစ်တာလည်း ရှိတယ်ပေါ့ဟာ ...

ဒီလိုပါပဲ အဆင်ပြေသလိုပေါ့ဟာ။ အိမ်မှာတော့ တခုတ်တရ ချက်မစားဖြစ်ဘူး။ ပိုဆိုးတာက ငါက တစ်ယောက်တည်း နေတာကိုး"

"အင်း"

စင်ကာပူရောက် မြန်မာအများစုက တိုက်ခန်းကျယ် သို့မဟုတ် ကွန်ဒိုအခန်းကို စုပေါင်း စပ်ပေါင်း share လုပ်ပြီး ငှားနေကြတာ များပါသည်။ စင်ကာပူကိုရောက်တာ ကြာပြီဖြစ်သော အချို့မြန်မာတွေထဲမှာ ကိုယ်ပိုင်အိမ် ဝယ်သူတွေလည်း ရှိကြလေရာ ကိုယ့်အိမ် ကိုယ်လည်းနေ ပိုသောအခန်းတွေကို လူငှားတင်ထားကြသည်။ လူငှားကလည်း မနက်ဆို ရုံးသွား၊ ညနေစောင်းမှ ပြန်ရောက်၊ တစ်အိမ်လုံးက မိုးလင်း မိုးချုပ် အလုပ်ထွက်လုပ်နေကြတဲ့သူတွေ ဖြစ်လေရာ တော်တန်ရုံတော့ အတူတကွ နေထိုင်ကြလည်း သိပ်ပြဿနာမရှိလှပါ။

ကန်စွန်းရွက်တစ်စည်းကို မြန်မာငွေနဲ့ ပြန်တွက်လျှင် (၁၅၀၀)ကျပ်လောက် ကျသင့်နေသည့် စင်ကာပူလို တိုင်း





ပြည်တွင် အစစအရာရာက စရိတ်ကြီးလှသည်။ စင်ကာပူနိုင်ငံ ဆိုတာ ဘာမှမထွက်တဲ့ တိုင်းပြည်ဆိုတော့ အရာရာတိုင်းဟာ ဈေးကြီးနေတတ်သဖြင့် စရိတ်စက ကာမိအောင် အိမ်ငှားနေလျှင် လည်း အိမ်တစ်လုံး သို့မဟုတ် အခန်းကျယ်တစ်ခုကို Share လုပ်ပြီး နေကြတာ များပါသည်။

ကုသိုလ်ထူးသူ နွေးကတော့ သူမရဲ့အစ်ကို ဝယ်ထားသော ကွန်ဒိုမှာ ဘယ်လူငှားမှလဲ ထပ်မတင်ဘဲ သူမဘာသာ တစ်ယောက်တည်း နေထိုင်တာဖြစ်သည်။ အစ်ကိုက လူငှားတင်ပြီး အိမ်သူကြီးလုပ်ကာ ရတဲ့ပိုက်ဆံသူ ဆိုတော့လည်း သူ့ငွေးမ နွေးက မယူလည်းမယူ၊ အိမ်ငှားလည်းမတင်၊ အာရုံနောက်သတဲ့။ အခန်းလွတ်တွေထားပြီး မြန်မာပြည်က မိတ်ဆွေအပေါင်းအသင်း တွေ စင်ကာပူလာလျှင် လာရောက်တည်းခိုရာ အခမဲ့ ဗီလာဖွင့် ထားတာနှင့်သာ တူတော့သည်။

"နင် တစ်ယောက်တည်းနေရတာ မကြောက်ဘူးလား နွေးရယ်"

မြယာရဲ့အမေးကို နွေးက ဟက်ဟက်ပက်ပက်ရယ် မောသည်။

"ရန်ကုန်မှာတောင် တစ်ယောက်တည်းနေတဲ့သူတွေ ရှိတာ ပဲ။ နင် နောက်ကျရင် သိလာလိမ့်မယ် မြယာ။ စလုံးက အရမ်း safe ဖြစ်တယ်။ ဒီနိုင်ငံမှာ သူခိုးမရှိဘူး၊ ဓားပြ မရှိဘူး၊ လူရမ်းကား မရှိဘူး၊ မုဒိမ်းမှု မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



“ဖြစ်နိုင်လားဟယ် … စင်ကာပူက လူတွေက ဒါဆို လူကောင်းတွေချည်းပဲလား၊ အဲဒီလိုတော့ မဖြစ်နိုင်ဘူး တူတယ်၊ တစ်နိုင်ငံလုံးမှာ မခိုးတဲ့သူ၊ လူရမ်းကား ဆိုတာ မရှိဘူး ဆိုတာတော့ မဖြစ်နိုင်ဘူး ထင်တာပဲ”

“ရှိတော့ ရှိလိမ့်မယ်၊ ဒါပေမဲ့ မရှိသလောက်ပေါ့ဟာ။ ဥပမာ … တစ်နိုင်ငံလုံးမှာမှ ခိုးမှု ဆယ်မှုလောက်ရှိရင် ဒါ မရှိသလောက်လို့ ပြောလို့ရတယ် မဟုတ်ဘူးလား …

နင် တစ်ခုသိထားဖို့က ဒီနိုင်ငံမှာ ဥပဒေက အရမ်း နိုင်မာလေးနက်မှုရှိတယ် ဆိုတာပဲ။ အရာအားလုံးကို ဥပဒေနဲ့ ခိုင်ခိုင်မာမာ ချုပ်ကိုင်ထားတာ။ ကေ့စ်တစ်ခုခု တက်တာနဲ့ နာပြီသာမှတ်။ Black list ဝင်သွားရင်လည်း ဘာမှ လုပ်စားလို့ မရတော့ဘူးလေ”

“အင်း … အဲသလောက်တောင်လား”

“ဟုတ်တယ် … အဲလောက်တောင်ပဲ။ ဥပဒေအရ အပြစ်ရှိရင်လည်း ငဲ့ညှာမှုမပေး လာဘ်စားတာတွေလည်း မရှိတဲ့ အတွက် လူတွေက ဥပဒေကို မချိုးဖောက်ရဲဘူး မြယာ …

နောက်တစ်ခု သူ့နိုင်ငံကလည်း ရန်ကုန်တစ်မြို့စာလောက်ပဲရှိတော့ အုပ်ချုပ်ရေးပိုင်းမှာ နိုင်နိုင်နင်းနင်း ကိုင်တွယ်နိုင်တာလည်း ပါမယ်”

“တို့ နိုင်ငံကိုလည်း ဒီလို ဖြစ်စေချင်လိုက်တာဟာ။ သူတို့ဆီမှာ တို့ဆီကလို လူကြီးတွေက ဒါမှမဟုတ်





လူကြီးသားသမီးတွေကပဲ အခွင့်အရေးကောင်းတွေကို ရတာမျိုး လုပ်နေတာမျိုးတွေ မရှိလို့ပေါ့နော်”

“ရှိတာပေါ့ဟ”

“ဟင် … ရှိရဲ့သားနဲ့”

ရှိရဲ့သားနဲ့ဆိုပြီး ဘာဆက်ပြောရမှန်း မသိသော မြယာကို နွေးက နားလည်သလို ပြုံးကြည့်ပြီး ခေါင်းတစ်ချက်ဆတ်ကာ ဆက်ပြောသည်။

“ရှိတာပေါ့ မြယာရယ်။ ဒီမှာလည်း ဒီမိုကရေစီစစ်စစ် တိုင်းပြည်မှ မဟုတ်သေးတာ။ အထက်လူကြီးတွေရဲ့သားသမီးတွေ အခွင့်အရေးတွေ လုပ်ပိုင်ခွင့်တွေ ရတာတွေ ရှိတာပေါ့ …

ဒါပေမဲ့ သူတို့က ပြည်သူလူထုအတွက် ကောင်းကောင်းစီစဉ်ပေးနိုင်တယ်လေ။ လူတွေ ဘာလိုအပ်လဲ၊ သွားရေး လာရေး အဆင်ပြေဖို့၊ အစစအရာရာ အဆင်ပြေဖို့၊ အကုန်လုပ်ပေးထားတော့ လူတွေက သိလည်းဘယ်ပြောတော့မလဲဟာ”

“အင်းနော် … တို့ဆီမှာတော့ လူကြီးသားသမီးတွေ လူကြီးတွေက အခွင့်အရေး မှန်သမျှယူကြ၊ ပြည်သူလူထုကျတော့လည်း နင်းပြားတွေဖြစ်၊ ဆင်းရဲ ချမ်းသာ ကွာဟမှုက တဖြည်းဖြည်းများလာ။ ဟူး”

“ဟိတ် … ဟိတ် … တော်ပြီ … တော်ပြီ”



www.burmeseclassic.com

www.burmeseclassic.com



နွေးထံက ခပ်ဟန့်ဟန့် အသံလေး ထွက်လာ၍ မြယာက ကြောင်တက်တက်ဖြင့် ကြည့်လိုက်လျှင် နွေးက လက်ညှိုးတစ်ချောင်းထောင်ကာ ယမ်းပြနေသည်။ ပြုံးစစနှင့် ဆက်မပြောနဲ့တော့ ဟူသည့် သဘော။

"လောကမှာ ဘာမှမသိရရင် ပိုနေလို့ ကောင်းတယ်တဲ့ မြယာ။ ဒီရောက်တုန်း အဲဒါတွေ မေ့ထားပြီး လွတ်လွတ်လပ်လပ် ခံစားလိုက် ...

မဟုတ်ဘဲ လိုက်ယှဉ်နေရင် နင် ဖိုင်ပင်ပနီးမယ်။ တိုင်းပြည်အာဏာကို ဆုပ်ကိုင်ထားတဲ့ လူတွေလက်ထဲ တိုင်းပြည်ကို ကောင်းစေချင်တဲ့စိတ်လေး နှမ်းစေ့တစ်စေ့စာလောက် ရှိရင်ကို တို့တိုင်းပြည် ဒီလိုမစုတ်ပြတ်ဘူး ...

ငါပြောတာ တိုင်းပြည်ကို ကောင်းစေချင်တဲ့စိတ်လို့ ပြောတာနော်၊ ချစ်တဲ့စိတ်လို့ ပြောတာမဟုတ်ဘူး၊ ချစ်တဲ့စိတ်လို့ ပြောနေရင် အရမ်းမျှော်လင့်ရာ ကျနေသေးတယ်။ ကောင်းစေချင်တဲ့စိတ် ဆိုတာ သာမန်ထားလို့ရတဲ့စိတ်မျိုး နည်းနည်းလေးတောင် မထားပေးနိုင်တာလေ ...

အိုခေ ... မုန်းစရာကောင်းတဲ့ အကြောင်းတွေ ဆက်မပြောတော့ဘူး။ ရေချိုး အလှပြင်တော့ Orchard သွားကြမယ်"

နွေးထံက စင်ကာပူတရား နာကောင်းတုန်းမှာပဲ နွေးက စကားစကိုဖြတ်ကာ လောဆော်သဖြင့် အပြင်သွားဖို့





စတင်ပြင်ဆင်ကြသည်။ ဘာပဲပြောပြော တစ်ချိန်က ရန်ကုန်ကို လာပြီး လေ့လာခဲ့ရသည့် စင်ကာပူဟာ ခုတော့ ရန်ကုန်ရှေ့မှာ ဘယ်နှစ်မိုင်လောက် ကျော်တက်သွားပြီလဲ။

မျိုးချစ်စိတ်ဟု တတွင်တွင် အော်နေသည့် တိုင်းပြည်မှာ ဘယ်သူတွေက မျိုးချစ်စိတ်မာတတ် မရှိဆုံးလဲ ? ။ ဆက်တွေးနေလျှင် ပြီးမှာမဟုတ်သည်မို့ ရေချိုး အလှပြင်တာပဲ ကိုယ့်အတွက် အကျိုးရှိမည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၇

ပလုံ ဟူသော မြည်သံလေးနှင့်တူ မက်ဆေ့တစ်စောင်က ဝင်လာသည်မို့ မြယာက Viber က မက်ဆေ့ကိုဖွင့်ကာ ဖတ်လိုက်သည်။

"ဒီနေ့ညစာ ဘာမှမချက်နဲ့၊ အပြင်ထွက်စားမယ်"

နွေးဆီကပို့သော မက်ဆေ့ဖြစ်သည်။ ဒီမှာ အင်တာနက်လိုင်းတွေက ကောင်းလွန်းလှသလို အိမ်တိုင်းမှာလည်း Wi Fi အင်တာနက်စနစ် ရှိကြသောကြောင့် ဖုန်းက Wi Fi ကို အမြဲလိုလို ဖွင့်ထားလေ့ ရှိကြသည်။ အပြင်ရောက်နေသော သူတွေကလည်း အင်တာနက်လိုင်းက ပွင့်နေတတ်သည်။ ရန်ကုန်မှာလို အင်တာနက်သုံးချင်မှ လိုင်းဖွင့်သုံးကြတာမျိုး မဟုတ်ဘဲ Plan တွေနှင့် သုံးစွဲကြသည်မို့ အင်တာနက်လိုင်းက အမြဲပွင့်နေလေ့ရှိပါသည်။ ခဏလာလည်သော ဧည့်သည်တွေရဲ့ ဖုန်းမျိုးမှလွဲ၍ အမြဲတမ်းနေထိုင်သောသူတွေ ကိုင်ဆောင်သော အင်တာနက်လိုင်းကလည်း ဖုန်းနှင့်အတူ ပွင့်နေလေ့ရှိသည်။





"Ok"

တစ်ဖက်က မြယာ Online မှာ ရှိနေမှန်း သိသွားပြီမို့ စာထပ်ပို့လာသည်။

"နေ့ခင်းက ဘာစားလဲ"

"နင်ပဲ ဘာမှချက်မနေနဲ့ တစ်ယောက်စာလေးနဲ့ Food Court မှာပဲ သွားစားဆို။ ဒီတော့ ပုံစား သွားစားလာတယ်။ ၃ ကျပ်ခွဲပဲ ကျတယ် ... ဟား ဟား"

စင်ကာပူဒေါ်လာ 3.5 $ ကျတာကို ပြောခြင်းဖြစ်ဖြစ်သည်။ ဒီမှာက ရပ်ကွက်ကြီးတွေ လူနေအိမ်ရာတွေမှာ စားသောက်ဆိုင်သီးသန့်တွေထက် Food Court တွေ ထားပေးတာများသည်။ စားသောက်ဆိုင်တွေ၊ ဘီယာဆိုင်တွေက အပြင်မှာ ဟောတိုက် ဟီးထနေအောင် မရှိဘဲ ဝန်ထမ်းတွေ၊ အောက်ခြေလုပ်သားတွေ ဈေးနှုန်းသင့်တင့်သည့် Food Court များမှာသာ စားကြတာ များပါသည်။

ကိုယ်စားချင်တာကို တန်းစီပြီး ကိုယ်တိုင်သွားဝယ်ကာ ကိုယ့်ဘာသာ လင်ပန်းနှင့် သယ်လာရသော ကိုယ်တိုင်ဝယ် ကိုယ်တိုင်သယ် စနစ်ပါပဲ။ ဒီမှာတော့ အများစုက ဒါပဲစားကြသည်။ စားသောက်ဆိုင်တွေက ဈေးကြီးသည်လေ။

"အေးလေ ... ပြီးတာပဲ။ ညနေ အပြင်သွားစားမယ်နော်"

"ဘယ်သွားစားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင်ကြိုက်မယ်ဆိုင်၊ နင် သွားချင်တဲ့နေရာပေါ့"

"အရေးထဲ ပဟေဠိလာဖွက်နေသေးတယ်၊ အေးပါ ... ပြီးရော"

"အိုခေ ... ဒါဆို ငါ အလုပ်ဆက်လုပ်လိုက်ဦးမယ်"

မြယာက Ok ဟူသော Viber Sticker လေးတစ်ခု ပြန်ပို့ပေးလိုက်သည်။ ပြီးတော့ ချက်ချင်းပဲ အခုနကကြည့်နေသော facebook စာမျက်နှာကို ပြန်ဖွင့်သည်။ အင်တာနက်မှ ကိုယ်အလိုရှိရာ တစ်ခုခုကို ရှာဖွေလိုက်တိုင်းမှာ မြန်မာပြည်မှာ ကြုံတွေ့နေရသလိုမျိုး လုံးဝမတွေ့ရ။ အဝိုင်းလည်နေတာ လိုင်းမတက်တာမျိုး မကြုံရဘဲ အင်တာနက်မြန်နှုန်းက လှစ်ခနဲ လှစ်ခနဲ နေတာပါပဲ။ ပုံတစ်ပုံတင်လိုက်လျှင် ဖျတ်ခနဲ တက်သွားလွန်းသဖြင့် ဟုတ်မှဟုတ်ရဲ့လားတောင် သံသယရှိကာ မနေတတ် မထိုင်တတ် ဖြစ်ရသည်။

ဖုန်းလိုင်းကုမ္ပဏီတွေက နှစ်ခု သုံးခုရှိပြီး တစ်ခုနှင့် တစ်ခု သုံးစွဲသူ ပြည်သူလူထုကို အပြိုင်အဆိုင် ဝန်ဆောင်မှုပေးကြသည်။ ဖုန်းလိုင်းတစ်ခုယူလျှင် iphone 5s လက်ဆောင်ရတာမျိုး၊ Note 3 စသော နောက်ဆုံးပေါ်ဖုန်းများကို အလကားဈေးနီးနီးလောက်နှင့် ရတာမျိုး ဝန်ဆောင်မှုတွေ သူ့ထက်ငါ ပေးကြသည်။ အဲဒီလိုပေးပြီး ဖုန်းလိုင်း၊ အင်တာနက်လိုင်းတွေကျတော့ စုတ်ပြတ်နေလား ဆိုတော့ မြန်မာပြည်က MPT နှင့် အဆတစ်သိန်းလောက် ကွာတယ်ဟု ပြောရင်တောင် လွန်မယ်မထင်ချေ။





အင်တာနက်လိုင်းက မြန်နှုန်းမြင့်စရာတောင် မလိုဘဲ ဒုံးပျံလိုဖြစ်နေသည်။ ဖုန်းလိုင်းဆိုတာလည်း မြေအောက်ထဲ ရောက်သွားရင်တောင် ဆက်ကောင်းနေတုန်း။ မြန်မာပြည်မှာက ကောင်းစေချင်ရဲ့သားနဲ့ နည်းပညာမဲ့လို့ မကောင်းရတာလား။ No ... ပြည်သူလူထုကို စေတနာမရှိလို့ပါ။ ဒါတောင် ပထမပိုင်းမှာ ဖုန်းကတ်တွေကို သိန်းနှစ်ဆယ်၊ သုံးဆယ် မတန်တဆဈေးတွေတင်ကာ နောက်ဆုံးအထိ ပြည်သူကို တတိတိနှင့် ညှဉ်းလာတာပါ။

ဩော် ... ငါတို့ဆီက ဌာနဆိုင်ရာ အဖွဲ့အစည်းတွေလည်း ပြည်သူလူထုအပေါ်မှာ တော်တော်လုပ်ရက်ကြသားဟု မြယာ ထိုင်တွေးနေမိသည်။ သူများနိုင်ငံက ပြည်သူတွေ အစစအရာရာ အဆင်ပြေပြေ နေရပုံကို ကြည့်လျက်၊ ကိုယ်တွေဘဝနှင့် နှိုင်းယှဉ်ကာ အင်တာနက်သုံးရင်း အချိန်တွေ ဘယ်လိုကုန်သွားမှန်းတောင်မသိ။ နွေးတောင် ရုံးကပြန်လာချိန် နီးပြီမို့ ကမန်းကတန်း ရေထချိုးရသည်။ ညနေခင်း ပေါ့ပေါ့ပါးပါး အပြင်ထွက်မည်မို့ အဖြူရောင် လက်ပြတ်လီနင်ရှပ်ကော်လာအကျႌလေးကို Skinney နို့စိမ်းရောင်လေးနှင့် တွဲဖက်ဝတ်ဆင်လိုက်သည်။ ကျောလယ်မှာရှိသည့် စင်းဖြောင့်ဝဲကျနေသည့် ဆံနွယ်များမှာ ပျားရည်ရောင်အထိ ဖြစ်လေသည်။

MAC နှုတ်ခမ်းနီကို အပြီးသတ် ဆိုးပြီးချိန်မှာတော့ နွေးလည်း ရုံးကပြန်ရောက်လာလေသည်။ မြယာက ရေခဲသေတ္တာထဲမှာ အသင့်ဖျော်ထည့်ထားသော သံပရာရည်ခွက်ကို ထုတ်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်လျှင် နွေးက အတော်သဘောကျသွားသည်။ တစ်ရှိုက်တည်း နဲ့ပဲ တစ်ဝက်ကျိုးအောင် မော့ချလိုက်ပြီးမှ ...

"အားပါး ... ကောင်းလိုက်တာဟာ။ အမောကို ပြေသွားတာပဲ။ အင်း ... ငါ့ကို နင်က အကျင့်လာဖျက်တယ်။ နင်ပြန်သွားရင်တော့ ငါ ယောင်ချာချာဖြစ်ပြီး ကျန်ရစ်ခဲ့ရမှာပဲ ... ဟင်း"

"ဟား ဟား ... ကိုယ် ဒီလိုတော့ဖြင့် မရည်ရွယ်ပါကွယ်"

"နင်ကတော့ ယောက်ျားရရင် သိပ်အချစ်ခံရမှာပဲ မြယာ"

"ဘာလို့လဲ"

မြယာ အသံက ခပ်ဆတ်ဆတ် ဖြစ်သွားသော်လည်း နွေးကတော့ သတိထားမိဟန် မတူပါ။ သံပရာရည်ကို မော့သောက်ရင်း ခပ်အေးအေးပင် ပြောနေသည်။

"ဟာ ... နင်က ရုပ်ကလည်းချော၊ ဟင်းချက်ကလည်းကောင်း၊ အိမ်ထောင်မှုလည်းနိုင်နင်း၊ ဒီလိုပဲ လင်ယောက်ျားရုံးကပြန်လာရင်လည်း သံပရာရည်လေး ဖျော်တိုက် ကြိုဆိုဦးမယ်ဆိုတော့ ..."

"တော်စမ်းပါဟာ"

ဖြတ်ပြောလိုက်သော မြယာရဲ့ စိတ်ရှုပ်ထွေးသံကြောင့် နွေးက နားမလည်သလို အံ့သြသလိုဖြင့် ငေးကြည့်သည်။ သို့သော် ပါးနပ်သော နွေးက တစ်စုံတစ်ခုကို နားလည်သဘောပေါက်သလို မျက်ဝန်းတွေက ဖျတ်ခနဲ လက်သွားသည်။





"မြယာ ... နင် ဘာတွေ ခံစားနေရတာများ ရှိနေလဲ။ တစ်ခုခုဆို ငါ့ကို ပြောပါလား"

အင်း ... ပြောချင်တယ်၊ အဲဒီလို ပြောဖို့အထိပဲ စင်ကာပူထိတောင် လာခဲ့တယ် ဆိုရင်ရော နင် ဘာပြောမလဲ။ ဒါပေမဲ့ ခုချိန်မှာတော့ မြယာ ဘာမှပြောချင်စိတ် မရှိသေးပါ။ မွန်းကြပ်နေသော စိတ်နှလုံးသားကို နေရာသစ် ဝန်းကျင်သစ်တစ်ခုမှာ ခေတ္တခဏတော့ ရှက်လွှင့်ချင်ပါသေးသည်။

"အေးပါဟာ ... ပြောစရာရှိလာရင် ပြောမှာပေါ့။ ခုတော့ မပြောချင်သေးဘူး၊ ကဲ ... အပြင်သွားမယ် မဟုတ်လား၊ လုပ်တော့လေ"

"အိုခေ ... ဆယ့်ငါးမိနစ်ဆို ရယ်ဒီပဲ"

နွေးက ရေချိုးဖို့ ထွက်ခွာသွားချိန်ဝယ် မြယာက ဖုန်းထဲသို့ အာရုံပြန်ဝင်စားသွားသည်။ မြန်မာပြည်ကနေ၊ မြန်မာပြည်မှာ အင်တာနက်သုံးစွဲနေရင်း လိုင်းမတက်မှု လိုင်းနှေးကွေးမှုများနှင့် အမြဲတစေ ကြုံတွေ့နေရသော သူတစ်ယောက်အဖို့တော့ နိုင်ငံရပ်ခြား ရောက်တဲ့အခါ ဘယ်မှလဲ မသွားရသေးဘူးဆိုရင် အင်တာနက်ထဲမှာပဲ ခေါင်းစိုက်ဖို့ ဖြစ်မည်ဟု ထင်သည်။

လတ်တလောမှာ ကမ္ဘာ့အရေးထက် မြန်မာ့အရေးက ပိုစိတ်ဝင်စားဖို့ ကောင်းနေလေရာ မြယာအတွက် အင်တာနက်လိုင်း ကောင်းကောင်းဖြင့် သတင်းတွေကို ဖတ်မဆုံး ဖြစ်နေသည်။ သတင်းထဲ အာရုံနစ်သွားသဖြင့် အနားမှာ နွေး ပြန်ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



တာတောင် မသိလိုက်။ နွေးကတော့ တစ်နေကုန် office style နဲ့ နေလာရသည်မို့ ပေါ့ပါးချင်သည်မှာ သူ့အပြင် နှစ်ယောက်မရှိသည့်အလား လည်ပင်းကျယ်ကျယ် တီရှပ်ခါးတိုနှင့် ပေါင်လည်ဂျင်းအပွသား ဘောင်းဘီတိုကို ဝတ်ဆင်လာသည်။

မြယာနှင့် နွေးသည် ကွန်ဒိုဝင်းအတွင်းမှ အေးဆေးလျှောက်လှမ်း ထွက်လာကြသည်။ MRT ကို လမ်းလျှောက်ရမည်။ MRT မှာ ရထားစီးကာ City Hall သို့ သွားမည်။ နွေးနေသော ကွန်ဒိုနှင့် MRT (ဘူတာရုံ)မှာ ခါယ်မိနစ်ခန့် အေးအေးဆေးဆေး လမ်းလျှောက်လို့ရသည်။ အိမ်ခြံဝင်းထဲက လှမ်းထွက်လိုက်တာနှင့် မိုးပျံနေသော ရထားလမ်းများကို အားကျဖွယ်ငေးတွေ့ရသည်။ ရထားလမ်းတွေက နှစ်ထပ်တွေ သုံးထပ်တွေနှင့်။

စင်ကာပူ ညနေမြင်ကွင်းသည် လှသူရုပ်ထွေးတယ်ဟုလည်း ပြောမရ ခပ်အေးအေးနှင့် ရှင်းလင်းနေသည်ဟုလည်း ပြောလို့မရဘဲ သူ့ဟာနဲ့သူ မြို့ပြစတိုင်လ်နှင့် ယဉ်စနေသည်။ ကားတွေပိတ်၊ လမ်းတွေပိတ်နှင့် ဆူညံရှုပ်ထွေးနေသော မြို့ပြမျိုး မဟုတ်။ မိုးထိမြင့်မား တိုက်တာကြီးများ ရှိသော်လည်း ကောင်းကင်ကို ကြည်လင်စွာ မြင်ရသေးသည်။ ဒါဟာ ဖွံ့ဖြိုးပြီးစတိုင်းပြည်တွေရဲ့ ပြယုဂ်လား မသိပါ။

MRT ပေါ်သို့ အက်စကေလေတာနှင့် တက်လာခဲ့ပြီးနောက် နွေးက ရထားရောက်ချိန် ပြထားသော နာရီကိုကြည့်ကာ မြယာရဲ့လက်ကို ဖျတ်ခနဲ ဆွဲပြေးသည်။





"မြန်မြန်လာ ... နောက်တစ်မိနစ်ဆို ရထားလာပြီ"

"ဟင် ... အေး"

"ကတ်ဖြတ်လိုက်"

နွေးက ရှေ့ကဦးဆောင် လုပ်ပြသွားသည်။ ရထားစီးဖို့အတွက် ကတ်ဖြတ်လိုက်မှ စက်က မောင်းတံလေးက လူတစ်ယောက်ဝင်လို့ရအောင် ဖယ်ပေးသည်။ ဒီမှာ ရထားပဲစီးစီး၊ ဘတ်စ်ကားပဲစီးစီး စပယ်ယာမရှိပါ။ ပိုက်ဆံကောက်သူ မရှိပါ။ MRT နှင့် Bus ကားစီးသည့် စမတ်ကတ်မှာအတူတူပဲ၊ ဘာစီးစီး တစ်ကတ်တည်းဖြတ်ပြီး ဘူတာရုံမှာ စက်တွေဖြင့် ကတ်ထဲသို့ ကိုယ့်ဘာသာ ငွေဖြည့်ရသည်။ ရထားမစီးခင် ကတ်ဖြင့် ပိုက်ဆံဖြတ်သည့်နေရာမှာ ပိုက်ဆံဖြတ်ပြီးမှ ရထားနားသို့ ရောက်နိုင်လေသည်။

ရထားစကြံသို့ အရောက်တွင် ရထားကလည်းဝင်လာသည်။ နွေးနဲ့မြယာ ခပ်သွက်သွက် တက်လိုက်သည်။ ရထားထဲမှာ လူအပြည့်ပဲ။ ညနေ ရုံးပြန်ချိန်မို့ ရထားက လူပြည့်နေပါသည်။ နွေးနဲ့ မြယာ ထိုင်ခုံမရပါ။ အလယ်မှာ မတ်တတ်ရပ်ရသော်လည်း ကိုယ်လို စတိုင်လ်နဲ့ မလိုင်နဲ့ ရပ်နေသူတွေအပြည့်ပဲမို့ ထူးခြားရသဖြင့် ပျော်နေသည်။

"အခု City Hall ကို သွားနေတာလား"

"အင်း ... City Hall က ပင်နီဆူလာကို သွားမှာ။ နင်သိတယ်မှလား ပင်နီဆူလာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း … သိတယ်လေ။ နင် မြန်မာအစားအသောက်တွေ သွားသွားဝယ်နေတဲ့နေရာ၊ မြန်မာဆိုင်တွေ ရှိတယ်ဆိုတဲ့ နေရာ မဟုတ်လား"

"Yes, ဟုတ်သပေါ့"

"City Hall မှာဆိုတော့ ပင်နီဆူလာက တကယ့်မြို့လယ် ကောင်မှာပေါ့"

"ဟုတ်တာပေါ့၊ တို့မြန်မာတွေ မြို့လယ်ကောင်ကို တက်သိမ်းထားတာ"

မခေ့ဟူသော သဘောဖြင့် မြယာက ပခုံးတွန့်ပြလိုက်သည်။ စကားစ ခေတ္တပြတ်သွားပြီး မြယာက ဘေးဘီဝဲယာကို အကဲခတ်ကြည့်သည်။ စင်ကာပူကလူတွေရဲ့ Life Style ကို လေ့လာစူးစမ်းကြည့်ခြင်းပါပဲ။ စ,လုံးကလူတွေလည်း ဘာထူးလဲ။ ရထားပေါ်မှာ ဘတ်စ်ကားပေါ်မှာ စာမဖတ်ကြပါ။ နားကြပ်လေးတွေရောင်စုံနှင့် ကိုယ်စီတပ်ထားကြကာ ဖုန်းလေးတွေ တပွတ်ပွတ် လုပ်ကြသည်။ ရုပ်ရှင်တွေ down ထားကြကာ ရထားပေါ်မှာ ကားပေါ်မှာ ကြည့်ကြသည်။ facebook သုံးကြသည်။ သူတို့သည်လည်း ကိုယ်တွေနှင့် ဘာမှမထူးပါ။ သူတို့ဆီက အဝိုင်းလည်တာ မမြင်ကြရသဖြင့် သုံးလို့တောင် မမုန်းနိုင် ဖြစ်ဦးမည်။

"Next Station … Ctiy Hall"





ရထားပေါ်မှ ဆောင်းဘောက်စ်ထဲမှ အသံထွက်လာသည်။ နွေးရှေ့က လူတစ်ယောက်က ဆင်းသွားသဖြင့် နွေးက ခုံလွတ်နေရာကို မျက်စပစ်ပြကာ မြယာကို ထိုင်စေသည်။ မြယာက ခုံမှာဝင်ထိုင်လိုက်သည်။

"Doors are closing"

ဟော … အသံထပ်ထွက်လာပြန်သည်။ စက်ရုပ်မက ပြောနေသောအသံမျိုးဖြစ်ကာ တံခါးကလည်း သူ့ဘာသာ Auto ပိတ်တာဖြစ်ပြီး တစ် … တစ် … တစ် … တစ် … အသံမြည်ကာ ချိန်းခနဲ ပိတ်သွားသံကို မြယာက ကလေးတစ်ယောက်လိုငေးကြည့်ရင်း သဘောကျနေမိသည်။ တံခါးပိတ်သွားပြီးနောက် ရထားက တဝေါဝေါနှင့် ခုတ်မောင်းသည်။ ခဏကြာလျှင် လိုဏ်ခေါင်းထဲ မြေအောက်ထဲ ဝင်သွားသည်။ သိပ်မကြာခင် "Doors are opening"ဟု စက်ရုပ်မအသံ မြည်လာပြီး တံခါးပွင့်လာဦးမည်။ အဲဒီကျရင်တော့ City Hall သို့ ရောက်ပါပြီ။

တံခါးပွင့်သွားလျှင် နွေးနဲ့မြယာက ရထားထဲမှ ထွက်လာခဲ့ကြသည်။ ရောက်နေတာက Underground ထဲမှာမို့ အပေါ်သို့ရောက်အောင် ဓာတ်လှေကားဖြင့် တက်လာခဲ့ကြသည်။ မြန်မာစကားပြောသံတွေ၊ တေးရေး အရိုး ရေးထားသော သီချင်းထဲကလို နည်းနည်းရင်းနှီးသော မျက်နှာများကို တွေ့ရသည်။ "ရွှေတွေ"ဟု နွေးက ခပ်တိုးတိုး ကပ်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်သို့ ရောက်သွားပြီမို့ ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်လို့ရလာသည်။ ပင်နီဆူလာ ပလာဇာဘက်သို့ ကားလမ်းကူးမည့်နေရာသို့ လျှောက်လာရာတွင် မြယာရဲ့မျက်လုံးထဲ တစ်စုံတစ်ရာကို လှမ်းမြင်သည်။

"ဟယ် ... ဟိုမှာ သင်္ဘောကြီး"

ကလေးတစ်ယောက်လို ဝမ်းသာအားရ အော်ဟစ်လိုက်သော မြယာပုံစံကို နွေးက ဟက်ဟက်ပက်ပက် ရယ်မောသည်။ စင်ကာပူရဲ့ လှပသော ညနေခင်းမှာ စင်ကာပူရဲ့ အမှတ်တံဆိပ်ဖြစ်သော ကောင်းကင်ပေါ်က သင်္ဘောကြီးကို တွေ့လိုက်ရတာဟာ ဘယ်လို Smart ဖြစ်မှန်းကို မသိချေ။ Marina Bay Sands Hotel ကြီးနှင့် အပေါ်မှာတင်ထားသော သင်္ဘောကြီးရဲ့ ဗိသုကာလက်ရာဟာ တကယ်ပဲ အံ့မခန်း ဖြစ်စေပါသည်။

"အဲဒီမှာ တစ်ရက်လောက် သွားအိပ်ကြမယ်လေ"

"အိုး ... ဈေးကြီးမှာပေါ့"

"ကျွတ် ... အိမ်မှာ အပေါ်ဆုံး အရာက ပိုက်ဆံတွေပါ ဟား ဟား ဟား"

မြယာနှင့် နွေး ရယ်သံတွေက အနီးနားမှာ ပြန့်ကျဲသွားသည်။ ပင်နီဆူလာပလာဇာ ရှိရာသို့ ကားလမ်းကူးပြီးလျှောက်လာခဲ့ကြသည်။

"မြန်မာပြည်က အစားအသောက်တွေ လိုချင်ရင် ဒီကိုပဲလာရတာပေါ့ဟာ။ ခုတော့ နင် ရောက်လာလို့ ဘာမှဝယ်





စရာ သိပ်မရှိပေမယ့် နင် လေ့လာလို့ရအောင် တစ်ပတ်ပတ်တာပေါ့"

မြယာက ခေါင်းညိတ်ပြလိုက်သည်။ တကယ်ကိုပဲ ရန်ကုန် ပြန်ရောက်သွားသလို မြန်မာတွေအများစုကို တွေ့ပါသည်။ ပင်နီဆူလာထဲ ဝင်ရောက်လိုက်တာနှင့် မြယာရဲ့နှာခေါင်းထဲသို့ အနံ့နှစ်မျိုးက တိုးဝင်လာသည်။

"ဟဲ့ ... သပြေပန်းနံ့နဲ့ ကွမ်းနံ့ ရတယ်"

"ဟား ဟား ... ဟုတ်ပ။ အဲဒါ ပင်နီဆူလာရဲ့အမှတ်တံဆိပ်ပေါ့"

မြယာနှင့် နွေးက အပေါ်ထပ်တွေကို လှည့်ပတ်ကြည့်ရှုကြသည်။ ဆိုင်အများစုရဲ့နာမည်က မြန်မာနာမည်တွေပဲဖြစ်ကာ၊ မြန်မာလို ဆိုင်းဘုတ်ချိတ်ထားကြသည်။ သပြေနံ၊ ရွှေဝါမြေ၊ တော်ဝင်၊ ရွှေရတနာ စသဖြင့် ဆိုင်အားလုံးမှာ ငွေလွှဲလုပ်ငန်းက အဓိကဖြစ်ပြီး တွဲရက်အနေဖြင့် မြန်မာပြည်က အစားအသောက်၊ အသုံးအဆောင်မျိုးစုံ ရောင်းချကြသည်မှာ ငှက်ပျောအူ၊ တညင်းသီး၊ ပဲပြုတ်အထိ စုံလေသည်။

"ဒါက Week day မို့ဟ။ Week end ဆို ပြည့်ကျပ်နေတာ။ လူအရမ်းရှုပ်တယ်"

"အင်း... အစားအသောက်တွေက အောက်မှရောင်းတာပေါ့"

"ဟုတ်တယ် ... Underground မှာ။ နင် ဆာပြီလား။ ငါ့ကို မန္တလေး ခေါ်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မန္တလေး ! "

"အင်း ... ဟုတ်တယ်။ စင်ကာပူမှာ မန္တလေးလည်းရှိတယ်၊ အင်းလေးလည်း ရှိတယ်"

မြယာက ပခုံးတွန့်ပြမိသည်။ နွေးနှင့်အတူ စက်လှေကားဖြင့် Underground ထဲသို့ ဆင်းလာခဲ့ကြသည်။ ဟုတ်ပါရဲ့ အောက်မှာက မြန်မာစားသောက်ဆိုင်တွေ အများကြီးပါပဲ။ နွေး ပြောသော အင်းလေး Resturant ကိုလည်း တွေ့ရသည်။ ဒါပေမဲ့ မန္တလေးစားသောက်ဆိုင်ကို ရောက်ဖို့အတွက်ကတော့ tunnel ကနေ ကူးရပါသေးသည်။ ဟိုဘက်ခြမ်းက အဆောက်အအုံဖြစ်ပြီး ပင်နီဆူလာအောက်ထဲကနေလည်း ကူးလို့ရအောင် ဆက်ထားတာဖြစ်သည်။ ကားလမ်းပေါ်မှာ ဆိုရင်တော့ ကားလမ်းခြားနေတဲ့ ဟိုဘက် ဒီဘက် မျက်နှာချင်းဆိုင် အဆောက်အအုံပေါ့လေ။

စင်ကာပူဟာ ထင်မထားအောင်၊ ထင်ထားတာထက် ပိုတိုးတက်နေခဲ့ပြီပဲနော်။ မန္တလေးစားသောက်ဆိုင်ဟာ မြယာတို့အကြိုက်တွေချည်း။ မစားရတော့ဘူး ထင်ထားသော မာလာဟင်း၊ မာလာငါး၊ မြေအိုးမြီးရှည်တွေကအစ ရှမ်းစာတွေပါ စုံစုံလင်လင် ရသည်မို့ လောဘကြီးပြီး များများမှာစားမိရာ ဗိုက်တွေ အတော်တင်းသွားကြသည်။ ဘေလ်ရှင်းသောအခါ မြယာက မျက်လုံးပြူးပြီး မြယာ ရင်ဘတ်ဖိတာကို နွေးက ရယ်သည်။





"ဒီမှာက ဒီလောက်ပဲဟ။ တို့ မှာစားတာလည်း နည်းနည်းများတာကို။ တကယ့်ဆိုင်ကြီးတွေမှာ သွားစားရင် ဒီ့ထက်အများကြီး ဈေးကြီးသေးတယ်"

"အင်းနော်"

မာလာဟင်းတစ်ပွဲကကို မြန်မာငွေ တစ်သောင်းခွဲနီးပါးလောက် ရှိနေပြီမို့ လူနှစ်ယောက်စားတာက တော်တော်ကျနေပြီ။ ဒါပေမဲ့ ဒါဟာ ပုံမှန်စားပျော်တဲ့ဈေးတဲ့။ အင်းလေ ... ကန်စွန်းရွက်တစ်စည်းတောင် တစ်ထောင့်ငါးရာလောက် ရှိနေသည့် တိုင်းပြည်မှာ ရေတောင် သူများနိုင်ငံကဝယ်ရပြီ ဆိုမှတော့ ဒီလောက်တော့ ရှိလောက်ပြီပေါ့။ စားသောက်ပြီး ဗိုက်တင်းတာနှင့် နွေးနဲ့ မြယာမှာ ချက်ချင်းမပြန်သေးဘဲ Marina Bay Sands ဘက် လမ်းလျှောက်လာကြသည်။

ဖြတ်သန်းလာရသော နေရာတို့ဟာ Public Area တွေ ဖြစ်ပြီး သူလို ကိုယ်လို လေညှင်းခံ လမ်းလျှောက်သူတွေ အများများ အစားစားပါပဲ။ မြက်ခင်းစိမ်းတို့ဟာ ညီညာပြန့်ပြူးလျက် တစ်မျှော်တစ်ခေါ်ကြီး၊ သဘော်ကြီးနဲ့လည်း နီးသထက်နီးသလို ခံစားရပေမယ့် တကယ်တမ်းက သိပ်မနီးသေးဘူးတဲ့။

"တို့တွေ MBS ထိ မသွားတော့ဘူးနော်။ နည်းနည်းဝေးတယ် သိလား။ ဘာမှတော့ မဖြစ်ပေမယ့် အိမ်အပြန်အရမ်းမိုးချုပ်သွားမှာစိုးလို့။ MBS က နည်းနည်းစောသွားရင် ပိုကောင်းတာပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



အခု တံတားလေးနားရောက်ရင် လှည့်ပြန်မယ်"

"အိုးခ်ိ"

ဟိုပြော ဒီပြော ရောက်တတ်ရာရာပြော စကားတပြောပြောနှင့် ပေါင်းကူးတံတားလေးသို့ ရောက်သောအခါ ရှခင်းကြည့်ရင်း မြယာနှင့် နွေး ရပ်လိုက်ကြသည်။ ကိုယ်တွေလိုပဲ ခြေခင်းလက်ခင်း သာယာသော ညချမ်းဦးမှာ လမ်းလျှောက်ထွက်သူတွေလည်း မရှားပါ။ ဒီနားပတ်ဝန်းကျင်မှာ ရုံးအဆောက်အအုံတွေလည်း များတာမို့ ဒီလို အများပြည်သူ အပန်းဖြေစရာနေရာလေးတွေ ကျယ်ကျယ်လွင့်လွင့် ထားရှိတာဟာ တကယ်ကို ခေတ်မီတိုင်းပြည်တစ်ခုရဲ့ ပြယုဂ်ပါပဲ။

အင်း ... ဒီလို တိုးတက်အေးချမ်းမှုမျိုးကို ဟိုးဝေးဝေးမှာ ကျန်ခဲ့တဲ့ ကိုယ်တို့တိုင်းပြည်လေးဆီ ယူဆောင်ခွင့်ရရင် ဘယ်လောက်ကောင်းလိုက်မလဲနော်။

❦ ○ ❦





## ၄

စင်ကာပူ၏ နာမည်ကျော်ယူနီဗာဆယ် စတူဒီယို (သို့မဟုတ်) ကလေးရော လူကြီးရောပါ ကဲလို့ကောင်းသည့်ကစားကွင်း သည် Sentosa ကျွန်းပေါ်တွင် တည်ရှိပါသည်။ သီးသန့်တစ်နေကုန် အချိန်ပေးပြီး သွားရသည်။ သေချာ အေးအေးဆေးဆေး အချိန်ပေးပြီး နှံ့နှံ့စပ်စပ် လည်ပတ်ချင်လျှင် တစ်ရက်နဲ့တောင် အချိန်မလောက်ချေ။ USS (သို့မဟုတ်) ယူနီဗာဆယ်ထဲမှာ တစ်ရက် အချိန်ပေးနိုင်လျှင် ပိုတန်ပါသည်။ ဒီတော့ စုံလင်စွာလည်ပတ်နိုင်ရေး၊ လည်ရပတ်ရဖို့အတွက် မပင်ပန်းရေးတို့ကို မြယာရဲ့အခါတော်ပေး ဆရာမကြီးနွေးက အိုင်ဒီယာ ထုတ်သည်။ Plan ဆွဲပေးသည်။

"နင်က ဒီမှာ တစ်လလောက် နေမှာပဲ မြယာရဲ့။ အေးဆေးပေါ့၊ Sentosa ကို နှစ်ခါလောက် သွားမှာပေါ့။ ticket တွေကတော့ ငါ့သူငယ်ချင်း လုပ်နေတဲ့ အေးဂျင့်ကနေ ပေါင်းဝယ်လိုက်မယ်၊ ပေါင်းဝယ်တော့ သက်သာ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဟ၊ နှင် ကေဘယ်လ်စီးမလား၊ စီးရဲတယ်မှလား၊ Sentosa ကို သူများတွေ သွားသလို ရထားနဲ့မသွားဘဲ ကေဘယ်နဲ့သွားမလား"

"ကေဘယ်လ် ! "

"ဩော် ... ကေဘယ်လ် ဆိုလို့ နှင့်ကို ကြိုးနဲ့တွဲလောင်း ခိုစီးခိုင်းမယ် ထင်နေနဲ့ဦး။ ဟား ဟား ... စိတ်ညစ်တယ်"

သူ့ဟာသူပြောပြီး သူ့ဟာသူ တဟားဟား ပြန်ရယ်နေသော နွေးကိုကြည့်ကာ မြယာက လွင့်လွင့်လေး ပြုံးနေလိုက်သည်။ မြယာ ရောက်လာသဖြင့် နွေးဟာ အလိုလိုနေရင်း တက်ကြွပျော်ရွှင်နေကာ တစ်ခုခုပြောလျှင် သူ့ဟာသူ ပြန်ရယ်နေတာကိုလည်း မြယာက ပြုံးကြည့်နေရသည်။

"နှင် ဝေဟင်ထက်က ချစ်ပုံပြင် ကိုရီးယားကား သိပ်ကြိုက်တယ်မှလား။ စင်ကာပူမှာ လာရိုက်တယ်လေကွာ"

"ဩော် ... သိပြီ။ အဲဒီထဲက မင်းသားနဲ့ မင်းသမီး Sentosa ဘယ်ကို ကူးသွားတဲ့ ကောင်းကင်ကေဘယ်လ် ဟုတ်တယ်မဟုတ်လား"

"Right ! Right !"

နွေးက လက်မနှစ်ချောင်းကို ပြိုင်တူထောင်ပြသည်။ Santosa ကို ကောင်းကင်ကြိုးရထားနဲ့ ပင်လယ်ပေါ်ကနေ ဖြတ်သန်းကူးသွားရမတဲ့။ ကြည့်ခဲ့ဖူးသော တီဗီဇာတ်လမ်းတွဲထဲက မြင်ကွင်းတွေကို ပြန်လည်မြင်ယောင်ကာ ရင်ခုန်လာသည်။





"ဒီလို လုပ်လေ"

"ဘယ်လို လုပ်ရမှာလဲ"

"USS က Weekend တွေဆို လူအရမ်းရှုပ်တယ်ဟ။ တန်းစီနေရတာနဲ့ မပြီးတော့ဘူး။ ဒီတော့ USS ကို နောက်တစ်ခေါက်မှသွားမယ်။ ကြားရက်ကို ငါ ခွင့်ယူလို့ရတဲ့ရက်မှာ သွားမယ်ဟာ။ ဒီတစ်ပတ် Sunday မှာ နှင် ကေဘယ်လ်နဲ့ ဆန်တိုဆာ(Sentosa)ကို သွားလိုက် ...

Sentosa နဲ့အောင် လျှောက်လည်ကြတာပေါ့ဟာ။ USS ကိုတော့ ကြားရက်မှာ သွားမယ်။ Sentosa နဲ့ Sea Aquariun သွားလိုက်ကြတာပေါ့။ ရေအောက်ထဲမှာ Sea Food တွေကို ကြည့်တာလေ"

"လုပ်ပြီ ... နှင်ကတော့"

"ဟုတ်တယ်လေ ... ရေထဲကအကောင်ဆိုရင် ငါက Sea Food ပဲ သတ်မှတ်တာ။ အေး ... အဲလိုပဲ လုပ်မယ်ဟာ။ မဟုတ်ရင် Sentosa ရော၊ USS ရောဆို တစ်ရက်တည်းနဲ့ နဲ့မှာလည်း မဟုတ်သလို နေပူရင်လည်း အရမ်းပင်ပန်းမှာ ...

အဲလိုပဲ လုပ်ကြရအောင်နော့"

"နှင် ကောင်းမယ် ထင်သလိုသာ လုပ်ပါဟာ၊ နှင်က အဆင်ပြေဆုံးနည်းလမ်းကို ပိုသိမှာပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အဆင်အပြေဆုံးနည်းလမ်းကို တကယ်တော့ ဘယ်သူမှမသိပါ။ မမျှော်လင့်သော အဖြစ်အပျက်တစ်ခုက နောက်ရက်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်လာခဲ့သည်။ နွေးရဲ့အဘွားက ရုတ်တရက် ကျန်းမာရေးအခြေအနေက စိုးရိမ်စရာ ဖြစ်လာခဲ့ပြီး ခွဲစိတ်ရဖို့ အခြေအနေကလည်း ကြုံလာသလို အဘွားဖြစ်သူ အမိကတောင့်တနေတာကလည်း မတွေ့ရတာ ကြာပြီဖြစ်သော မြေးဖြစ်သူ နွေးကိုတဲ့။ နွေးက ပြန်ရင်တောင် ခွင့်မဟုတ်ဘဲ အရင်ကမယူခဲ့သည့် ခံစားခွင့်တွေနှင့် (၁၀)ရက်လောက် အသာလေးပြန်လို့ ရနေသည်။

"ဘယ်လိုလုပ်မလဲ မြယာရယ်။ နင်ကလည်း ခုမှရောက်တာ မကြာသေးဘူး၊ ဘယ်လိုလုပ်မလဲ၊ ငါနဲ့ ပြန်လိုက်လာပြီးမှ နင် ငါနဲ့အတူတူ ပြန်လာမလား"

အဘွားအတွက် စိုးရိမ် စိတ်မကောင်း ဖြစ်ရတာတစ်မျိုး၊ မြယာအတွက် ဘယ်လိုလုပ်ပေးရမှန်းမသိ ဖြစ်နေတာရောနှင့်ပေါင်းကာ အကြံအိုက် စိတ်ရှုပ်တွေးပြီး မျက်နှာပျက်နေသော နွေးကို မြယာက အားပေးနှစ်သိမ့်ပြုံးလေးနှင့် ပခုံးကို ဖွဖွဆုပ်ကိုင်မိသည်။

"ရပါတယ် နွေးရယ်။ နင်လည်း ပြန်ရင် ခဏပေါ့။ ခဏ မဟုတ်လည်း ငါ စောင့်နေနိုင်ပါတယ်။ မပြန်ချင်သေးလည်း pass ထပ်တောင်းလိုက်ရင် နောက်တစ်လတော့ ထပ်ရမှာပဲ ...





ပြီးတော့ ... ပြီးတော့ ..."

"ပြီးတော့ ... ဘာဖြစ်လဲ"

"ငါ တကယ် မပြန်ချင်လို့ဟ"

"ဘာလို့ မပြန်ချင်တာလဲ"

"ဩော် ... မိန်းမရယ် မပြန်ချင်တာ အဖြစ်တစ်ခုလား"

"မဟုတ်ပါဘူး။ ငါ ထင်ထားတာက ငါ ခဏပြန်သွားရင် နင်တစ်ယောက်တည်း ကျန်ခဲ့မှာမို့ သိပ်မနေချင်လောက်ဘူး ထင်နေတာ။ ခုတော့ နင့်ပုံစံက နင်ပြောသလိုပေါ့၊ ကျန်ခဲ့မှာထက် ပြန်ရမှာကို ပိုကြောက်နေသလိုပဲ"

"ဟား ဟား ... နင်က ဘာလို့ အဲလောက်တော်နေရတာလဲ"

"ဟင် ... ကြည့်စမ်း။ မပြန်ချင်တာ ပြန်ရမှာ ကြောက်နေတာလား ... ဟုတ်လား"

"ဟုတ်တယ် နွေး။ ဖြစ်နိုင်ရင်လေ ငါ ဒီမှာ အလုပ်လုပ်ရင်ကောင်းမလား မသိဘူးနော်။ ငါ ရန်ကုန်မှာ မနေချင်ဘူး ...

ဒီမှာ ငါ ဘာလုပ်ရင် ကောင်းမလဲ။ ငါ MBA ပြီးထားပြီးသား ဘာလုပ်လို့ ရမလဲ ?။ ရုံးမှာ လုပ်ရမလား၊ ဒါမှမဟုတ် ငါက Jewellery တွေလည်း ကျွမ်းတယ်ဆိုတော့ Jewellery ဆိုင်တစ်ခုမှာပဲ မန်နေဂျာလျှောက်ရင် ကောင်းမလား။ အင်း ... ငါ့အတွက် အလုပ်ကတော့ရှား



www.burmeseclassic.com

www.burmeseclassic.com



မှာ မဟုတ်ပါဘူးနော်၊ ငါလေ ငါ့ရဲ့လက်မှတ်တွေတောင် လိုလိုမယ်မယ် အားလုံးကို ယူလာတယ်"

နွေးက မြယာကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်ကာ ကြောင်ပြီး ကြက်သေ,သေနေသဖြင့် မြယာက ဟက်ဟက်ပက်ပက် ရယ်ချလိုက်သည်။ ဒီတော့မှ နွေးက အသက်ဝင်လာသူလို လက်ညှိုးတထိုးထိုးဖြင့် ...

"နင် ... နင် ... နင် တကယ်ပြောနေတာလား"

"မဟုတ်ပါဘူးဟယ်၊ နောက်နေတာပါ"

"မနောက်ဘူး။ နင် တကယ်ပြောတာ။ နင် ဘာတွေဖြစ်နေတာလဲဟင်၊ နင် ဘာတွေခံစားနေရလဲ၊ ဘာတွေကြုံနေရလဲ ...

ငါ သိသလောက်ကတော့ နင့်ဘဝက ရွှေဘုံပေါ်မှာ စံနေရတာလေ မြယာ။ နောက်ပေါက် သူဌေးတွေတောင် မနေနိုင်တဲ့ အင်းလျားလမ်းက ဘိုးဘွားပိုင်ခြံကျယ်ကြီးထဲမှာ ကိုယ်ပိုင်ပန်းတိမ်ဖိုကို ဦးစီးပြီး နင် နေနေရတာ မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒီလိုဘဝကို စွန့်လွှတ်ပြီး ငါက စင်ကာပူမှာ ဘာလို့ ပြေးလွှားရုန်းကန်နေရမှာလဲ နော်။ ဟုတ်ဖူးလား"

"ကျွတ် ... နင်နဲ့တော့ ငါ ရှုးတော့မှာပဲ မြယာရယ်"





"မရှုးပါနဲ့ဟာ။ နင် မသိသေးတဲ့ ငါ့ရဲ့ပြောင်းလဲမှုတစ်ခုက ခုနောက်ပိုင်း ငါက အတည်ပေါက်နဲ့ နောက်တတ်လာတယ် ဆိုတာပဲ"

"ရတ်တရက်ကြီးတွေ ထ,ထ မလုပ်စမ်းပါနဲ့ဟာ။ ဒီမှာ ဘာလုပ်ရမှန်းမသိ ဖြစ်နေရတဲ့ ကြားထဲ"

"အေးပါဟာ။ နင် လုပ်စရာရှိတာသာလုပ်ပါ။ သွားစရာရှိတာ ဖြောင့်ဖြောင့်သွား။ ငါ့ကိုလည်း စိတ်မပူနဲ့။ ငါလည်း နည်းနည်းတော့ သိနေပြီပဲ။ ပြီးတော့ ဒီနိုင်ငံက ငါတစ်ယောက်တည်း လျှောက်သွားလည်း စိတ်ပူရတဲ့နိုင်ငံမှ မဟုတ်တာ"

"အေးပါ ... နင် မျက်စိလည်လာလည်း Taxi သာဖမ်းတားလိုက်။ ပိုက်ဆံရှိရင် ဒီမှာက ကျန်တာ Easy ပဲ"

မြယာက ထုံးစံအတိုင်း ပခုံးသာ တွန့်ပြလိုက်တော့သည်။ နွေးကတော့ ရန်ကုန် ပြန်ချိန်ကို တစ်ပတ်ကနေ ဆယ်ရက်အတွင်း ခန့်မှန်းထားသည်။ နွေး မရှိတော့ ခြောက်ကပ်သလို ဖြစ်မှာပေမယ့် မတတ်နိုင်တော့။ တစ်ယောက်တည်း Shopping Mall တွေကို အေးအေးလူလူ လျှောက်ပတ်နေဖို့ပဲ ရှိတော့သည်။ အရင်ဆုံးတော့ လက်မှတ်ဝယ်ပြီးသား ဖြစ်နေသည့် Sentosa သွား ကေဘယ်လ်ကောင်းကင်ကြိုးကို နမြောတသ မရှုတ်ဆိုရလေအောင် တစ်ကိုယ်တော် သွားစီးရပါဦးမည်။

Only One in Sentosa ပေါ့နော်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၅

"Ok. This is Vivocity Shopping mall."

"Ok ... How much"

Taxi ဒရိုင်ဘာ အဘိုးကြီးက လက်ကလည်း မီတာနှင့် ကျသင့်ငွေပြ ဒိုင်ခွက်ကို လက်ညှိုးထိုးပြရင်း ပါးစပ်က လည်း 30 Dollars ဟု ပြောသည်။ မြယာက အိတ်ထဲမှ နှစ်ဆယ်တန်နှင့် ဆယ်တန်တစ်ရွက်ကို ထုတ်ပေးလိုက်သည်။ အဘိုးကြီးပြောသော "Thank you"ကို လက်တစ်ချက်ထောင်ပြရင်း ကားပေါ်မှ ဆင်းလိုက်ပါသည်။

အင်း ... အမှန်ဆို ကိုယ်က ဒီ Vivocity ကို MRT နဲ့ လာချင်တာပါ။ MRT နှင့်လာလျှင် ရထားခမှာ သုံးလေးဒေါ်လာလောက်ပဲ ကျသင့်မည် ဖြစ်ပေမယ့် Taxi စီးလာသော အခါ ဒေါ်လာသုံးဆယ်ကြီးများတောင် နှင့်နေအောင် ပေးလိုက်





ရသည်။ ဒါပေမဲ့ နွေး ပါရင်တော့ ရထားနဲ့လာဖို့က အဆင်ပြေပေမယ့် နွေးက ရန်ကုန်ပြန်သွားခဲ့ပြီ။ မြယာကိုလည်း နီးနီးနားနားမှအပ ဝေးဝေးလံလံတွေကို MRT မစီးဖို့ မှာသည်။ ဒီက MRT ရထားလိုင်းတွေက တစ်ဖြောင့်တည်း မဟုတ်ဘဲ အနီလိုင်း၊ အစိမ်းလိုင်း၊ ခရမ်းရောင်လိုင်း စသဖြင့် လိုင်းပြောင်းစီးရတာမျိုးတွေရှိကာ၊ ရထားတစ်ဆင့်၊ ဘတ်စ်ကားတစ်ဆင့် စီး၍ သွားရသော နေရာမျိုးတွေလည်း ရှိသည်။

ယခုလာသော Vivocity သို့ ရောက်ဖို့အတွက်လည်း ရထားပြောင်းစီးရမှာတွေ ရှိသည့်အတွက် မကျွမ်းကျင်သော မြယာကို နွေးက Taxi ပဲ စီးစေသည်။ မြယာကတော့ တကယ့်တိုးရစ်လုပ်ချင်တာပါ။ မြေပုံလေးကြည့်ပြီး သွားချင်တာဖြစ်ပေမယ့် တစ်ယောက်တည်းမို့ သွားမနေပါနဲ့ဟာတဲ့။

ကဲ ... Vivocity Shopping Mall ထဲသို့မဝင်သေးဘဲ ကေဘယ်လ်စီးရမည့် အဆောက်အအုံသို့ မေးမြန်းစုံစမ်းကာ မြယာက ယုံကြည်မှုအပြည့်နှင့် အပေါ်သို့ တက်လာခဲ့သည်။ မိုးမရွာသဖြင့် အိုက်စပ်စပ်ရှိလှသော စင်ကာပူ ရာသီဥတုနှင့်လိုက်ဖက်ညီ သက်သောင့်သက်သာ ရှိစေရန်အတွက် တစ်နေ့ကမှ နွေးနဲ့အတူ Orchard မှာ Shopping ထွက်ရင်း ဝယ်လာသော Marks & Spencer တံဆိပ် ချည်သားဂါဝန်တိုပွပွ လက်ဖောင်းနှင့် လည်ပင်း လက်တို့မှာ ဇာနားလေးတွေ ကွပ်ထားတာမို့ အေးမြကာ ဥရောပဆန်ပါသည်။

www.burmeseclassic.com



လေးထောင့်ဆန်သော ပုံးလိုလို ကြိုးသေးသေးနှင့် ပိုက်ဆံအိတ်ကို စလွယ်သိုင်းလွယ်ကာ ကနုတ်ပွင့်တွေလို ဖော်ထားသော ရှူးအပါးလေးကိုစီးကာ အေးအေးသာသာ လျှောက်လှမ်းလာခဲ့သည်။ မြယာက စီးရမည့် tickets တွေကို ငုံ့ကြည့်ရင်း နှာခေါင်းလေးကို မသိမသာ ရှုံ့မိသည်။ ဈေး မပါတော့ လက်မှတ်တစ်စောင်က အလကား ဖြစ်သွားသည်။ ဒါတောင် ဈေးက သူ မပါဘဲ မသွားနဲ့တဲ့။ ဘာလို့ မသွားရမှာလဲ။ လက်မှတ်က ဈေးကြီးသည်။ နမြောစရာကြီး။

မြယာက စီးရမည့် ကေဘယ်လ်အဆောက်အအုံထဲသို့ ရောက်လာသည်။ ဝန်ထမ်းမိန်းကလေးတစ်ယောက်က မြယာပေးသော ticket ကိုကြည့်ကာ ခဏစောင့်ဖို့ ပြောသည်။ အရှေ့မှာ တန်းစီနေသော လူသုံး,လေးယောက်ကို တွေ့ရသည်။ ဖော်ရိန်နာ များသည်။ စီးတဲ့သူ များများစားစားမရှိ။ အောက်ကပင်လယ်ပေါ်ကို ကေဘယ်လ်ကြိုးတစ်ချောင်းတည်းနဲ့ ချိတ်ထားသော မှန်လုံအိမ်လေးထဲမှာ မစီးရဲတာလား၊ ဈေးကြီးလို့ပဲလားတော့ မသိပါ။

"Ok ... Excuse me, your turn ... take care"

မြယာ အလှည့်သို့ ရောက်လာသဖြင့် ဝန်ထမ်းကောင်မလေးက တက်ဖို့ပြောသည်။ မြယာ ပြီးတော့ နောက်တစ်ယောက်။ မြယာက ပတ်ဝန်းကျင်ကို ရှုစမ်းနေရတာနဲ့ပဲ ကိုယ့်နောက်က တက်လာသောလူကို ချက်ချင်း သတိမထားမိ





သေးပါ။ ဆန်းသစ်သော အတွေ့အကြုံကိုပဲ စိတ်ဝင်တစား ရှုစမ်းနေမိသည်။ မြယာတို့ ကေဘယ်လ်မှာ လူနှစ်ယောက်သာ တင်ဆောင်ပြီး တဖြည်းဖြည်းနှင့် အရှိန်ယူပြီး သွားနေသည်။ ခုထိ မြယာတို့က အဆောက်အအုံထဲမှာပဲ ရှိသေးသည်။ ရှေ့မှာ ဟာလာဟင်းလင်း အပေါက်ကြီး၊ အဲဒီအပေါက်ကြီးကနေ ကေဘယ်လ်ကြိုးနှင့် ချိတ်ထားသော မြယာ စီးလာသည့် မှန်လုံအိမ်လေးဟာ အဲဒီအပေါက်ကြီးကတစ်ဆင့် ဟာလာဟင်းလင်း လေထဲသို့ ဝေါခနဲ ဝုန်းခနဲ ထွက်ကျသွားတော့မည်။

အပေါက်ကြီးနားသို့ ရောက်လေ ကေဘ်လ်ကလည်း အရှိန်နဲ့ဆင်းလေ။ မြယာက ဟိုးအောက်က ရေပြင်ပြာပြာတွေ၊ ကျွန်းစုလေးတွေ မြင်နေရပြီမို့ ကြောက်စိတ်နှင့် လန့်ထိတ်လာသည်။ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လာသည်။ ထိုစဉ် ကေဘယ်လ်ကလည်း အောက်သို့ ဝေါခနဲ ပြုတ်ကျသွားသည်။

"အ ... အ ... အမယ်လေး ... သေပါပြီ"

မြယာက မျက်စိမှိတ်ပြီး အော်ကာ ရုတ်တရက် ထရပ်မိတော့မလို ဖြစ်သွားသည်။

"ဟား ဟား ဟား ... မအော်ပါနဲ့ ငြိမ်ငြိမ်လေး ထိုင်နေ။ ဘာမှမဖြစ်ဘူး"

ရုတ်တရက် ရှေ့ကနေ၍ မြန်မာစကားပြောသံကြီး ထွက်လာသောကြောင့် မြယာက မျက်လုံးပြူးစိုက်ကြည့်မိသည်။ ရယ်ရွှင်ပတ်ရွှန်း မျက်နှာဖြင့် မြယာကို ပြုံးစိုက်ကြည့်နေသော

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတစ်ဦး။ ထိုအချိန်ခဏ၌ ခံစားသွားရသည်မှာ မီးကို ရေနှင့် ငြိမ်းချလိုက်သော ရှဲခနဲ ဖြစ်သွားသည့် ခံစားမှုမျိုးတည်း။

“မကြောက်နဲ့၊ ဒီအလှအပတွေကို ခံစားချင်လို့ ဒါကြီးကို ဈေးကြီးပေးစီးတာလေ။ ကြည့် ... ကြည့် ... အောက်မှာ အရမ်းလှတယ် ...

စိတ်မပူနဲ့ ဒါကြီး ပြုတ်ကျသွားတယ်လို့ ဘယ်တုန်းကမှ မကြားဖူးဘူး”

မြယာကို အေးအေးဆေးဆေး၊ ရင်းရင်းနှီးနှီးစကားတွေ လာပြောနေသော သူ့ပုံစံကိုကြည့်ကာ ရင်ထဲ နည်းနည်းအေးသွားသည်။ ကိုယ်နဲ့ တစ်စီးတည်းလာကျသူက မြန်မာဖြစ်နေတာကို နည်းနည်းသဘောကျသလို ဖြစ်သွားရကာ ထိတ်လန့်နေချိန်မှာလည်း သူ့ထံက အေးအေးဆေးဆေး အားပေးစကားသံကြောင့် စိုးရိမ်စိတ်လည်း မရှိတော့ဘဲ ကျေးဇူးတင်စိတ်ဖြင့် ပြန်ပြုံးပြမိသည်။

သူကလည်း ခေါင်းတစ်ချက်ဆတ်ကာ အသိအမှတ်ပြုသလို ပြန်ပြုံးပြသည်။ မြယာက ရင်အေးသွားကာ အမြင့်မှမြင်ရသော အံ့မခန်းရှုခင်းကို အံ့သြကြည်နူးစွာ ငေးမောကြည့်နေမိသည်။ ရေပြင်က စိမ်းပြာနေကာ အေးမြနေမည်ဟု အတပ်သိရအောင် အရှိန်အဝါက အထက်ကို လာဟပ်နေတာမျိုး။

“လှလိုက်တာ”





မြယာက တီးတိုးရေရွတ်ရင်း ငေးမောမဆုံး ဖြစ်နေသည်။ ရှေ့တည့်တည့်ကလူကို သတိရ၍ ကြည့်မိတော့ သူကလည်း အပြင်ကို ငေးနေရာမှ အမှတ်တမဲ့ဟန်ဖြင့် မြယာနှင့် အကြည့်ချင်းဆုံသည်။

သူက နှစ်လိုဖွယ်ရာ ပြုံးပြရင်း ...

“ခင်ဗျား ဒီပေါ်မှာ ဓာတ်ပုံမရိုက်ဘူးလား၊ ကျွန်တော် ဓာတ်ပုံရိုက်ပေးရမလား”

“ရှင် ... ဟို ! ”

“ကျွန်တော့်ကို အားမနာပါနဲ့။ ခင်ဗျားအတွက် အမှတ်တရဖြစ်အောင်ပါ၊ ပေး ... ကျွန်တော် ရိုက်ပေးမယ်”

မြယာက ရိုက်လည်းရိုက်ချင်၊ သူစိမ်းယောက်ျားလေးရှေ့မှာ ဓာတ်ပုံအရိုက်ခံရမှာလည်း ရှက်ကလည်းရှက်ဖြင့် ဘာလုပ်ရမှန်းမသိ ဖြစ်နေစဉ်မှာပဲ သူ့ထံက ပေးလေ ပေး..လ ဟူသော ပုံစံဖြင့် လက်ယပ်ခေါ်သလို လုပ်နေတာမို့ မြယာက ဖုန်းကိုထုတ်ကာ ကင်မရာ ဖွင့်ပေးလိုက်သည်။ သူ့ကို တမင်ပင် 360° Camera ဖွင့်မပေးလိုက်ပါ။ ဒါပေမဲ့ သူက မြယာကို မျက်လုံးတစ်ချက် လှန်ကြည့်ကာ ...

“360 Camera ပါတယ် မဟုတ်လား။ အဲဒါနဲ့ ရိုက်ပေးမယ်လေ”

မြယာက ဘာမှမပြောတော့ဘဲ သူ့ကို ခပ်ရှုးရှုးလေးသာ စိုက်ကြည့်နေလိုက်တော့သည်။ သူက ကင်မရာချိန်ကာ



www.burmeseclassic.com

www.burmeseclassic.com



"Smile" ဟုအော်သည်။ မပြုံးတုံ့တုံ့ ပြုံးတုံ့တုံ့ အမူအရာမျိုး ဖြစ်သွားသည်။

"ဒီဘက်ကို လာထိုင်ရိုက်ပါ့မလား။ ဒီဘက်ကဆိုရင် တခြားအိမ်လေးတွေလည်း ပါမယ်"

"ဟုတ်"

မြယာက သူနဲ့ နေရာချင်းလဲကာ ထိုင်ရသည်။ ကေဘယ်လ်ကြိုးမှာက မှန်လုံအိမ်လေးတွေ တန်းစီပြီး တရွေ့ရွေ့ လာနေတာမို့ နောက်က အိမ်လေးတွေကိုပါ ခတ်ပုံထဲပါအောင် သူက ဆိုလိုခြင်း ဖြစ်သည်။

"အိုခေ ... ရိုက်ပြီနော်"

နှစ်ပုံရိုက်ပေးပြီးနောက် သူက မြယာရဲ့ဖုန်းကိုပြန် ပေးသည်။

"ကျေးဇူးပါပဲ"

"အိုခေ"

မြယာက နှုတ်ခမ်းလေးကို တင်းတင်းစေ့ကာ ဖုန်းကိုကိုင်ရင်း အပြင်ကရှုခင်းကို ငေးမောနေမိသည်။ အပြင်ကိုငေးနေမိပေမယ့် ဟိုလူက ကိုယ့်ကိုကြည့်နေတယ်ဆိုတာ သိနေ၍ မနေတတ် မထိုင်တတ်သလိုလည်း ဖြစ်နေသေးသည်။ ကိုယ်လည်း မြန်မာ၊ သူလည်း မြန်မာ၊ ကိုယ်လည်း တစ်ယောက်တည်း၊ သူလည်း တစ်ယောက်တည်း ဘယ်လိုများ တိုက်ဆိုင်တာပါလိမ့်ဟု တွေးနေမိသည်။





သူလည်း ကိုယ့်လိုပဲ စင်ကာပူကို တစ်ယောက်တည်း လာလည်ရတဲ့ သူမျိုးလား။ သူ့ပုံစံက မြယာလိုတော့ စင်ကာပူနဲ့ စိမ်းသက်မနေဘူး ထင်သည်။ ကေဘယ်လ်စီးတာကို မစိုးရိမ်သော သူ့ပုံစံက ဒီနေရာတွေနှင့် ရင်းနှီးအသားကျ ကျွမ်းကျင်ပြီးသားလို။

"ရောက်တော့မယ်"

သူ့စကားက သူ့ဟာသူ ပြောသလိုလို၊ မြယာကို ပြောသလိုလိုဖြင့် မရေမရာ မသဲမကွဲ ရှိလှသည်။ အောက်သို့ တစ်ချက်ငုံ့ကြည့်ရင်း ကြောက်စိတ်လုံးဝကင်းစင်သွားသော ကိုယ့်ကိုယ်ကိုယ် သတိပြုမိသည်။

"စီးရတာလည်း ခဏလေးလိုပဲနော်"

"အဟင်း ... ရှုခင်းက သိပ်လှတော့ ခဏလို့ထင်ရတာပါ။ ခင်ဗျား ကြည့်ရတာ ညှိသည်ထင်တယ်"

"ဟုတ်"

ကိုယ့်ကို ညှိသည်လို့ မေးလို့ သူကတော့ အိမ်ရှင်လားဟု စိတ်ထဲက တွေးမိတာကို သူက ရိပ်မိသည်ထင့်။ ဟက်ခနဲ တစ်ချက်ရယ်ရင်း ...

"ကျွန်တော်က အိမ်ရှင်တော့ မဟုတ်ပေမယ့် ဒီမှာအမြဲ နေတဲ့သူပါ။ ခင်ဗျား USS ကို လာတာလား"

"မဟုတ်ပါဘူး။ Sentosa ကိုပဲ လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... တစ်ယောက်တည်း လာတာ ဒီတစ်ခါပဲ တွေ့ဖူးတယ်

မြယာက ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်။ သူ့ပုံစံဟာ နှစ်လိုဖွယ် အဆင်းရှိသလို လူကောင်း သူကောင်း။ အဆင့်အတန်းရှိသော ရုပ်ရည်တို့နှင့် ဖြစ်ပေမယ့် ဒါတွေဟာလည်း အပေါ်ယံအရေပြား . တစ်ထောက်စာမို့ ခုမှတွေ့သော သူစိမ်းယောကျ်ားပျိုတစ်ယောက်နှင့် ချက်ချင်းလက်ငင်း အဖွဲ့ကျမိတ်ဆွေဖြစ်ဖို့ တွန့်နေခဲ့သည်။ ဒါကိုလည်း သူက ရိပ်မိသည် ထင်ပါသည်။

"ကျွန်တော့်မိတ်ဆွေတွေရဲ့ USS tickets တွေကို လာထုတ်ပေးတာဗျ။ သူတို့က ဒီနေ့ လာမယ်ဆိုပြီး Online ကနေ ဝယ်ထားကြတာလေ၊ ဒီနေ့ မရောက်ဖြစ်တော့ နောက်ရက်ရွှေ့ရမှာ၊ ဒါပေမဲ့ tickets တွေကတော့ ဒီကိုလာထုတ်မှ ရမယ်ဆိုလို့ လာထုတ်ရတာဗျ ...

ကောဘယ်လ်ကတော့ မစီးရင် အဆုံးမို့ ကောဘယ်လ်တော့ စီးလိုက်ရတယ်ပေါ့ဗျာ ... အဟင်း"

ကိုယ်နဲ့ တူနေပါရောလားဟု မြယာက တွေးမိသည်။ မြယာသည်လည်း USS ticket ကို ထုတ်ရဦးမည်။ နွေးက ကောဘယ်လ်လက်မှတ်၊ USS လက်မှတ်နှင့် Sea Aruarium လက်မှတ်တို့ကို ပေါင်းဝယ်ထားသည်မို့ ကျန်တဲ့လက်မှတ်တွေက မသုံးဖြစ်လည်း ဒီနေ့တော့ ဒီမှာပဲ ထုတ်သွားရမည်။ အဲဒီလို





ပေါင်းတင်ရင် ဈေးသက်သာသည်မို့ နွေးက ပေါင်းဝယ်ထားသည်လေ။

"ကျွန်မလည်း USS ticket သွားထုတ်ရဦးမယ်"

"ဟုတ်လား ! ဒါဆို ခင်ဗျားနဲ့ ကျွန်တော် တစ်လမ်းတည်းသွားရမှာပေါ့"

"အင်း ... ဟုတ်မယ်ထင်တယ်"

မြယာက သူ့ကို မော့်ကြည့်ရင်း မပွင့်တပွင့် ပြောမိသည်။ သူက မြယာရဲ့ မဝံ့မရဲ အမူအရာကို သဘောပေါက်ဟန်ဖြင့် ...

"ကျွန်တော့်နာမည် ရင်ခတ်ပါ။ စင်ကာပူကို ရောက်နေတာ ငါးနှစ်ယောက် ရှိပါပြီ။ သင်္ဘောကုမ္ပဏီ တစ်ခုမှာ အလုပ်လုပ်ပါတယ် ...

ဟို ... ကျွန်တော့်ကို သူစိမ်းယောကျ်ားလေး တစ်ယောက်အနေနဲ့ ခင်ဗျား ယုံကြည်ဖို့ ခက်ခဲမှာပါ။ ဒါပေမဲ့ ကျွန်တော်က ခင်ဗျားကို အနှောင့်အယှက် ပေးမယ့်သူမျိုး မဟုတ်ပါဘူး။ ခင်ဗျား ဆန္ဒမရှိဘူးဆိုရင် ကျွန်တော် ဖွတ်ကူညီမှာ မဟုတ်ပါဘူး ...

ကျွန်တော် ဆိုလိုတာက ခင်ဗျားက ညီသည်လည်းဖြစ်၊ ခုမှ ရောက်ဖူးတဲ့ မိန်းကလေးတစ်ယောက်တည်းလည်း ဖြစ်နေတော့ ကျွန်တော် တစ်နိုင်ငံတည်းသားချင်း၊ ကိုယ့်လူမျိုးအချင်းချင်း ကူညီချင်တဲ့စိတ်နဲ့ ပြောတာပါ ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော ခင်ဗျား Choice ပါပဲ”

မြယာက သူ့မျက်နှာကို ငေးကြည့်နေမိသည်။ စကားကို ဖြည်းဖြည်းနဲ့ အေးအေးဆေးဆေး မွန်ရည်စွာ ရှင်းပြနေသော သူ့ပုံစံကို တစ်ထိုင်တည်းနဲ့ပင် ယုံကြည်သွားပြီဆိုလျှင် မြယာကို ဘယ်သူ ဘာပြောမလဲ။ သူ့စကားပြောပုံဟာ မွန်ရည်တယ်ဆိုပေမယ့် သူ့ပုံစံက အသွက်ပါ။ ဖက်ရှင်နေးဘဲလ် ဖြစ်တယ်ပဲ ပြောရမလား။ သူ့တစ်ကိုယ်လုံးဟာ ယောက်ျားလေးတစ်ယောက်အနေနဲ့ ဖက်ရှင်ကျကျ ဝတ်စားပြင်ဆင်ထားသည်ဟု ပြော၍ရသည်။

ဘေးနှစ်ဖက်က ဆံပင်တွေက အနုခေတ်စားနေသလို အပြောင်ထိုးထားပြီး စတွေ့တုန်းကတော့ မျက်မှန်တပ်ထားကာ မြယာကို သူ့နာမည်ပြောပြီး မိတ်ဆက်ချိန်မှာတော့ မျက်မှန်ကို ချွတ်လိုက်ပြီ ဖြစ်သည်။ နီညိုရယ်၊ နက်ပြာရယ်၊ အမေရိကန် အလံရယ်၊ လေးထောင့်တစ်ကွက်စီ တွဲစပ်ကာ ဒီဇိုင်းဖော်ထားသော စပို့ရှပ်ကို ကော်လာထောင် ဝတ်ထားကာ အောက်က ဘောင်းဘီက သရီးကွာတား ဒူးအထက် ဖစ်တင်ကျကျ နက်ပြာရောင် ချည်ပေါင်းသား ဘောင်းဘီမျိုး။

ဖိနပ်က ခြေထောက်ထိုးထည့်ပြီး စွပ်လိုက်ရသော ရှူးအပါးအဖြူရောင်၊ နားမှာ နားကပ်အမည်း၊ ဒိုင်ခွက်ကြီးကြီး နာရီ စသဖြင့် သူ့ကိုယ်သူတော့ ဖက်ရှင်နေးဘဲလ် ဖြစ်လွန်းလှသည်ဟု ထင်မိသည်။ တဆိတ် ! သူ့အသားအရေကတော့ စင်ကာပူမှာ အနေကြာသူပီသစွာ ဖြူစင်ဝင်းဝင်း ရှိနေပါသည်။





“ဟုတ်ကဲ့ … ကောင်းပါပြီ။ ဒါဆိုလည်း ရှင် ကျွန်မကို ကူညီပေးနိုင်မယ်ဆို ကျေးဇူးတင်ရမှာပါ”

“ဟုတ် … ကျွန်တော့်ကို သက်သောင့်သက်သာ ဆက်ဆံနိုင်ပါတယ်။ အဟင်း … ပေါ့ပေါ့ပါးပါးပေါ့ဗျာ။ အိုခေ… ဒါဆို ကျွန်တော်တို့ tickets တွေ အရင်သွားထုတ်ကြစို့”

သူက ဦးဆောင်ပြီး တစ်နေရာသို့ ခေါ်သွားသည်။ Sentosa ကျွန်းကြီးတစ်ခုလုံးကို ယူနီဗာဆယ်စတူဒီယိုနှင့်အတူ ကစားကွင်းပေါင်းများစွာ၊ ကစားသည့်နေရာများစွာ ဖန်တီးထားပြီး တစ်နေရာနှင့် တစ်နေရာသို့ Shuttle Bus များ စီစဉ်ထားပြီး ကိုယ်သွားချင်တဲ့နေရာကို တက်စီးသွားရုံပင်။ သူနဲ့ မြယာက Mini Bus လေးတစ်စီးပေါ် တက်လာကြသည်။ သူက မြယာဘက်သို့ တစ်ချက်လှည့်ကြည့်ရင်း မျက်မှန်ကို ပြန်တပ်ကာ …

“USS ticket က date ပြောင်းလို့ရတယ်လေ။ ကျွန်တော်က date မပြောင်းတော့ဘဲ လာထုတ်လိုက်တာ။ အဲဒါဆို ဒီနေ့ကနေ ၆–လအတွင်း ကြိုက်တဲ့နေ့ လာလို့ရပြီ”

“ဟုတ်လား … ကျွန်မလည်း အဲဒီလိုပဲ လုပ်မှထင်တယ်”

“အင်း … အဲဒီလိုလုပ်တာ အဆင်ပြေမှာပေါ့”

“ဟုတ် … ဒါပေမဲ့ ကျွန်မက ဒီနေ့ Sea Aquaricum တော့ သွားမယ် စိတ်ကူးတယ်”

“ဩော် … သွားလေ။ ကျွန်တော်လည်း အဲဒီလက်မှတ်ရှိတယ်”



www.burmeseclassic.com

www.burmeseclassic.com



မြယာက ဘာမှမပြောတော့ဘဲ ပခုံးမသိမသာတွန့်ပြလိုက်သည်။ အဲဒီနောက် ကားရပ်သွားသော တစ်နေရာမှာ သူက ဦးဆောင်ဆင်းသည်။ E ticket တွေကိုပြကာ လက်မှတ်လဲပါသည်။ မြယာ့ရဲ့ လက်မှတ်တွေလည်း ထုတ်ပေးသည်။ နောက် လက်မှတ်လဲသောနေရာမှာ ကာစီနိုရှိသည်မို့ ဝင်ချင်သေးလားဟု မေးရာ မြယာက ခေါင်းခါပြလိုက်သည်။ ခရီးသွား ကုမ္ပဏီတွေရဲ့ ကြော်ငြာမှာ စင်ကာပူသွားတဲ့လူတိုင်း ဆန်တိုဆာကို ရောက်သူတိုင်း မဖြစ်မနေ ဓာတ်ပုံရိုက်ကြသော Universal ကမ္ဘာလုံးကြီးရှေ့မှာ ဓာတ်ပုံရိုက်နေသူကလည်း တဖွဲဖွဲ။ အပျော်တွေနဲ့ ပျားပန်းခတ်နေကြသော လူတွေကို မြယာက ငေးမောရင်း အပျော်တွေပေါ့ပါးမှုတွေက ကိုယ့်ဆီသို့ ကူးစက်လာသည်ဟု ထင်ရသည်။

"ကမ္ဘာလုံးကြီးရှေ့မှာတော့ ခင်ဗျား ဓာတ်ပုံရိုက်သင့်တယ်လို့ ထင်တယ်"

"အဟင်း"

"သွားရိုက်လေ။ ကျွန်တော့်ကို မရှက်ပါနဲ့"

ဒီတစ်ခါတော့ သူက အားမနာပါနဲ့အစား မရှက်ပါနဲ့ဟု ပေါ်တင်သုံးလာသည်။

"ပေး ... ဟိုမှာ လူရှင်းနေပြီ။ အခွင့်ကောင်းပဲ ရခဲ့တယ်။ မြန်မြန်သွား"

မြယာမှာ ဖုန်းကိုထုတ်ပေးခဲ့ရပြီး ကမ္ဘာလုံးကြီးရှေ့သို့ ခပ်သွက်သွက် လျှောက်သွားရသည်။ အိုက်တင်သိပ်မထုတ်





ဘဲ ခပ်တောင့်တောင့်ကြီး ရပ်နေသဖြင့် သူက အိုက်တင်ပုံစံသင်ပြလေသည်။

"Hey ... Be relax Ok ... 1 ... 2 ... 3 ... Smile"

"နောက်တစ်ပုံ Body ကို နည်းနည်းလေး စောင်းလိုက်၊ လက်နှစ်ချောင်းထောင်မယ် ... ဗိစ် ... အိုခေ"

သူက အဲဒီ့နားမှာတင်ကိုပဲ အိုက်တင် မထပ်ရလေအောင် သုံး,လေးပုံ ရိုက်ပေးနိုင်သည်။ ကိုယ့်ဓာတ်ပုံလေးတွေကိုယ် ပြန်ကြည့်တော့ တော်တော်အဆင်ပြေနေတာ တွေ့ရသည်။ ရှက်တက်တက်နှင့် အရိုက်ခံထားသော မြယာရဲ့ဓာတ်ပုံများမှာ ဘယ်လိုမျက်နှာပေးလေးမျိုး မသိဘဲ ကြည့်ရတာ အဆင်ပြေပြီး ဆန်းနေသည်။

"ဟိုဘက်မှာလည်း ရိုက်လို့လှတဲ့ နေရာတွေ ရှိသေးတယ်"

"အဟင်း ... ရပါပြီ"

"ရိုက်ပါဗျ ... အားမနာပါနဲ့ ... လာ ... ဒီမှာ လှတယ်"

သူပြသော နေရာက ရေကန်ပေါင်လေး နောက်မှာ ဆော်ဒန်သတ္တုပန်းပုရုပ်လုံးတွေမျိုးစုံနှင့်။ မြယာလည်း မထူးတော့ပြီမို့ ဓာတ်ပုံရိုက်သည့် တာဝန်ကို ကျေကျေနပ်နပ်ကြီး ယူတော့သည်။ ဒီလိုနှင့် ဓာတ်ပုံတွေ ရိုက်လာသည်မှာ ရေအောက်ကမ္ဘာ Sea Aquarium ထဲထိ ရိုက်ပေးတုန်း။ အားလုံး ပြီးသောအခါ သူနဲ့ မြယာလည်း အတော်အတန် ရင်းနှီးသွားပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... နေ့လယ် ၁ နာရီတောင် ထိုးတော့မယ်။ မော်ဒယ်လ်တော့မသိဘူး ဓာတ်ပုံဆရာတော့ ဗိုက်ဆာပြီဗျ ... အဟဲ"

"နေ့လယ်စာ ကျွန်မ ကျွေးပါ့မယ်"

"ဘာလဲ ... ဓာတ်ပုံရိုက်ပေးခလား။ မလုပ်ပါနဲ့ဗျာ ကျွန်တော်က အိမ်ရှင်ပဲ၊ ကျွန်တော် ဧည့်ခံပါရစေ"

"အို ... အဲဒီလိုတော့ မလုပ်ပါနဲ့။ ရှင်က ကူလည်း ကူညီပေးသေး၊ ထမင်းလည်း ကျွေးရသေးနဲ့ မဟုတ်သေးပါဘူး"

"ဟုတ်ပါတယ်၊ ထမင်းလည်းကျွေး နင်းလည်းပေးဆိုတဲ့ စကားတောင်ရှိသေးတာပဲ။ ဟာ ဟ"

သူက သူ့စကားသူ သဘောကျသလိုဖြင့် ပြန်ရယ်သေးသည်။ ရယ်လိုက်လျှင် မျက်လုံးထောင့်လေးတွေ ပိတ်သွားပြီး ဘယ်လိုနှစ်လိုဖွယ်ရပ် ဖြစ်သွားမှန်းမသိသော သွင်ပြင်ကို သူက ပိုင်ဆိုင်ပါသည်။ မြယာကို ပြောဆိုဆက်ဆံသော သူ့ပုံစံက ရင်းနှီးလွတ်လပ်မှုရှိသော်လည်း ရောနေ အီနေတဲ့ ပုံမျိုးလည်း မဟုတ်။ တစ်စုံတစ်ယောက်က မိတ်ဆက်ပေးထားခြင်း ခံရသူတွေလို သက်သောင့်သက်သာ လွတ်လပ်ပေါ့ပါးနေသည်။ အင်းလေ ... မြယာတို့ကို ကံကြမ္မာက မိတ်ဆက်ပေးခဲ့တာပဲ မဟုတ်လား။

"ခင်ဗျား ... ဘာစားချင်လဲ"

"ဘာပဲဖြစ်ဖြစ် ရပါတယ်"

"ခင်ဗျား ယိုးဒယားစာ ကြိုက်မှာပေါ့"





မြယာက ခေါင်းညိတ်ပြလိုက်သည်။ သူက လက်ဖဝါးနှစ်ဖက်ကို အသံမမြည်အောင်ရိုက်ပြီး ...

"အိုခေ ... ဒီမှာ Thai Express ရှိတယ်။ သွားစားကြစို့"

သူက ဦးဆောင်ခေါ်သွားသည်။ ဒီယိုးဒယားဆိုင်ဟာ စင်ကာပူ နေရာအနှံ့မှာ ဖွင့်ထားဟန် တူပါသည်။ မြယာရောက်ခါစက အိမ်နားက J Cube Shopping Mall မှာလည်း နွေး လိုက်ကျွေးခဲ့သေးသည်။ အခု Sentosa မှာလည်း ကာစီနိုနှင့် မနီးမဝေးနေရာမှာ လာဖွင့်ထားသည်။ ဆိုင်ထဲရောက်၍ ဟင်းတွေမှာပြီးသောအခါ သူက မြယာကို ပြုံးစိစိ ကြည့်လာလျက် ...

"ကျွန်တော်တို့နှစ်ယောက်ကြားထဲမှာ တစ်ခုခု လွဲနေတယ်လို့ မထင်ဘူးလား"

"ဘာကိုလဲ"

"ကျွန်တော် ခုထိ ခင်ဗျားနာမည်ကို မသိရသေးဘူးဗျ"

အိုး ... ဟုတ်သားပဲ ဟူသော ပုံစံဖြင့် မြယာရဲ့ မျက်ခုံးတွေက မြင့်တက်သွားကာ သူ့ကို ကိုယ့်နာမည်မပြောရသေးသော အဖြစ်ကို တကယ်ပဲ သတိရသွားသည်။

"ဟင်း ... ဟုတ်သားပဲ။ ကျွန်မ နာမည် မြယာနန္ဒာပါ"

"မြယာနန္ဒာ ! ! "

သူက လိုက်ရွတ်ကာ ခေါင်းတဆတ်ဆတ် ညိတ်သည်။ နောက် လာချပေးသော ထိုင်းတီးနှစ်ခွက်ကို တစ်ခွက်ယူ



www.burmeseclassic.com

www.burmeseclassic.com



သောက်ရင်း မြယာကိုလည်း "သောက်"ဟူသော ပုံစံဖြင့် လက်ညွှန်ပြသည်။ သူလည်း အရမ်းကြိုက်ပါသည်ဟု ပြောထားသော ထိုင်းတီးကို မြယာက တစ်ငုံသောက်လိုက်ရင်း ...

"ရှင်က အလုပ် လုပ်တယ်လို့ ပြောတယ်နော်။ ဒီနေ့ ရုံးပိတ်လို့လား"

"ကျွန်တော့်အတွက်တော့ ပိတ်တယ်"

"xx ! ? ?"

ဘယ်လို ! နားမလည်ဘူးဟူသော ပုံစံဖြင့် မြယာက သူ့ကို မျက်ခုံးတစ်ချက် ကြုတ်ပြလိုက်သည်။ သူက ထိုင်းတီးကို တစ်ငုံလှမ်းယူသောက်ရင်း ...

"ဒီလိုပါ ကျွန်တော့်အလုပ်က ဘန်ကာမန်းပါ။ ခင်ဗျားနားလည်အောင် ပြောရရင်တော့ သင်္ဘောကြီးတွေကို ဆီပေးရတဲ့သူပေါ့။ ကျွန်တော်တို့ ကုမ္ပဏီမှာ ဘန်ကာမန်းက အနည်းဆုံး နှစ်ယောက်လောက် ရှိတယ်၊ တစ်လှည့်စီ လုပ်ရတဲ့သဘောပဲ ...

ကျွန်တော်တို့ System က သုံးရက်လုပ် သုံးရက်နားလေ။ ကျွန်တော့်အတွက်က စနေ တနင်္ဂနွေ မရှိဘူးဗျ"

"ဩော် ... ကျွန်မ သိပြီ။ ဘန်ကာမန်း ဆိုတာ ကျွန်မ ကြားဖူးတယ်ရှင့်"

"ဟုတ်လား ? ဘယ်လိုကြားဖူးတာလဲ"





သူက ပြုံးစစနဲ့ မေးသည်။ သူ့သွင်ပြင်မူယာကို ကြည့်ရင်း မြယာသည် တစ်စုံတစ်ရာကို လှမ်းမျှော်လာသလို ခံစားရသည်။ သူ့ကို စကားပြောကြည့်ရင်း ပြောကြည့်ရင်းနဲ့ သူဟာ နှစ်လိုဖွယ်ကောင်းသော လူတစ်ယောက်ဆိုတာ ခံစားမိလာသလို ဟိုးတစ်နေရာကို ဘာမှန်းမသိ လှမ်းဆွတ်သလို ဖြစ်လာသည်မှာလည်း ထူးဆန်းလေသည်။ သူ မြယာကို ပြောဆိုဆက်ဆံပုံမှာ တကယ့်ကို အကြည် ပကတိ အကြည်ပဲ။ ပထမတော့ ခုမှတွေ့ရသည့် ယောကျ်ားပျိုတစ်ယောက်ကို ချက်ချင်းပဲ မိတ်ဆွေအဖြစ် သတ်မှတ်ကာ ပြောဆိုဆက်ဆံရတာ တစ်စုံတစ်ရာ ဖိစီးနေသော မြယာမှာ တဖြည်းဖြည်းတော့ လွတ်လပ်ပေါ့ပါး၍ လာရသည်။

"အင်း ... ကျွန်မ ဘန်ကာမန်း ဆိုတာ ကြားဖူးတယ်။ မိတ်ဆွေတစ်ယောက် ပြောပြဖူးတာကို အမှတ်တမဲ့ နားထောင်ရင်း ကြားဖူးနေတာပါ ...

ဘန်ကာမန်းတွေက သိပ်ချမ်းသာတယ်လေ။ နောက် ကျွန်မတို့ဆီက နိုင်ငံကျော်မင်းသမီးတစ်ယောက်က ဘန်ကာမန်းတစ်ယောက်ရဲ့ဇနီး ဖြစ်ခဲ့ဖူးတယ်။ ခုတော့ Divorce ပေါ့"

"အင်း ... အဲဒါကို ကျွန်တော် သိပါတယ်"

သူက ပြုံးစစနှင့် ပြောသည်။ အဲဒီနောက် ဟင်းပွဲတွေ လာချသဖြင့် ဟိုမြည်းဒီမြည်းဖြင့် စကားစပြတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ … ခင်ဗျားလည်း ဆာရောပေါ့။ ကျွန်တော်ကတော့ တကယ်ကိုဆာပြီ တော်တော်စားကောင်းလိမ့်မယ်။ ဒီ ယိုးဒယားဆိုင်က စင်ကာပူမှာ နာမည်ကြီးလေ၊ နေရာတော် တော်များများမှာ ရှိတယ်"

"ဟုတ်"

"အိုခေ … ဆွဲ။ ဒီ ကန်စွန်းပဲငါးပိ အစပ်ကြော်က ခင်ဗျား ကြိုက်မယ်ထင်လို့ မှာထားတာ"

သူက မြယာကို ပြောလည်းပြော၊ သူကိုယ်တိုင် လည်း စားတော့သည်။ အကြောင်းသိစွာ သူ ရွေးချယ်မှာယူထား သော ဟင်းအမယ်များကလည်း တကယ်ကိုပဲ ကောင်းမွန်ပါ သည်။ သူကပဲ ထမင်းစားရင်း စကားမပြောတတ်တာလား၊ မြယာကို အားနာ၍ပဲလားတော့ မသိ။ တိတ်ဆိတ်စွာ စားသောက် နေသည်မို့ ထမင်းတစ်ဝက်အကျိုးမှာ မြယာက စကားစမိသည်။ အဲလို အရမ်းတိတ်ဆိတ်နေတော့လည်း မနေတတ်ဘူးလေ။

"ဟင်းတွေက စားကောင်းသားပဲနော်"

"အင်း … Thai Food တွေကတော့ ကမ္ဘာကို ထိုးဖောက် နိုင်သွားပါပြီ"

"ကျွန်မ မြန်မာဖုဒ်တွေကတော့ မထိုးဖောက်နိုင်သေးဘူး ပေါ့"

"မဟုတ်ဘူးလား"





သူက ရယ်ဟဟနှင့် ပြန်မေးပုံမှာ တကယ်ကို နှစ်လိုဖွယ် ကောင်းပါသည်။ မြယာနှင့် နှစ်ပေါင်းများစွာက ရင်း နှီးလာသူလို နွေးထွေးခင်မင်စရာကောင်းသည့် မိတ်ဆွေပုံစံ ဘာလို့ ပေါက်နေပါလိမ့်။

"ခုနက စကားစ ပြတ်သွားလို့။ ရှင်က ဘန်ကာမန်းဆို တော့ သူဌေးပေါ့နော်"

မြယာရဲ့အပြောကို သူက ပြုံးစိစိဖြင့် ပခုံးတစ်ချက် တွန့်ပြကာ ထမင်းတစ်လုတ် ထပ်စားသည်။ ကြည့်ရတာ ပြောဖို့ အရှိန်ယူနေတာလည်း ဖြစ်နိုင်သည်။

"လူတွေက ဘန်ကာမန်းတွေကို သူဌေးတွေလို့ သတ်မှတ် တယ်၊ ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကိုယ် အဲလိုမထင် ဘူး။ သုံးချင်သလို သုံးခွင့်ရတဲ့ လူတစ်ယောက်လို့ပဲ မြင် တယ်"

"ဟင် … ရှင့်ဟာက ဘာထူးလဲ"

"မသိဘူးဗျ၊ ထူးတော့ ထူးမှာပေါ့။ သူဌေးဆိုတာ ကိုယ် ပိုင်လုပ်ငန်းကြီးတစ်ခုကို ဝန်ထမ်းတွေ တပည့်တပန်းတွေ များစွာနဲ့ အလုပ်လုပ်နေတာမျိုးကိုခေါ်တာ မဟုတ်ဘူးလား။ ကျွန်တော်တို့က အဲလိုမှ မဟုတ်တာ၊ သူများဝန်ထမ်းပါ…

အလုပ်အတွက် အရှုံး အမြတ်တွေ၊ worry တွေမရှိ ဘူး၊ သုံးရက်အလုပ်လုပ် သုံးရက်နားတယ်။ စားချင်တာ လျှောက်စားတယ်၊ သွားချင်တာ လျှောက်သွားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲ ... စင်ကာပူကလည်း သွားစရာ များများစားစားမရှိပါဘူး။ ဝယ်ချင်တာ ဝယ်သုံးလို့ရတယ်။ သူဌေးတွေလို အရှိန်အဝါ မရှိဘူး၊ ဒါပေမဲ့ ကမ္ဘာ့ကျော် Branded တွေနဲ့ ရင်းနှီးတယ်ပေါ့"

သူ့အဓိပ္ပာယ်နဲ့သူတော့ ဟုတ်နေမှာပါပဲ။ မြယာက ဆက်မပြောတော့ဘဲ ထမင်းကို လက်စသတ်လိုက်သည်။ စားသောက်ပြီး ဆိုင်ထဲကထွက်လာပြီးလျှင် သူမ မြယာကို ပြုံးကြည့်ကာ ...

"ကဲ ... ခင်ဗျားကို Beach ကို လိုက်ပို့မယ်၊ သွားမယ် ဟုတ် ? "

"အင်း ... Beach ! ဟုတ်လား"

"ဟုတ်တယ်လေ။ စင်ကာပူရဲ့ နာမည်ကျော် Beach ပေါ့"

မြယာက ဘာမှမပြောတော့ဘဲ နှုတ်ခမ်းတွန့် ပြုံးပြလိုက်သည်။ ဒီလိုနှင့် ထုံးစံအတိုင်း Shauttle bus တစ်စင်းနှင့် Sentosa Beach ရှိရာသို့ လိုက်လာခဲ့ကြသည်။ လမ်းဘေးဝဲယာ ရှုခင်းများကို ငေးရင်း သူတို့စီစဉ်ထားသည့် ပုံစံကို မြယာက သဘောတကျဖြင့် ပြောမိသည်။

"ဘယ်ဆိုးလို့လဲနော်။ ဒီပုံဆိုရင် ဈေးကြီးပေးဝင်ရတဲ့ USS တို့၊ တခြားနေရာတွေကို ပိုက်ဆံအကုန်မခံချင်လည်း ရထားခလေးပဲ အကုန်ခံပြီး ဒီကျွန်းကို လာလည်ဖို့ အဆင်ပြေတာပဲနော်။ ကျွန်းပေါ်မှာ လှည့်ပတ်သွားလာဖို့က အလကားစီးလို့ရတဲ့ Shuttle bus တွေ ရှိတယ်။ လူတွေကို အဆင်ပြေအောင် လုပ်ပေးထားတာပဲနော်။ ဝင်ကြေးရယ်လို့ ပေးစရာမှ မလိုတာ"

"အင်း ... ဒါကြောင့်လည်း လာတဲ့သူတွေ များတာပေါ့။ ဒါပေမဲ့ မြန်မာအလုပ်သမားတွေ ခဏ ခဏ လာပြီး ပစ်ကနစ်ထွက်လိမ့်မယ်လို့တော့ မထင်ထားနဲ့။ တကယ်တမ်းက weekend တွေ ပိတ်ရက်တွေကျတော့လည်း တစ်ပတ်စာ အဝတ်လျှော်ရတာနဲ့ အိမ်အလုပ် လုပ်ရတာနဲ့၊ ဘယ်မှမသွားဖြစ်ကြပါဘူး"

"အဟင်း ... ရှင်တို့လို ဘန်ကာမန်းတွေကတော့ သွားဖြစ်မှာပါ"

"အင်း ... ကျွန်တော်တို့ကတော့ အပေါ်ပါးဆုံး လူသားတွေပေါ့ ... ဟား ဟား"

သူ့ဟာသူပြောရင်း သဘောကျနေသော ဒီလူသားကို မြယာက ခပ်စူးစူးလေး စိုက်ကြည့်နေမိသည်။ သူက မြယာကို ကြည့်မနေသည်မို့လေ။ တကယ်ပဲ သူ့ပုံစံဟာ နှစ်လိုဖွယ်ကောင်းအောင် ပေါ့ပါးပါသည်။ ယောကျာ်းတစ်ယောက်ကို ဆန့်ကျင်ဘက် လိင်စိတ်ဖြင့် နှစ်လိုဖွယ် အမြင်ဖြစ်တာထက် လူသားတစ်ယောက်ရဲ့ လွတ်လပ်ပွင့်လင်းသော နေထိုင်မှုပုံစံကို သဘောကျတာပါတည်း။





www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ရှေ့မှာဆင်းမယ်၊ ရောက်ပါပြီဗျာ Seloso Beach"

"Seloso ... ! (ဆီ လို ဆို) ဟုတ်လား"

"အင်း ... ဟုတ်တယ်။ ဒီ Beach နာမည်က Seloso တဲ့။ Saentosa မှာ Beach တွေက အများကြီးရှိတယ်လေ။ ဟိုဘက်တွေမှာ ရှိသေးတယ်။ ဒီ Seloso Beach လို့နာမည်ပေးထားတဲ့ ဒီဘက်အခြမ်းက ပိုနာမည်ကြီးလို့ ဒီကိုခေါ်လာတာ"

မြယာက လှမ်းမြင်နေသော Beach ဆိုတာကိုကြည့်ကာ ငေးခနဲ ဖြစ်သွားသည်။ လှလွန်းလို့တော့မဟုတ်။ အင်း ... လှတော့ လှတာပေါ့လေ။ ဒါပေမဲ့ မြယာ့ သိထားတဲ့ Beach ဆိုတာ ဒါမျိုးမှ မဟုတ်တာ။

"ဒါ Beach ? ။ လှိုင်း ... လှိုင်းသံရော"

သူသာ မယုံကြည်နိုင်သလို ထစ်ငေါ့နေသော မြယာ ပုံစံကိုကြည့်ကာ ဟက်ဟက်ပက်ပက် ရယ်သည်။

"ဟုတ်တယ်၊ ဒါ Beach ပဲလေ။ ခင်ဗျား မျှော်လင့်ထားတာက ချောင်းသာတို့ ငပလီတို့ ပုံစံမဟုတ်လား။ ပင်လယ်ကြီး အကြီးကြီး ကမ်းမမြင် လမ်းမမြင်ဘူး၊ လှိုင်းတွေ တဝုန်းဝုန်းနဲ့လေ"

မြယာက အသံမထွက်နိုင်ဘဲ Beach ကိုသာ ငေးနေမိသည်။ အင်းလေ ... Beach ပါပဲ။ Sea မှ မဟုတ်တာ။ ရာသီဥတု အမြဲပြောင်းလဲနေသော စင်ကာပူမှာ နေပူနေရာမှ





မိုးက ချက်ချင်းအုံ့သွားသည်။ တိမ်တွေကတော့ ပြာကျန်ခဲ့တုန်းပဲ။ တိမ်ပြာပြာအောက်က လူတို့ဖန်တီးထားသော ကမ်းခြေလေးကို မြယာက ငေးရင်း ရေဝိမ်တိမ်လေးတွေဆီ ဖြည်းဖြည်းချင်း လျှောက်သွားမိသည်။ ရေတိမ်တိမ် စိမ်းပြာပြာလေးတွေကတော့ ကြည်ပါရဲ့။ Beach အတုလေးနဲ့ဆင်သော Beach ပုံစံ နမူနာပြထားသလား ထင်ရသည့် ဒီနေရာလေးမှာ တစ်ဖက်ကတော့ ပင်လယ်ကူးသင်္ဘောကြီးတွေ ကပ်ထားသော ရေပြင်နှင့် အပိုင်းအခြား မြေဖို့ထားကာ တံတားနိမ့်လေးတစ်စင်းက ရေပေါ်မှာ ရှပ်ပြီးထိုးထားပါသည်။

"Love You You ရုပ်ရှင်ထဲက နေရာလေးနဲ့ တူလိုက်တာ"

"ဘာတဲ့ ... Love You You ။ ဩော် ... I See ။ ခင်ဗျား အဲဒီကား ကြည့်ဖူးတာပေါ့"

"ဟင် ... ကြည့်ဖူးတာပေါ့။ ရှင်တောင် ကြည့်ဖူးသေးတဲ့ဟာ"

"အဟား ... ကျွန်တော့်အကြောင်း ခင်ဗျား မသိသေးလို့ပါ။ ကျွန်ပော်က ရုပ်ရှင်သရဲဗျ။ သုံးရက်နားတဲ့အချိန် ရုပ်ရှင်တွေပဲ ပတ်ကြည့်နေတာ။ စ,လုံးမှာက ရုပ်ရှင်တွေက အရမ်းမိုက်တယ်လေ ..."

ထားပါတော့ Love You You က တရုတ်ကားလေးမို့ မေးကြည့်တာပါ။ အဲဒီကောင်က မလေးရှားက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းတစ်ခုမှာ သွားရိုက်ထားတာလေ။ လှတယ်နော်။

အင်း... Seloso ကလည်း အဲဒီပုံစံ တူထားလားပဲ...ဟာဟ"

မြယာက တံတားလေးပေါ် တက်လာခဲ့သည်။ တံတားက ရေပြင်နဲ့ ထိတော့မလို လှုပ်ခတ်သွားသည်မို့ ကြိုးတံတားမှန်း သိလိုက်ရသည်။ လှိုင်းသံဟာ ဝုန်းဝုန်းမဟုတ်ဘဲ စမ်းရေစီးသံလို ဖြစ်နေတာကတော့ စင်ကာပူနိုင်ငံသားတို့အတွက် မြန်မာပြည်က Beach တစ်ခုကို လက်ဆောင်ပေးချင်စိတ်တောင် ပေါက်ရလေသည်။

"ခင်ဗျား ဓာတ်ပုံရိုက်လေ"

မြယာက ဘာမှမပြောတော့ဘဲ ပြုံးကာ ဖုန်းကိုသာ ကမ်းပေးလိုက်တော့သည်။

"ဒီတစ်ခါ ကင်မရာကို မကြည့်နဲ့ဗျ။ အဝေးကို ငေးလိုက် သဘာဝကျကျလေးတွေ ရိုက်ရအောင်"

စိတ်က ပေါ့ပါးနေသည်မို့ သူ ပြောသလို သဘာဝကျကျပုံလေးတွေလည်း ရသွားပါသည်။ သူက ဖုန်းကို ပြန်ပေးရင်း ...

"ခင်ဗျား ဝတ်ထားတဲ့ အဖြူရောင်ဂါဝန်နဲ့ ဒီနေရာလေးနဲ့က အရမ်းလိုက်သွားတာဗျ။ Love You You ပေါ့ဗျာ"

"Thankyou"

ညနေစောင်းမှာပဲ မြယာတို့ Sentosa မှ ပြန်လည် ထွက်ခွာခဲ့ကြသည်။ အပြန်လည်း ကေဘယ်လ်နဲ့ပဲ ပြန်စီးခဲ့ကြ





သည်။ ဝေဟင်ထက်က မြင်ရသော ရှုခင်းကိုကြည့်ကာ ဝေဟင်ထက်က ချစ်ပုံပြင် ကိုရီးယားကားကိုတောင် သတိရလာမိသည်။ Vivio City ကိုအရောက် Taxi ပေါ်ကိုတက်ရန် လမ်းခွဲကြတော့မည့် အချိန်ရောက်လျှင် သူက မြယာရဲ့ဖုန်းကို တောင်းသည်မို့ ပေးလျှင် သူက နံပါတ်တစ်ခုကို ခေါ်ဆိုလိုက်သည်။ ပြီးတော့ မြယာရဲ့ဖုန်းကို ပြန်ပေးရင်းမှ ...

"အဲဒါ ကျွန်တော့်ဖုန်းပါ။ Message Box ထဲမှာ ရိုက်ထည့်ပေးလိုက်တာက ကျွန်တော့် Facebook ပါ။ ကျွန်တော် ခင်ဗျားဖုန်းကို မတောင်းတာက respect တစ်ခုကြောင့်ပါ။ ခင်ဗျားနဲ့ ခင်မင်မှု ရှေ့ဆက်ဖို့ ဆန္ဒရှိပေမယ့် ခင်ဗျားဆန္ဒကို ဦးစားပေးပါတယ် ...

ခင်ဗျား စင်ကာပူမှာ ရှိဦးမှာပေါ့။ ကျွန်တော့်ကို မြန်မာအမျိုးသားကောင်းတစ်ဦးအနေနဲ့ ခင်မင်ယုံကြည်ဖို့ မျှော်လင့်ပါတယ်ဗျာ ...

ဒီနေ့ ပျော်ခဲ့ရပါတယ်။ ဘိုင့် ဘိုင်"

သူ ပြောချင်တာတွေပြောပြီး လက်ပြကာ ချာခနဲ လှည့်ထွက်သွားသည်မှာ မြယာတောင် ဘာမှပြောချိန်မရလိုက်။ ပါးစပ်အဟောင်းသားပွင့်ပြီး ကျန်ရစ်ခဲ့သော်လည်း လက်ထဲက ဖုန်းနံပါတ်တစ်ခုက မြယာကို မျက်စပစ်ပြနေသလို ရှိခဲ့သည်။ Sentosa မှာ ဒီနေ့ ထူးခြားသွားသည်ဟု ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၆

"အင်း ... ဘာမှလဲ မထူးပါလား"

သူက စားပွဲ၊ ကုလားထိုင်နှင့် ကွန်ပျူတာသုံးနေရာမှ ခုတင်ပေါ်သို့ ပစ်လှဲချပစ်လိုက်သည်။ ဟိုဘက်က ခုတင်ပေါ်မှာ Laptop တစ်လုံးထဲ ခေါင်းစိုက်နေသော သီဟက သူ့ကို လှမ်းကြည့်ကာ ...

"ဘာထူးဖို့ မျှော်လင့်နေလို့လဲ"

ရုတ်တရက် သူ ဘာပြန်ပြောရမှန်း မသိချေ။ မြယာနန္ဒာ ဆိုသည့် မိန်းကလေးနှင့် တွေ့လာကြောင်း သူ သီဟကို ပြန်မပြောဖြစ်သေးပါ။ မပြောဖြစ်ဆို သူကလည်း သူမနဲ့တွေ့ပြီး နောက်တစ်နေ့ပဲ အလုပ်ထဲ ပြန်ဝင်ရသည်မှာ သုံးရက်ဒီနေ့မှ အိမ်ပြန်ရောက်လာတာဖြစ်သည်။ သီဟကလည်း သူ့အလုပ်နှင့်သူ ရှုပ်နေသည်မှာ ဒီလို Sunday နှင့် သူ့ off တိုက်ဆိုင်ပါမှ အေးအေးဆေးဆေး ဆုံတွေ့ခွင့် ရတာမျိုး။ သီဟက





သူ့လို ဘန်ကာမန်း မဟုတ်ပါ။ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုက အင်ဂျင်နီယာဖြစ်ပြီး စနေနေ့ နေ့တစ်ဝက်၊ တနင်္ဂနွေရုံးပိတ်သော ဝန်ထမ်းမျိုးဖြစ်သည်။

အထက်တန်းတုန်းထဲက အတူတွဲခဲ့သော သူငယ်ချင်းတွေဖြစ်ပြီး ခုထိ ရေစက်မကုန်သေးပဲ စင်ကာပူမှာလည်း Master bedroom ကို အတူ Share လုပ်ပြီး ငှားနေဖြစ်ခဲ့ကြသည်။

ယခုလည်း မြယာနန္ဒာဆိုမှဖုန်း၊ ဒါမှမဟုတ် facebook မှာ လာအပ်လေမလားဟု စောင့်စားနေခဲ့သည်မှာ (၄) ရက်ရှိခဲ့ပြီ။ ဒါပေမဲ့ မျှော်လင့်သောအရာများက အရိပ်လေးသော်မှ မမြင်ခဲ့ရပါ။ သူက သီဟကို အမှတ်တမဲ့ ဆန်တိုဆာ ရက်စွဲတစ်ခုအကြောင်း ပြန်ပြောပြလိုက်မိသည်။ သီဟက သူပြောတာတွေကို နားထောင်ပြီးသွားသောအခါ ...

"ဘာလဲ ... မင်းက သူ့ကို ကြိုက်သွားလို့လား"

"ဘာရယ် ... ကြိုက်သွားလို့လား ... ဟုတ်လား ! "

ကြိုက်လား ဆိုသော မေးခွန်းကို သူ ခဏစဉ်းစားနေမိသည်။ ကြိုက်တယ် ဆိုသော အဓိပ္ပာယ်မှာ ဖြူစင်သည်ဟု ထင်ပါသည်။ ဥပမာ ... အစားအသောက်တစ်မျိုးကို ကြိုက်သလိုမျိုး၊ Brand တစ်ခုကို ကြိုက်သလိုမျိုး အဲဒီလိုမျိုး ဆန်ဆန်လား။

မြယာနန္ဒာ တည်းဟူသော Brand ကို ကြိုက်မိတယ် ဆိုရင်လည်း ဒါဟာ သဘာဝကျသည်ဟု ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ဟော့ကောင် ... အင်းတွေ အဲတွေ လုပ်ဖို့ စိတ်ကူးမနေနဲ့။ မင်းအမျိုး ငါ့အမျိုးတွေနဲ့ ပတ်သက်ရာ ပတ်သက်ကြောင်းတွေ မိန်းကလေးတွေ ဒီလိုပဲ လာ,လာနေလို့ ကူညီရတာတွေ တွေ့ရတာတွေ အများကြီးပဲ။ ဘယ်သူ့ကိုမှ ဘာသံမှ ပြောတာ မကြားရဘူး။ အဲဒီကောင်မလေးကို မင်းပြောနေတယ် ဆိုတာက မင်း သူ့ကို ကြိုက်နေလို့ပဲ"

"ဟာ"

"ဟုတ်တယ်လေ ... ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်ကို မြင်မြင်ချင်း ကြိုက်တာတို့ စတွေ့တည်းက သဘောကျတယ်ဆိုတာ ဖြစ်နိုင်တာပဲကွ ...

ချစ်တယ်လို့ ပြောနေတာမှ မဟုတ်တာ"

"အေးပါကွာ ... အေးပါ"

"မင်းကွာ။ ဒီလို သဘောကျမိတဲ့ မိန်းကလေးကို တွေ့တာတောင်မှ သူ့ဖုန်းနံပါတ်ကို ရအောင် မတောင်းဘဲ ဆရာကြီးအထာနဲ့ ကိုယ့်ဖုန်းနံပါတ်များ ပေးခဲ့ရတယ်လို့"

"ဩော် ... သူနဲ့ငါက ဒီလိုကြီး ဘလိုင်းကြီးတွေ့တာလေကွာ။ သူ့အနေနဲ့လည်း ကောဘယ်လ် အတွေ့တွေ့စီးမိတဲ့ လူတစ်ယောက်အပေါ်မှာ ဘယ်လောက် ယုံကြည်ပေးနိုင်မလဲ။ သူ့ဘက်ကိုလည်း ငါက ကိုယ်ချင်းစာတာပါ ...





သူက ကိုယ့်ကို လိုလားမှန်းမသိ မလိုလားမှန်းသိနဲ့ စိတ်အနှောင့်အယှက်လည်း မဖြစ်စေချင်ဘူးလေ"

"ဟင်း ... အေးပေါ့။ အဲဒီလိုလုပ်တော့ ဟိုကလည်း မြင်းကမလှုပ် ခုံကလှုပ်ဆိုပြီး မင်းဖုန်းလည်း ဘယ်ဆက်လိမ့်မလဲကွာ"

"ဟူး ... မင်းက အားပေးမယ်တော့ မရှိဘဲ နှိပ်ကွပ်နေတယ်"

"ဟုတ်တယ်လေ ကွပ်ရမှာပေါ့။ ဘာလဲ ... စင်ကာပူလာနေပြီး ဖုန်းနံပါတ်တော့ မလဲဘဲ သူ့ဖုန်းနံပါတ်ကြီး သွားပေးနေတယ်။ အံ့သြပါ့"

မဲ့ကာရွဲ့ကာ ပြောနေသော သီဟပုံစံကိုကြည့်ကာ သူက မသက်မသာ ရယ်မိသည်။

"ကဲ ... အီးပိတ်နေတဲ့ ရုပ်ကြီးနဲ့ ရယ်မနေနဲ့။ Orchard မှာ လမ်းသွားလျှောက်ကြမယ်။ ဒီနေ့ မီးတွေ စထွန်းမယ့်နေ့လေ"

"အင်း ... ခပ်ပျင်းပျင်းပဲ။ ဒါဆိုလည်း ရေချိုးလိုက်ဦးမယ်ကွာ"

သူက ရေချိုးခန်းထဲ ဝင်လာခဲ့သည်။ ခန္ဓာကိုယ်ပေါ် ကျလာသော ရေမှုန်ရေမွှားကြားမှာ အဖြူရောင်အရိပ်လေးကို ချော်ခနဲ မြင်တွေ့လိုက်သလိုပဲ။ အဖြူရောင် ချည်သားဂါဝန်ပွလေးနှင့် ဘာမှ ထူးထူးခြားခြား မြယ်သပြင်ဆင်ထားခြင်း မရှိပါ

www.burmeseclassic.com



ဘဲနဲ့ကို ကြည့်ကောင်း ချောမောနေသော မိန်းကလေးတစ်ယောက်ပါ။ သူမဟာ မိန်းမချောတစ်ယောက် ဆိုတာကို အခု ပြန်မြင်ယောင်ကြည့်မှ သတိထားမိတာဖြစ်ပြီး တွေ့နေချိန်က ဘာလို့ သတိမထားမိတာပါလိမ့်။ ခုတော့ ဝေးခဲ့ပြီ ပန်းခရမ်းပြာရေပုအော်ဆိုရမလား မသိတော့ချေ။ သူက ရေချိုးခန်းထဲမှ ထွက်လာလျှင် သီဟက သူ့ဖုန်းကို မေးငေါ့ပြကာ ...

"ခုပဲ Ph: တစ်ကောလ် ကျသွားတယ်"

ဒိန်းခနဲ ခုန်သွားသော ရင်အစုံဖြင့် သူက ဖုန်းကို ကပျာကယာ ဖွင့်လိုက်သည်။ သူ မသိသော နံပါတ်စိမ်းတစ်ခုပါ။ ဒါပေမဲ့ သူ့ရင်တွေ တဒိတ်ဒိတ် ခုန်လာသလိုပဲ။ အဲဒီ ဖုန်းနံပါတ်ကို ပြန်ခေါ်နေသော အခိုက်အတန့်၊ တစ်ဖက်က လာမကိုင်သေးသော အခိုက်အတန့်ဟာ အလင်းနှစ်သန်းပေါင်းများစွာလို ကြာလွန်းသည်ဟု ထင်ရလေသည်။

"ဟယ်လို"

"I saw yr missed call"

"ဩော် ... ဟုတ်ကဲ့၊ ကိုရင်ခတ် ဟုတ်ပါသလား"

ဒိန်း ! ။ သေစမ်း ဒါဟာ မြယာနန္ဒာ တည်းဟူသော အဖြူရောင်သစ္စာပန်းမှလွဲ၍ ဘယ်သူမှ မဟုတ်နိုင်တော့ပါ။ ပျော်ရွှင်ခြင်းသည် ရှုသွင်းလိုက်သော အောက်ဆီဂျင်နှင့်အတူ တစ်ကိုယ်လုံးသို့ ပျံ့နှံ့ရောက်ရှိသွားသည်။

"မြယာ လားဗျ"





"ဟင် ... ကျွန်မမှန်း ဘယ်လိုလုပ်သိလဲ"

"ဩော် ... အသံကို မှတ်မိတာပါ။ အဟင်း ... ပြောပါ ကျွန်တော် ဘာကူညီရမလဲ"

"ဩော်... အထူးတွေတော့ မဟုတ်ပါဘူး။ ဒါနဲ့ ကိုရင်ခတ် အခု ဖုန်းပြောဖို့ အဆင်ပြေရဲ့လား"

တကယ်ဆိုရင် အချစ်ပဲလိုတယ်။ အဲ ... ဟုတ်ပါဘူး။ တကယ်ဆိုရင် ခုမှ ရေချိုးခန်းထဲက ထွက်လာတာ အပေါ်ပိုင်း ဗလာကျင်း၊ အောက်ပိုင်းက တဘက်ကြီး ပတ်ထားပြီး ရေစိုလက်စ ခန္ဓာကိုယ်ဟာ ခဏစကားပြောရုံ မဟုတ်ရင် အဆင်မပြေဘူးပေါ့။

"ရပါတယ် ပြောပါ"

"ဟုတ်... ခါတိုင်းရက်တွေ အရင်နေ့တွေကတော့ ကျွန်မ အပြင်မထွက်ဖြစ်ဘူး။ ဒီနေ့တော့ နည်းနည်းပျင်းလာလို့ အပြင်ထွက်မလားလို့ပါ။ အဲဒါ ဘယ်သွားရင် ကောင်းမလဲလို့ ရှင့်ကို လှမ်းမေးတာပါ"

"Orchard မှာ လမ်းလျှောက်ပေါ့ဗျ၊ ဒီနေ့ Orchard မှာ ခရစ်စမတ်အတွက် မီးတွေ စထွန်းမယ့်နေ့လေ။ ခင်ဗျား ကြားဖူးတယ်မှုလား။ Orchard လမ်းမကြီးတစ်လျှောက် မီးတွေနဲ့ အလှဆင်ထားတာ အရမ်းလှတယ်လို့ နာမည်ကြီးတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကြားဖူးတယ်။ ကျွန်မ သူငယ်ချင်း ကျွန်မကို ပြောဖူးတယ်၊ ဟုတ်လား ... ဒီနေ့ Orchard မှာ မီးတွေ စထွန်းမှာလား ...

ဒါဆို အဲဒီကိုသွားရင် ကောင်းတာပေါ့နော်"

"ဒါပေါ့ သိပ်ကောင်းတာပေါ့။ ခင်ဗျား facebook မှာ အဲဒီဓာတ်ပုံလေး တင်လိုက်ရင် ဒီနေ့အဖို့ ပေါပြူလာပေါ့"

"ဟင်း ... ဟင်း ... ထားပါတော့။ ဒါဆို ကျွန်မ Orchard ကို လာရမှာပေါ့နော်။ ရှင်ရော ... လာမှာလား"

"ကျွန်တော်က Orchard မှာပဲ ရှိနေတာ"

"ဘယ်လို ! "

"ကျွန်တော့်အိမ်က Orchard မှာလေ"

"ဩော် ... ဒီလိုကိုး။ ကောင်းပါပြီ ကျွန်မ ခဏနေ ထွက်လာခဲ့မယ်၊ Taxi နဲ့လာခဲ့မှာပါ"

"အိုခေ ... ကျွန်တော် LV ဆိုင်ရှေ့က စောင့်နေမယ်"

ဖုန်းချသွားလျှင် သူက မြူးကြွသော စိတ်အခံဖြင့် ပန်းတစ်ချက် တွန့်မိသည်။ တဘက်တစ်ထည်ကို ဆွဲယူကာ ခန္ဓာကိုယ်ကို ရေသုတ်ရင်း လေလေးတချွန်ချွန် ရှိနေသော သူ့ကို သီဟက မျက်လုံးစွေကြည့်ရင်း ...

"ဘာလဲ ... ဟိုတစ်ယောက်လား"

"အေး"





"ဟင်း ... ထင်သားပဲ။ ရုပ်ကဖြစ်သွားလိုက်တာ။ အဲဒါဆို မင်းက ဘယ်လိုလုပ်မှာလဲ"

"အင် ... ငါ သွားမှာလေ"

"ဒါဆို ငါကရော"

"မင်းလား ... အင်း ... လိုက်ခဲ့လေကွာ"

"ဟေ့ကောင် ... အသံက သိပ်စိတ်မပါ လက်မပါနဲ့"

"စိတ်က ပါပါတယ်ကွာ။ စဉ်းစားနေတာက ယောကျ်ား လေးနှစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်က အဆင်မှ ပြေပါ့မလားလို့"

"သဘောပဲ"

"ပြေမှာပါကွာ။ သူနဲ့ ချိန်းထားတာကို မင်းကိုခေါ်သွားတာမှ မဟုတ်တာ။ ပြီးတော့ Orchard မှာ ဟိုကြည့် ဒီကြည့် လုပ်မှာပဲ"

"အင်းပါ ... ပြီးရော"

သူက အပြင်ထွက်ဖို့ ဝတ်စုံကို ကမန်းကတန်း စဉ်းစားရသည်။ Orchard Road မှာ ကောင်မလေးတစ်ယောက်နှင့် လန်းမည့်အဝတ်အစားသည် ဂေါ်နေဖို့ အရေးကြီးပါသည်။ ခင်နာသွားစားမည့် လူကြီးလူကောင်းတစ်ယောက်ပုံစံလည်း ဖြစ်ဖို့မလိုအပ်သလို တေလေတစ်ယောက်ရဲ့ ဒီဇိုင်းလည်း သူ မကြိုက်ပါ။ နောက်ဆုံးတော့ Simply is the best ပါပဲ။ သူက Guess က Fit T.Shirt အနက်နှင့် 501 Jean ၊ Dapper Shoe နဲ့ဆိုရင်တော့ Orchard သွားဖို့ လုံလောက်ပြီ ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတစ်ယောက်ရဲ့ တစ်ကိုယ်ရည် ပြင်ဆင်မှုက ဒီလောက်နဲ့တင် မပြီးသေးပါ။ သူက SK 2 For Men ကို Skin Care အတွက် သုံးသေးသည်။ ဘောနှစ်ဖက် အပြောင်ထိုးထားပြီး နဖူးပေါ် ခပ်ဝဲဝဲကျနေသော ဆံပင်ပုံစံကို အဆင်ပြေအောင် ပုံသွင်းရသေးသည်။ အဆုံးသပ်တော့ အပြင်ဘက်မှာကြည့်ကောင်းပြီး ဖက်ရှင်ကျသော အမျိုးသားတစ်ယောက်ဖြစ်ဖို့ဆိုတာလည်း မိန်းကလေးတစ်ယောက်နှယ် အချိန်တော့ ပေးရသည် ဆိုတာပါပဲ။

အခုလည်း သူမနဲ့ ချိန်းဆိုထားသော LV ဆိုင်ရှေ့သို့ သူတို့ရောက်ပြီး ဟိုဟိုဒီဒီကြည့်ကာ သူက သူမကို ဇေ့ဝဲရှာဖွေနေမိသည်။ ညနေဦးစ ခပ်လင်းလင်းပဲ ရှိသေးသည်မို့ မီးတွေက မထွန်းသေးချေ။ သို့သော် ဆင်ယင်ထားသော မီးဒီဇိုင်းတွေကိုကြည့်ကာ ထွန်းလိုက်လျှင် တော်တော်လှမည်ဟု ခန့်မှန်းရပါသည်။ ဖြတ်သွားဖြတ်လာ ရှိကြသော လူတွေကို ဟိုငေးဒီငေးမှာပဲ မလှမ်းမကမ်းမှာ လင်းနေသော လ,တစ်စင်းကို လှမ်းမြင်သည်။ မျက်နှာပေါ်မှာ ဖုံးအုပ်တော့မလိုနှင့် ဖုံးလည်းမသွားသောရှေ့ဆံပင်ဆံနွယ်တွေနှင့် ကျောလည်မှာ ဝဲဖြာနေသော ချောကလက်ရောင် ဆံကေသာရှိသူ သူမဟာ အနက်ရောင်ဂါဝန်တိုလေးဖြင့် ခပ်လွှင့်လွှင့် လျှောက်လာနေသည်။

အဖြူရောင်အိတ်တိုလေးကိုလွယ် ခတ်မတ်မတ်လေးလျှောက်လာနေသော သူမပုံစံဟာ အေးအေးလူလူပါပဲ။ ဆန္ဒမ





အာရုံကြောင့်လား၊ ခန္ဓာဗေဒရဲ့ တစ်ခုနှင့်တစ်ခု ဆက်သွယ်မှုကြောင့်လားတော့ မပြောတတ်။ သူမရဲ့မျက်လုံးလေးများက သူ့ကို မြင်သွားပါသည်။ နှုတ်ခမ်းက ပြုံးမပြခင် မျက်ဝန်းတို့က အရင်ပြုံးပြတယ် ထင်မိသည်။

ဆယ်လှမ်းစာလောက် ဝေးကွာသည့် အနေအထားမှာပဲ သူက လက်တစ်ဖက် လှမ်းပြမိသည်။ သီဟကလည်း သူမကို မြင်သွားပါသည်။

"မင်္ဂလာညနေခင်းပါ ခင်ဗျာ"

သူ့ရဲ့ နှုတ်ဆက်သောပုံစံကို သဘောကျ၍လားဒါမှမဟုတ် နှုတ်ဆက်စကားကို သဘောကျ၍လားတော့ မပြောတတ်။ လွင့်လွင့်လေး ရယ်ကာ ခေါင်းကိုမသိမသာ ဆတ်သည်။ ဒီမိန်းကလေးရဲ့ အပြုအမူ အပြောအဆို ပုံစံတိုင်းဟာ ဥရောပကတော်ဝင်မင်းသမီးတစ်ယောက်နှယ် အဆင့်အတန်းလေးတစ်ခုကသီးခြားကွဲထွက်နေသလို ဖြစ်နေသည်။

"စောင့်ရတာ ကြာသွားလား"

"မကြာပါဘူး။ ဒီမှာ မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကျွန်တော့်ရဲ့သူငယ်ချင်းဆိုလည်းဟုတ်၊ room mate ဆိုလည်းဟုတ်တဲ့ ကျွန်တော့်ဘော်ဒါ သီဟလင်းတဲ့။ ကျွန်တော်တို့က ခင်ဗျား ဖုန်းမဆက်ခင်ကတည်းက Orchard ကိုလာဖို့ ပြောထားကြတာ၊ ဒါကြောင့် သူပါ ပါလာတာပါ... အနှောင့်အယှက် မဖြစ်ပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"အို ... မဖြစ်ပါဘူး။ ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်မ မြယာနန္ဒာပါ"

"ဟုတ်ကဲ့ ... ဝမ်းသာပါတယ် မမြယာနန္ဒာ"

"ရပါတယ် ... ကျွန်မကို မြယာလို့ပဲ ခေါ်လို့ရပါတယ်"

"အိုခေ ... ကျွန်တော်တို့ ဘော်ဒါသုံးယောက် ဖြစ်သွားပြီပေါ့ဗျာ၊ ကဲ ... ဘယ်သွားမလဲ၊ ဘာလုပ်ချင်လဲ မမြယာ"

"အဟင်း ... မြယာပဲ ခေါ်ပါရှင်။ ရပါတယ်၊ အင်း ... လောလောဆယ် ဘယ်သွားချင်တယ်လည်း မဟုတ်ပါဘူး။ ဒါနဲ့ မီးတွေ ထွန်းမှာဆို ! မထွန်းသေးဘူးလားဟင်"

"ထွန်း ... ဟော ... ဟော ... ပြောရင်း ဆိုရင်း ထွန်းပြီဗျာ"

တကယ်ပါပဲ လူတွေဆီမှာလည်း ဩောခနဲ၊ ဟေးခနဲ ခပ်အုပ်အုပ် အသံများ ထွက်လာသည်။ Orchard လမ်းမကြီးတစ်ခုလုံးသည် လှပသော၊ ခမ်းနားသော မီးရောင်စုံများဖြင့် ခရစ်စမတ်ကို စတင်ကြိုဆိုသောနေ့လည်း ဖြစ်လေသည်။ သူမက အံ့ဩကာ ကလေးငယ်တစ်ယောက်လို ဝိုင်းစက်သွားသော မျက်လုံးများဖြင့် မီးအလှများကို သဘောတကျ လိုက်လံကြည့်ရှုနေသည်။ သူက ဖျတ်ခနဲ ပေါ်လာသော အတွေးဖြင့် ဖုန်းကိုဖွင့်ကာ Silent လုပ်ပြီး သူမရဲ့အားတစောင်းမျက်နှာ၊ ကိုယ်တစ်ပိုင်းပုံကို ရိုက်ယူလိုက်သည်။





ရောင်စုံမီးတွေ၊ ဥဒေဟို သွားလာနေသော လူတွေကို ငေးမောကာ သူမက သူ့ဘက်သို့ ပြန်လှည့်ပြီးပြုံးပြကာရင်း "ကျွန်မတို့ လမ်းလျှောက်ကြမလား"ဟု ပြောလာသည်။ သူနှင့် သူမက ခပ်ယှဉ်ယှဉ်၊ သီဟက ရှေ့နားမကျတကျကနေ၍ Orchard လမ်းမတစ်လျှောက် ခပ်ဖြည်းဖြည်း လျှောက်လာကြသည်။

"ဒီအချိန်က ဓာတ်ပုံရိုက်လို့ အကောင်းဆုံးဗျ။ အလင်းရောင်ရော၊ မီးတွေရောဆုံချိန် ကျွန်တော် ဓာတ်ပုံရိုက်ပေးမယ်လေ"

"အဟင်း ... သိုင်းခယူး"

သူက လှပသော မီးဆွဲကြိုးများ နောက်ခံဖြင့် သူမရဲ့အလှဆုံးပို့စ်ကို ဓာက်ပုံရိုက်ပေးရင်း ဖုန်းကို ပြန်ပေးကာ ...

"ကဲ ... facebook မှာ update တင်လည်း ရတယ်နော်"

"ဟင်း ဟင်း ... ရပါတယ်။ ကျွန်မက အဲဒီလောက် FB Crazy မဟုတ်ပါဘူး"

"ဒီမီးတွေကို Hetachi က စပွန်ဆာပေးထားတာလေ။ Orchard လမ်းမကြီးတစ်ခုလုံး ဒီလိုလှပနေအောင်ပေါ့"

"အင်း ... ဟိတာချိက ကျွန်မတို့ သီတင်းကျွတ်ကိုလည်း လာစပွန်ဆာပေးရင် ကောင်းမှာပဲ"

"ဒါပေါ့ ... တစ်နေ့တော့ ဖြစ်လာမှာပေါ့။ အဲဒီလိုသာ လမ်းတစ်လမ်းလုံးကို စပွန်ဆာပေးမယ်ဆို ဘယ်လမ်းကို မီးတွေနဲ့ အလှဆင်ချင်လဲ ပြောကြည့်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ..."

သူမက မေးစေ့ကို လက်ညှိုးနှင့်ထောက်ရင်း စဉ်းစားဟန်ပြုကာ ...

"ဦးဝိစာရလမ်း"

"ဟား ဟား ... ဘာလို့လဲ"

"ကျွန်မ ကြိုက်တဲ့လမ်းမို့လေ။ ရေတမာပင်တွေနဲ့ သာသာယာယာ အုံ့အုံ့ဆိုင်းဆိုင်းလေးမို့"

"အင်း ... ဟုတ်သားနော်။ ဦးဝိစာရလမ်းက သာယာတယ်။ အိုခေ ... ခင်ဗျား ညစာ ဘာစားချင်သေးလဲ"

"ဒီတစ်ခါတော့ ကျွန်မ ကျွေးချင်တယ်။ အဲ ... ကျွေးရမှာလည်း နည်းနည်းအားနာနေသေးတယ်"

"ဗျာ ... ကျွေးရမှာကို အားနာတယ် ! ။ အဆန်းပါလား၊ ဟဲ ... စားရမှာကို အားနာတယ်လို့ပဲ ကြားဖူးပါတယ်"

"ဟုတ်ပါတယ်၊ ကျွန်မက ကျွေးချင်ပေမယ့် ကျွန်မစားချင်တာကလည်း ရှိနေတော့ ရှင်တို့ စားချင်ပါ့မလားလို့ပါ"

အဆန်းပါလား ဟူသော ပုံစံဖြင့် သူနဲ့ သီဟာက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည်။

"ဒီလိုပါ ... ကျွန်မက KFC ကြက်ကြော် စားချင်နေတာ"

"ဩော် ... ဒါများ"

"အပန်းမကြီးဘူး မဟုတ်လားဟင်"





"ဗျာ ... မကြီးပါဘူး၊ ကျွန်တော်တို့လည်း ကြက်ပေါင်ကိုက်တတ်ပါတယ်"

"ခစ် ... အိုခေပါ။ ဒါဆို ကြက်ကြော်သွားစားမယ်နော်"

သူကပြုံးပြီး ခေါင်းဆတ်ပြမိသည်။ Orchard Rood တစ်လျှောက် ခပ်ဖြည်းဖြည်းနှင့် ဟိုကြည့် ဒီကြည့် လမ်းလျှောက်ကြပြီးနောက် Shopping Mall ပေါ်က KFC မှာ တက်ပြီး ကြက်ကြော်စားကြသည်။ သူမက ပျားရည်ကြက်ကြော်နှင့် အာလူးချောင်းကြော်ကို အတော်ကြိုက်ဟန် တူပါသည်။ စားလိုက်၊ လီမွန်ဂျူ့စ်လေး သောက်လိုက်နှင့် ရွှင်ရွှင်လန်းလန်း ရှိလှသည်။

"ကြက်ကြော် ကြိုက်တယ်နဲ့ တူတယ်နေတာ်။ ဝ,မှာမစိုးရိမ်ဘူး ထင်တယ်"

"အဟင်း ... ကျွန်မက KFC ပဲ ကြိုက်တာပါ။ ဒီရောက်တုန်းတော့ စားရမှာပဲ"

"ဒီရက်တွေထဲ ဘယ်တွေရောက်ပြီးပြီလဲ"

"အဟင်း ... မှန်းကြည့်လေ"

"အင်း ... တစ်ယောက်တည်း အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် ဆိုတော့ Shopping တွေပဲ ထင်တယ်"

"ဟား ဟား ... ဟုတ် ... တယ်"

နှစ်နှစ်ခြိုက်ခြိုက် ရယ်ပြီးမှ ဟုတ်နဲ့တယ်ကို ခပ်ကြာကြာလေး ဆွဲပြောသော သူမစတိုင်လ်ဟာ ဘယ်သူနဲ့မှမတူ



www.burmeseclassic.com

www.burmeseclassic.com



ပါ။ သူမကပဲ အာလူးချောင်းကြော် တစ်ဖတ်ကို အချဉ်နှင့်တို့ရင်း ဆက်ပြောပါသည်။

"ကျွန်မ တစ်ယောက်တည်း အေးအေးဆေးဆေး စိတ်ကြိုက် Shopping လုပ်တယ်လေ၊ ဒီအချိန်က တကယ်ကို ဝယ်လို့ကောင်းတယ်နော်၊ စင်ကာပူက ပစ္စည်းတွေက တော်ရုံဈေးကြီးပေမယ့် ဒီလိုအချိန် ဒစ်စကောင့်ကျတော့လည်း အရမ်းကို တန်နေတော့တာပဲ ...

တစ်နေ့က ဆန်တိုဆာသွားတုန်း ဝင်မကြည့်ခဲ့ရတဲ့ Vivocity Mall ဆို တစ်နေကုန်တယ်"

"အင်း... စားသောက်ပြီးရင် ခံတွင်းကချဉ်လာပြီ။ ဆောရီးဗျာ ... အေးဆေး စကားပြောနှင့်ကြပါ။ ကျွန်တော်အပြင်ထွက်ပြီး စီးကရက်သောက်လိုက်ဦးမယ် ...

ရင်ခတ် ပြန်မယ်ဆို ငါ့ကို ဖုန်းဆက်လိုက်၊ အိုခေနော်"

"အေးကွာ ... အေး ... အေး"

သီဟက မြယာကိုပါ အပြုံးနှင့် နှုတ်ဆက်ရင်း ထထွက်သွားသည်။ သူမက သီဟရဲ့စကားကိုနင်းကာ ဆက်ပြောသည်။

"ဒီမှာက ဆေးလိပ်လည်း သောက်ချင်တိုင်း သောက်လို့မရပြန်ဘူးနော်"





"ဟုတ်တယ်၊ Air Con ဖွင့်ထားတဲ့အခန်း မပြောနဲ့၊ လမ်းသွားရင်းတောင် စီးကရက်သောက်လို့ မရဘူးလေ။ Public Area တွေမှာ ဆေးလိပ်သောက်ဖို့ သတ်မှတ်ပေးထားတဲ့ နေရာလေးတွေမှာပဲ သောက်ခွင့်ရှိတယ်။ စည်းကမ်းကတော့ တော်တော်ကိုများတဲ့နိုင်ငံဗျ၊ ကျွန်တော်တို့လို စည်းကမ်းသိပ်မရှိတဲ့သူတွေတောင် ဒီရောက်မှ တော်တော်စည်းကမ်းရှိသွားတယ်"

"ကျွန်မကတော့ စင်ကာပူကို ကြိုက်တယ်"

ဘာကြိုက်တာလဲဟုတော့ သွားမမေးတော့ပါ။ သူမကြည့်ရတာ ကြိုက်တာတွေကို တန်းစီချပြောမည့် သဘောမှာ ရှိနေ၍ဖြစ်သည်။

"စည်းကမ်းရှိပြီး အေးအေးဆေးဆေး နေတတ်သူတွေအတွက် စင်ကာပူက အရမ်းနေလို့ ကောင်းပါတယ်။ ဒါနဲ့ ခင်ဗျား Gardens By the Bay တို့ Singapore Zoo တို့ ဘာတို့ ညာတို့ပေါ့ဗျာ။ ရောက်ပြီးပြီလား"

"ဟင့်အင်း ... ကျွန်မ ဒီရက်တွေ Shopping Mall တွေပဲ လျှောက်သွားနေတာ"

ခင်ဗျားတစ်ယောက်တည်း အဆင်ပြေရဲ့လား၊ တစ်ယောက်တည်း ဘာလို့ဖြစ်နေလဲ စသော သူ့မေးခွန်းတွေကို မျက်လုံးမှတစ်ဆင့် သူမက ဘာသာပြန်မိဟန် တူပါသည်။ သိမ္မော်ရည်ကို တစ်ငုံမော့ရင်း စကားပြန်ဆက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ဒီက သူငယ်ချင်းဆီ လာလည်တာလေ။ အေးအေးဆေးဆေး နေမယ်ဆိုပြီး ဗီဇာတစ်လတောင် ယူထားတာ။ သူက သူ့အဘွား တော်တော်နေမကောင်းဖြစ်နေတာနဲ့ ရန်ကုန် ပြန်သွားရတယ်လေ"

"ဩော် ... ခင်ဗျားကဲ သူ့အားကိုးပြီး လာကာမှပဲနော်"

"အင်း ... သူ ရှိရင်လည်း weekend တွေပဲ ကျွန်မကို အချိန်ပေးနိုင်မှာပါ။ ညနေဘက်တွေရော့ပေါ့။ သူလည်း ရုံးတက်ရတယ် ဆိုတော့လေ ...

Shopping တွေတော့ ကျွန်မဘာသာ လှည့်ထွက်နေရမှာပဲ"

"မြယာ သွားစရာရှိတာပဲဖြစ်ဖြစ်၊ တစ်ခုခု အကူအညီလိုရင် ကျွန်တော့်ကို အားမနာပါနဲ့။ နောက်ပြီးတော့ တစ်ခုခုဆို ကောင်းပါ့မလား ဆိုတာမျိုး မတွေးပါနဲ့"

"ဟင် ... ဘာကို ကောင်းပါ့မလား မတွေးရမှာလဲ"

"ဩော် ... မြယာနဲ့ ကျွန်တော်နဲ့က တစ်ယောက်အကြောင်းတစ်ယောက်သိတဲ့ ကြားခံမိတ်ဆွေတွေ မဟုတ်ကြဘူးလေ။ အမှတ်တမဲ့တွေ့ပြီး မတော်တဆ ကူညီတယ်ဆိုရုံလေး ကူညီခွင့်ရတဲ့ ကျွန်တော့်ကို မြယာ အနေနဲ့ ရှယ်တူမတိမ်းမယိမ်း ယောကျ်ားလေးတစ်ယောက်လည်းဖြစ်တော့ ကျွန်တော့်ကို တစ်ခုခုဆို မသင့်တော်ဘူးထင်တာ မဝံ့မရဲဖြစ်နေမှာ စိုးလို့ပါ"





"အဟင်း ... ကျွန်မစိတ်ကို ပေါ့ပေါ့ပါးပါးပဲ ထားပါတယ်"

သူက အိတ်ထဲမှ ဖုန်းကိုထုတ်ကာ Facebook ကို ဖွင့်လိုက်သည်။ အင်တာနက်ဖွင့်စရာက မလိုပါ။ သူတို့ဆီမှာ အမြဲနေသူ တော်တော်များများက ဖုန်းအင်တာနက်ကို အမြဲ On ထားကြသည်။ လိုင်းယူထားသော ဖုန်းအတွက် အင်တာနက်ဝန်ဆောင်မှုကလည်း မက်လုံးတွေ အမျိုးမျိုးပဲလေ။ သူမက သူ့ရဲ့ Apple Hand Set ကို ပြုံးကြည့်ကာ ...

"ရှင်က ပန်းသီးစရေဗီလား"

"အင်း ... ခင်ဗျားကတော့ Android Crazy ထင်ပါ့"

သူမက ချစ်စရာကောင်းစွာပခုံးတွန့်ပြသည်။ သူက ဖုန်းမှာ ဟန်ပြင်နေရင်းမှ ...

"မြယာ facebook ကို ပြောပါလား။ ကျွန်တော်အပ်လိုက်မယ် ရမလား"

"မရဘူး"

သူက Why ? ဆိုသော ပုံစံဖြင့် ဖျတ်ခနဲ ကြည့်လိုက်လျှင် သူမက ဆက်ပြောသည်။

"ကျွန်မ facebook က Add တာ ပိတ်ထားတယ်။ ကျွန်မကပဲ အပ်လို့ရတာ။ ကျွန်မ Add လုပ်ပါ့မယ်"

ပြောပြောဆိုဆို သူမက ဖုန်းကိုဖွင့်ကာ သူ့ကိုကမ်းပေးသည်။ သူ့နာမည်ကို ရိုက်ထည့်ကာ ကိုယ့်ဘာသာရိုက်ဆို



www.burmeseclassic.com

www.burmeseclassic.com



သည့်သဘော။ သူက သူ့နာမည်ကို ရိုက်ထည့်ကာ Add လုပ်လိုက်ပါသည်။ ပြီးတော့ ဖုန်းကို သူမဆီ ပြန်ပေးရင်း ...

"ကျွန်တော့် User name က Yin Khat ပါပဲ"

သူ့ဖုန်းကိုဖွင့်ကာ Accept လုပ်လိုက်သည်။ သူ့ Profile Picture က တစ်နေ့က Sentosa မှာ သူ ရိုက်ပေးထားသော ဓာတ်ပုံလေးဖြစ်၍ ဘာကို ကျေနပ်မှန်းမသိ ကျေနပ်သွားသည်။

"မြယာက facebook မှာ သူငယ်ချင်းအများကြီး မထားဘူးနဲ့တူတယ်"

"ဟုတ်တယ်။ အခု ကိုရင်ခတ်နဲ့ပါဆို လေးဆယ့်ခြောက်ယောက်ပဲ ရှိမယ်။ ကျွန်မနဲ့ အပြင်မှာ တကယ်ခင်မင်ရင်းနှီးသူတွေပဲ ရှိတာ"

"ဟား ဟား ... အတိအကျပါပဲလား။ ဒါနဲ့ ကျွန်တော့်ကို ရင်ခတ်ပဲ ခေါ်ပါလားဗျာ။ ကိုရင်ခတ် ဆိုတော့ ကိုရင်ကိုခေါ်သလိုလို ဘာလိုလိုဖြစ်နေတယ်။ ရတယ် ... ကျွန်တော်က အသက်ကြီးနေတယ်ဆိုလည်း ရင်ခတ်ပဲ ခေါ်ပါ"

"ဟုတ်"

"မြယာ ဘယ်တွေသွားချင်လဲ ပြောနော်။ အားမနာနဲ့"

"ဟုတ် ...။ ကျွန်မက သိပ်မသိပါဘူး။ ရင်ခတ်တို့ recommend ပေးတဲ့ နေရာဆို ပိုစိတ်ဝင်စားမှာပေါ့"





"ကျွန်တော် Recommend ပေးရမယ် ဆိုရင်တော့ ကာစီနိုကြီးပေါ့ဗျာ။ ဟား ... ဟား ... အဲဒါ ကျွန်တော်တို့ဌာနချုပ်ပေါ့"

"ဟင် ... ဟုတ်လား !။ ကာစီနိုလား ... ဟယ် ... ကျွန်မစိတ်ဝင်စားတယ်"

ကျွန်မ စိတ်ဝင်စားတယ် ဟူသော စကားမှာ သံပြတ်မဟုတ်ဘဲ "တယ်"ကိုဆွဲပြီး ပြောလိုက်ပုံလေးက ဘယ်လိုနားထောင်ကောင်းမှန်း မသိပါ။

"စိတ်ဝင်စားတယ် ဟုတ်လား"

"ဟုတ်တယ်။ ကာစီနိုကို တစ်ခါမှ မရောက်ဘူးလို့လေ။ ကျွန်မတို့သွားရင် အလကားဝင်ခွင့်ရတယ် မဟုတ်လား။ သူတို့နိုင်ငံသားတွေနဲ့ PR တွေဝင်မယ်ဆိုရင် ဒေါ်လာ တစ်ရာဆိုလား ပေးရတယ်ဆို"

"ဟုတ်တယ်။ သူတို့လူမျိုးကို လောင်းကစား မလုပ်စေချင်တဲ့ ဝန်ကြီးချုပ်ရဲ့စေတနာပေါ့ဗျာ။ အိုခေ ... ဒါဆိုရင် နောက်ရက်ကို ကျွန်တော် သွားဖို့ရှိရင် ကြိုပြောမယ်နော်၊ ကျွန်တော် ဆော့တာ ကြည့်ပေါ့"

"ဆော့တယ် ! ဟုတ်လား"

"ဆော့တာပေါ့၊ ကျွန်တော်တို့မှာ စင်ကာပူမှာ လုပ်စရာများများစားစားမှ မရှိတာ၊ ဒီကာစီနိုကြီး ရှိနေလို့ အပျင်းပြေနေရတာ။ မဟုတ်ရင် ဒီမှာ ကြာကြာနေတဲ့ လူတွေက Look Like robot ! ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဒါဆို ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာတွေ ကာစီနိုမှာ ဖြစ်ပေါ်နေတယ်ပေါ့"

"ဟား ဟား ... ဟုတ်တယ်"

"အိုခေလေ ... သွားမယ့်နေ့ ကျွန်မကို ပြောပါ။ အခုတော့ ကျွန်မလည်း ပြန်တော့မယ်"

"ကျွန်တော် ကားနဲ့လိုက်ပို့ပေးပါ့မယ်"

သူမက မျက်ခုံးပင့်သွားပြီးနောက် တုဆတ်ဆတ်ပြုံးကာ ...

"ရှင် တကယ်သူဌေးပဲ"

"ဟား ဟား ... Honda Fit လေး စီးနိုင်တာပါဗျာ"

"ဘာပဲဖြစ်ဖြစ်လေ၊ ဆင်ဖိုးထက် ချွန်းဖိုးကကြီးနေတဲ့ နိုင်ငံမှာ ကားစီးနိုင်တယ်ဆိုတော့ ခေတော့ မခေဘူးပေါ့"

သူ ဘာမှပြန်မပြောတော့ပါ။ အဲဒီနေ့က သီဟကို လှမ်းဖုန်းဆက်ပြီးနောက် ကားယူခိုင်းလိုက်ကာ သူမ နေထိုင်ရာ Jurong East သို့ လိုက်ပို့ဖြစ်ခဲ့သည်။ တစ်စုံတစ်ယောက်ကို စိတ်ချလုံခြုံစွာ သူ့အိမ်တိုင်ရာရောက် ပြန်ပို့ပေးရသော ဖီလင်ကို ယောက်ျားလေးတွေ ခံစားဖူးကြမှာပါ။ သူ့အိမ်ကို ပြန်ပို့ပေးခဲ့ရပေမယ့် သူ့စိတ်ဝိညာဉ်က ကိုယ်နဲ့အတူတူ ပြန်ကပ်ပါလာဖို့ဆိုတာတော့ ယောက်ျားတို့၏ မျှော်လင့်ချက် အိပ်မက်ပဲ ဖြစ်လိမ့်မည်။

❦ ○ ❦





## ၇

ဒီဘက်ခေတ်ရဲ့နောက်ပိုင်း အင်တာနက်နှင့်အတူ Facebook ဆိုတာကြီး ခေတ်စားလာပြီးနောက် မနက်ပိုင်း လူတွေလုပ်တတ်သော အလေ့အကျင့်မှာ နံနက်စာစားခြင်းနှင့်အတူ Facebook စားသုံးခြင်းပါ ပါလာလိမ့်မည်ဟု မြယာ ထင်လေသည်။ အခုလည်း မိုးလင်းလို့ ကိုယ်လက်သန့်စင်၊ ဘုရားဝတ်ပြုပြီးနောက် ကော်ဖီနှင့်ကိတ်ကို စားသောက်ရင်း ဖုန်းနှင့်အတူ Wi Fi ဖွင့်လိုက်တာနှင့် Messenger မှ တင်ခနဲ မြည်သံနှင့်အတူ မတ်ဆေ့ သုံးလေးစောင်က ခုန်တက်လာသည်။

ရင်ခတ်နှင့် နွေးထံက မတ်ဆေ့တွေ မြင်သောအခါ မြယာက ပြုံးမိသည်။ ဘယ်သူ့မတ်ဆေ့ကို အရင်ဖွင့်ရကောင်းနိုးနိုး စဉ်းစားနေတုန်းမှာပဲ Photo Sent ဆိုသည့် ရင်ခတ်ရဲ့မတ်ဆေ့ကိုပဲ အရင်ဖွင့်မိသွားသည်။ ဓာတ်ပုံဆို၍ စိတ်ဝင်စားမိသွားတာလေ။ ဖွင့်လိုက်သောအခါ စားပွဲခင်းလုလု တစ်ခုပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီဖြူတစ်စည်း၊ ကော်ဖီအိုး၊ ကော်ဖီထည့်ထားတဲ့ခွက် စသဖြင့် Morring ဟူသော စာသားလေးနှင့် နိုင်ငံခြားဓာတ်ပုံလှလှတစ်ခုကို တွေ့လိုက်ရသည်။

ညက သူ့ရဲ့ Facebook Wall ကို မြယာ သွားမွှေပြီးပါပြီ။ ယောက်ျားလေးတစ်ယောက်အနေနှင့် သိပ်မသုံးထားဘူးဟု ပြော၍ရသည်။ Chat Box မှာတော့ ဘယ်လိုနေမယ်မသိဘူးပေါ့။ Wall မှာတော့ သူ့ Status တွေတောင် သိပ်မတွေ့ရပါ။ စင်ကာပူမှာ အနေကြာသွားလို့လားတော့ မသိ။ စင်ကာပူမှာ ရိုက်ထားသော ဓာတ်ပုံတွေ ဘာတွေတင် လောလောလတ်လတ် မရှိတော့။ Time Lines ၏ အောက်ဆုံးသို့ ရောက်နေမည်ထင်ပါသည်။ သူရော မြယာရဲ့ Wall ကို မွှေနေမလား။ အဲဒီလိုတွေးမိတော့ မြယာ ရှက်ရွံ့စွာ ပြုံးမိသည်။ အင်း ... နွေးသာသိရင် ဘာပြောမှာပါလိမ့်။ မြယာက နွေးကို သတိရသွားပြီး နွေးရဲ့ မတ်ဆေ့ကို ဖွင့်လိုက်သည်။

{"မြယာရေ ...

မနေ့ကပဲ ငါ့အဘွား ဆုံးသွားတယ်။ အဲဒါ ရက်လည်ပြီးမှပဲ ငါ ပြန်လာဖြစ်တော့မယ်ဟာ။ နောက်ထပ် တစ်ပတ် ဆယ်ရက်လောက် ကြာမယ်နော်။ နင် အိုခေရဲ့လားဟင်"}

အို ... စိတ်မကောင်းစရာပါလား။ ငယ်ငယ်က မကြာခဏ တွေ့ဖူးခဲ့သော နွေးအဘွားရဲ့ ဖြူဖြူခန့်ခန့်မျက်နှာ





ကို ပြန်မြင်ယောင်လာကာ မြယာက စာကို ခပ်သွက်သွက် ပြန်ရိုက်မိသည်။

{"ရတယ် နွေး။ ငါ့အတွက် စိတ်ပူမနေနဲ့။ နင်သာ အဆင်ပြေအောင်လုပ်ပါ၊ ဘွားဘွားအတွက် ငါ စိတ်မကောင်းပါဘူးဟယ်၊ သူတော်ကောင်းဆိုတော့ မြင့်မြတ်တဲ့နေရာပဲရောက်မှာပါ ...

ငါလည်း နင်ပြန်လာတဲ့အထိ စောင့်ပါ့မယ်။ အစစအရာရာ အဆင်ပြေတယ် နွေး။ ငါ့အတွက် စိတ်မပူနဲ့"}

မြယာက နွေးထံ မတ်ဆေ့ကို သွက်သွက်ပြန်ပို့ပြီးနောက် နောက်ထပ် မတ်ဆေ့တစ်ခုကို မြင်သောအခါ ခုနက ပထမဆုံးတွေ့ရသော ရင်ခတ်ရဲ့မတ်ဆေ့ကို မြင်လိုက်ရတဲ့ ခံစားချက်နဲ့ ပြောင်းပြန်ဖြစ်သွားသည်။ ကိုကြီး ပို့ထားသော မတ်ဆေ့ပါ မြယာက အသက်ရှူမဝသလို ခံစားချက်မျိုးဖြင့် ဖွင့်ဖတ်လိုက်သည်။

{"မြယာ ...

So silent ပါလား။ စ,လုံးမှာ တော်တော်ပျော်နေလား။ အိမ်ကိုတောင် အဆက်အသွယ် သိပ်မလုပ်နိုင်ပါလား။ မေမေ့ဆီကို မကြာခဏ အဆက်အသွယ်လုပ်ပါ။ ဘယ်တော့ ပြန်လာမယ်လို့ စဉ်းစားထားလဲ"}

မတ်ဆေ့က ဒီလို တိုပြတ်ပြတ်ပါပဲ။ မြယာက နှုတ်ခမ်းကိုက်ကာ တစ်ချက် စဉ်းစားမိသည်။ နွေး ရှက်ဘုန်ပြန်



www.burmeseclassic.com

www.burmeseclassic.com



သွားတာ၊ ယခု နွေးအဘွားဆုံးသွားတာတွေ ကိုကြီးတို့ မေမေခင်တို့ သိသေးဟန်မတူပါ။ မြယာလည်း နွေးရဲ့အဘွားကို ဆုံးသွားမယ်လို့ မထင်ခဲ့ချေ။ တစ်ပတ်လောက်နဲ့ပဲ နွေး ပြန်ရောက်လာမယ် ထင်ခဲ့သည်။ နွေးလည်းမရှိဘဲ စင်ကာပူမှာ မြယာ တစ်ယောက်တည်း ဘာတွေလုပ်နေမလဲ၊ ပြန်လာခဲ့ စိတ်မချဘူးဆိုရင်ဖြင့် ခက်ရချည်ရဲ့ဟု မြယာ တွေးမိ၍ဖြစ်သည်။ မပြန်ချင်ပါ။ မြယာက မတ်ဆေ့ကို ခပ်သွက်သွက် ပြန်ရိုက်လိုက်သည်။

{"မြယာ Visa တစ်လ ယူထားတယ်လေ ကိုကြီး။ ဒီဇင်ဘာဆို ဒီမှာက အဆင်ပြေလွန်းလို့ မြယာ အေးအေးဆေးဆေးနေချင်လို့ပါ။ မေမေခင့်ဆီ မြယာဆက်သွယ်ပါ့မယ်"}

မြယာက မတ်ဆေ့ပြန်ရိုက်ကာ လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။ ကိုကြီးနှင့် မေမေခင်အကြောင်း တွေးမိလျှင် မြယာစိတ်တွေ ရှုပ်ထွေးနောက်ကျိသွားရသဖြင့် မတွေးချင်ပါ။ မြယာ ရင်ခတ်ရဲ့မတ်ဆေ့ကိုသာ Reply ပြန်လုပ်လိုက်ပါသည်။ Thanks ဟူသော စာတန်းလေး ပါဝင်သည့် ကာတွန်းအရုပ်မလေးပုံနှင့် Sticker တစ်ခုကို ပြန်ပို့လိုက်သည်။

တစ်ဖက်မှ ဖတ်ပြီး မြင်ပြီးသွားကြောင်း seen ဆိုသည့် စာတန်းလေး ပေါ်လာလျှင် မြယာ ရင်ထဲ ဒိန်းခနဲ ခုန်သွားသည်။ သူ တစ်ဖက်မှာရှိနေသည်ဟူသော အသိက ဘယ်လိုမှန်းမသိသော ခံစားမှုတစ်ခုကို ပေါ်စွမ်းပါသည်။ သူ့ဘက်က စာရိုက်နေသည်ထင့်။ မြယာဘက်မှာ Typing အနေအထားပြ





သင်္ကေတ ပေါ်နေသည်။ ခဏနေတော့ သူ့စာက ရောက်လာပါသည်။

"မောနင်း မြယာ"

"မောနင်းပါရှင်"

"Breakfast စားနေတာလား"

သူ ဘယ်လိုလုပ် သိတာလဲ။ အင်းလေ မှန်းပြောတာပဲ နေမှာပါ။ မြယာက "ဟုတ်"ဟု ပြန်ပို့လိုက်သည်။ တစ်လက်စတည်းမှာပဲ ဘဝမှာ ယောကျ်ားလေးတစ်ယောက်နှင့် (ထူးခြားသည့် ကိုယ့်အတွက် တစ်စုံတစ်ယောက်ပေါ့နော်) ပထမဆုံးအကြိမ် Chatting လုပ်နေတာပါလားဟု တွေးမိကာ ထူးခြားဆန်းကြယ်သော ဖီလင်မျိုး ဖြစ်လာစေသည်။

"မနက်ဖြန် အားလား။ ကျွန်တော် ကာစီနို သွားမလို့"

"ဟုတ် ... အားပါတယ်။ ဘယ်အချိန်လဲ"

"မနက်ဖြန် ကျွန်တော် သင်္ဘောကနေ ဆင်းမှာ။ ညနေလေးနာရီလောက် ကျွန်တော် မြယာကို လာခေါ်လိုက်မယ်လေ"

"Jurong East ကို လာခေါ်မှာလား"

"ဒါပေါ့"

"အိုခေ ... အခု ရှင် သင်္ဘောပေါ်မှာပေါ့နော်"

"ဟုတ်ပါတယ်။ အလုပ်လေးပါးတုန်း facebook check တယ်ပေါ့ဗျာ၊ :p "



www.burmeseclassic.com

www.burmeseclassic.com



လျှာထုတ်ပြောင်ပြနေသည့် Sticker အရုပ်လေးပါ ပါလာသဖြင့် မြယာက သဘောတကျ ပြုံးမိသွားသည်။ အခုနက နောက်ကျိရှုပ်ထွေးသောစိတ်တို့နှင့် ဆန့်ကျင်ဘက်လေစွ။ မြယာကလည်း ပြုံးရယ်နေသော Sticker လေးတစ်ခု ပြန်ပို့မိသည်။ သူ့ဘက်က typing လုပ်နေဟန်ပေါ်ပြီး မတ်ဆေ့တစ်စောင်ထပ်ရောက်လာပြန်သည်။

"ဒီနေ့ ဘယ်သွားဖို့ရှိလဲ"

"ဟင့်အင်း"

"မြယာ သူငယ်ချင်း ပြန်မလာသေးဘူးလား"

"မလာသေးဘူး။ သူ့အဘွား ဆုံးသွားလို့တဲ့။ နောက်ထပ် တစ်ပတ်ဆယ်ရက်လောက် ကြာဦးမယ်လို့ ခုနကပဲ မတ်ဆေ့လာတယ်"

"အိုး ... ဆိုးလိုက်တာ။ ဘာပဲ အကူအညီလိုလို ကျွန်တော့်ကို ပြောပါဗျာ၊ အခုရော အဲဒီအိမ်မှာ နေရတာ အဆင်ပြေရဲ့လား"

အိမ်မှ မြယာ တစ်ယောက်တည်းဆိုတာ သူ သိမထားပါ။ မြယာက "အိုခေ"ဟုသာ ပြန်ပို့လိုက်သည်။ သူ့ဘက်က ချက်ချင်းပဲ မတ်ဆေ့ ပြန်လာပါသည်။

"အိုခေ ... ဒါဆို မနက်ဖြန် တွေ့မယ်နော်။ ကျွန်တော် အလုပ်ဆက်လုပ်လိုက်ဦးမယ် ... ဘိုင့် ဘိုင်"





မြယာက Bye Bye ဟူသော Sticker လေးတစ်ခု ပြန်ပို့လိုက်သည်။ သူက ခဏနေတော့ Out သွားပါသည်။ ဘာရယ်မဟုတ်ဘဲ ဖုန်းမျက်နှာပြင်ကို စိုက်ကြည့်နေမိသော မြယာရင်ထဲသို့ တစ်စုံတစ်ရာက တိုးဝင်လာသလိုခံစားရသည်။ လောကတွင် တချို့အရာတွေက မှန်းဆလို့ရသည်။ တချို့အရာတွေက မှန်းဆ၍မရတတ်။ တချို့အရာတွေက် မှန်းဆ၍မရတတ်။ တချို့အရာတွေက မှန်းထားသော်လည်း မှန်းထားတဲ့အတိုင်း ဖြစ်မလာ။ တချို့အရာတွေက မှန်းမထား၊ မျှော်လင့်မထားတာတွေလည်း ဖြစ်လာတတ်သေးသည်။

မြယာနှင့် ရင်ခတ် ဟူတည်းသော လူနှစ်ယောက်ရဲ့ ပတ်သက်ဆက်နွယ်မှုသည် ပို၍ ပို၍ နီးကပ်လာလိမ့်မည်ဟု မှန်းဆကြည့်မိလျှင် မှန်နိုင်မလား။ ဒါမှမဟုတ် မှန်းထားသလို ဖြစ်မလာခဲ့တာလည်း ဖြစ်နိုင်သည်။ ကံကြမ္မာသည် ဆင်ကြယ်တတ်သည် မဟုတ်ပါလော။



www.burmeseclassic.com

www.burmeseclassic.com



"ညနေခင်းရဲ့ လေပြည်ထဲမှာ xxx မင်းဆံနွယ်တွေ အတောင်ပံဖြန့်တဲ့အခါ xxx သစ်ရွက်လေးတွေ ရက်သွေးဖြာ xxx ကျေးငှက်လေးတွေ တေးမဆိုတော့ပါ"

ကားထဲမှာ ဖွင့်ထားသော R ဇာနည်ရဲ့ လက်ရွေးစင်သီချင်းများကို နားဆင်ရင်း မြယာနန္ဒာတည်းဟူသော မိန်းကလေးတစ်ယောက်ကို စောင့်နေရသော တစ်ခဏသည် သူ့ဘဝမှာ ဘယ်တုန်းကမှ မကြုံခဲ့ဖူးသော အခိုက်အတန့်မျိုးဖြစ်သည်။ သူမနေထိုင်ရာ Ivory High Condo ဝင်းထဲမှာ ကားရပ်ထားပြီး ရောက်နေပြီဟု ဖုန်းဆက်ထားကာ သူမလာရာလမ်းကို မျှော်ရသော ဖီလင်ကို ယောက်ျားလေးတစ်ယောက်အနေနဲ့ ခံစားခုံမင်ရတာ ရင်ခုန်ဖို့ ကောင်းပါသည်။

"ဟော"





သူ ဖွင့်ထားသော သီချင်းနဲ့လိုက်ဖက်စွာ မြယာရဲ့ ဆံနွယ်တွေက တကယ်ကို လေထဲမှာ လွင့်ဝဲပြီး လာနေသည်။ ချက်ချင်းလက်ငင်း ပြောင်းလဲတတ်သော စင်ကာပူရာသီဥတုအရ အုံ့မှိုင်းသွားပြီး မိုးသက်လေတွေ တိုက်ခတ်နေသော ညနေခင်းမှာ မြယာ လမ်းလျှောက်လာပုံက ကဗျာတစ်ပုဒ် လွင့်လာသလိုနှယ် ဖြစ်ပါသည်။

သူမကို တွေ့လိုက်ရလျှင် ဥရောပက တော်ဝင်မင်းသမီးတစ်ပါးကို တွေ့ရပုံမျိုးနှင့် သိပ်ဆင်ပါသည်။ မျက်နှာပေး၊ ပြောပုံဆိုပုံနှင့် သွားလာပုံတို့က နူးညံ့လွန်းတာလည်း မဟုတ်သလို၊ သွက်လက်လွန်းတာလည်း မဟုတ်ဘဲ လှုပ်ရှားမှုတိုင်းဟာ စောင့်ထိန်းချင်စရာကောင်းအောင် ခမ်းနားသည်။ အဝတ်အစားကြောင့်လည်း ဖြစ်ပါလိမ့်မည်။ ဘောင်းဘီတွေ၊ စကတ်တွေထက် သူမကို တွေ့လိုက်ရလျှင် ဂါဝန်တိုလေးတွေ၊ princess style တွေသာ များပါသည်။ အခုလည်း အနက်ရောင် short dress လေးက ဘက်ပြတ်လေးဖြစ်ပြီး အိဂျစ်ဒီဇိုင်းလိုလို ဖန်စီလည်ဆွဲခပ်ကြီးကြီးတစ်ခုနှင့် ရှင်းသင်းအထာကျနေသည်။

Michael Kors အိတ် အဖြူရောင်လေးကို လွယ်ကာ ကြိုးသိုင်းဒေါက်နှင့် ခပ်မတ်မတ် လျှောက်လှမ်းလာပုံကို ဝေးဝေးက ငေးနေရင်းမှ ဒီမိန်းကလေးကို အမြဲမြင်တွေ့ချင်နေပါလား ဆိုတာ သေချာသထက် သေချာလာခဲ့ပါသည်။ သူမ အနားရောက်

www.burmeseclassic.com



လာခါနီးတွင် သူက လေးစားသမှုနှင့် ကားပေါ်ကဆင်းကာ ကြိုလိုက်သည်။ မြယာ သိပ်လှတာပဲဟု ပြောချင်သော စကားကြ ရင်ထဲမှာပဲ ခုန်မပေါက်နေကာ သူမကို ရိုသဲ့သဲ့ဖြစ်စေမည့် အပြော အဆိုမျိုး မဖြစ်စေရအောင်သုံ့ တတ်နိုင်သမျှ သတိနှင့် ဆင်ခြင် နေရပါသည်။

ဘာပြောရမှန်း မသိ၍ သူက အပြုံးနှင့် ခေါင်းတစ် ချက်ဆတ် နှုတ်ဆက်သော်လည်း သူမက စကားဆိုနှုတ်ဆက် သည်။

"စောင့်ရတာ ကြာသွားလား မသိဘူး"

"မကြာပါဘူး၊ ဒါနဲ့ မြယာ ပဝါဖြစ်ဖြစ်ပါလား၊ ကာစီနို ထဲမှာ အေးတယ်ဗျ"

"ဟုတ် ... အနွေးထည် အပါးလေးတော့ ဆောင်လာတယ်"

သူမက အိတ်ကိုပုတ်ပြီး ပြောသည်။ သူက တစ် ချက်ရယ်ရင်း ...

"အိုကေ ... အဲလောက်ဆို ရပါတယ်၊ ဒါဆို တက်ဆေ သွားကြမယ်"

"အင်း ... ကျွန်မက ဒီရောက်နေတာ ကြာသူလိုပဲ၊ ဘယ် သွားသွား အိတ်ထဲမှာ အနွေးထည်အပါးလေးဖြစ်ဖြစ် ပုဝါဖြစ်ဖြစ် ဆောင်ရတယ်။ မဟုတ်ရင် Shopping Mall တွေထဲမှာ အရမ်းအေးတယ်လေ"





သူမက ကားပေါ်တက်ရင်း၊ ထိုင်ရင်း၊ တံခါးပိတ် ရင်း ပြောတာဖြစ်ပါသည်။ သူက ကားကို စက်နှိုးကာ မောင်း ထွက်လိုက်သည်။

"မြယာ ဗိုက်ဆာပြီလား"

"ဟင့်အင်း ... မဆာပါဘူး။ ဪ ... ရှင် ဆာနေလို့လား။ အဲဒါဆိုလည်း စားလေ"

"ဟင်း ... ဟင်း ... မဟုတ်ပါဘူး။ ကျွန်တော်လည်း မစားပါဘူး။ မြယာများ ဗိုက်ဆာနေမလားလို့ပါ"

"ကျွန်မ အစောကြီး မစားတတ်ပါဘူး"

"အိုခေလေ၊ ခုနစ်နာရီလောက်ဆို အတော်ပဲ မဟုတ်လား။ ကျွန်တော် ခင်ဗျားကို ကာစီနိုက ရှယ်တုန့်ယမ်းဟော့ပေါ့ ကျွေးမယ်"

"တုန့်ယမ်း ! ဟော့ပေါ့"

"ဟုတ်တယ် ... စားလို့အရမ်းကောင်းတယ်"

သူမက ဘာမှပြန်မပြောတော့ဘဲ ခေါင်းညိတ်ပြကာ ထမ်းဘောဝဲယာက စင်ကာပူရှုခင်းတွေကို ငေးမောပြီး ထိုင်လာ သည်။ သူကလည်း အလိုက်တသိဖြင့် ကားကိုသာ မောင်းနှင်ခဲ့ ရင်း သူတို့ရဲ့ဦးတည်ရာ Marina Bay Sands သို့ ရောက်လာ သည်။ နောက် ကာစီနိုထဲသို့ဝင်ရန် Pass port ပြ၍ တန်းစီ ရပါသည်။ မြယာကတော့ ကာစီနိုကြီးကို တအံ့တသြ မဟုတ် သော် သိသိသာသာပုံစံဖြင့် အကဲခတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ခဏဆော့မယ်နော်။ မြယာ မပျင်းဘူးမဟုတ်လား၊ ဩော် ... Wi Fi ရှိတယ်။ facebook သုံးနေလို့လည်း ရတယ်"

"ရှင်က ကစားတယ်လား။ ဘာကစားတာလဲ"

"ကျွန်တော် ဆော့တဲ့ဟာက Roulette လို့ခေါ်တယ် သဘောတရားကတော့ ဂျင်ပုံစံမျိုးပါပဲ။ နံပါတ်တွေကို ထိုးတာပေါ့။ ကိုယ်ကြိုက်တဲ့ဂဏန်းကို ထိုးလို့ရတယ် တစ်ခါထိုးရင် အနည်းဆုံး ၁၅ ကျပ်ဖိုး ထိုးရတယ်"

"ဩော် ... ကစားလေ။ ကျွန်မ ဘေးကနေ ကြည့်မယ်"

"အပေါ်ထပ် တက်မလား။ အောက်ထပ်က စီးကရက်သောက်လို့ရတယ်။ အပေါ်ထပ်တွေက မရဘူး။ စင်ကာပူမှာ အဲကွန်းဖွင့်ထားတဲ့ အခန်းထဲ စီးကရက်သောက်ခွင့်ရှိတာဆိုလို့ ဒီ ကာစီနိုမှာပဲ ရတယ်၊ နောက် ရေတော်ဈေးကြီးတဲ့ တိုင်းပြည်မှာ ရေဘူးလေးတွေ အလကားယူသောက်လို့ရတာ၊ ကော်ဖီ၊ လက်ဖက်ရည်နဲ့အအေးတွေ အလကားသောက်လို့ရတာ ဒီတစ်နေရာပဲ ရှိတာပေါ့ ... ဒီက ကော်ဖီက သိပ်ကောင်းတယ်ဗျ။ အလကားရလို့ ပြောတာမဟုတ်ပါဘူး။ လာ ... မြယာ ... ကော်ဖီသောက်"

သူမက အဆန်းပါလား ဟူသော ပုံစံဖြင့် မျက်… ပင့်ကာ ရယ်ဟဟဖြင့် ခေါင်းဆတ်ပြသည်။ သူက ကော်ဖီ…





…တွေ၊ အအေးစက်တွေရှိသော နေရာမှာ ဖော့ခွက်ကို မယူဘဲ …ခွန်းလှည်းဖြင့် ကော်ဖီလိုက်ဝေနေသော ဝန်ထမ်းမိန်းကလေးထံမှ …နခွက်နှစ်ခွက် တောင်းယူလာကာ စက်မှာ ခလုတ်သွားနှိပ်ပြီး …ကော်ဖီကို ခံယူသည်။ ပြီးတော့ မြယာဘက် လှည့်ပြောလိုက်သေးသည်။

"ကျွန်တော်က ဖော့ခွက်တွေနဲ့ ဘယ်တော့မှ မသောက်ဘူးလေ ... အင့်"

မြယာက သူကမ်းပေးသော ကော်ဖီခွက်ကို ခပ်ပြုံးပြုံးဖြင့် လှမ်းယူသည်။ ကော်ဖီ တစ်ယောက် တစ်ခွက်စီကိုင်ကာ သူက ကစားသည့်နေရာသို့ လျှောက်လာခဲ့ကြသည်။ သူက ခုံတစ်ခုံမှာ ထိုင်လိုက်ပြီး မြယာက သူ့ဘေးကခုံမှာ ဝင်ထိုင်ပါသည်။ သူ့ပိုက်ဆံအိတ်ထဲမှ member card ကိုထုတ်ကာ စက်ထဲမှာကတ်ကိုစိုက်လိုက်သည်။ မြယာက သူလုပ်တာတွေကို စိတ်ဝင်တစားဖြင့် လိုက်ကြည့်နေသည်မို့ ရှင်းပြရသည်။

"ဒါက ကျွန်တော်တို့လို member ဝင်ထားတဲ့သူတွေဆို Point တွေတက်ရင် သိရအောင် ဒီကတ်ကို စိုက်ထားရတယ်လေ။ ပိုက်ဆံက ဒီမှာ ထည့်ရတာ"

သူက စင်ကာပူဒေါ်လာ ၅၀ တန် ၅-ရွက်ကို ထည့်လိုက်လျှင် မြယာက ပခုံးတွန့်ပြသည်။

"ဒီမှာ ကိုယ်ကြိုက်တဲ့ဂဏန်းကို touch လုပ်ပြီး ထိုးရတာပေါ့။ ၃၆ ကွက် ရှိတယ်လေ။ ကဲ ... ကျွန်တော်စ,ပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူက နံပါတ်တွေကို လိုက်နှိပ်ပြီး ငါးဆယ်ဖိုးလောက် ကံအခြေအနေကို စတင်စနည်းနာသည်။ မြယာက ကော်ဖီကို တစ်ငုံမော့ကာ အကြွေစေ့ပစ်မည့်ဒိုင်က မိန်းကလေးကို တစ်ချက် လှမ်းကြည့်သည်။

"ရှင် ဒီမှာ အမြဲလာဆော့ဖြစ်လား"

"ဆိုပါတော့။ တစ်လကို သုံး,လေး,ငါးကြိမ်ပေါ့"

"တယ်ဟုတ်ပါလား။ ကစားတော့ နိုင်လား"

"အင်း ... လောင်းကစားဆိုတာ အနိုင်နဲ့အရှုံး နှစ်ခုပဲရှိတာလေ။ နိုင်တဲ့အခါလည်း ရှိသလို ရှုံးတဲ့အခါလည်း ရှိတာပေါ့။ ဒါပေမဲ့ ကျွန်တော်တို့က ဘလိုင်းကြီး မျက်စိမှိတ်ဆော့တာ မဟုတ်ဘူး။ ကိုယ့်ဖော်မြူလာလေးတွေ ရှိတာပေါ့။ များသောအားဖြင့် နိုင်တာ များပါတယ် ...

အရေးကြီးတာက လောင်းကစားသမားဟာ ကိုယ့်စိတ်ကို နိုင်ဖို့က အဓိကပဲ။ သိပ်များများနိုင်ရင် ထလိုက်တော့။ မဟုတ်ရင် လောဘတက်ပြီး ပိုရမှာပဲထင်ပြီး ဆက်ထိုင်နေရင် ပြန်ပါသွားရော ...

ကျွန်တော်က စိတ်ဖြတ်နိုင်တော့ နိုင်တာများတယ်။ ဟော ... လာပြီ ... လာပြီ"

TV မှာ ပြနေသော ပေါက်ဂဏန်းကို မြင်ရဖို့အတွက် အံစာတုံးလည်နေပုံကိုပါ ရိုက်ပြထားလေရာ အံစာတုံးက လည်နေရာမှ ရပ်သွားသည်။ ပေါက်ဂဏန်းက "၂၄"တဲ့။ သူ





ပေါက်ပါသည်။ ချက်ချင်းပဲ နိုင်သည့်ပိုက်ဆံက တစ်ရာကျော်ဖြစ်သွားသည်။

"တယ်ဟုတ်ပါလား"

သူမက ချီးကျူးသလိုပြောလျှင် သူက နည်းနည်းမြောက်သလို ဖြစ်သွားသည်။ သူကသွေးရဲလာပြီး ယုံကြည်ရာဂဏန်းကို များများထပ်တင်လိုက်သည်။ သူမကလည်း မျက်လုံးအဝိုင်းသားဖြင့် စိတ်ဝင်တစား စောင့်ကြည့်နေသည်။ ခဏနေတော့ ကံကြမ္မာက သူ့ဘက်ကပဲ လှပစွာ ရပ်တည်ပေးခဲ့ပြန်ပါသည်။ တဒိုင်းဒိုင်း ခုန်တက်သွားသော သူ့စက်ထဲက ငွေဂဏန်းပြမြင်ကွင်းကိုကြည့်ကာ သူမက "ဟား"ခနဲ ရေရွတ်သည်။

"ဟင်း ... ဟင်း ... စိတ်ဝင်စားနေပြီလား"

သူမက ကော်ဖီတစ်ငုံမော့ရင်း သူ့ကိုမကြည့်ဘဲ စက်ကိုသာ စိုက်ကြည့်ရင်းပြုံးသည်။ လမိုင်းကပ်နေသဖြင့် သူက နောက်တစ်ခါ ထပ်အောဖို့ပြင်သည်။ မေးလေးထောက်ကာ TV ဖန်သားပြင်ကို စူးစိုက်ငေးနေသော မြယာကို ကြည့်ရင်း သူ့နှလုံးသားတစ်ခုလုံး ပူနွေးစွတ်စိုလာခဲ့သည်။ သူ့ဘေးမှာ၊ သူကစားတာကို ထိုင်ကြည့်နေပေးသော သူမ ရှိနေတာဟာ ဘယ်လိုပြီးပြည့်စုံခြင်းမှန်း မသိဘဲ ပြည့်စုံစေသည်။ ဇော်ပိုင် ဆိုထားသလို တကယ့်ကို မေရယ် xxx ပြည့်စုံလွန်း ဆိုတာပါပဲ။

ဘဝရဲ့လက်တွဲဖော်တို့၊ ပါရမီဖြည့်ဖက်တို့ဟူသော စကားတွေ သူများပြောနေစဉ်က ဘာမှန်းမသိခဲ့။ တကယ်တော့



www.burmeseclassic.com

www.burmeseclassic.com



သူမအနားမှာ လာထိုင်နေတာကို ခံစားခြင်းကပင် ပြည့်စုံခြင်းရဲ့ တစ်စိတ်တစ်ဒေသကို မြည်းစမ်းနေရပြီဆိုတာ သူ နားလည်စ ပြုရပြီတည်း။

"Woo ! ရှင် ကံကောင်းပြန်ပြီ"

သူက မြယာ့ထံမှလှဲပြီး အာရုံမရှိချိန်မှာ မြယာက သူ့ထံသို့ (ထားပါလေ ပေါက်ဂဏန်းကို အာရုံရောက်တယ်ဆို တာကလည်း သူနဲ့သက်ဆိုင်တာပါပဲ) အာရုံရောက်နေသည့်ဖြစ် ရပ်ဟာဟာ တော်တော်တော့ ကဗျာမဆန်ဘူးလား။ တစ်စုံတစ်ရာ က Link ဖြစ်မနေဘူးလား။ သူ အများကြီး နိုင်သွားသည့် အတွက် ပျော်ရွှင်ဝမ်းသာနေသလို အံ့လည်း အံ့သြဟန်လေးလည်း စွက်နေသည့် မျက်နှာလေးကို ငေးရင်း ရင်ထဲမှာ အတိုင်းမသိ တုန်ယင်လှုပ်ခတ်လာသည်။

"သင့်ခ်ယူ မြယာ"

"ဟင် ... ဘာလို့လဲ"

"ခင်ဗျားကြောင့် ကျွန်တော် နိုင်တာလေ"

"ဟက် ... မဖြစ်နိုင်တာ"

"သိပ်ဖြစ်နိုင်တာပေါ့၊ ခါတိုင်းက ဒီနေ့လိုရက်မျိုးဆို ကျွန်တော် မနိုင်တတ်ဘူး။ ဒီနေ့ စထိုင်ပြီ ဆိုတည်းက တရစပ်နိုင်နေတာ။ တစ်ကြိမ်ပြီးတစ်ကြိမ် ဆပွားတိုးပြီးနိုင် နေတာ။ မြယာက တကယ့် လာဘ်ကောင်လေးပဲ"

"ဟား ... ဟား"





သူမက နှစ်သက်သဘောကျစွာ ရယ်မောသည်။ သူက ကစားတာကို ရပ်ပစ်လိုက်ကာ ပိုက်ဆံထုတ်ဖို့ ခလုတ်နှိပ် လိုက်တော့ စက်ထဲမှ စလစ်စာရွက်လေးက ထွက်လာသည်။ ဒီ စာရွက်နှင့် ကောင်တာမှာ ပိုက်ဆံသွားထုတ်ရမည်။

"ဟင် ... တော်ပြီလား၊ ပြီးပြီလား"

"အင်း ... တော်ပြီလေ၊ အရမ်းများနေပြီ ရပ်သင့်နေပြီလို့ မထင်ဘူးလား"

သူမက ပခုံးတွန့်ပြသည်။ စင်ကာပူဒေါ်လာ တစ် သောင်းနား ကပ်နေမည့် အနိုင်ရငွေတွေကို သူမလည်း ဒီနေရာ မှာပဲ ရပ်သင့်ပြီဟု ထင်ပါလိမ့်မည်။

"ကျွန်တော်က စက်ပြာအောင် လုပ်ပြချင်တာ။ ဒါပေမဲ့ မြယာရှေ့မှာ စက်ကမပြာဘဲ ကျွန်တော်ပဲ ပြာသွားရမှာ စိုးလို့၊ အိုခေ ... မြယာ။ ပိုက်ဆံသွားထုတ်ကြရအောင်"

"စက်ပြာတယ်ဆိုတာ ဘာလဲ"

"ဒေါ်လာတစ်သောင်း ကျော်သွားပြီဆို အဲဒီစက်က အလုပ် မလုပ်တော့ဘူးလေ screen မှာ အပြာရောင်ကြီးပဲ ပေါ်နေ ပြီး ဘာမှနှိပ်လို့ မရတော့ဘူး။ ပြာသွားတာ"

"သြော်"

သူနဲ့ မြယာမှာ ငွေထုတ်ကောင်တာသို့ လျှောက် လာခဲ့ကြရင်း စကားပြောလာခဲ့ကြတာဖြစ်သည်။ ကောင်တာမှ ပိုက်ဆံထုတ်ပြီးနောက် သူက မြယာကို တည့်တည့်တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်ကာ လက်နှစ်ဖက် နောက်ပစ်လျက် ...

"မြယာ ဒင်နာကို ကောင်းကောင်းစားပါလား"

"ဟင် ... ဘာဖြစ်လို့လဲ။ ရှင် ကျွေးမယ့် တုန့်ဟမ်းဟော့ပေါ့က မကောင်းလို့လား"

"မဟုတ်ပါဘူး ကောင်းပါတယ်"

"ဟင် ... အဲဒါဆို ဘာဖြစ်လို့လဲ"

သူက ဘယ်လိုပြောရမှန်း မသိစွာ စကားလုံးရှာဖို့ ခက်ခဲနေသည်။ နားထင်ကို လက်ညှိုးနှင့် အသာကုတ်ခြစ်ရင်းမှ ...

"ကျွန်တော် ပြောချင်တာက ကျွန်တော် အခု ပိုက်ဆံတွေ အများကြီး နိုင်လာတယ်လေဗျာ၊ အဲဒါ မြယာကို ဈေးကြီးတဲ့ဆိုင်မှာ ကျွေးချင်တာ။ အဲလို ကောင်းကောင်းပြုစုချင်တာ"

"ဩော် ... အဟော် ... ဟော်။ ဒီတုန့်ယမ်းဟော့ပေါ့က ရော ဈေးမကြီးဘူးလားရှင်"

"ဟော့ပေါ့ ဆိုပေမယ့် ရွှေကောင်းကဟာမျိုး မဟုတ်ဘူး မြယာ။ ဒါက Set menu လို ဟာမျိုးပဲ။ အသားသုံးမျိုး၊ အရွက်သုံးမျိုး ကိုယ်ကြိုက်တာ ရွေးပေးရမှာ၊ ပြီးတော့ ဒါ စားရင် ပိုက်ဆံမကုန်ဘူး မြယာ ...

ကျွန်တော်က ဒီကာစီနိုမှာ member ၊ ပြီးတော့ ကျွန်တော်ကစားတဲ့အခါ Point တွေတက်တယ်မှလား။





အဲဒီ Point တွေက ဒီထဲမှာတော့ ဖလှယ်ရ ဂုဏ်သတ္တိရှိတယ် မြယာ။ ကျွန်တော့်ထဲမှာရှိတဲ့ Point တွေက ဒီဟော့ပေါ့ကို အလကားစားလို့ ရနေတယ်"

"ဟင် ... ဘာဖြစ်လဲ ပိုတောင်ကောင်းသေးတယ်။ ကဲ ... လာပါ၊ ကျွန်မ ဗိုက်ဆာနေပြီ"

တကယ်ပဲ ဗိုက်ဆာတာလား၊ သူ့ အခြားတစ်နေရာ ခေါ်သွားမှာစိုးလို့လားတော့ မပြောတတ်။ သူမက ရှေ့ကနေတောင် ထွက်သွားသဖြင့် သူက နောက်ကအမြန်လိုက်ရသည်။ ကာစီနို၏ အပြင်မရောက်ဘဲ အတွင်းအစွန်မှာတင် စားသောက်ဆိုင်တချို့ ရှိပါသည်။ သီးသန့်တော့ ဖွင့်လှစ်ထားသည်ပေါ့။ သူက ဦးဆောင်ကာ မြယာ စားချင်သော ပုံစံအတိုင်း မှာပေးလိုက်သည်။ ဟော့ပေါ့က ကိုယ့်အိုးလေးတွေနဲ့ကိုယ် တစ်ကိုယ်စာ အထာကျကျမို့ မြယာက သဘောကျနေသည်။

ပြီးတော့ ထမင်းနှင့်တွဲဖက်စားဖို့ ပေးထားသည့် ငရုတ်သီးကြက်သွန်ကြော်ကိုလည်း သူမက တော်တော်ကြိုက်သွားပါသည်။

"စားကောင်းလား"

"ဟုတ် ... အရမ်းကောင်းတယ်၊ ကျွန်မတော့ ဒီ taste ကို အရမ်းကြိုက်သွားပြီ"

အားပါးတရစားရင်း သွက်သွက်လက်လက် ပြောလိုက်သော မြယာရဲ့ပွင့်ပွင့်လင်းလင်း ပုံစံလေးကို ငေးရင်း



www.burmeseclassic.com

www.burmeseclassic.com



သူက နှစ်နှစ်ခြိုက်ခြိုက် ရယ်မိသည်။ သူမက ကြာဆံတစ်လုတ်ကို တူနှင့်ညှပ်ကာ လှပသေသပ်စွာ ပါးစပ်ထဲ ထည့်ပြီးမှ ...

"ဒါနဲ့ ... ရှင် Point တွေ အများကြီးရတော့ ဒီကတ်နဲ့ သူငယ်ချင်းတွေကိုလည်း ကျွေးလို့ရမှာပေါ့"

"အင်း...'ရတယ်။ ဒီကတ်ဟာ ဒီ Marina Bay Shopping Mall ထဲမှာ ရှိတဲ့ဆိုင်တွေမှာလည်း သုံးလို့ရတယ်။ ဒီကတ်နဲ့ဝယ်ရင် ဒစ်စကောင့်တွေ အများကြီးရတယ်"

"တယ်ဟုတ်ပါလားနော်"

"တကယ်တမ်း ပြောရရင် ကျွန်တော်က မြယာကို ဒီထက်မက ဟိုတယ်မှာပဲဖြစ်ဖြစ် ကျွေးချင်တာ"

"အို ... ဟိုတယ်စာတွေလည်း ကျွန်မ တစ်ယောက်တည်း အများကြီး မစားနိုင်ပါဘူး။ ဒီ Hot Pot ပဲ ကြိုက်တယ်"

"ဟင်း ... ဟင်း ... ဟုတ်ပါပြီဗျာ။ ဒါနဲ့ မြယာ ဘာဝယ်စရာရှိသေးလဲ။ အပြင်က ဆိုင်တွေက Branded တွေချည်းပဲ။ တစ်ခုခု ဝယ်စရာရှိရင် ကျွန်တော့်ကတ်နဲ့ဝယ်ပါ။ ဒါဆို မြယာ အများကြီး သက်သာမှာ"

"နေပါစေရှင်၊ ရှင့်အတွက် လိုအပ်မှပဲ ထုတ်သုံးပါ"

"ဟင် ... ကျွန်တော့်အတွက် မလိုအပ်လှပါဘူး။ ကျွန်တော်က ဘာမှ ဝယ်စရာမှ မရှိတာ"

သူမက ဘာမှမပြောတော့ဘဲ ပန်းကို မသိမသာ တွန့်ကာ ပြုံးနေတော့သည်။ ဘယ်လိုလုပ်ရပါ့။ ယောကျ်ားလေး





တစ်ယောက်ဟာ နှစ်သက်သဘောကျသော မိန်းကလေးအတွက်ဆိုလျှင် ကိုယ်တတ်နိုင်တာလေးတွေ ဘောင်ကျဉ်းပေးချင်တာ၊ ကိုယ့်မှာရှိသော အကောင်းဆုံးအရာတွေ၊ ကိုယ်ခံစားခွင့်ရှိသော အရာတို့ကို သူ့ကို ပေးချင်တာ၊ သူမက နားလည်ပေးနိုင်မယ် မထင်ပြီ။

အခုလည်း သူ့ကတ်ထဲမှာရှိသော point တွေနဲ့ ဒီရှော့ပင်းမောလ်ထဲက ဘရန်းဒက်ဆိုင်တွေမှာ သူမ လိုချင်တာတွေကို သူမပိုက်ဆံနဲ့ပဲ ဖြစ်စေဦးတော့ သက်သက်သာသာ ဝယ်ယူစေချင်တာပါ။ သို့သော် သူမက ဒီအခွင့်အရေးကို ယူလိုပုံ မပေါ်ပြီ။ ဖွင့်ပြောရင်လည်း ရိုင်းရာကျတော့မည်။

သူက သူမ အစားအသောက် လက်စသတ်နေတာကို မြင်တော့ နာရီကို တစ်ချက်ကြည့်ရင်း ...

"ခုနစ်နာရီခွဲတော့မယ် ပြန်ချင်သေးလား၊ ဘယ်သွားချင်သေးလဲ"

"ဘယ်သွားစရာ ရှိတော့လို့လဲ"

"ရှိတယ်လေ မြယာ။ အထွေအထူးတော့ မဟုတ်ဘူး။ မရီနာဘေးရဲ့ ညအလှ မြစ်နဲ့အလှကို လမ်းလျှောက်ရင်း ခံစားလို့ရတာပေါ့။ Clarke Quay ဘက်တွေဆို ဘားလေးတွေနဲ့ အဖြူတွေ အရမ်းလာထိုင်တယ်လေ။ တချို့ကလည်း လမ်းလျှောက် ဓာတ်ပုံရိုက်ပေါ့။ Public Area တွေပါ။ သာယာတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမက ခဏစဉ်းစားဟန်ပြုပြီးမှ စိတ်ဝင်စားသွားဟန်ဖြင့် ခေါင်းတစ်ချက်ဆတ်သည်။ အိုကေ ... စားတာလည်းများသွားတော့၊ လမ်းနည်းနည်းလျှောက်တာပေါ့တဲ့။ သူ အရမ်းပျော်သွားတာတော့ ပြောဖို့တောင် လိုမည်မထင်ပါ။ သူမနှင့်အတူတူ မြစ်ကမ်းနံဘေးမှာ လမ်းအတူလျှောက်ခွင့်ရသော ဒီညဟာ ဟန်ထွန်း ဆိုထားသလို နတ်ဂီတဲ့အိပ်မက်များ ဖြစ်မည်ထင်ပါသည်။

သူနှင့် မြယာသည် ကာစီနိုထဲက ထွက်လာကြကာ Marina Bay အဆောက်အအုံကြီးထဲမှ အပြင်ဘက်သို့ ထွက်လာကြသည်။ အဲဒီနောက် လမ်းလျှောက်လာခဲ့ကြပါသည်။ ဒီနေရာကနေ စင်ကာပူ Merlion အရုပ်ကြီးကို လှမ်းမြင်နေရသည်။ ခြင်္သေ့ကြီးပါးစပ်မှ ရေတွေထွက်နေကာ မီးရောင်စုံတွေဖြင့် သူမအနားမှာ ရှိနေသော စင်ကာပူညချမ်းလောက် ဘယ်တုန်းကမှ မပြည့်စုံဘူး မခမ်းနားဘူးပါ။

ခပ်ဖြည်းဖြည်း လမ်းလျှောက်လာကြရင်း သူက မြယာကို စကားစမိသည်။

"ဘယ်လိုလဲ မြယာ။ စင်ကာပူနေ့ရက်တွေက သာယာရဲ့လား"

"အင်း ... သိပ်သာယာတာပေါ့"

သူမက မဆိုင်းမတွ ဖြေသဖြင့် သူ ကျေနပ်သွားရပါသည်။ သူငယ်ချင်း မရှိသဖြင့် မသာယာဘူး ဘာဘူး ညာဘူး





မဖြေတာကို ကျေးဇူးတင်ရသည်။ သူမ ကြည့်ရတာ စင်ကာပူညချမ်းကို တကယ်ပဲ ခံစားနေပုံ ပေါက်ပါသည်။

"စင်ကာပူကို ကြိုက်လား မြယာ"

"အင်း ... ကြိုက်တယ်"

တယ်ဟုတ်ပါလားလို့ သူက ပြုံးမိသည်။ မြယာ ကြည့်ရတာ တကယ်ပဲ ကြိုက်နေဟန်လည်း တူပါသည်။

"တချို့က မကြိုက်ကြဘူးလေ၊ မြယာက ဘာလို့ကြိုက်တာလဲ"

"မကြိုက်ဘူး ကြိုက်တယ် ဆိုတာ ကျွန်မ အထင်တော့ ဒူးရင်းသီးတစ်လုံးလို ဖြစ်မယ်နဲ့ တူတယ်"

"ဟား ဟား ... မြယာက ဟိုဒူးရင်းသီးကိုမြင်ပြီး အဲဒီဥပမာပေးဖို့ စိတ်ကူးရသွားတာလား"

Marina Bay မှာ ဒူးရင်းသီးသဏ္ဌာန် အချွန်[illegible]တက်တွေနဲ့ အဆောက်အအုံကြီးကို ကြည့်ရင်းပြောမိသည်။

ဗိသုကာဒီဇိုင်းမှာ မြင်ရင် ငေးနေရပါသည်။

"အင်း ... ဒူးရင်းသီးက ကောင်းတယ်၊ စျေးလည်းကြီးတယ်လေ၊ ဒါပေမဲ့ အစွန်းနှစ်ဖက်မှာ ရပ်နေတဲ့ ဒူးရင်းသီးပေါ့။ ကြိုက်တဲ့သူကျတော့လည်း ဆေးသောက်ပြီးတော့ကို စားတာ။ တကူးတက မှာစားတာမျိုးလည်းရှိ၊ မကြိုက်သူတွေကတော့ အနံ့တောင် မခံနိုင်တာလေ ခါးခါးသီးသီး ဆိုတာမျိုး။ စင်ကာပူသည်လည်း အဲဒီသဘော နေမှာပေါ့

www.burmeseclassic.com



နော်။ ကြိုက်တဲ့သူတွေအတွက်တော့ သိပ်အဆင်ပြေတဲ့ နိုင်ငံပေါ့။ မကြိုက်သူတွေအတွက်လည်း ဒီမှာလာနေပြီး မကြိုက်ဘူး ဆိုကတည်းက သူ့အတွက် ကောင်းတာ တစ်ခုခုရှိလို့လာနေတာလေ၊ ဟုတ်တယ်မလား”

သူက မျက်စပစ်ကာ ပြန်မေးပုံက သူ ငယ်ငယ်က ကြည့်ခဲ့ရဖူးသော TV ကြော်ငြာထဲက ထက်ထက်မိုးဦး အိုက်တင်လို လွန်စွာချစ်ဖို့ကောင်းပါသည်။

ဇွဲခနဲ တိုက်ခတ်လာသော လေနုအေးထဲမှ သူမဆီက ရေမွှေးနံ့တစ်ခုကို ရှူရှိုက်မိတော့ သူမကို စိတ်ထဲကနေ အားနာမိရသေးသည်။

“ဒါပေါ့ ... ကြိုက်တဲ့သူကျတော့လည်း မြန်မာပြည်တောင် မပြန်ချင်တော့တာ ငါးနှစ်ကျော်တော့မယ်ပေါ့”

“ဘယ်သူလဲ ... ရှင်လား”

“ဟုတ် ... ဟုတ် ... ဟုတ်တယ်”

“ဟင် ... ဟုတ်တယ် ? ။ ရှင် မြန်မာပြည်မပြန်တာ ငါးနှစ်ရှိပြီ ဟုတ်လား”

“ဟုတ်တယ်ဗျ”

“ဟယ် ... တကယ်။ ငါးနှစ်တောင် မပြန်ရအောင် ရှင် ဘာတွေလုပ်နေလဲ ...

သြော် ... သိပြီ”

“ဟင်း ... ဟင်း ... ဘာသိတာလဲ”





သူက ပြုံးစိစိ မေးတာကို သူက ပြုံးစိစိ ပြန်ကြည့်ရင်း ဖြေသည်။ အဲဒီတစ်ခဏ၌ သူနဲ့သူမ ပိုမိုရင်းနှီးကျွမ်းဝင်သွားသည်ဟု ယုံကြည်ပါသည်။

“သြော် ... ရှင့်အတွယ်အတာက စ,လုံးမှာပဲ ရှိလို့နေမှာပေါ့”

“ဒါတော့ ခင်ဗျား လှုကဲခတ် ညံ့သွားပြီ”

“ဘာလို့လဲ”

“ကျွန်တော့်မှာသာ ရည်းစားရှိနေရင် ခင်ဗျားနဲ့ ဒီလိုနှစ်ယောက်တည်း သွားနေပါ့မလား”

“သြော် ... သူ သိဦးမှကိုး”

“သိမှာပေါ့၊ ဖုန်းဆက်ရင် သိမှာပဲဟာ၊ ဒါပေမဲ့ ကျွန်တော့်မှာသာ ရည်းစားရှိရင် မိန်းကလေးမိတ်ဆွေတစ်ယောက်နဲ့ ကျွန်တော် ဒီလိုသွားမှာ မဟုတ်ဘူး ...

နောက် မြန်မာပြည်ကိုလည်း ပြန်စရာမလိုဘူးပေါ့”

“ရှင် ငါးနှစ်တောင် မပြန်ဘူးဆိုတော့ ရှင့်မိဘတွေက ဘာမှမပြောဘူးလား”

“ကျွန်တော့်မိဘတွေ အမျိုးတွေက စင်ကာပူကို ခဏခဏ လာတယ်လေ၊ တကယ်တော့ ကျွန်တော်က မန္တလေးသားဗျ”

“သြော် ... မန္တလေးကလား”

“ဟုတ်ပ ... အညာသားပေါ့ဗျာ”



www.burmeseclassic.com

www.burmeseclassic.com



"အင်း … အဲဒီလိုကိုး။ ရှင်မပြန်တာ ငါးနှစ်တောင် ရှိပြီ ဆိုတော့ ကမင် မပြန်တာလား၊ မအားလို့လား၊ ပြန်ချင်စိတ် မရှိတာလား"

"တမင်တကာကြီး မပြန်တာလည်း မဟုတ်ဘူး၊ မအားလို့ မပြန်တာလည်း မဟုတ်ဘူး။ ပြန်ချင်စိတ် မရှိဘူးပဲ ပြော ရမှာပေါ့။ ဒီမှာပဲ ပျော်နေတယ် ဆိုပါတော့ဗျာ …

ပြောရရင်တော့ နေရထိုင်ရတာ အဆင်ပြေတဲ့နေရာ တစ်ခုမှာ အေးဆေးနေ,နေတဲ့ သဘောပေါ့"

သူမက ဘာမှပြန်မပြောဘဲ သူ့ကို ငေးနေသည်မို့ ဆက်ပြောမိသည်။

"ကျွန်တော်က အေးအေးဆေးဆေးနေရတဲ့ ပုံစံကို ကြိုက် တယ်။ မြင်ကွင်းထဲမှာ ရှုပ်ယှက်ခတ်နေတာ ပွစာကြဲနေ တာ ဖရိုဖရဲဖြစ်နေတာတွေ မကြိုက်ဘူး၊ ကျွန်တော် ဒီကို ရောက်ခါစက စီနီယာတစ်ယောက်ကို မေးဖူးတယ်။ ခင်ဗျား တို့ဆီက ဆင်းရဲသားရပ်ကွက်ကို လိုက်ပြစမ်းပါ ဆိုတော့ ဆင်းရဲသားလည်း မရှိဘူး။ ဆင်းရဲသားရပ်ကွက်လည်း မရှိဘူး၊ အလုပ်ရှိနေရင် ဘယ်သူမှ မဆင်းရဲဘူး။ ဆင်းရဲ ရင်လည်း ဒီမှာနေလို့ မရဘူးတဲ့ …

ဟင် … ဒါဆို အရက်သမားတို့၊ ဖိုးသမားတို့၊ ဂျလေဘီတို့ ပြစမ်းပါ ဆိုတော့လည်း ဘာမှမရှိဘူး။ လမ်းပေါ် မူးရူးနေရင် CCTV ကကြည့်ပြီး ရဲကလာဖမ်း





တယ်တဲ့။ အရက်ကလည်း ဈေးကြီးတော့ ဘယ်သူမှသိပ် မသောက်နိုင်ကြဘူး၊ မူးယစ်ဆေးသုံးရင် သေဒဏ်၊ ထောင် ကျရင် ဘဝပျက်ပြီ ဒီမှာနေလို့ မရဘူးတဲ့ ဆိုလို့ ကျွန်တော် တောင် လက်ဖျားခါသွားတယ် …

ဘာကြီးလဲပေါ့ဗျာ။ အဲလိုတွေ ကျတော့လည်း တစ်ခုခုတော့ လွဲနေသလားပေါ့"

"လွဲနေတာ မဟုတ်ဘူး။ အရာအားလုံးကို စနစ်တကျဖြစ် အောင် အတင်းလုပ်ယူထားတာ။ ကျွန်မတို့ဆီမှာလည်း အတင်းလုပ်ယူတာတွေ ရှိတာပဲ။ ဒါပေမဲ့ ခေါင်းဆောင် တွေရဲ့ အရည်အချင်းကွာတော့ တိုင်းပြည်အနေအထားကွာ တယ်၊ အရမ်းကွာသွားတယ် … အဲဒါပဲ"

"ဟား ဟား … ခင်ဗျားမှာလည်း ကိုယ့်တိုင်းပြည်နဲ့ပတ် သက်တဲ့ ခံစားချက်တွေ ရှိပုံရတယ်"

"ဩော် … ဘယ်လို ပြောလိုက်ပါလိမ့် ကိုရင်ခတ်ရယ်။ စင်ကာပူကိုရောက်တဲ့ မြန်မာတိုင်း ကိုယ့်တိုင်းပြည်ကို စင်ကာပူလို ဖြစ်စေချင်လိုက်တာလို့ မတွေးမိတဲ့ မြန်မာ မရှိဘူး ထင်တာပဲ။ အနည်းဆုံးတော့ ကျွန်မတို့ ရန်ကုန် ဟာ စင်ကာပူလောက်တော့ ဖြစ်သင့်တယ် မဟုတ် လား"

"ဒါပေမဲ့ တော်ကော်နဲ့ ဖြစ်မှာ မဟုတ်တော့ ကျွန်တော် လည်း ငါးနှစ်တိုင်သွားတယ်ပေါ့ … ဟား ဟား"

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်မှန်းမသိ (အမှန်တော့သိပါသည်) ဒီည အဖို့ သူ့မှာ အရယ်အသောတွေ များနေကာ စကားတစ်ခွန်း ပြောပြီးတိုင်း ရယ်နေမိတာ အပျော်ခါတ်ခံကြောင့် ဖြစ်ပါလိမ့် မည်။ ထိုနေ့က သူ့ဘဝတွင် တကယ့်ကို မှတ်မှတ်ထင်ထင် ပျော်ရွှင်ရသော နေ့ရက်တစ်ရက် သို့မဟုတ် လှပလွန်းသော စင်ကာပူညချမ်းတစ်ခုကို ပိုင်ဆိုင်ခွင့် ရခဲ့သည်။ ကောင်းကင်ထက် က ကြွေကျလာသော ကြယ်တစ်စင်းက သူ့ရင်ဘတ်ထဲ တည့် တည့်ကျလာခဲ့သည်ဟု သူ ယုံကြည်ခဲ့ပါသည်။





## ၉

တစ်ယောက်တည်းရှိသော အချိန်တွေမတော့ မြယာ သည် ပျင်းပျင်းရှိတိုင်း တိုးရစ်တစ်ယောက်လို ရေတစ်ဘူးနှင့် ရှော့ပင်းမောလ်တွေကိုသာ ပတ်ပါသည်။ ဒီမှာက လေ့လာစရာ ကတော့ ရှေးဟောင်းအမွေအနှစ်ရယ်လို့ ဘာမှမရှိ။ ဒါပေမဲ့လည်း သူတို့နိုင်ငံရဲ့ တိုးတက်မှု အဖြာဖြာကို လေ့လာနိုင်ဖို့အတွက် မြေပုံကိုင်ကာ လျှောက်သွားသည်။ MRT တက်စီးသည်။ လမ်း လျှောက်သည်။ ဒီမှာက မိန်းကလေးတစ်ယောက်တည်း လျှောက် သွားနေလို့လည်း ဘာမှပြဿနာမရှိပါ။ ပြောင်ဖို့ နောက်ဖို့ဝေးလို့ တခုတ်တရ လိုက်ကြည့်မယ့်သူတောင် မရှိချေ။ လူတွေအားလုံး ဟာ ကိုယ့်အာရုံနဲ့ကိုယ်၊ သူတို့ဟာ သူတို့ screen များနှင့်နေရန် သာ စိတ်ရှိကြလေသည်။

နွေးထဲကတော့ မတ်ဆော့ လာသည်။ နောက်သုံးရက် နေလျှင် ပြန်လာတော့မည်တဲ့။ မြယာသည်လည်း စင်ကာပူရောက်



www.burmeseclassic.com

www.burmeseclassic.com



တာ သုံးပတ်ရှိပြီ။ ခ[illegible]ကာ ပြန်ချင်စိတ် မရှိသေးဘဲ နောက်တစ်လ Visa ထပ်ယူရင် ကောင်းမလားဟု စဉ်းစားနေခြင်း ဖြစ်ပါသည်။ ဘာကြောင့်မှန်းမသိ (အမှန်တော့ သိပါသည်) စင်ကာပူမှ မခွာလိုသေးပဲ တိုးတက်သော ခေတ်မီမြို့ပြတစ်ခုမှာ လိုက်ပါစီးမျောချင်သေးသည်လေ။ နောက်ဆန္ဒ တစ်ခု။ နောက်ဆန္ဒတစ်ခုလည်း ရှိသေးသည်။ အဲဒါကတော့ နွေး လာမှပဲ အကောင်အထည်ဖော်ချင်ပါသည်။

အဲဒီ ဆန္ဒသည် "ရင်ခတ်"တည်း ဟူသော လူသားတစ်ယောက်နှင့်လည်း သက်ဆိုင်လေသည်။ ရင်ခတ် ဆိုမှဖြင့် သူ့ကို မြယာ သတိရသွားသည်။ မြယာနှင့် ကာစီနိုမှာတွေ့ပြီး တစ်ရက်ကြာတော့ သဘောၤပေါ် ပြန်ရောက်သွားသည်။ သူ မတ်ဆေ့ပို့ထား၍ သိခြင်းဖြစ်ပါသည်။ သဘောၤပေါ်မှာ သုံးရက်လုပ်၊ သုံးရက်နားက ဝင်ငွေလည်း ဖြောင့်လုပြီး ဘဝကို လွတ်လပ်စွာ လျှောက်လှမ်းနေရသော လူငယ်တစ်ယောက်အနေဖြင့် စင်ကာပူမှာ သူပျော်နေတာ သဘာဝကျပါသည်လေ။ သူ မပြောနဲ့ မြယာတောင် ပျော်သေး၊ နေချင်သေးတာပဲ။ သီးသန့်ဆန်ကာ ကိုယ့်ဘာသာ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် စည်းကမ်းတကျ နေချင်သူများအတွက်တော့ စင်ကာပူနှင့် ကိုက်သည်ဟု ပြော၍ရသည်။

အခုလည်း အိမ်နားလေးက West Gate Shopping Mall မှာ Starbucks Coffee လာသောက်ရင်း facebook မှာ





ကော်ဖီခွက်ပုံလေး ဓာတ်ပုံရိုက်တင်လိုက်သော မြယာထံသို့ သိပ်မကြာခင်မှာပဲ ဖုန်းတစ်ကောလ် ဝင်လာသည်။ ထင်တဲ့အတိုင်း ရင်ခတ်ဆီကပဲ ဖြစ်ပါသည်။

"ဟယ်လို"

"ကျွန်တော်လည်း ကော်ဖီသောက်ချင်လိုက်တာဗျာ"

ဖုန်းထူးထူးချင်း ပြောချလိုက်သော စကားကြောင့် ရုတ်တရက် ဘာပြန်ပြောရမှန်း မသိသော မြယာမှာ ပြုံးတော့ ပြုံးမိသွားရသည်။

"အလုပ် မလုပ်ဘဲနဲ့ facebook သုံးနေတယ်ပေါ့ … ဟုတ်လား"

"အလုပ်ပါးတုန်းလေး ဘာတွေများ up date တက်နေလဲ နှိုးကြည့်တာပါဗျာ။ ကောင်မလေးတစ်ယောက် ကော်ဖီသောက်နေတာ တွေ့လိုက်လို့"

"ဟင်း … ဟင်း … သောက်ချင်ရင် လာခဲ့လေ"

"လာလို့မရမှန်းသိလို့ ခေါ်တယ် ထင်တာပဲ"

မြယာက အသံမထွက်တော့ဘဲ ပခုံးတွေလှုပ်လာသည်အထိသာ ကျိတ်ရယ်နေမိတော့သည်။ ဒီလူနှင့် စကားပြောလျှင် စိတ်တွေပေါ့ပါးရတာတော့ အမှန်ပဲ ဖြစ်ပါသည်။

"ကျွန်တော် မနက်ဖြန် သဘောၤကဆင်းမှာ။ ညနေဘက် မြယာ အားလား"

"ဟုတ် … အားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မြယာကို စင်ကာပူ(၁၉)လမ်းကို ခေါ်သွားချင်လို့ပါ"

"စင်ကာပူ ၁၉ လမ်း ! ဟုတ်လား"

"ဟုတ်တယ်။ မြယာ အကင်တွေ ကြိုက်တယ်မှုတ်လား"

"ဘယ်လိုမေးလိုက်တာလဲ။ ကြိုက်တာပေါ့"

"အင်း ... အဲဒီမှာ လိုက်ကျွေးချင်လို့၊ အရမ်းကောင်းတယ်လေ။ တစ်ခုတော့ ရှိတယ်။ အဲဒါက နေ့ခင်းဆို ကားသွားတဲ့လမ်းလေ၊ ညနေ ၆ နာရီမှ လမ်းကိုပိတ်ပြီး ဆိုင်တွေခင်းကြတာ၊ (၇)နာရီလောက် သွားမှ အတော်ပဲ ...

အပြန်နောက်ကျလည်း မြယာ စိတ်မပူဘူး မဟုတ်လား။ ကျွန်တော် ပြန်လိုက်ပို့ပေးပါ့မယ်"

"ရပါတယ်၊ ပြဿနာမရှိပါဘူး"

"အိုခေ ... ဒါဆိုရင် ကျွန်တော် မြယာကို ၆ နာရီကျော်ကျော်လောက် လာခေါ်မယ်"

"ဟုတ်ကဲ့ပါ"

"ကဲ ... ဒါဆို ကော်ဖီ ဆက်သောက်လိုက်ဦး၊ ဘိုင့် ဘိုင် မြယာ"

"ဘိုင့်"

မြယာက ကြည်နူးစွာပြုံးကာ ဖုန်းချလိုက်သည်။ ကော်ဖီကို တစ်ငုံမော့နေတုန်းမှာပဲ မြယာထံသို့ ဖုန်းထပ်ဝင်လာသည်။ ဒီတစ်ခါဖုန်းကတော့ over sea မှ မြယာက မျက်ခုံးပင့်သွားမိကာ ဖွင့်ကိုင်လိုက်သည်။





"ဟယ်လို"

"မြယာ လား"

"ရှင် ... မေ ... မေခင်"

"အမယ်လေး ... ငါ့အသံကို မှတ်မိလို့ တော်သေးတာပေါ့ မိမြယာရယ်"

"မေခင် ... မေခင် ... ဖုန်းဆက်တယ်"

"အေး ... ညည်း နေကောင်းပါတယ်နော်"

"အဟင်း ... ကောင်းပါတယ် မေခင်ရဲ့၊ မေခင်က သမီးကို အရင်မေးလို့ မေခင်ရော နေကောင်းတယ်ဟုတ်"

"အေး ... ညည်းပြန်လာရင် နားရင်းအုပ်ဖို့တော့ အားမွေးထားသပေါ့အေ"

"ဟင်း ဟင်း၊ မေခင်ကတော့ လုပ်ပြီ၊ အဲဒီအပြောလေးတွေ မကြားရတာကြာလို့ တစ်မျိုးလိုနေပါတယ် ထင်တာ"

"အပိုတွေ ပြောမနေနဲ့ မြယာ၊ ညည်း အဲဒီမှာ ဘယ်လိုနေ၊ နေလဲ"

"ရှင် ... ဘယ်လိုနေရမှာလဲ မေခင်ရဲ့။ ဒီလိုပဲ နေ၊နေတာပေါ့"

ချက်ဆို နားခွက်က မီးတောက်သော မြယာသည် မေခင် တစ်ယောက် နွေးရဲ့အဘွားဆုံးသည့်ကိစ္စ၊ နွေး ပြန်သွားသည့်ကိစ္စတို့ကို သိသွားပြီလားဟု ချက်ချင်း တွေးမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နွေးအဘွား ဆုံးသွားတယ်ဆို၊ နွေးက မပြန်ဘူးလား"

"သြော် ... ပြန်တယ်လေ မခင်ရဲ့။ နွေး နောက်သုံးရက်နေရင် ပြန်လာတော့မှာပါ"

"ဟင် ... ဒါဆို ညည်းက အဲဒီမှာ နွေးနွေးမရှိဘဲ တစ်ယောက်တည်း နေ,နေတာပေါ့"

"သြော် ... တစ်ယောက်တည်း မဟုတ်ပါဘူး။ ကိုယ့်အခန်းမှာတော့ ကိုယ်တစ်ယောက်တည်း အိပ်တာပေါ့။ ကျန်တဲ့သူတွေလည်း ရှိပါတယ်"

"ဟဲ့ ... ဒါပေမဲ့ နွေးမရှိဘဲ ညည်းတစ်ယောက်တည်းလေ။ ညည်းမှာ အရင်းအချာဆိုလို့ နွေးတစ်ယောက်ပဲ ရှိတာ မဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ နွေးရှိလည်း သူ့ရုံးပိတ်ရက်မှ သမီးကို လိုက်ပို့နိုင်တာလေ။ ကြားရက်တွေက သမီးဘာသာ အိမ်မှာနေချင်နေ မနေချင်လည်း ကိုယ့်ဘာသာ Shopping Mall တွေ သွားနေတာပါပဲ။ ဒီမှာက ညဉ့်နက်သန်းခေါင်တောင် မိန်းကလေးတစ်ယောက်တည်း သွားလို့လည်း နှောင့်ယှက်မယ့်သူ မရှိပါဘူး"

"ဟဲ့ ... ဘာပဲဖြစ်ဖြစ် တစ်ယောက်တည်း ဖြစ်နေတာတော့ ငါ စိတ်မချပါဘူး"

"နွေး ပြန်ရောက်တော့မှာပါ မေခင်ရယ်"





"နွေး ပြန်ရောက်တော့ ညည်းက ဘယ်အချိန်မှ ပြန်လာမှာလဲ"

"ဟို ... သမီး နောက်တစ်လ ဆက်နေဦးမှာပါ"

"ဘာ"

"အမယ်လေး ... လန့်လိုက်တာ မေခင်ရယ်"

"လန့်မနေနဲ့။ အမယ်လေး ... နောက်တစ်လတောင် ဘာလုပ်မှာလဲ။ ညည်း မနှံ့နိုင်သေးဘူးလား ... ဟင် ? "

"မနှံ့သေးလို့လေ။ သမီး ရောက်တုန်းလေး တခြားနေရာတွေပါ သွားနေချင်လို့ပါ။ ဟို ... မလေးရှား၊ အင်ဒိုနီးရှား ဘာလီဘက်တွေပါ သွားချင်သေးလို့"

"အမယ်လေး ... အမယ်လေး။ ညည်းက ကမ္ဘာပတ်မယ့်တိုးရစ်မ လုပ်နေတာပေါ့လေ။ တကတဲ မပြီးနိုင်တော့ဘူး"

"ရောက်တုန်းလေးမို့ တစ်လက်စတည်း စုံစုံလင်လင်လေး ရောက်ချင်လို့ပါ မေခင်ရယ်၊ နောက်တစ်လတည်းပါ ... နော်"

"အေး... ကိုယ့်စကား ကိုယ်သိနော်။ တစ်လဆိုမှ တစ်လတည်းပဲ၊ တကတဲ ခုမှ စင်ကာပူကို ကောင်းနေတော့တာပဲ"

"ဟင်း ဟင်း ... မေခင် ဘာမှာဦးမလဲဟင်။ တစ်နေ့က တောင် ထရိုင်ဇာအနွေးထည်အပါး အရောင်သစ်တွေတွေ့



www.burmeseclassic.com

www.burmeseclassic.com



လို့ မေခင့်ဆီမှာ မရှိတဲ့အရောင်လေး နှစ်ထည်တောင်ဝယ်ထားသေးတယ် ...

ကိုသန့်ဇင် ပြန်ရင် ထည့်ပေးလိုက်မယ်လေနော်"

"သဘောပဲအေး၊ ကဲ ... ကဲ ... ဒါပဲ၊ ကိုယ့်ကိုယ်ကိုယ်လည်း ဂရုစိုက်နေကြ"

"ဟုတ်ကဲ့ပါ မေခင်ရဲ့။ စိတ်ချပါ မေခင်လည်း ကျန်းမာရေးဂရုစိုက်နော်"

"တော်စမ်းပါအေ ... ညည်းဖြင့် ငါ့အနားမှာ မနေချင်ဘဲနဲ့ အဝေးကနေလှမ်းပြီး စိတ်ပူပြမနေစမ်းပါနဲ့"

"ဩော် ... သမီးက ခဏပါ မေခင်ရယ်၊ ပြီးတော့ မေခင့်အနားမှာ အန်တီနီ တစ်ယောက်လုံး ရှိနေလို့ စိတ်ချလက်ချနေ,နေတာပါ"

"အေးပါ ... ညည်း ခဏဆိုတာ နားလည်ပါတယ်၊ လွတ်လပ်တုန်း ပျိုတုန်း အပြည့်ခံစားပေါ့ မြယာရယ်။ နောက်ကျရင် ဒီလို အပျိုဘဝနဲ့ လွတ်လွတ်လပ်လပ် ဘယ်သွားရတော့မလဲ။ မေခင်က အပြည့်အဝ နားလည်ပေးရမှာပေါ့အေ ...

ကဲ ... ကဲ ... အဝသာ ပျော်ခဲ့ပါ။ ပိုက်ဆံလိုရင်လည်း ထပ်မှာ။ ဟုတ်ပြီလား ... ဒါပဲ ... ဒါပဲ။ မေခင်ဖုန်းချလိုက်ပြီနော်"





မေခင့်ထံမှ အသံပြတ်သွားသည့်တိုင် ဖုန်းချသွားသည့်တိုင် ဘာမှပြန်မပြောနိုင်ဘဲ ပါးစပ်အဟောင်းသားပွင့်ကာ ကျန်ရစ်ခဲ့သူမှာ မြယာပါ။ မြယာ တစ်ကိုယ်လုံးကို အဆုံးမဲ့သောဝဲဂယက်ထဲကို စုပ်ယူဆွဲခေါ် မွှေ့ယမ်းပြီး ဆွဲချခေါ်ခံခြင်း ခံလိုက်ရသလို နှစ်ဝင်အားပြတ်သွားရသည်။ ဖြစ်နိုင်လျှင် အငွေ့ပျံပျောက်ဆုံးချင်လေသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

## ၁၀

("ဒီရင်မှာ မခံနိုင် xxx စိတ်တွေက မနိုင်တနိုင် xxx သူ လာမယ့် ဒီလမ်း xxx ငေးမောပြီးထိုင် xxx မျှော်ကာမှိုင်xxx မထနိုင် xxx မနားနိုင်")

သူ့ကားထဲမှ ထွက်ပေါ်နေသော သီချင်းက စိုင်းစိုင်းခမ်းလှိုင်နဲ့ Rap က ကောင်းမြတ်တို့ ဆိုထားသော လွန်ခဲ့သည့် ဆယ်နှစ်ကျော်က သီချင်းပေမယ့် ခုချိန်ထိ နားထောင်ကောင်းဆဲ၊ ခေတ်မီသစ်လွင်ဆဲပါပေ။ မြယာ နေထိုင်သည့် Ivory High Condo ဝင်းထဲမှာ ကားရပ်ထားပြီး မြယာ လာမည့်လမ်းကို ငေးမျှော်ရသည့် ဖီလင်ကို ဘယ်လိုကြိုက်မှန်း မသိပါ။

စောင့်ရင်း စောင့်ရင်း ခါတိုင်းဆို သူ ဖုန်းဆက်လိုက်တာနှင့် ငါးမိနစ်အတွင်း သူ့မြင်ကွင်းထဲ ပေါ်လာသော မြယာဟာ ခုတော့ ပေါ်မလာသေး။ သူ လှုပ်လှုပ်ရွရွနှင့် ခတ်လှေကားနားထိ သွားစောင့်ရမလား စဉ်းစားမိကာ ကားပေါ်မှ





တံခါးဖွင့်ကာ ဆင်းလိုက်သည်။ ဟုတ်တယ်လေ၊ မြယာကမေးတော့လည်း ညောင်းလို့ လမ်းဆင်းလျှောက်တယ်ပေါ့ နော်။ ကိုယ့်အတွေးနဲ့ကိုယ် သူက မြယာ လာမယ့်လမ်းဘက် မျက်နှာမူလျက် ခပ်ဖြည်းဖြည်း လျှောက်လာခဲ့သည်။

လျှောက်လာရင်းမှ သူ့နောက်က တစ်စုံတစ်ယောက် ရောက်နေသလို ခံစားရ၍သော်လည်းကောင်း၊ မွှေးရနံ့ချိုချိုတစ်ခုကို ရ၍သော်လည်းကောင်း သူက စိတ်ထဲမှာ စနိုးစနောင့်နှင့် နောက်နားမကျတကျသို့ လှမ်းကြည့်လိုက်လျှင် ဝင်းဝါစိုပြည်နေသော ခြေထောက်တစ်စုံကို မြင်သည်။ ခြေမနှင့် ကျန်ခြေချောင်းလေးများကြားမှာ ငွေရောင်ပန်းပွင့်လေးတစ်ပွင့် ညှပ်ပန်ထားသလို ပန်ရဲသော အဲဒီဖိနပ်ဒီဇိုင်းဟာ ...

"ဟာ ... မြယာ"

"ဟင်း ... ဟင်း ... စောင့်ရတာကြာလို့ လမ်းလျှောက်နေတာလား"

သူ သေချာလှည့်ကြည့်တဲ့ အခိုက်မှာ သူမက လုံးဝမထင်စွာဖြင့် သူ့နောက်သို့ ရောက်နေတာပါ။ နှလုံးသားပေါ်သို့ ပန်းတစ်ပွင့် ပြုတ်ကျလာသလို ခံစားချက်မျိုးဖြင့် သူမမျက်နှာကို လှမ်းမော့စွာ ကြည့်မိသည်။ အမြဲတမ်း အထက်တန်းကျ လှပသော ဖက်ရှင်တွေကိုသာ ဝတ်တတ်သူ သူမသည် အခုလည်း လိမ္မော်နုရောင် ကုတ်အတို တံတောင်ဆစ်နားထိရှည်သော အင်္ကျီလက်ဖြင့် အထဲက အင်္ကျီက အစိမ်းရောင်၊ ဒီတစ်ခါ အပြင်



www.burmeseclassic.com

www.burmeseclassic.com



ဆန်းစွာ စကတ်ဂါဝန်မဟုတ်တော့တာတောင် ပေါင်လယ်ခန့်ရှိမည့် တက်တင်းဇာကွက် ဘောင်းဘီအဖြူဖြင့် တွေ့လိုက်ရလျှင် တကယ့်ကို Royal Princess တစ်ယောက်လိုပါ။

"သြော် ... ဘယ်က ရောက်လာတာလဲ"

"ဟိုဘက်က ပတ်လာတာပါ"

"အဟင်း ... သွားကြမယ်လေ"

သူက ဒီတစ်ခါတော့ အပြင်ရောက်နေသည်မို့ ကားတံခါးကို ဖွင့်ပေးလိုက်သည်။ သူမက သိုင်းခရူးဟု တိုးတိုးဆိုရင်း ကားပေါ်တက်သည်။ ကားကို Ivory High ထဲမှ အသာအယာ မောင်းထွက်လာရင်း သူမကပဲ စကားစဆိုလာသည်။

"ကျွန်မသူငယ်ချင်း ဗုဒ္ဓဟူးနေ့ ပြန်ရောက်မယ်၊ တနင်္ဂနွေမှာ ရှင် အားမလား"

"ဆန်းဒေး ! အားပါတယ်။ ဘာလုပ်ချင်လို့လဲ"

"သြော် ... ကျွန်မ ရှင့်ကို ထမင်းဖိတ်ကျွေးချင်လို့ပါ"

"ဟာ ... ရပါတယ်။ ကျွန်တော်က ကျွေးရမှာ၊ ကျွန်တော်က အိမ်ရှင်ပဲဗျာ"

"မဟုတ်ပါဘူး။ ကျွန်မ ကိုယ်တိုင်ချက်ပြီး ရှင်နဲ့ဝေးနေတဲ့ မြန်မာထမင်းဟင်းကို ကျွေးမှာပါ"

"ဟင် ! တကယ်လား"

အာမေဋိတ်သံကြီး "ဟင်"ခနဲ ထွက်ပြီး တကယ်လားဟူသော အာလုပ်သံကြီး ထွက်လာသော သူ့ကို သူမ ရယ်





ချင်စိတ်ကို ထိန်းချုပ်ထားရသော မချိုမချဉ် မျက်နှာမျိုးဖြင့် လှည့်ကြည့်ပုံလေးက ရင်ခွင်တစ်ခုလုံးထဲ မွှေနှောက်နိုင်စွမ်းသော ဗီလင်အသစ်တစ်မျိုးပါ။ အင်း ... သေချာသလောက် ရှိနေပါပြီလေ။

"ဟင်း ... ဟက် ဟက်၊ ကျွန်တော့်ပုံစံက သိပ်အငမ်းမရဖြစ်သွားလား မသိဘူး"

"အဲလို မဟုတ်ပါဘူး။ ကျွန်မ ဟင်းချက်မယ်ဆိုလို့ ရှင် အံ့သြသွားတာနေမှာပါ"

"ဟဲ ... ဟုတ်တယ်၊ ခင်ဗျား ဟင်းချက်တတ်တယ်လား"

သူ့ကို ကြည့်လာသော သူမရဲ့ အကြည့်ပုံစံက အသည်းထဲကို အေးခနဲ ဖြစ်သွားစေသည်။ မသိနိုးနားစွာ မေးလိုက်သော လူကလေးတစ်ယောက်ကို လူကြီးတစ်ယောက်က ဆရာမတစ်ယောက်က စာနာနားလည်ပေးသလို ခွင့်လွှတ်ပေးသလို အပြုံးမျိုး ခေါ်မလား။ နောက်မှ တွေ့ဦးမယ်ဟု လျှို့ဝှက်အပြုံးနှင့် အကြည့်ခေါ်မလား၊ သူကိုယ်တိုင် သရုပ်မခွဲနိုင်ပါချေ။

"ရှင် စားချင်တာ တစ်ခုခုများ ရှိလား။ ဥပမာ တချို့ဆို အံရမ်းနှစ်သက်တဲ့ အစားအသောက်မျိုး တောင့်တနေတာ ရှိတယ်လေ"

"ကျွန်တော်လား တောင့်တနေတာတော့ အများကြီးပေါ့ဗျာ။ မန္တလေးသားဆိုတော့ မန္တလေးက အစားအသောက်တွေကို ပိုတမ်းတတာပေါ့။ မန္တလေးက အစားအသောက်



www.burmeseclassic.com

www.burmeseclassic.com



အရမ်းကောင်းတယ်လေ။ ပြီးတော့ မန္တလေးက လူတွေက အစားအသောက် ကောင်းကောင်းကြိုက်တယ် ...

မန္တလေးကြာဆံချက်၊မန္တလေးနန်းကြီးသုပ်၊မန္တလေးမြီးရှည်၊ မန္တလေးထမင်းပေါင်း၊ အို ... အကုန်ကြိုက်တယ်ဗျာ၊ နိုတောင်မုန့်တီက စလို့"

"ဟင်း ... ဟင်း ... အိုခေလေ၊ ကျွန်မ လုပ်နိုင်ပါတယ်"

"ဟုတ်လား ... ခင်ဗျားက အချက်အပြုတ် ဝါသနာပါလား"

"အင်း ... ဆိုပါတော့"

သူက ခပ်ပျော်ပျော်ပဲ ပခုံးတွန့်ပြမိသည်။ မြယာကို သူ ခေါ်လာသော နေရာအကြောင်း ပြောပြဖို့ လိုမည်ဟု ယူဆရသဖြင့် စကားပြန်စလိုက်သည်။

"အခုသွားနေတဲ့ နေရာကို လောင်ဘာဆပ်လို့ ခေါ်တယ် မြယာ။ ဖော်ရိန်နာတွေ အလာများတယ်။ ဘာမှတော့ မဟုတ်ပါဘူး။ ဒီလိုပဲ အကင်တွေ၊ ဘီယာတွေနဲ့ (၁၉)လမ်းလို လမ်းဘေးမှာ ခုံတွေ စားပွဲတွေချပြီး ရောင်းတာပေါ့ ...

ကျွန်တော်တို့ကတော့ စင်ကာပူ(၁၉)လမ်းလို့ ခေါ်တယ်၊ အဲဒီမှာ သွားထိုင်ရတာလည်း ကြိုက်တယ်၊ လွတ်လပ်တယ်ပေါ့ဗျာ"

"အင်း ... စင်ကာပူမှာက များသောအားဖြင့် အချေတွေပဲ များတာဆိုတော့ ဒီလိုနေရာလေးတွေကို ကြိုက်ကြမှာပေါ့"





"ဘာလဲ ... အချေ !"

သူ့စကားကို သူမက ဟက်ခနဲ ရယ်မောကာ ...

"အင်းပေါ့ ... ရှင်က ဒီမှာနေတာ ကြာသွားပြီဆိုတော့ ခေတ်ပေါ်ဗန်းစကားတွေ ဘယ်သိတော့မလဲ။ အချေဆိုတာ ဘယ်လိုပြောရမလဲ ခမ်းနားတဲ့သဘော၊ လူတစ်ယောက်ကို ဆိုရင်လည်း သူက အချေလေလို့ သုံးစွဲရင် ကြီးကျယ်တဲ့သဘော၊ မြင့်မားတဲ့သဘောကို ဆောင်တယ် ...

များသောအားဖြင့် ကြီးကြီးကျယ်ကျယ် လူတွေကို သုံးကြတာ",

"ဪ ... like that"

"အကင်တွေ ဘီယာတွေက စ,လုံးတွေ ရောင်းကြတာလား"

"နိုး ... မဟုတ်ဘူး မြဟာ။ အံ့ခုစားမယ့် အကင်က'အ' တွေ ရောင်းတာ"

"ဘာလဲ **အ**,တွေဆိုတာ"

"ဪ 'အ'ဆိုတာ အင်ဒိုနီးရှားတွေကို ပြောတာ။ စင်ကာပူရီးယန်းတွေကို စလုံးလို့ခေါ်သလိုပေါ့။ စင်ကာပူက လူမျိုးပေါင်းစုံ လာနေကြတာလေ၊ တူရာ တူရာလေးတွေ စုနေကြတဲ့ သဘောမှာရှိတယ်။ အခု ကျွန်တော်တို့ မြန်မာတွေ ပင်နီဆူလာမှာ စုသလိုပေါ့။ ယပလက်တွေက Golden Mile ၊ ဖားတွေက Lucky Plaza ၊ 'အ'တွေက Central Plaza ၊ ကုလားတွေက Mustafa ၊ အဲဒီမှာဆို



www.burmeseclassic.com

www.burmeseclassic.com



"ဒံပေါက်တို့ ဘာတို့အိန္ဒိယ အစားအသောက်တွေ လွှတ်ကောင်းဗျာ။ ဆာရီစတွေ ဘာတွေ စိတ်ဝင်စားရင် အဲဒီမှာ ရှိတယ်"

"အဟင်း ... တကယ့် ဂိုက်ဒ် တစ်ယောက်လိုပဲ"

"မန္တလေးက လူတွေလာတိုင်း ကျွန်တော်ပဲ အကုန်လိုက်ပို့နေရတာ။ အမျိုးထဲက မိန်းမကြီးကြီးတွေဆို ပါတိတ်တွေ၊ ဆာရီစတွေ လိုချင်တာလေ"

သူမက ဟုတ်ပါပြီ ဟူသော အပြုံးဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ပြသည်။ ဒီလိုနှင့် သူမကို တည်ခင်းဧည့်ခံမည့် စင်ကာပူ(၁၉)လမ်းသို့ ရောက်လာသည်။ မသိလျှင် မြန်မာပြည်သို့ ပြန်ရောက်သွားသလို မြင်ကွင်းမျိုးကြောင့် သူမ သဘောကျသွားဟန် တူပါသည်။ ဒီမှာက ဘီယာနှင့် အကင်ကိုသာ အဓိက လာရောက်စားသောက်ကြသော်လည်း သူမကို အားနာသောအားဖြင့် ဘီယာ မမှာသေးဘဲ မေးရသေးသည်။

"မြယာ ... ဘီယာသောက်တတ်လား"

"ရှင် ... မသောက်တတ်ပါဘူး"

"ဩော် ... ဒါဆို အအေးပဲ မှာမယ်နော်"

"ဟုတ် ... ဒါနဲ့ ရှင် ဘီယာသောက်ချင်ရင် သောက်နော်။ ကျွန်မကို အားမနာနဲ့"

"မြယာ မသောက်ဘဲနဲ့တော့ တစ်ယောက်တည်း မသောက်ချင်ပါဘူး၊ ပျင်းစရာကြီး"





"ချို (သူမက နှာခေါင်းထဲမှ လေထွက်ရုံ ချိုခနဲ ရယ်ကာ) ရှင် မပျင်းအောင်ပဲ ကျွန်မက သောက်ပေးရမလို ဖြစ်နေပြီ၊ ကျွန်မက အရက်တို့၊ ဘီယာတို့ မသောက်တတ်တာထက် ကြိုက်ကိုမကြိုက်တာပါ၊ မကြိုက်လို့ မသောက်တာ"

"အင်း ... ကျွန်တော်လည်း ဘီယာ သိပ်မကြိုက်ပါဘူး"

ဒါဖြင့် အရက်တော့ ကြိုက်တယ်ပေါ့ ဟူသော အဓိပ္ပာယ်ပါဝင်သည့် မျက်လုံးများဖြင့် သူမက လှမ်းလို့ကြည့်လျှင် အဲဒီလိုမျက်လုံးနှင့် စကားပြောတတ်သော အမျိုးသမီးတစ်ယောက်ကို တော်တော်ပဲ နိုက်သွားရသည်။

"ယောက်ျားလေးဆိုတော့ အရက်တော့ ကြိုက်တာပေါ့။ အရက်ကောင်းကောင်း ကြိုက်တယ်။ ကဲ ... မြယာ စား၊ ဒီက အကင်က အရမ်းကောင်းတယ်၊ အချဉ်က အင်ဒိုစတိုင်လ် အချဉ်ပေါ့"

သူမက သခွားသီးစိတ်လေးနှင့်အတူ မြေပဲနှစ်အချဉ်ကို တို့စားကာ ကောင်းတယ် ဟူသော သဘောဖြင့် ခေါင်းတဆတ်ဆတ် ညိတ်သည်။ ရာသီဥတု သာယာပုံရသော သူမအခြေအနေကိုကြည့်ကာ သူသိချင်သော မေးခွန်းတစ်ခုကို အစဦးလိုက်ပါသည်။

"မြယာ အကြောင်း နည်းနည်းစပ်စုလို့ ရမလား"

"အင်း ... မေးကြည့်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အထွေအထူး မဟုတ်ပါဘူး။ မြယာ အရွယ်က ပုံမှန်ဆို အလုပ်လုပ်ကြတဲ့ လုပ်ငန်းခွင်ထဲက အရွယ်ပေါ့။ ဒီမှာ အေးအေးဆေးဆေး လာနေပုံထောက် ရုံးအလုပ်တွေဘာတွေ လုပ်တာမဟုတ်ဘဲ ကိုယ်ပိုင်အလုပ် လုပ်တယ်လို့ ထင်မိတယ်။ ဟုတ်လားလို့ပါ"

"အဟင်း ... အဲလို ပြောလည်း ရပါတယ်"

သူမက ဆံပင်ကို တစ်ချက် သပ်တင်လိုက်ရင်း အကင်တစ်ချောင်းကိုယူကာ အချဉ်နှင့်တို့ရင်း ၊တစ်စုံတစ်ခုကို စဉ်းစားနေပုံရသည်။ သူ သတိထားမိသလောက် မြယာဟာ သူမအကြောင်းတွေ သိပ်များများစားစား ပြောပြဖို့ စိတ်ကူးရှိပုံ မပေါ်ပါ။ ဒါဟာ မရင်းနှီးသေးလို့လား ဆိုတော့လည်း အဲဒီလိုမျိုး မဟုတ်မှန်း သူ သိနေသည်။ သူ့အပေါ် ခင်မင်ရင်းနှီး ယုံကြည်မှု ရှိလာမှန်းလည်း သူ သတိထားမိသည်။ ဒါပေမဲ့ မြဟာဟာ သူမ ကိုယ်သူမ ဖွက်ထားလွန်းသည်ဟု သူ ထင်မြင်ယူဆမိလျှင် မှားမည်မထင်ပါ။ သူ တွေးနေတာကိုပဲ သူမက ရိပ်မိလို့လား မပြောတတ်။ စကားပြန်စလာသည်။

"ကျွန်မ ကြီးကြီးက စိန်တို့၊ ပန်းထိမ်တို့ လုပ်တယ်။ မိုလ်ချုပ်ဈေးထဲက ရတနာဆိုင်တွေဆို ကြီးကြီး ပန်းတိမ်ဖို မှာ အများဆုံး အပ်ကြတာပေါ့။ ကျွန်မလည်း ကျောက်မျက်သင်တန်းဆင်း တစ်ယောက်ပါ၊ ကြီးကြီးဆီကလည်း မိရိုးဖလာနည်း သင်ထားတာ ရှိသလို Cerificate လည်း ယူထားတဲ့ သဘောပါပဲ ..."





ပြီးတော့ တလောကမှ ဒီမလာသေးခင် MBA ပူပူနွေးနွေး ရထားသေးတယ်။ အလုပ်အတွက် လိုအပ်မယ်ထင်လို့ တက်ခဲ့တာပါ"

"ဩော် ... ဒါဆို ခင်ဗျားက အိမ်အလုပ် ကိုယ်ပိုင်အလုပ် လုပ်တာပေါ့"

"ဟုတ်ပါတယ်"

"အင်း ... ကိုယ်ပိုင်အလုပ်လုပ်တဲ့ သူတွေက ဒီလိုနေရာမှာတော့ တပန်းသာတာပဲနော်။ ကိုယ် သွားချင်တဲ့ခရီးသွား၊ အေးအေးဆေးဆေး နေလို့ရတယ်"

သူ့စကားကို သူမက ထောက်ခံသည်လည်းမဟုတ်၊ ငြင်းပယ်သည်လည်း မဟုတ်ဘဲ ခပ်ပြုံးပြုံးသာ ရှိနေပုံမှာ အသည်းယားဖွယ် ကောင်းလှသည်ဟု ထင်မိသည်။ တစ်စုံတစ်ရာကို ချုပ်တီးထားရသည်ဟု ထင်မိသော မြယာရဲ့ပုံစံကို ကြည့်ကာ သူ့မှာလည်း အစိပ္ပာယ်ဖော်မဆုံးတော့ချေ။ မြယာရဲ့သူငယ်ချင်းဆိုသူနှင့် သူ တကယ်တွေ့ချင်မိသည်။ ထိုတစ်ယောက်ထံမှ မြယာအကြောင်းတွေ သူ ထပ်သိခွင့်ရဦးမည်ဟု မျှော်လင့်ပါသည်။ ဒါကြောင့် သူက မြယာရဲ့ အရိပ်အကဲကိုကြည့်ကာ ဆက်မမေးတော့ချေ။ အကင် စားရင်း၊ အအေးသောက်ရင်းမှ စင်ကာပူနှင့် ရန်ကုန် ခြားနားချက်များ၊ ယနေ့ မြန်မာပြည်၏အခြေအနေ၊ စင်ကာပူရောက် ရွှေတို့၏အခြေအနေ၊ ရန်းကန်လှုပ်ရှားရမှုများ စသဖြင့် သူမ စိတ်ဝင်စားမည်ဟု ထင်သော အကြောင်းအရာများကို စကားလမ်းကြောင်း ပြောင်းပြောဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခြားအရာတွေကို ပြောစဉ်မှာ စိတ်ဝင်တစား တက်ကြွရိပ်များ မျက်လုံးတွေ အရောင်တောက်ပလာသော မြယာကို မသိမသာ ခိုးငေးရင်း သူ့ရင်ထဲမှာလည်း တစ်စုံတစ်ရာက တင်းကျပ်စွာ ချည်နှောင်လာခဲ့ပြီ ဆိုတာလည်း ကိုယ့်ဘာသာ ရိပ်စားမိလာသည်။ ကျက်သရေရှိသော အဆင်းသဏ္ဌာန်ဖြင့် ပြည့်စုံလှသော အနီမိန်းမပျိုကို ချစ်ခင်တွယ်တာမိဖို့ ဖန်လာသော ကံအကြောင်းတရားကို ကျေးဇူးတင်မိသည်။ ဆုံဆွေ့ခြင်းအတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရသည်ဆိုလျှင် အဘယ်လွန်အံ့ ရှိမည်နည်း။

❦ ○ ❦





❦ ၁၁ ❦

"မြယာ ရေသွားချိုးတော့လေ၊ အဲဒီ ဟင်းအိုး ငါကြည့်ထားလိုက်ပါ့မယ်၊ ဂေါ်ရခါးသီးစိမ်းအသုပ်က စားခါနီးမှ သုပ်မှာမလား"

"အင်း ... ရပါတယ်၊ ပြီးမှပဲ ချိုးလိုက်တော့မယ်"

"ဟယ် ... သွားချိုးစမ်းပါ။ ဟိုက စောစောရောက်လာမှ မလှမပ ဖြစ်နေဦးမယ်။ ချက်ချင်းလည်း မချိုးသေးနဲ့ဦး။ ရေတစ်ခွက်သောက်ပြီး ငါးမိနစ်လောက်စောင့်ဦး"

မြယာက တစ်ချက်ပြုံးကာ ခေါင်းညိတ်ပြပြီးနောက် တမင်းစားပွဲမှာ သွားထိုင်ရင်း ရေကရားထဲမှ ရေတစ်ခွင်ငှဲ့သောက်လိုက်သည်။ နွေးက ဝက်သားနဲ့ မှျစ်ချဉ်အိုးကို တစ်ချက်မွှေကြည့်ရင်းမှ မြယာဘက်သို့ ပြန်လှည့်လာကာ ပြုံးစိစိကြည့်ရင်း ...

"ဟဲ့ ... နင့်လူတွေတော့ ဒီဟင်းကောင်းတွေစားပြီး မောင်ကျန်တတို့ ဖြစ်တော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... ငါ့လူတွေ မဟုတ်ပါဘူး။ နင်ကလည်း"

"အေး ... မှားတွားလို့။ ဆောဒီး ... နင့်လူက တစ်ယောက်တည်း။ ဟိုဟာက သူ့သူငယ်ချင်းပဲ မဆိုင်ဘူး ... ဆောဒီး ... ဆောဒီး"

ရုပ်ပြောင်လုပ်ပြီး ပြောနေသော နွေးကို မြယာက မျက်စောင်းကဲကြည့်မိသည်။ ဒီနေ့ ရင်ခတ်နဲ့ သူ့သူငယ်ချင်း သီဟကိုပါ နေ့လယ်စာ ထမင်းစားဖိတ်ထားတာ ဖြစ်ပါသည်။ နွေးလည်းရှိသော၊ အားလုံးဆုံနိုင်သည့် Sunday ကို ရွေးချယ်ထားတာပါ။ နွေးကိုလည်း ရင်ခတ်နှင့် တွေ့ခဲ့ရသည့်ပုံစံ၊ ခင်မင်ခဲ့ရသည့်အကြောင်း၊ သွားလာခဲ့ဖူးသော နေရာများ ပြောဖြစ်သော စကားအဝဝတို့ကို အားလုံးမခြွင်းမချန် ပြောပြထားသည်လေ။ တစ်ခုခုဆိုလျှင် ချက်ချင်းလျှင်မြန်သော ကမ္ဘာကြီးမှာ ရင်ခတ်ရဲ့ ဓာတ်ပုံကိုတောင် facebook မှတစ်ဆင့် နွေးက ကြည့်ပြီး မြင်ပြီး ပြီတည်း။

"နာမည်က ရင်ခတ်သတိုး၊ လူက မန္တလေးသား ညိုစိမ့်လေး၊ နေတော့ စင်ကာပူ Orchard ၊ လုပ်တဲ့အလုပ်က ဘဏ်ကာမန်း၊ ရတဲ့လစာက ဝိုင်းစုခိုင်သိန်း ...

အဲ ... လစာလို့ မပြောရဘူး။ income လို့ပြောရမယ်၊ ဟဲ ဟဲ"

"ဘာလဲ ... income က ဝိုင်းစုခိုင်သိန်း ဆိုတာ"





"ဟင် ... နင်က ရန်ကုန်နေပြီး ငါ့ပြန်မေးနေပြန်ပြီ။ income က မက်လောက်စရာလို့ ဆိုလိုချင်တာလေ"

"အင်း ... အဲဒီတော့"

"ဩော် ... မြယာနန္ဒာတည်းဟူသော မိန်းမလှတစ်ယောက်အတွက် နဖူးစာရွာလည်ချိန်များ ဖြစ်နေမလားလို့ပါ"

"ဟယ် ... တော်စမ်းပါဟယ်။ ဟိုက ကြားသွားရင် ရှက်စရာ။ သူနဲ့ ငါက ရိုးရိုးသားသား ခင်မင်ပတ်သက်တာပါနွေးရယ်"

"မြသာရယ်၊ နင့်ဘက်က ရိုးရိုးသားသားပေမယ့် ဟိုတစ်ယောက်က နင့်ကို ဒီလောက် ဂရုတစိုက် ရှိနေတာ သူ့မှာ နင့်အတွက် ခံစားမှုတစ်ခုခုတော့ ရှိနေပုံပဲ၊ ဒါက နင့်အပြောတွေနဲ့ပဲ ငါ့ရဲ့ Pre comment ပါ၊ ခဏနေ သူ့ကို ငါကိုယ်တိုင် အကဲခတ်ပြီးရင်တော့ confirm လုပ်နိုင်မယ်ထင်တယ်"

မြယာက ဘာမှမပြောတော့ဘူး ပုံစံဖြင့် ပခုံးတွန့်ပြကာ ရေချိုးဖို့ ထလာခဲ့သည်။ ဟင်းချက်ထားသဖြင့် ဆံပင်တောင် နံနေမှာပဲ အတွေးရှိကာ ခေါင်းပါ လျှော်ပစ်လိုက်သည်။ ရေချိုး ခေါင်းလျှော်ပြီးသောအခါ မိတ်ကပ်မလိမ်း၊ အလှမပြင်တော့ဘဲ နို့ရည်လိမ်းပြီး Two Way Cake သာ တို့ပြီး နှုတ်ခမ်းနီအသားရောင်လေး ဆိုးလိုက်လျှင် မြယာရဲ့ ပြင်ဆင်မှုက ပြီး



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ။ အိမ်နေရင်း ဖြစ်သော်လည်း ကိုယ့်အိမ်ကို ဧည့်သည်လာမှာမို့ Cotton On က နက်ပြာခံပေါ်တွင် ပန်းရောင်အပွင့်ကျဲလေးများ ပါဝင်သော ချည်သားဂါဝန်တိုလေးကို ဝတ်ဆင်လိုက်သည်။ ရေချိုးခေါင်းလျှော်ပြီးစ မွှေးမြအေးဆေးသော အနေအထားဖြင့် မြယာ ပြန်ထွက်လာပြီး သိပ်မကြာခင်မှာပဲ ဘဲလ်တီးသံကြားရသည်။ နွေးက မျက်စပစ်ပြလိုက်လျှင် မြယာက တံခါးသွားဖွင့်လိုက်သည်။ ထင်တဲ့အတိုင်း သူ ပါပဲ။

"Hi"

သူက လက်ချောင်းလေးများကို လှုတ်ခတ်ကာ ခပ်လန်းလန်းလေး နှုတ်ဆက်သည်။ ခရမ်းရင့်ရောင် Tommy စပို့ရှပ်နှင့် ဂျင်းမှိုတက်အနက်ရောင်ဘောင်းဘီကို ဝတ်ဆင်ထားသူမှာ ခါတိုင်းတွေ့နေကြထက် ပိုရှင်သန်နေသည်ဟု ထင်ရပါသည်။

"ကြွပါရှင်"

သီဟ ဆိုသောတစ်ယောက်က မြယာကို ပြုံးကာ နှုတ်ဆက်သည်။ သူတို့ကို ဆိုဖာမှာထိုင်ဖို့ ညွှန်ပြပြီး နွေးနှင့်မိတ်ဆက်ပေးဖို့ ပြင်စဉ်မှာပဲ သူတို့က ယူလာသော အထုပ်များကို စားပွဲပေါ်ချသည်။ Fair Price အိတ်တွေနှင့် သစ်သီးများ အစုံအလင်ပါပေ။

"ကောင်းမယ်ထင်တဲ့ အသီးတွေ အကုန်ဝယ်လာတယ်ဗျ။ ဟီး ... ဂရုတ်သီးက လွဲလို့ပေါ့"





သီဟဆိုသူက သွက်သွက်လက်လက် ဝင်ပြောသည်။ မြယာကို ငေးကြည့်နေသော ရင်ခတ်ရဲ့မျက်ဝန်းများကို မသိချင်ယောင် ဆောင်ထားရင်းမှ ...

"အို ... ဘာလို့ ဝယ်လာတာလဲ၊ အိမ်မှာ အချိုတည်းဖို့ အသီးတွေ ဝယ်ထားပါတယ်။ အားနာစရာ"

"အားမနာနဲ့။ မြယာငို့ ဝယ်ထားတဲ့ အသီးတွေ ကျွန်တော်တို့ကစားမယ်။ ကျွန်တော်တို့ ဝယ်လာတာတွေ မြယာတို့က စားပေါ့ ... ဟင်း ဟင်း"

"ဟုတ်ပါပြီ၊ မိတ်ဆက်ပေးဦးမယ်၊ ဒါ ကျွန်မ ပြောပြောနေတဲ့ ကျွန်မသူငယ်ချင်း နွေးထွေးနွေး ဆိုတာပေါ့ ... နွေး ... ဒါကတော့ ရင်ခတ်၊ ဒါကတော့ သီဟတဲ့"

ဆိုဖာနောက်မှာ လုပ်စွာ မှီနွဲ့ရပ်နေသော နွေးက သူတို့နှစ်ယောက်လုံးကို ဟက်ဟက်ပက်ပက် ပြုံးရယ်နှုတ်ဆက်ပါသည်။

"အားလုံးပဲ တွေ့ရတာ ဝမ်းသာပါတယ်ရှင်။ ကိုရင်ခတ်က ကျွန်မ မရှိတုန်း ကျွန်မသူငယ်ချင်းကို အများကြီး ကူညီခဲ့တယ်လို့ သိရပါတယ်။ ဘာပဲဖြစ်ဖြစ် မြယာလည်း ရောက်သင့်တဲ့နေရာတွေ ရောက်ဖူးသွားတာပေါ့။ Thank you ပါရှင်"

"အပက် ... ရပါတယ်ဗျာ၊ တစ်နိုင်ငံတည်းသားချင်းတွေ တိုက်တိုက်ဆိုင်ဆိုင် လာဆုံတော့လည်း ဝမ်းသာအားရ ကူညီချင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ တကယ်ကို ရိုးရိုးပြောလိုက်သော စကားမှန်း မြယာက ယုံကြည်သော်လည်း နွေးက မြယာကို အထာနှင့်လှမ်း ကြည့်သည်။ မြယာက နွေး အကြည့်ကို မသိကျိုးကျွန်ပြုကာ...

"ခဏထိုင်ကြဦးနော်။ ကျွန်မ အသုပ်တစ်မျိုးသုပ်ဖို့ ကျန်နေသေးလို့၊ သူက စားခါနီးသုပ်မှ ကောင်းတာလေ"

"သြော် ... လုပ်ပါ၊ မြယာ အများကြီး စီစဉ်ထားလား မသိဘူး၊ ကျွန်တော်တို့က ဗမာထမင်းဟင်း ဝေးနေကြသူ တွေဆိုတော့ ဟင်းတစ်မျိုးလောက် စားရရင်ကို တော်တော် ကံကောင်းနေပါပြီ"

"ဘယ်ကလာ မြယာက အများကြီး ချက်ထားတာ၊ ရှင်တို့တော့ အစာကြေဆေးဆောင်မှရမယ်"

နွေးက ဧည့်သည်တွေကို စကားပြောပေးနေတုန်း မှာပဲ မြယာက Kitchen ထဲ ဝင်လာကာ ဂေါ်ရခါးသီးအစိမ်းသုပ် သုပ်ဖို့ ပြင်ဆင်သည်။ ပြင်ဆင်သည် ဆိုရာမှာလည်း နယ်ဖို့သာ ကျန်တော့သည့် အဆင့်လို ဖြစ်နေ၍ ငါးမိနစ်တောင် မကြာဘဲ ပြီးစီးသွားသလို ကြက်အသည်းအမြစ်နှင့် ကြော်မည့် အစိမ်းကြော် ကလည်း ဟင်းသီးဟင်းရွက်များကို ရေနွေးဖျောပြီးသား စိမ်းစိမ်း စိုစိုတွေမို့ ဆီပူလာလျှင် ကျက်ပြီးသား အသည်းအမြစ်နှင့် ဟင်း သီးဟင်းရွက်တွေကို ထည့်ကြော်ကာ ကော်ရည်လေး ထည့်မွှေရုံ ခဏလေးနှင့် ဟင်းအမယ်နှစ်မျိုး ထပ်ပြီးသွားသည်။ မီးဖိုပေါ်မှ





မချသော ဝက်မျှစ်ချဉ်ဟင်းကတော့ အိမ်ရှေ့ကလူတွေပင် အနံ့ရ နေလောက်ပါပြီ။ မြယာက ဝက်မျှစ်ချဉ်ဟင်းရည်တွေကို ပန်းကန် လုံးလေးများဖြင့် လေးယောက်စာ ခူးပြီးသကာလ လှပစွာပြင် ဆင်ထားသော ထမင်းပွဲကို တစ်ချက်ကြည့်ကာ အိမ်ရှေ့ပြန်ထွက် လာခဲ့သည်။

"အားလုံးပဲ စားလို့ရပါပြီရှင်"

"မွှေးနေတာပဲ ဘာတွေများလဲ။ ဗိုက်တောင်ဆာလာပြီ"

မြယာက သူ့ကို ပြုံးကာ လှမ်းကြည့်လိုက်စဉ် ထိုင်ရာမှထရပ်ကာ ဗိုက်ကိုပွတ်ပြသော သူ့ပုံစံကြောင့် ဟက်ခနဲ ရယ်မိသည်။ မြယာကို လှမ်းကြည့်နေသော သူ့မျက်လုံးတွေက တကယ်ကို နွေးထွေးတောက်ပနေခဲ့သည်။ နက်ရှိုင်းနေသည်။ အဲဒီအတွက် ကိုယ့်ကို သူ ကြည့်လာသော အကြည့်တွေနှင့်ဆုံ တိုင်း မြယာ ရင်ထဲမှာ လှုပ်လှုပ်ခတ်ခတ် ဖြစ်တတ်ပါသည်။

"အသားအစုံ စားတယ်ဆိုလို့ အစုံချက်ထားတယ်၊ ဒါက အမဲနှပ်ပါ၊ ဒါက ဝက်သားနဲ့မျှစ်ချဉ် အရည်သောက်လို့ရ တယ်။ ဒါက ဂေါ်ရခါးသီးအစိမ်းသုပ်ပါ။ အင်း ... ဒါက တော့ ကြက်အသည်းအမြစ်နဲ့ အစိမ်းကြော်ပေါ့ ...

ဒီဘက်က ခရမ်းချဉ်သီး ငါးပိချက်နဲ့ တို့စရာပါ။ ငါးပိရည်ကျိုတော့လေ ယောကျ်ားလေးတွေ သိပ်မကြိုက် ကြဘူး ထင်လို့ ငါးပိချက်လေးပဲ ချက်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … ဟင်းတွေက ရှယ်တွေချည်းပါပဲလား၊ နွေးနဲ့ မြယာတို့ တော်တော်ပင်ပန်းသွားမှာပဲ။ နွေးလည်း ဆန်းအေး မှာ အေးဆေး မနားရဘဲ ပင်ပန်းနေရပြီ"

"အဟင်း … နွေးက ဘာမှမပင်ပန်းဘူး။ ဒီဟင်းတွေ အကုန်လုံး မြယာ တစ်ယောက်တည်းချက်တာ"

"ဗျာ … မြယာ တစ်ယောက်တည်း ! ။ ဟုတ် … ဟုတ် လို့လား"

"ဒီတစ်မနက်တည်းနဲ့ ဒီဟင်းတွေ အကုန်ပြီးအောင် တစ်ယောက်တည်း ဘယ်လိုချက်လဲ"

ရင်ခတ်နှင့် သီဟရဲ့ တစ်ယောက်တစ်ခွန်း အမေးကို မြယာက ပြုံးပြုံးလေးပဲ ဖြေသည်။

"အမဲနှပ်နဲ့ မျှစ်ချဉ်က မနေ့က ညတည်းက ချက်ထား တာပါ။ ကျန်တာတွေကတော့ ဒီမနက် ခုလေးတင်မှချက် တာ။ ဟင်းချက်တာက လုပ်တတ်ရင် မြန်ပါတယ်၊ ကြို စီစဉ်ထားရင် အခက်အခဲ မရှိပါဘူး"

"ဟင်းတွေက စားကောင်းမယ့်ပုံပဲ။ ဒီလို အိမ်ထမင်း အိမ်ဟင်းကလည်း မစားရတာ ကြာပြီဆိုတော့ ကျွန်တော် တို့တော့ ဣန္ဒြေပျက်တော့မှာပဲ … ဟဲ ဟဲ"

"အမယ် … ဣန္ဒြေပျက်တယ်ပဲ ဖြစ်ရသေး၊ အားပါးတရ လွတ်လွတ်လပ်လပ်သာ စားပါရှင်"





သူတို့က တကယ်ကိုပါ အားပါးတရ စားကြပါ သည်။ မြန်မာအိမ်ထမင်းဟင်းလက်ရာနှင့် ဝေးကွာနေမှန်း သိသာ စွာပင် နစ်နစ်မြိုက်မြိုက် အားပေးကြသည်။ ရင်ခတ် တစ်ယောက် စားကောင်းနေတာကို မြင်ရသောအခါ မြယာ ကျိတ်ပြုံးပြီး ပီတိ ဖြစ်ရပါသည်။ အင်း… ကိုယ်ချက်သောဟင်းတွေကလည်း စေတနာ ဗလပွနှင့် ချက်ထားလို့လားမသိ၊ ခါတိုင်းထက် ထူးထူးခြားခြား ပိုကောင်းနေတာကိုလည်း ကိုယ့်ဘာသာ သတိထားမိရသည်။

မြယာမှလွဲ၍ နွေးနှင့် ဟိုနှစ်ယောက်က မြိုင်မြိုင် ဆိုင်ဆိုင် အားပေးကြပါသည်။

"အင်း … မြယာ၊ နင့် ဂေါ်ရခါးသီးအစိမ်းသုပ်က အရမ်း ကောင်းတာပဲ၊ ငါ တစ်ခါမှ မစားဖူးဘူး"

"အေးပါ … များများစား။ နင် ကြိုက်မယ်ထင်လို့ ငါ အများကြီး သုပ်ထားတာ"

"အမဲနှပ်ကလည်း ဘယ်လိုကောင်းမှန်းမသိ၊ ဝက်မျှစ်ချဉ် ဆိုတာတော့ အိုးနားကို သွားအိပ်ချင်တော့တာမျိုး၊ ငါးပိ ချက်ကလည်း ဆွေမျိုးမေ့တယ်ဗျာ …

ဟို … ဂေါ်ရခါးသီး အစိမ်းသုပ်ကတော့ ထမင်း လွတ်ကို ထိုင်စားချင်တာပဲ"

"အဟင်း … ဟင်း။ ဟင်းတွေ အားလုံးကို လှိုက်လှိုက် လှဲလှဲ ချီးကျူးတဲ့အတွက် ကျေးဇူးတင်ပါတယ် ကိုသီဟ ရယ်၊ ဖြစ်နိုင်ရင် ကျွန်မက ဒီ့ထက်မ တခြားဟင်းတွေပါ



www.burmeseclassic.com

www.burmeseclassic.com



အများကြီး ချက်ချင်သေးတာပါ၊ အရမ်းများသွားရင် အရသာတွေ ရောကုန်မှာစိုးလို့"

"ဒါဆို နောက်မှ နောက်ဟင်းတွေ ထပ်ချက်ကျွေးဦးမယ်ပေါ့"

"ဟား ... ဟား ... ရင်ခတ်တို့ကတော့ ချူပ်နေပြီ"

သူ့စကားကို သူ့သူငယ်ချင်းက ဝင်လှောင်သည်။ မြယာက ကုန်နေပြီဖြစ်သော သူတို့နှစ်ယောက်ရဲ့ ဟင်းရည်ပန်းကန်လုံးကိုယူကာ ထပ်ထည့်ပေးရင်းမှ လုပ်ရင်းကိုင်ရင်း စကားဆိုမိသည်။

"ရပါတယ်။ ကျွန်မ ရှိနေတုန်းတော့ weekend တိုင်း တစ်ခုခု ချက်ကျွေးပါ့မယ်၊ ကြားရက်တွေလည်း အလျှင်းသင့်သလို ညစာ လာစားလို့ ရတာပဲ ...

ရင်ခတ် ထမင်းထပ်ထည့်ဦးမလား၊ ကိုသီဟရော"

"ဟင် ... ရတယ် မြယာ။ ကျွန်တော့်ဘာသာ ထထည့်ပါ့မယ်၊ ဒါနဲ့ မြယာက ဘယ်တော့ပြန်မှာလဲ"

မြယာတောင် မဖြေရသေး။ နွေးက ဝင်ဖြေပေးသည်။

"နွေးနဲ့ မြယာက အေးအေးဆေးဆေးကို မလည်ပတ်ရသေးဘူးလေ။ ဒါကြောင့် မြယာကို နောက်တစ်လ ထပ်နေဦးဆိုပြီး Visa extension ယူခိုင်းလိုက်တာ"

"ဟာ ... ဒါဆို နောက်ထပ် တစ်လတောင် ထပ်နေဦးမှာပေါ့၊ ပျော်စရာကြီး"





"အောင်မာ ... မင်းက ဘာကိုပျော်တာလဲ"

သီဟရဲ့အပြောကို သူက ဝင်ဟန့်လျှင် နွေးက မြယာရဲ့ပေါင်ကို မသိမသာ လက်ကုတ်သဖြင့် မြယာ ရယ်ချင်စိတ်ကို နှုတ်ခမ်းကိုက်ထားရသည်။

"ဟင် ... ခုနကပဲ မြယာက ပြောတယ်လေ။ weekend တိုင်း special ချက်ကျွေးမယ်တဲ့။ ကြားရက်တွေလည်း တစ်ခါတလေ ညစာလာစားတဲ့။ အဲ့ကြောင့် ပျော်တာလေ။ မင်းရော မပျော်ဘူးလား"

ချောင်ပိတ်သွားသော မေးခွန်းဖြစ်သဖြင့် သူ ဘာပြန်ဖြေရမှန်း မသိတာကို မြယာက အသာခိုးပြုံးကာ သူ နေကျပ်မှာစိုးသဖြင့် စကားဝင်ပြောပေးလိုက်သည်။

"နောက်တစ်ပတ် ဘာစားချင်ကြလဲ။ ကြက်သားဒံပေါက် ကြိုက်ကြလား"

"ဟား ... ဘယ်လို မေးလိုက်တာလဲ မြယာရယ်"

"ဘာလဲ ... မကြိုက်ဘူးလားဟင်"

"ကြိုက်လွန်းလို့ ရူးသွားနိုင်တယ်လို့"

"အော် ... ဟော် ... ဟော် ... ဟင်း ဟင်း ဟင်း"

သီဟစကားကို မြယာနှင့် နွေးက သဘောတကျ ရယ်မိနေတုန်းမှာပဲ သူ့ထံသို့ မျက်လုံးက မရည်ရွယ်ဘဲ ရောက်သွားလျှင် မြယာကို ငေးနေသော သူ့အကြည့်များနှင့် ဆုံသည်။ ဒိန်းခနဲ ဖြစ်သွားသော ရင်အစုံနှင့် အကြည့်မလွှဲမိဘဲ ဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သလို ပြန်ကြည့်နိုင်ဖို့ အတော့်ကို ထိန်းသိမ်းလိုက်ရပါသည်။ သူကတော့ အနည်းငယ် အနေခက်သွားဟန်ဖြင့် မြယာကို ထပ်ပြုံးပြလာသည်။ (နဂိုတည်းက ပြုံးနေပြီးသား သူ့နှုတ်ခမ်းတွေကိုလေ)။

"ရင်ခတ်က ဒံပေါက် မကြိုက်ဘူး ထင်တယ်"

"ကျွန်တော် မြယာ ပင်ပန်းမှာ စိုးလို့ပါ"

သူ့စကားက ဘာမှမဟုတ်သော ရိုးရိုးလေးပဲ။ ရိုးရိုးလေးမျှသာပါ။ ဒါပေမဲ့ သူ့မျက်နှာပေး၊ မြယာကို ငေးကြည့်ပြီး ပြောသော မျက်လုံးတွေရဲ့ နက်ရှိုင်းမှုဟာ မြယာ သာမကပဲ ဘေးမှာ ထိုင်နေသူတွေပါ ခံစားကူးစက်ရိပ်မိသွားစေတဲ့အထိ ဖြစ်ပါသည်။ သီဟ မျက်နှာက မချိုမချဉ် ဖြစ်သွားသလို၊ နွေးရပ်ကလည်း ပြုံးစိစိ ဖြစ်သွားသည်။ မြယာက ဘာပြောရမှန်း မသိလို့ နှုတ်ခမ်းတွေက တင်းစေ့စေ့။ အခြေအနေက ဘာမှ မဟုတ်တာလေးနှင့် ငါးစက္ကန့်လောက် တိတ်ဆိတ်သွားသည်။

"အဟမ်း ... ထမင်းမယူကြတော့ဘူးလား"

နွေးက တိတ်ဆိတ်မှုကို စတင်ဖြိုခွဲလိုက်သည်။

"ပါးစပ်ကတော့ မရပ်ချင်သေးဘူး။ ဟင်းငွေ့ကလည်း တော်တော်ပြောင်နေပြီ။ ဒီ့ထက် ထပ်စားရင်လည်း ဆေးရုံရောက်တော့မယ်။ တော်တော်ကို ဗိုက်တင်းနေပြီမို့ ..."

"ဟုတ်တယ် မြယာ။ သုံးပန်းကန်တောင် ဆွဲပစ်လိုက်တာ ရှိစုမဲ့စု Six packs လေးတွေ ကုန်ပါပြီ"





"ဩော် ... တစ်ပတ်လောက် ပတ်ပြေးလိုက်ရင် ကျသွားမှာပါ။ ဟုတ် ... စားပြီးရင် အချိုပွဲ သာကူလေး သောက်လိုက်ဦးနော်၊ လာ ... ရှေ့မှာ အသီးစားပြီး သာကူလေး နည်းနည်းသောက်"

"ရတယ် ... ခဏလေး"

"ဩော် ... ပန်းကန်တွေ မဆေးပါနဲ့၊ ထားခဲ့ပါ"

"အာ ... မဟုတ်တာ။ ကိုယ်စားတဲ့ ပန်းကန်တော့ ကိုယ်ဆေးခွင့်ရှိပါတယ်၊ ကျွန်တော့်ဘာသာ ဆေးပါ့မယ်"

"အို ... မလုပ်ပါနဲ့"

"ဆေးခွင့်ပေးပါ မြယာရယ်။ ကူညီတယ်လို့ သဘောထားပေးပါ"

သူ့လက်ထဲက အတင်းဝင်လိုလျှင်လည်း မကောင်းပဲဖြစ်တော့မည်မို့ မြယာက လက်လျှော့လိုက်ရသည်။ သူက ဟင်းချိုပန်းကန်လုံးတွေရော၊ မြယာတို့ ပန်းကန်တွေပါ ဒိုင်ခံဆေးဆောသည်။ သီဟကတော့ ရယ်ကျဲကျဲဖြင့် ...

"ကျွန်တော်တို့က ဟင်းမချက်တတ်ပေမယ့် ပန်းကန်ဆေးတာတော့ ကျွမ်းနေပါပြီ မြယာရ။ ပြောင်လက်နေအောင် အဖြစ်ရှိတယ် ... ဟား ဟား"

မြယာကို နွေးက မျက်စတွေသာ ပစ်ပြနေတော့သည်။ အားလုံး ဆေးကြောသန့်စင်ပြီး ဧည့်ခန်းမှာ အချိုပွဲစားကြတော့ မြယာရဲ့ သာကူလက်ရာကိုလည်း တစ်ခုတ်တရ

www.burmeseclassic.com



ချီးမွမ်းကြပါသည်။ သူက စားသောက်ရင် စကားစမြည်ပြောနေရာမှ နွေးကို ဦးတည်ကာ စကားဆိုလာသည်။

"မနွေးထွေးလည်း ပြန်ရောက်နေပြီဆိုတော့ မြယာနဲ့မနွေးထွေးကို ကျွန်တော် လက်ဆောင်တစ်ခုလောက် ပေးချင်တယ်"

"ဘာများပါလိမ့်"

"ဒီလိုပါ ... ကျွန်တော်က MBS ရဲ့ ကာစီနိုမန်ဘာလေ။ ဟိုတစ်ပတ်ကလည်း ကာစီနိုမှာ ကျွန်တော် တော်တော်လေး နိုင်လိုက်တယ်။ အဲဒီမှာ ကျွန်တော့်ကို MBS Hotel ဘက်က e-mail ပို့တယ်။ ဒစ်စကောင့်အများကြီးနဲ့ သင်္ဘောကြီးပေါ်မှာ တည်းခွင့်ပေးတယ်ပေါ့ဗျာ ...

ကျွန်တော် အဲဒီ Service တွေကို မကြာခဏရတတ်ပါတယ်။ ကျွန်တော်ကတော့ MBS ကို မုန်းတောင်နေပြီပေါ့ဗျာ ... ဟဲ ဟဲ။ ဒီလိုပဲ သူငယ်ချင်းတွေ အမျိုးတွေကို ပြန်ပေးဖြစ်တာ များတယ်။ အဲဒါ မြယာနဲ့နွေးကို သွားတည်းစေချင်တာပါ"

"နွေးက ပြဿနာမရှိပါဘူး။ မြယာ သဘော"

"ဟို ... အဲ ... အဲဒါက ..."

"မြယာ ... Please , မငြင်းပါနဲ့ မြယာရယ်။ အဲဒီနေ့က ကျွန်တော် အများကြီး နိုင်လာတာလည်း မြယာ တွေ့သားပဲ။ ပြီးတော့ ကျွန်တော့်အိတ်ထဲက ထုတ်ရတဲ့ ပိုက်ဆံလည်း





မဟုတ်ဘူးလေ။ နောက်တစ်ခုက သူက အလကားနီးနီးလောက်ပေးတဲ့ဈေးနဲ့ ပေးတည်းတာဆိုတော့ လစ်မစ်ရှိတယ်လေ၊ တစ်လအတွင်းတို့ ဘာတို့၊ ကိုယ်မယူရင် အဲဒီအခွင့်အရေးက ဆုံးသွားတာပဲ ရှိမှာပါ"

"ကဲပါ မြယာရယ်။ လက်ခံလိုက်ပါ။ နင်လည်း သင်္ဘောကြီးပေါ်ကို ရောက်ဖူးသွားတာပေါ့။ ရေလေး ဘာလေး သွားကူးတာပေါ့ဟာ။ နော် ... နင်တို့ ရန်ကုန်ကလူတွေ ပြောပြောနေတဲ့ အချေပေါ့ဟယ် ... ဟီး ဟီး"

မြယာက ဘာမှမပြောတော့ဘဲ သူ့ကိုလှမ်းကြည့်ပြီး ပြုံး၍သာ ခေါင်းညိတ်ပြလိုက်သည်။ ကျေနပ်သွားသော သူ့ရုပ်သွင်မှာ ချက်ချင်းပဲ သိသာလှသည်။ မြယာကို ပြုံးစိုက်ကြည့်နေသော သူ့အကြည့်၊ သူ့မျက်ဝန်း၊ သူ့နှုတ်ခမ်းတွေမှာ တောက်ပသားနားလျက်။ နွေးထွေးမှ အပြည့်ရှိလျက်ဖြင့် မြယာမပြောနှင့် ဘေးကလူတွေထိအောင်ပင် သူ့အကြင်နာ အငွေ့အသက်တွေက စိမ့်ဖြာနေကြောင်း ခံစားသိရှိရသည်တဲ့လေ။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

သူ့ဘဝသာ တစ်ယောက်တည်း အမှုမဲ့ အမှတ်မဲ့ ကျော်ဖြတ်လာသော စင်ကာပူနေ့ရက်များသည် ပျော်စရာကောင်းသည်ဟု ထင်ခဲ့တာလည်း ရှိခဲ့သည်။ သာမန်ဆန်တာလည်းရှိခဲ့သည်။ ဘာပဲဖြစ်ဖြစ် ကျေနပ်စရာကောင်းလို့သာ ငါးနှစ်လောက် မြန်မာပြည်·မပြန်ဘဲ ဖြစ်ခဲ့ရတာပေါ့။ စင်ကာပူနဲ့ ရန်ကုန်ဆိုတာ လေယာဉ်တောင် ခဏလေးစီးရတာ။ ဒါကို ငါးနှစ်လောက်မပြန်ခဲ့ဘူးဆိုတာ သူ့ကိုယ်သူလည်း စုမှ ပြန်အံ့သြရသည်။ ခပ်ပျော်ပျော်ဖြင့် ဖြတ်သန်းခဲ့သော စင်ကာပူနေ့ရက်များဟာ ငါးနှစ်တောင် တိုင်ခဲ့ပြီ။ တစ်ရက် တစ်ရက်ဟာ ဘာမှမသိသာခဲ့ပေမယ့် အခုတော့ တစ်ရက်တိုင်းဟာ ရွှေလို တန်ဖိုးရှိနေခဲ့ပြီ။

မြယာ နင်းထားသည့် မြေကြီးဟာ စင်ကာပူမြေဖြစ်သမျှ ကာလပတ်လုံး အဲဒီအခိုက်အတန့်ကာလတွေဟာ သူ့အတွက် ရွှေလို အဖိုးတန်နေပါသည်။ အချိန်ပြည့် သတိရနေမှုနဲ့





မြတ်နိုးတန်ဖိုးထားရခြင်းတို့၏ အနက်အဓိပ္ပာယ်သည် "အချစ်" ဟု အမည်တွင်ခဲ့ပါလျှင် သူဟာ မြယာကို ဘဝမှာ ဘယ်မိန်းကလေး တစ်ယောက်ကိုမှ မချစ်ခဲ့ဘူးသည့် အချစ်နှင့် ချစ်မိခဲ့ပါပြီ။

"ဒါဆို မင်း ဘာဆက်လုပ်မှာလဲ။ သူ မပြန်ခင် ဖွင့်ပြောမှာလား"

စိတ်ကူးပေါက်၍ သောက်ဖြစ်ကြသော ညတစ်ညမှာ သူက သီဟကို ရင်ဖွင့်ပြောပြမိလျှင် သီဟက သူ့ကို မေးခွန်းပြန်ထုတ်တာ ဖြစ်ပါသည်။ Double Black တန်ခိုးနှင့် သူ့ရင်ထဲက ခံစားချက်တွေက ထုတ်ဖော်လို့ ကောင်းနေသည်။ နူးညံ့၍ တော်ဝင်ဆန်သော "မြယာနန္ဒာ"တည်းဟူသော မိန်းမပျိုကို ပိုင်ဆိုင်ခွင့် ရခဲ့လျှင် သူ ဘယ်လောက်ပျော်ရွှင်ကျေနပ်မယ်ဆိုတာ မှန်းဆလို့ရမည် မထင်ပါချေ။

"ပြောလိုက်လို့ သူ စိတ်ဆိုးသွားမှာလည်း ကြောက်တယ်"

"ဟား ဟား ... ဟာသပဲ"

"ဟော့ကောင် ... မင်းက ငါ့ကို ဟာသလုပ်နေတာလား"

"မှတ်ပါဘူး။ ဘာကိုမှ အကြောက်အလန့် မရှိတဲ့ကောင်ကကောင်မလေး စိတ်ဆိုးသွားမှာ ကြောက်တယ်ဆိုလို့ပါ။ ဒီမှာ ရင်ခတ်ရ ... ဒီခေတ်က လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကလို ဖွင့်ပြောလိုက်ရင် စိတ်ဆိုးသွားတယ်ဆိုတာ မရှိတြောပါဘူးဟ ...

www.burmeseclassic.com



မိန်းကလေးတွေကလည်း ခေတ်မီကုန်ပါပြီ။ သူတို့ မကြိုက်ရင်လည်း မကြိုက်ဘူး ပြန်ပြောမှာပေါ့"

"အဲဒါကိုပဲ ငါ စဉ်းစားနေတာ။ ယောက်ျားလေးတစ်ယောက်က မိန်းကလေးတစ်ယောက်ကို ချစ်မိပြီဆိုရင် ကိုယ့်ကိုယ်ကိုယ် သေချာတာနဲ့ ဖွင့်ပြောလိုက်သင့်သလား။ ဒါမှမဟုတ် ကောင်မလေး ချစ်လာအောင် ကြိုးစားပြီး၊ ဂရုတစိုက် ရှိပြီးမှ 80% လောက် ကိုယ့်အတွက် သေချာပြီဆိုမှ ဖွင့်ပြောသင့်သလား။ ဘယ်ဟာက အမှန်ဆုံးဖြစ်မလဲ သိချင်တာ"

သီဟ ချိတ်တစ်ပြားကိုကိုက်ရင်း မျက်မှောင်ကြုတ်စဉ်းစားနေသည်။

"မင်း ကောင်မလေးက အဲလိုတွေ ရှိမယ်မထင်ဘူး။ မှန်းရခက်မယ် ထင်တယ်၊ မင်းတို့ချင်းက အကြည့်ချင်း ခဏ ခဏ ဆုံခဲ့မှာပဲ။ မင်းဘာသာ မသိဘူးလား"

"မင်း ပြောသလိုပဲလေ။ မြယာက မှန်းရခက်တယ်။ ပြီးတော့ သူ့မျက်လုံးထဲမှာ တစ်ခုခုကို လျှို့ဝှက်ထားတဲ့ အရိပ်အယောင်မျိုးတွေ တွေ့တယ်။ အဲဒါဟာ မရိုးမသားပုံစံလားဆိုတော့ အဲဒီလိုမျိုးလည်း မဟုတ်ဘူး။ ဘယ်လိုမှန်း မသိပါဘူးကွာ"

"ဟော့ကောင် ... သိပ်စဉ်းစားမနေစမ်းပါနဲ့ကွာ။ ဆော်တစ်ယောက်ကို ကိုယ်က တကယ်မှန်မှန်ကန်ကန်နဲ့ ရိုးရိုးသားသား ချစ်တယ်ဆိုရင် ဘာမှ စိုးရိမ်နေစရာ မလိုဘူး...





ချစ်ရင် ချစ်တယ်ပေါ့ကွာ။ သူ့ကို ကိုယ်က ချစ်လို့ ချစ်တယ် ပြောတာပဲ"

"အေး ... ဟုတ်တယ်ကွာ။ မင်းပြောတာ အမှန်ဆုံးပဲ။ ကိုယ်က ရိုးရိုးသားသား မှန်မှန်ကန်ကန် ချစ်တာပဲ ဘာကြောက်စရာရှိလဲ ... နော့"

"အေးလေ။ ဒါဆို ဘယ်တော့ပြောမှာလဲ"

"သိဘူးလေ"

"ဟား ဟား ... မင်း တော်တော်ရယ်ရတဲ့ကောင်"

"တော်ပြီကွာ၊ ငါတော့ ဒီအတိုင်းလေးပဲ ရပ်လိုက်တော့မယ်။ ဒီလောက်က တော်တော်ကောင်းနေပြီ။ လိုင်းပေါ်တက်လိုက်ဦးမယ်။ မြယာများ ရှိမလားလို့"

"တက် ... တက်။ ငါတော့ ဆက်ချဦးမယ်"

"ဟော့ကောင် ... မနက်ဖြန် အလုပ်မသွားနိုင်ဘဲ နေဦးမယ်။ နည်းနည်းသောက်ပြီး တော်တော့"

သီဟက လက်တစ်ဖက်ထောင်ပြကာ ခေါင်းတညိတ်ညိတ် လုပ်နေသည်။ သူက အခန်းထဲ ဝင်လာရင်း ခုတင်ပေါ် ပစ်လှဲလိုက်ရင်းမှ ဖုန်းက facebook စာမျက်နှာကို ဖွင့်လိုက်သည်။ ပြီးတော့ မြယာရဲ့ wall ကို သွားလိုက်သည်။ သူမကိုလွမ်းလျှင် သူမရဲ့ Facebook wall သို့သွားကာ ဓာတ်ပုံလေးများကို ဖွင့်ကြည့်ရသည်။ သူ့ဖုန်းထဲမှာလည်း သူမဓာတ်ပုံ တော်တော်များများကို ကူးထည့်ထားပြီးပါပြီ။

www.burmeseclassic.com



မြယာ တင်ထားတာ မဟုတ်ပေမယ့် မြယာကို နွေးက tag လုပ်ထားသောကြောင့် မြယာ wall မှာ သူမတို့နှစ်ယောက် J Cube Mall က ရုပ်ရှင်ရုံမှာ ရုပ်သွားကြည့်တာကို Check in ဝင်ထားကြသည်။ ခုချိန်လောက် ဆိုရင်တော့ ရုပ်ရှင်ကြည့်ပြီးလို့ ပြန်လာကြရောပေါ့။ သူက မြယာနဲ့ chat ထားသော Messenger ကို ဖွင့်လိုက်လျှင် မြယာသည်လည်း လွန်ခဲ့တဲ့ ငါးမိနစ်က facebook မှာ စတင် Active ဖြစ်နေကြောင်း ခေတ်မီသောနည်းပညာများက ဖော်ပြနေလေသည်။ အဲဒါလေးကို မြင်လိုက်တာနဲ့ပဲ ရင်ထဲမှာ နွေးထွေးသွားတာ ထူးခြားတဲ့ အချစ်ရဲ့ စွမ်းအင်ပဲ ဖြစ်ပါလိမ့်မည်။ သူက မြယာကို Hi ဟူသော စာသားလေးပါသည့် Sticker ရုပ်လေး ပို့ပေးလိုက်သည်။ ချက်ချင်းပဲ seen ဖြစ်သွားကာ သူမက ပြုံးပြနေသော Sticker တစ်ခု ပြန်ပို့သဖြင့် ရင်ထဲ ငြိမ်းချမ်းသွားရသည်။

"ရုပ်ရှင် ကောင်းလား"

သူ စတင် chat လိုက်သော စာသားကို မြယာက စာပြန်ရိုက်ပါသည်။

"အင်း ... ကောင်းတယ်"

"ကျွန်တော့်ကျတော့ မခေါ်ဘူး"

" :p "

သူမက လျှာထုတ်ပြောင်ပြနေသော အရုပ်လေးတစ်ခု ပြန်ပို့လိုက်လျှင် သူ မြူးသွားရသည်။ ချစ်တယ် ဆိုတာ အချိန်





တိုင်း ပြောခွင့်ရချင်လိုက်တာ မိန်းကလေးရယ်။ သူ တစ်ခုခုရေးဖို့ စဉ်းစားနေတုန်းမှာပဲ သူမဘက်က စာရောက်လာသည်။

"သင်္ဘောပြန်တက်တော့မှာလား"

"ဟုတ်တယ် ... ဒီတစ်ပတ် ကျွန်တော် ငါးရက်ကြာမယ်"

"Why ?"

"ကျွန်တော်နဲ့ လဲရမယ့်လူက ခွင့်ယူလို့လေ။ ဒါနဲ့ မြယာနဲ့ နွေး MBS ကို နောက်တစ်ပတ်ထဲ သွားမယ်နော်။ နှစ်ညအိပ်ခရီး ... ဟုတ် ? ။ နောက်တစ်ညက ကျွန်တော် သင်္ဘောက ဆင်းမယ့်နေ့ပဲ။ ကျွန်တော်ပါ လာတည်းမယ်၊ ကင်မရာကြီး ယူလာခဲ့မယ်။ ညဘက်လည်း ဓာတ်ပုံရိုက်ပေးမယ်၊ နောက်တစ်နေ့မနက် Check out မလုပ်ခင် တစ်ခါရိုက်ပေးမယ်"

"ကျေးဇူးတင်ပါတယ်ရှင်"

"အင်း ... မတင်သေးနဲ့ဦး။ MBS မှာ မနက်ပိုင်း ဓာတ်ပုံရိုက်ပြီးရင် ဟိုတယ်အခန်းပြန်ပြီး အဝတ်အစား ထပ်လဲဦး။ MBS' ကနေ Garden By the Bay ကို ကူးမယ် နီးနီးလေးပဲလေ။ ခြေလျင်လျှောက်ဖို့တောင် MBS နဲ့ GBB ကို တံတားထိုးပေးထားတာ ..."

နွေးလည်း ရုံးပိတ်တော့ မြယာတို့ အေးအေးဆေး လည်လို့ ရတာပေါ့။ အဲဒီမှာလည်း ဓာတ်ပုံရိုက်လို့



www.burmeseclassic.com

www.burmeseclassic.com



လှတယ်။ အဲဒီက မျှော်စင်လို တိုင်လုံးကြီးတွေက Avator ရုပ်ရှင်ထဲက ပုံစံအတိုင်း ဆောက်ထားတာလေ"

"အင်း ... ရှင့်ကိုတော့ ဟင်းတွေအများကြီး ပြန်ချက်ကျွေးရတော့မယ် ထင်တယ်။ အဲဒီနည်းနဲ့ ကျေးဇူးတင်ကြောင်း သက်သေပြတာ အကောင်းဆုံး ဖြစ်မှာပေါ့နော်"

"သိပ်သေချာတာပေါ့"

သူမက သူ့ကို လျှာထုတ်ပြောင်ပြနေသော Sticker လေးတစ်ခု ပြန်ပို့လေသည်။ အဲဒီ အရုပ်လေးကိုကြည့်ကာ သူ့ရင်ထဲတွင် ဘာကိုလွမ်းမှန်းမသိ လွမ်းမောလာသည်။ ဒါ့ကြောင့် သူ့မေးခွန်းကို လေးနက်စေရန်အတွက် သူမနာမည်ကို အရင်ခေါ်လိုက်သည်။

"မြယာ"

" ? ? ? "

"ရန်ကုန် ပြန်ရောက်ရင် ဘာတွေလုပ်မှာလဲ"

သူမဘက်မှ ချက်ချင်း စာပြန်မရိုက်နိုင်ဘဲ ငြိမ်သွားပါသည်။ ဘာတွေ စဉ်းစားနေတာလဲ မြယာရယ်။ ကိုယ်ပြောတာ အဲဒါတွေပေါ့။

မင်းက လှိုု့ဝှက်တတ်တဲ့ နားလည်ရခက်သူပါလို့။ ခဏနေတော့မှ သူမရိုက်ထားသောစာက တက်လာပါသည်။

"အရင်လိုပဲ လုပ်မြဲအတိုင်းတွေကို ဆက်လုပ်မှာပေါ့"

"အပြောင်းအလဲတွေ ရှိမလာနိုင်ဘူးပေါ့နော်"





မြယာ ငြိမ်သွားပြန်သည်။ ပြီးတော့မှ စာတစ်ကြောင်း ရောက်လာသည်။

"ဘာဖြစ်လို့အဲဒီလို မေးတာလဲ"

"မသိဘူးဗျ။ ကျွန်တော့်အတွေးထဲ ရောက်လာတဲ့ ခံစားချက်အတိုင်း မေးလိုက်တာပဲ"

"အပြောင်းအလဲဆိုတာ စက္ကန့်နဲ့အမျှ ဖြစ်ပေါ်နေတော့ မနက်ဖြန် ဘာဖြစ်မယ် ဆိုတာတောင် သိနိုင်တာမှမဟုတ်တာလေ"

"မြယာ ဒိုင်တွေကို နားထောင်ရတာ တစ်မျိုးပဲ။ တစ်ခုပဲ မေးမယ် မြဟာ စ,လုံးမှာ ပျော်လား"

"သိပ် ပျော် တယ်"

ဒါကျတော့ တစ်စက်မှ တွန့်ဆုတ်ခြင်းမရှိဘဲ ချက်ချင်း ပြန်ရေးနိုင်သဖြင့် သူ ကျေနပ်စွာ ပြုံးမိသွားသည်။

"အိုခေ ... အဲဒါဆိုရင် တော်တော်ကောင်းပါတယ်ဗျာ။ ကဲ ... မြယာ အိပ်ချင်အိပ်တော့နော်။ ကျွန်တော် အနှောင့်အယှက် ပေးသလို ဖြစ်နေမယ်"

"ရှင်ရော မအိပ်သေးဘူးလား"

သူ့ကို စိတ်ဝင်တစား ပြန်မေးမြန်း၍ ရင်ခုန်ကျေနပ်ရပါသည်။

"ကျွန်တော် မအိပ်သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူမက ဘာလို့မအိပ်သေးတာလဲ ဟုတော့ ထပ်မမေးပါ။ ပြုံးနေတဲ့ Sticker အရုပ်လေး တစ်ခုသာ ထပ်ပို့ပေးသည်။ သူမ မေးပေမယ့် သူက စာရိုက်ပြီး ပို့လိုက်ပါသည်။

"ဂစ်တာ တီးမလို့"

"သီချင်းတစ်ပုဒ် ဆိုချင်စိတ် ပေါ်လာလို့"

"ဟင် ... ရှင်က ဂစ်တာတီးတတ်တယ် ! "

"အံမယ် ... ခင်ဗျားတောင် ဟင်းချက်တတ်သေးရင် ကျွန်တော်က ဘာလို့ ဂစ်တာ မတီးတတ်ရမှာလဲ"

"ဟာ ဟ ... ရန်တွေ့တယ်တော့"

"ရန်တွေ့တာ မဟုတ်ပါဘူး။ မိန်းကလေးတစ်ယောက် ဟင်းချက်တတ်တာ မဆန်းသလို ယောကျ်ားလေးတစ်ယောက် ဂစ်တာတီးတတ်တာလည်း မဆန်းဘူး ထင်တာပဲ"

"ဒါပေမဲ့ ဒီဘက်ခေတ်မှာ ဂစ်တာတီးတတ်တဲ့ ယောကျ်ားလေး ရှားသွားပြီလေ"

"ဟုတ်တယ် ... ဟင်းချက်ကောင်းတဲ့ မိန်းကလေးလည်း ရှားသွားတယ်"

သူမက တဟားဟား ရယ်နေသည့် ခွေးရုပ်လေးပုံ ပို့လိုက်သည်။ တကယ်လည်း တဟားဟား ရယ်နေမည်ဟု ထင်ပါသည်။'အင်း ... သွားသုံးဆယ့်နှစ်ချောင်းလုံးပေါ်အောင် ဟက်ဟက်ပက်ပက် ရယ်လိုက်စမ်းပါ မြယာနန္ဒာ။ ဒါပေမဲ့ သူ ဘာသီချင်းဆိုမှာလဲ ဆိုတာကို မမေးသည့်အတွက်တော့ စိတ်မကောင်း





ပါ။ သူ့အသံကို နားထောင်ချင်လိုက်တာဟု မပြောသည့်အတွက် ပို၍ ပို၍ စိတ်မကောင်းပါ။

ဒါကြောင့် ကောက်ကာငင်ကာ Good Night ဟု စာတစ်ကြောင်း ရိုက်ပို့ကာ ချက်ချင်းပဲ facebook မှ ထွက်ကာ Wi Fi Conection ကိုတောင် off လုပ်ပစ်လိုက်သည်။ ရုတ်တရက် ပျောက်သွားသော သူ့ကို ငါးမိနစ်လောက် သတိရနေမယ်ဆိုရင်ပဲ "အရာရာ မင်းပါမေ"။



www.burmeseclassic.com

www.burmeseclassic.com

## ၁၃

စင်ကာပူမှာ မြယာ သွားရမည့် နေရာတွေ တော်တော်စုံခဲ့ပါသည်။ သူများတွေ တစ်ပတ်လောက် လာလည်သောနေရာကို မြယာက နှစ်လလောက် လာလည်သည်မို့ တော်ရုံလူမရောက်ဘူးသော စင်ကာပူနှင့် အင်ဒိုနီးရှားအစပ်က Pulau Ubin ကျွန်းသို့တောင် ရင်ခတ်ကောင်းမှုကြောင့် ရောက်ခဲ့ရ၊ ကျွန်းပေါ်မှာ စက်ဘီးလျှောက်စီးကာ ပင်လယ်ပေါ် ဖြတ်ဆောက်ထားသည့် တံတားပေါ်ထိပါ ရောက်ခဲ့သည်။ စင်ကာပူရဲ့အထင်ကရ Shopping Mall များကတော့ အကြိမ်ပေါင်း မရေတွက်နိုင်တော့။ ရင်ခတ် ပြောပြောနေသည့် သူ့ရဲ့ဌာနချုပ် ဟူသောကာစီနို၊ လှပသာယာကာ လမ်းလျှောက်လေညှင်းခံ၍ကောင်းသော Marina Bay Sands ဧရိယာတစ်ဝိုက်၊ Bar လေးတွေ အစီအရီရှိကာ Jazz ဂီတသံလေးတွေ ပျံ့လွင့်နေတတ်သော Clarke Quay ဧရိယာတစ်ဝိုက် စသဖြင့် လွမ်းမောစရာ ခြေရာတွေအများကြီး ချန်ခဲ့မိသည်ဟု ထင်ပါသည်။





စင်ကာပူ ရောက်လျှင် သွားတည်းချင်ကြသော သဘောကြီးပေါ်သို့လည်း အေးအေးဆေးဆေး တည်းခွင့်ရခဲ့သည်။ ရင်ခတ် ရိုက်ပေးသော ဓာတ်ပုံတွေကလည်း လှခဲ့ပါသည်။ သူတို့အတွက် ကျေးဇူးတုံ့ပြန်သော မျက်နှာဖြင့် ချက်ကျွေးခဲ့သော ဒံပေါက်၊ မန္တလေးမြီးရှည်၊ မန္တလေးကြာဆံချက်၊ မုန့်ဟင်းခါး၊ မန္တလေးမုန့်တီ စတာတွေကိုလည်း သူတို့ ဝမ်းသာအားရ စားခဲ့ကြသည်။ တစ်ယောက်နဲ့ တစ်ယောက် respect ရှိစွာ၊ ခင်မင်ပွင့်လင်းစွာ ဆက်ဆံလာခဲ့မှုတွေကြောင့်လည်း အချိန်တိုတွင်းမှာ မိတ်ရင်းဆွေရင်း (၄)ယောက်လို ဖြစ်သွားခဲ့ရသည်။

ဘယ်လောက်ပဲ ပျော်စရာကောင်းပေမယ့် မြယာက အချိန်တန်လျှင် အိမ်ပြန်ရမည့်သူ ဖြစ်နေသောအခါ မြယာ မလည်ပတ်ရသေးသော ယူနီဗာဆယ်စတူဒီယိုကို မပြန်ခင်တစ်ပတ်အလိုမှာ (၄)ယောက်သား သွားလည်ပတ်ကြဖို့ စီစဉ်ဖြစ်သည်။ ဒီတစ်ခါတော့ Sentosa ဘက်သို့ ရထားနှင့် ကူးခဲ့ကြပါသည်။ ယူနီဗာဆယ်စတူဒီယိုမှာ နံ့စပ်ရန် အချိန်ရသေးလျှင် ကမ်းခြေဘက်ပါ သွားဖို့အတွက် ယူနီဗာဆယ်တံခါး စဖွင့်သော အချိန်ထဲက ဘွက်တိရောက်အောင် လာခဲ့ကြ. ၁ည်။

ယူနီဗာဆယ်ထဲသို့ လှမ်းဝင်ကာ ခြေချလမ်းလျှောက်လိုက်တယ် ဆိုရင်လည်း ပျော်ရွှင်လန်းဆန်းမှုက မြယာဆီကို ချဉ်းနင်းဝင်ရောက်လာပါသည်။ အဝင်ဝမှာ ကမ္ဘာကျော်ကာတွန်းဇာတ်ကောင်တွေနှင့် ဓာတ်ပုံတွဲရိုက်လို့လည်း ရသေးလေရာ မြယာကို မစ်ကီမောက်စ်နှင့်ရိုက်ဖို့ ရင်ခတ်က တိုက်တွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြယာ သွားလေ။ လူရှင်းတုန်း ရိုက်ထား။ လူများလာရင် ဒါတွေနဲ့ ဓာတ်ပုံတွဲရိုက်ဖို့ တန်းစီရတယ်"

"အဟင်း ... နွေး ရိုက်ပေးပါလိမ့်မယ်"

"ဩော် ... နွေးက ဖုန်းနဲ့ရိုက်မှာ။ ကျွန်တော်က ကင်မရာကြီးနဲ့ရိုက်မှာ ဘယ်ဟာ ပိုလှလဲ ကြည့်လိုက် ... ကြည့်လိုက်"

မျက်စိတစ်ဖက် မှိတ်ပြပြီး ခပ်ရွှတ်ရွှတ်နောက်နောက် ပြောတာမို့ မြယာက သဘောကျစိတ်ဖြင့် ရယ်မောသောအခ္ခါ ဓာတ်ပုံထဲ လှသွားရသည်။ ဟောလိဝုဒ်လမ်းများနှယ် ဆင်တူသော USS ထဲက လမ်းတွေမှာ လျှောက်ရင်း လူတွေက အလိုလို သီဟ နှင့်နွေးက အဖွဲ့ကျသွားကာ တစ်တွဲဖြစ်သွားပြီး ရှေ့ကလျှောက် ကာ မြယာနှင့်သူက နောက်ကလျှောက်ဖြစ်သည်။ သူက မြယာကို ပြုံးစစကြည့်ကာ ပြောလာပါသည်။

"မြယာမှာ ဘောင်းဘီရှိသားပဲနော်"

"ဟမ် ! ဘာပြောတယ်"

"ဟင်း ဟင်း ... ကြားမှာပါ"

မြယာက သူ ပြောမှပဲ ကိုယ့်ကိုယ်ကိုယ် မသိမသာ ငုံ့ကြည့်ရသည်။ ဘာလွဲမှားနေလဲ။ ဘာမှမလွဲမမှားပါဘူး။ အဖြူ ရောင်လွှလွှ ရှပ်လက်စကလေးကို ခါးမှာစုချည်ထားပြီး ဂျင်း(န် အပြာနုစိုစိုလေးဖြင့် ဆံပင်တွေကို ငါးရိုးကျစ်ဆံမြီးပွပွလေး ကျ ထားတာပါပဲ။ မြယာက သူ့ကို စေ့စေ့ကြည့်လိုက်သည်။ သူက





လည်း မျက်မှန်တပ်ထား၊ ကိုယ်ကလည်း DOLCE & GABBANA မျက်မှန်ညိုကြီးနဲ့မို့ တစ်ယောက်မျက်လုံးတွေကိုတော့ တစ်ယောက် က သေချာမြင်ဖို့ မလွယ်ဘူးပေါ့လေ။

"ဘာလဲ ... ကျွန်မ ဂျင်း(န်)ဘောင်းဘီ ဝတ်တာကို ပြောတာလား"

"အင်း ... ဟုတ်တယ်။ ခင်ဗျား ဒီနေ့ သိပ်လှနေတယ်"

ပါးပြင်မှာ နွေးခနဲဖြာသွားအောင် အဲဒီစကားကို ရှက်ရွံ့ရင်ခုန်သွားရသော်လည်း ဘာမှမဖြစ်သလို တစ်ချက်ရယ် သွမ်းသွေးလိုက်သည်။ တကယ့်ကို ရိုးသားစိတ်နှင့် ပြောပုံရသော သူကတော့ ကျွန်သေးဟန်တူသော စကားများကို ရိုးရိုးသားသား နှင့် ဆက်ပြောပြနေသည်။

"ခင်ဗျားကို ကျွန်တော် ဂျင်း(န်)ဘောင်းဘီဝတ်တာ တစ်ခါမှ မမြင်ဖူးဘူးလေ။ မြင်လိုက်ရရင် ဘယ်လိုပြောရမလဲ အရမ်းကောင်းတဲ့ အဝတ်အစား ဒဲ ... dress တွေ၊ ဂါဝန်တွေပဲ တွေ့ရတာများတယ် ...

Princess တစ်ယောက်လို ဖြစ်နေတယ်ဗျ သိလား။ နောက်ဆုံး အခု ဂျင်း(န်)ဝတ်ပြီး ကျစ်ဆံမြီး ကျစ်ထားတဲ့ ပုံတောင် ကိုယ်ပိုင်လယ်တောကို လာစစ်ဆေးတဲ့ ဝေလ မင်းသမီးဒီဇိုင်းမျိုး ပေါက်နေတယ်"

"ဟား ဟား ... ဒီနေ့ နေ့လယ်စာကို ကျွန်မ ဝယ်ကျွေးမှာပါ"

www.burmeseclassic.com



"အင်း ... ကျေးသင့်တာပေါ့။ Thai Express ဆိုင်မှာ မဟုတ်လား"

မြယာက သူ့ကို မော့ကြည့်မိသည်။ အဲဒီဆိုင်လေးဟာ သူနဲ့မြယာ ပထမဆုံး ဆုံတွေ့တဲ့နေ့က မြယာကို သူ နေ့လယ်စာကျွေးခဲ့တဲ့ ဆိုင်လေးလေ။ အရသာရှိသော ယိုးဒယားဆိုင်လေးမို့ မြယာ အလွန်ပဲ စားကောင်းနစ်သက်ခဲ့တာပါ။

"အဲဒီဆိုင်မှာ ထမင်းစားပြီး အဲဒီနေ့က မြယာနဲ့ထပ်တွေ့ဖို့ မသေချာဘဲ လမ်းခွဲခဲ့ကြတယ်နော်။ ဒါပေမဲ့ ကျွန်တော်တို့နှစ်ယောက် နောက်ထပ် နှစ်လကြာမှာ ဒီနေရာကို အတူ ထပ်ရောက်လာဖြစ်တယ် ...

နောက်ထပ်ရော ရောက်ဦးမယ် ထင်လား"

ကိုယ်မပြောတတ်လျှင် သူများကို ပြန်မေးပါဟူသော ထုံးစံစကားအတိုင်း သူ့ကိုပဲ ပြန်မေးလိုက်သည်။

"ရှင်ကရော ? "

"ဟက် ... မြယာကို မေးတာလေဗျာ"

အညာသား ဆိုတော့လည်း စကားပြောရင် ဗျ၊ ခင်ဗျာတို့ လေသံတွေက မပျောက်ဘဲ သူမို့ မြယာကို ခင်ဗျား ဟုပြောရင်လည်း စိမ်းသက်သည်ဟု မခံစားဘဲ ရင်းနှီးသည့်အသွင်။ ထူးခြားသည့်အသွင်ဟု ခံစားရကာ သူ့စတိုင်လ်သက်သက် ဖြစ်စေပါသည်။

"ကျွန်မ မသိဘူး"





သူက ဘာမှမပြောတော့ဘူး ဟူသော ပုံစံဖြင့် လက်ဝါးနှစ်ဖက် ဖြန့်ပြကာ ပခုံးတွန့်သည်။ သူ မပြောသော အခါ ပိုသိချင်သည်။ သူရော စိတ်ထဲမှာ ဘယ်လိုထင်ထားလဲ။ ဘယ်ဆီ ဘယ်ကာလမှန်း မသိတဲ့ အချိန်မှာ သူနဲ့မြယာ Sentosa ကျွန်းပေါ်မှာ ပြန်လည်ဆုံနိုင်ဦးမလား။ တွေးရင်းနဲ့ မွန်းကျပ်လာချင်သည်။ ကျေးဇူးပြုပြီး ကျွန်မ ပျော်စရာကောင်းတဲ့ ပစ္စုပ္ပန်မှာပဲ နေပါရစေ ရှင်ခတ်ရယ်။

သူကလည်း မြယာ အခြေအနေကို ချက်ချင်းသဘော ပေါက်ဟန် တူပါသည်။ အဲဒီအကြောင်းကနေ ယူနီဗာဆယ် အကြောင်း ချက်ချင်းပြောင်းသွားသည်။

"Monster Rock Show က ဆယ့်နှစ်နာရီ၊ မှာဆိုတော့ တခြားဟာတွေ လျှောက်ကြည့်လေ။ မြယာ ရိုလာကိုစတာ စီးမှာလား"

"ဟင့်အင်း ... မစီးရဲဘူး"

"ဟား ... ဘာဖြစ်လဲ။ အနီမစီးနဲ့ အပြာစီးလေ"

"အို ... ဘာမှမစီးဘူး။ မူးသွားရင် နေလို့ကောင်းမှာ မဟုတ်တော့ဘူး"

"အိုခေပါ ... အိုခေပါ။ Mummy ထဲပဲ ဝင်လည်မယ်နော်။ မမ်မီရုပ်တွေတော့ မကြောက်ဘူးမှလား"

"ကြောက်ဘူး။ ဒါနဲ့ Monster Rock Show က ဘာလဲ၊ သီချင်းဆိုတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဟုတ်တယ်။ လူအစစ်တွေက သရဲပုံစံဆိုတဲ့ ရှိုးပေါ့။ ကြည့်လို့ကောင်းတယ်။ သူတို့ဆက်တင်တွေက မိုက်တယ်လေ"

"အခုက ဘယ်သွားမှာလဲ"

"မြယာက ကလေးဆိုတော့ ကာတွန်းရုပ်တွေနဲ့ အာကာသထဲ သွားတဲ့နေရာကို ခေါ်သွားမယ် ... ဟာဟ"

သူ့ဘာသာသူပြောပြီး သူ့ဘာသာသူ သဘောကျနေသော ရင်ခတ်ကိုကြည့်ကာ မြယာက ခေါင်းခါယမ်းရင်းပြုံးမိသည်။ ယူနီဗာဆယ်ထဲမှာ လည်ပတ်ဆော့ကစားစရာတွေ များပါသည်။ ရိုလာကိုစတာမှအပ ကျန်တဲ့ ကစားစရာ တော်တော်များများ မြယာ ကစားခဲ့သည်။ နေ့လယ်စာကို Thai Pot မှာစား၊ Monster Rock Show ထိုင်ကြည့်ကာ ပြီးလျှင် ထပ်၍လည်ပတ်၊ နေ့လယ် ၃ နာရီမှာပြသော Under Water World Show ကို ကြည့်ပြီးနောက် ဓာတ်ပုံတွေလည်း တစ်ဝကြီးရိုက်ပြီး Beach ဘက်သို့ ကူးခဲ့ကြသည်။

ညနေစောင်းပြီမို့ Beach မှာ သာသာယာယာ ရှိပါသည်။ သူက နွေးရော မြယာကိုပါ တစ်ယောက်တည်းရော၊ နှစ်ယောက်တွဲတွေရော ဓာတ်ပုံလှလှတွေ အများကြီး ထပ်ရိုက်ပေးသည်။ တံတားပေါ်မှာ ရပ်ကာ လှပသောရှုခင်းကို မြယာက ငေးတုန်း၊ နွေးနဲ့ သီဟတို့ကလည်း ဖုန်းတွေလာချိန် ဝေးဝေးမှာ ဖုန်းသွားပြောနေတာမို့ တံတားလေးပေါ်မှာ သူနဲ့မြယာသာ ကျန်





နေခဲ့သည်။ မြယာသည် ခပ်ဝေးဝေးက ရှုခင်းများကို ငေးနေသော်လည်း သူ ကိုယ့်ကို ငေးနေသည်ဆိုတာ အလိုလို သိနေပါသည်။

"မြယာ နောက်တစ်ပတ် ပြန်တော့မှာဆိုတော့ ဘယ်လိုနေလဲ၊ အိမ်ပြန်ရမှာ ပျော်လား"

"ပျော်ရအောင် ဒီမှာ ကျောင်းလာတက်နေတဲ့ ချာတိတ်မမှ မဟုတ်တာ"

"ဟား ဟား ... အ[illegible]တော့ မိုက်တယ်ကွာ။ ဒါဖြင့်ရင် နှစ်လလောက်နေခဲ့တဲ့ စင်ကာပူမြေကနေ ခွာမယ်ဆိုတော့ လုပ်ပါဦး ခံစားချက်လေး။ ပြောခဲ့ပါဦးဗျ"

ပြောခဲ့ပါဦးဗျ ဟူသော အပြောလေးကြောင့် သူ့ကို မြယာက ငဲ့စောင်းကြည့်မိသည်။ နှစ်ယောက်လုံး မျက်မှန်တပ်ထားကြသဖြင့် တစ်ယောက်မျက်ဝန်းတွေကို တစ်ယောက်က မမြင်ရသော်လည်း သူ ကိုယ့်ကို နင့်နင့်နဲနဲ ငေးစိုက်ကြည့်နေမည်ဟု ယုံကြည်သောကြောင့် မြယာ ရင်ဘတ်ထဲမှာ ဆစ်ခနဲဖြစ်သွားသည်။ တကယ်ဆို ဒီမြေက ကိုယ် မခွာချင်သေး။ ခွာရမှာလည်း မပျော်ရွှင်သေးဘူး ဆိုတာ သူသိအောင် ပြောပြသင့်လား။

"ဒီမှာ ကျွန်မ ပျော်ပါတယ်"

"အင်း ... အဲဒီလို ဖြေပေးတဲ့အတွက် ကျေးဇူးပါဗျာ"

"ရှင်က ဘာလို့ ကျေးဇူးတင်ရတာလဲ"

"ပြောရင် အများကြီးမို့ မပြောတော့ပါဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



တွေ့လား။ လူကို သိချင်အောင် အသည်းယားအောင်လုပ်သော သူ့ကို မြယာက မျက်စောင်းပိတ်ထိုးမိသည်။ သူက ဘာမှထပ်မပြောတော့ဘဲ ငြိမ်သက်သွားပြန်သည်။ မြယာလည်း ဘာပြောရမှန်း မသိဘဲ တိတ်ဟဆိတ် ငြိမ်သက်နေချိန်မှာ နီနီခင်ဇော်ရဲ့သီချင်းတစ်ပိုင်းတစ်စကို သွားသတိရမိသဖြင့် ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲချင်သွားသည်။ ဘာတဲ့ ... မခွဲခင်အချိန်လေး xxx နမ်းပါ အချစ်ဆုံးရယ် ... ဆိုတာလေ။

"စ,လုံးကိုရော ဘယ်တော့ ပြန်လာဦးမလဲ မြယာ"

သူ အဲဒီလို မေးလိုက်သည်နှင့် မြယာ မျက်လုံးထဲ ဒိုင်းခနဲ ပြေးမြင်တာက မေမေခင်ရဲ့မျက်နှာပါ။ တစ်လက်စတည်းမှာ ကြားယောင်လာတာက မေမေခင်ရဲ့စကားများ။ နောက် ... ကိုကြီးရဲ့မျက်နှာ။ မြယာ ရှူးပြီး ထွက်ပြေးချင်လာလေသည်။

"မသိ ... သေး ... ပါ ဘူး"

"အင်းပေါ့ဗျာ ... အေးပေါ့ ... ဟက် ... ကျွန်တော်ကလည်း ရှူးတယ်နော်၊ နောက်တစ်ပတ်နေရင် စင်ကာပူက ပြန်မယ့်သူတစ်ယောက်ကို ဘယ်တော့ပြန်လာမလဲလို့ မေးတာ။ ဂရုစိုက်ပါ မြယာ"

"ရှင် ... ဘာကိုလဲ"

"ဩော် ... အစစအရာရာပေါ့။ ရန်ကုန်မှာလေ"

သူပြောတဲ့ စကားတွေက ဘာအဓိပ္ပာယ်မှန်း မသိတော့ပေမယ့် မြယာငိုချင်လာသည်။ အဲဒီအခိုက်မှာ သူက သူ့ရဲ့





မျက်မှန်ကို ဆွဲချွတ်ပစ်လိုက်လျှင် ခံစားချက်တို့ဖြင့် နင့်သီးနေသော သူ့မျက်ဝန်းများကို ကြေကွဲဖွယ်ရာ တွေ့မြင်လိုက်ရသည်။ သူ့နှုတ်ခမ်းတွေက တစ်ခုခုပြောဖို့ အားယူနေသလို တုန်ယင်နေပါသည်။ ဘာကြောင့်မှန်းသိ မျက်ဝန်းမှာ စွတ်စိုသလို ခံစားလာရပြီး မြယာက တုန်ယင်လာသော နှုတ်ခမ်းတို့ကို တင်းတင်းစေ့ကာ ချာခနဲပဲ သူ့ကို ကျောခိုင်းပစ်ခဲ့တော့သည်။ နွေး အနားသို့ လျှောက်သွားသော မြယာရဲ့ခြေလှမ်းတို့က ပြိုလဲတော့မလို။

အဲဒီကစ၍ သူ မြယာကို စကားသိပ်မပြောတော့။ ပြောလည်း နည်းနည်းပါးပါးသာ။ ခဏနေတော့ အိမ်ပြန်ခဲ့ကြပြီး ညဘက် အိပ်ရာထဲရောက်တော့မှ နွေးက မြယာကို မေးမြန်းလာတာ ဖြစ်ပါသည်။

နွမ်းကြေနေသော မြယာရဲ့ ရုပ်သွင်ကိုလည်း နွေးက ရိပ်မိနားလည်တာ ဖြစ်လိမ့်မည်။

"မြယာ ... နင် ... ဘာဖြစ်နေတာလဲ။ အထူးသဖြင့် ရင်ခတ်နဲ့ပေါ့။ နင်တို့နှစ်ယောက်ကို ကြည့်ရတာ မျက်နှာမကောင်းဘူး။ နင့်ကို ရင်ခတ်က ဘာပြောလို့လဲ"

"ဘာမှ မပြောပါဘူးဟယ်"

"မြယာ ! ငါနဲ့နင်က ဟိုးငယ်ငယ်လေးတည်းက ပေါင်းလာတဲ့သူတွေပါဟာ။ နင့်မျက်နှာကို ကြည့်ပြီး ဘာဖြစ်နေတယ်ဆိုတာ ခန့်မှန်းနိုင်ပါသေးတယ်။ နင့်မှာ ငါကလွဲရင် ပြောစရာ ဘယ်သူရှိသေးလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအပြောက မြယာရဲ့နှလုံးသားအညှာကို တည့်တည့်ထိသွားစေသည်။ နှလုံးသားထဲမှာ လှုပ်ခတ်ဆို့နင့်လာပြီး မြယာရဲ့မျက်လုံးအိမ်တွင် မျက်ရည်စတို့က ချက်ချင်းအိုင်ဖွဲ့လာပါသည်။

"နွေး ... နွေးရယ်"

"မြယာ ... နင် ဘာတွေဖြစ်နေတာလဲ ... ဟင် ? ပြောစမ်းပါ။ ရင်ခတ်က နင့်ကို ဘာစိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်လိုက်လဲ"

"ဟင့်အင်း ... မလုပ်ပါဘူး နွေးရယ်။ ငါ ... ငါ နင့်ကို ဘယ်ကနေ ဘယ်လို စပြောပြရမှန်း မသိတော့ဘူး"

"ရင်ခတ်က နင့်ကို သိပ်ချစ်နေတာ အသိသာကြီးလေ။ ဘေးလူတွေတောင် ကြက်သီးထရတဲ့အထိ သူ့ အကြည့်တွေက အချစ်ရိပ်တွေ နက်ရှိုင်းနေတာပဲ။ ဒါတွေဟာ နင့်ကို စိတ်အနှောင့်အယှက် ဖြစ်စေမယ်တော့ ငါ မထင်ဘူး။ နင့်မှာ တခြား ဘာအခက်အခဲတွေ ရှိနေလဲ မြယာ"

"နွေးရယ် ... ငါလေ ဒီကပြန်လို့ သိပ်မကြာခင်မှာ ကိုကြီးနဲ့ လက်ထပ်ရမယ်"

နွေး ပါးစပ်အဟောင်းသား ပွင့်သွားချိန် မြယာလည်း ဟီးခနဲ ငိုချလိုက်ချိန်ပါပဲ။ နွေးတစ်ယောက် Shock ရသွားပြီး ဘာမှ မပြောနိုင်ချိန်လေးမှာ မြယာလည်း တရှုပ်ရှုပ်နှင့် ငိုနေမိသည်။

"မြယာရယ် ... ဘယ်လိုဖြစ်ရတာလဲဟင်"





"မေမေခင်ရဲ့ သဘောဆန္ဒတွေပဲပေါ့"

"ဒါပေမဲ့ နင်နဲ့ ကိုမိုးမြင့်နဲ့က တစ်သက်လုံးက မောင်နှမတွေလိုပဲ နေလာခဲ့တာလေ။ သူကရော ဒါကို လက်ခံလား၊ ပြီးတော့ သူ့မှာ တွဲနေတဲ့ သူနဲ့ရွယ်တူ အစ်မကြီးတစ်ယောက်လည်း ရှိတယ်မှလား"

"ရှိတယ်"

"အေးလေ ... ရှိရင် သူကလည်း ဒါကို လက်ခံလား"

"မေမေခင်က အဲဒီမိန်းကလေးကို လုံးဝသဘောမကျဘူးလေ ခါးခါးသီးသီးပဲ။ ကိုကြီးကလည်း အသက်ကြီးတဲ့ယောကျ်ားတွေ ထုံးစံအတိုင်း စာတတ်တာလား ယောကျ်ားတို့ရဲ့အတ္တ ခေါ်မလား။ ချစ်တဲ့သူနဲ့ လက်ထပ်တဲ့သူ မတူဘူးလို့ပဲ သဘောထားလားတော့ မပြောတတ်တော့ဘူး ...

ငါနဲ့ လက်ထပ်ဖို့ ပထမကတော့ မေမေခင်နဲ့ စကားအခြေအတင် ဖြစ်ကြပေမယ့် နောက်တော့ ကိုကြီးကပါ မငြင်းတော့ဘူးလေ"

"ဟင် ... ဘယ်လိုကြီးလဲ။ သူ့မှာလည်း ရည်းစားရှိရက်နဲ့။ ပြီးတော့ သူတို့ကြည့်ရတာ သာမန်သမီးရည်းစား ပတ်သက်မှုထက် ပိုတယ်လို့ ငါ ကြားတယ်"

စင်ကာပူမှာ နေပေမယ့် နွေး တစ်ယောက် သတင်းစုံတာကိုလည်း မြယာ သိပါသည်။ နွေး သိသလို ကိုကြီးနဲ့ သူ့ချစ်သူ မသဇင်တို့ အကြောင်းကိုလည်း မြယာ ကြားသိသည်။

www.burmeseclassic.com



သူတို့နှစ်ယောက် တွဲလာတဲ့ ချစ်သူသက်တမ်း ငါးနှစ်လောက်မှာ လက်ထပ်ဖို့ ရည်ရွယ်ခဲ့ကြပေမယ့် မေမေခင်က မသဇင်ရဲ့မိဘ မျိုးရိုးနဲ့ မသဇင်ပုံစံကို မနှစ်သက်တာကြောင့် ကိုကြီးနဲ့မသဇင် တို့ရှေ့ရေး နှောင့်နှေးခဲ့ရသည်။ ဒါပေမဲ့လည်း ကိုကြီးအနေနဲ့ မသဇင်ကို ဘယ်လောက် ထောက်ပံ့မှုတွေ ပေးနေသည်၊ ဘယ် လောက် အတိုင်းအတာထိ ပတ်သက်နေကြသလဲ ဆိုတာတွေက သိနေရတာပဲလေ။ မြယာ တွေးသလို နွေးလည်း တွေးမိသည်ထင့်။ နွေးက ဆက်ပြောလာသည်။

"မေမေခင်က စီစဉ်တိုင်း နှင် ခေါင်းညိတ်လိုက်ပြီလား မြယာ။ အိမ်ထောင်ရေးဆိုတာ လွယ်လွယ်လေးကိစ္စမှ မဟုတ်တာ မြယာ။ ပြီးတော့ ကျေးဇူးတရားနဲ့လည်း မပေးဆပ်သင့်ဘူး ထင်တာပဲ ...

နှစ်ကိုယ်တူချစ်ပြီး ထူထောင်ခဲ့တဲ့ အိမ်ထောင်ရေး မှာတောင် အဆင်မပြေမှုတွေ ရှိသေးတာပဲ မြယာရယ်။ ကိုမိုးမြင့်က နှင့်ကိုမချစ်ဘဲနဲ့ လက်ထပ်ပြီး ပွဲတက်မယား အဖြစ်သာသုံး၊ မသဇင်ကိုကျတော့ Soul mate လုပ်နေရင် ဘယ်လိုလုပ်မလဲ။ နှင် အဲဒီလို ဘဝမျိုးကို ကျေနပ်မှာလား။ လူ့စိတ်ဆိုတာ အမျိုးမျိုး ပြောင်းလဲနေတတ်တယ်။ ခုသာ မသဇင်ကလည်း အဲလိုအဖြစ်တွေကို ကျေနပ်လက်ခံချင် လက်ခံပြီးနေမယ်၊ နောက် နှင်နဲ့ရပြီးမှ သူက ကလေးတွေ ဘာတွေ ထမွေးပစ်ရင်ရော ...





အဲလိုမလုပ်ဘူး၊ အဲဒီ ကိစ္စတွေက မဖြစ်နိုင်ဘူးလို့ ပြောနိုင်လား၊ လောကမှာ သေချာပါတယ်ဆိုတဲ့ ကိစ္စတွေ တောင် မသေမချာ ဖြစ်တတ်သေးရင် အစတည်းက မသေချာမရေရာ ဖြစ်ခဲ့တာတွေဟာ ဘယ်လောက် ပရမ်း ပတာ ဖြစ်လိမ့်မလဲဆိုတာ မှန်းဆကြည့်လေ"

နွေးကပါ ခံစားချက်တွေ တုန်လှိုက်ဟန်ဖြင့် အရှည် ကြီးပြောပြသွားသော စကားတွေကို ကြားရလျှင် မြယာ ဆောက် တည်ရာမဲ့စွာ မျက်ရည်တွေ ထပ်ကျလာသည်။ အရင်က ကိုယ် လက်မထပ်ချင်သူကို လက်ထပ်ရလိမ့်မည်ဟုသာ သိထားခဲ့၍ စိတ်မချမ်းမြေ့ရသော ဖီလင်သည် အခု နှလုံးသားကို ချမ်းမြ သာယာစေသော လူတစ်ယောက်နဲ့ အတွေ့မှာတော့ မချစ်မနှစ် သက်သောလူကို လက်ထပ်ဖို့က ပို၍ ရင်နာစရာ ကောင်းခဲ့ပြီ။ ရင်ဘတ်တစ်ခုလုံး နာကျင်နေရပါသည်။

"ဒါကြောင့် နှင် ငါ့ကို ပြောခဲ့တာလား။ စင်ကာပူမှာ အလုပ်လုပ်မယ်လို့ ... မြယာ ... မြယာရယ် ...

နှင် ဘာဖြစ်ချင်လဲ။ နှင်ဖြစ်ချင်တာ မှန်သမျှ ငါ ကူညီမယ်၊ နှင် ဘာကြောင့်နဲ့မှ စိတ်ဆင်းရဲမခံပါနဲ့ဟာ။ နှင့်ဘဝကြီးကို မွန်းကျပ်ပိတ်လှောင်သွားမှာမျိုး အဓိပ္ပာယ် မရှိတော့မှာမျိုး ငါ မလိုလားဘူး

"ငါ ဘာလုပ်သင့်လဲ နွေးရယ်"

"နှင်က မေမေခင့်ကို မငြင်းခဲ့ဘူးလား မြယာ"



www.burmeseclassic.com

www.burmeseclassic.com



"သိခါစက ငါလည်း အရမ်းကို Shock ရပြီး ဘာမှပြန် မပြောနိုင်အောင် ဖြစ်သွားတာပေါ့။ နောက်တော့ မေမေခင့်ကို မဖြစ်နိုင်ဘူး ဆိုတဲ့အကြောင်း ပြောတယ် ...

မေမေခင်က မသဇင်နဲ့ ကိုကြီးကို သူ ဘယ်လိုမှ သဘောမတူကြောင်းပြောပြီး ငါ့ကိုလည်း အမျိုးမျိုးနားချ တယ်။ ငါသာ လက်မခံရင် သူ တစ်ခုခုဖြစ်သွားမယ်။ ကိုကြီးကို ငါနဲ့ပဲ သူ စိတ်ချသတဲ့လေ"

"နှင်နဲ့ပဲ စိတ်ချရအောင် ကိုမိုးမြင့်က မလုပ်တတ် မကိုင် တတ် ပညာမတတ်တဲ့ ယောကျ်ားလေးမှ မဟုတ်တာ။ စီးပွားရေးလောကထဲမှာတောင် အောင်မြင်နေတဲ့ယောကျ်ား ပဲ။ သူ့ဘဝ သူဖန်တီးနိုင်မှာပေါ့"

"ငါလည်း အမျိုးမျိုး ပြောတယ်။ နောက်ဆုံးတော့ အပြီး သတ် လက်ခံခေါင်းညိတ်တယ် မဟုတ်တောင် သူတို့လက် ခုပ်ထဲက ရေလိုမျိုး ဘာမှပြန်မပြောနိုင်တော့ဘဲ ငြိမ်သက် သွားတယ်ဟာ။ စိတ်တွေ သိပ်မွန်းကျပ်လာလို့ နှင့်ဆီကို စိတ်ပြေလက်ပျောက် ထွက်လာဖို့ ငါ ဆုံးဖြတ်ခဲ့တာ"

"ဒါပေမဲ့ ပြန်ခါနီးမှ ပြောရလား မြယာရယ်"

"ငါ ပြောဖို့ အကြိမ်ကြိမ် စဉ်းစားပါတယ်။ ဒါပေမဲ့ ပြော ဖို့စဉ်းစားလိုက်ရင်ကို စိတ်တွေ ဆင်းရဲရလွန်းလို့ မပြော ချင်တော့တာ ...





ဒီမှာ နေခဲ့ရတဲ့ရက်တွေ အရမ်းကို ငါ စိတ်ချမ်းသာ တယ်၊ ငါ့ဘဝမှာ တစ်ခါမှ မရခဲ့ဘူးတဲ့ ပျော်ရွှင်မှုမျိုးကို ရတယ်"

"အဲဒါက ရင်ခတ်နဲ့ရော သက်ဆိုင်လား"

မြယာ မဖြေချင်တော့ပါ။ မဖြေလည်းဘဲ နွေး နား လည်သဘောပေါက်မည်ဟု ထင်ပါသည်။ သဘောပေါက်ဟန်ရှိ သော နွေးသည် သူမရဲ့အမြင်နှင့် အထင်ကို ဆက်ပြောလာသည်။

"နှင်လည်း ရင်ခတ် သဘောထားကို သိနေတာပဲ။ ငါ့ စိတ်ထင် သူ နှင့်ကို ဖွင့်ပြောလာမယ်လို့ ထင်တယ်။ တွေ့တဲ့အချိန် သိပ်မကြာသေးလို့ နှင့်ကို နည်းနည်းရှိန် ပြီး စောင့်နေတာလို့ ထင်မိတယ် ...

သိပ်မကြာခင် ဖွင့်ပြောမှာပဲ။ နှင် ဘယ်လိုစဉ်းစား ထားလဲ"

ဒါကိုလည်း မြယာ မဖြေနိုင်ပါချေ။ မြယာမှာ အဲဒီလိုစဉ်းစားနိုင်တဲ့ အခွင့်အရေး ရှိသေးရဲ့လား။ ဘဝမှာ ကိုယ့် ကို မြတ်နိုးချစ်ခင်သော ယောကျ်ားတစ်ယောက်ကို ပြန်လည် ရင်ခုန်ခံစားနိုင်တဲ့ လွတ်လပ်တဲ့ နှလုံးသားရှိတဲ့ မိန်းကလေးဘဝ ဟာ ဘယ်လောက်တောင် ကံကောင်းလိုက်သလဲဆိုတာ မြယာ သိခဲ့ရပြီ။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် အဲဒီလောက် ကံဆိုးခဲ့မယ် ထင်ခဲ့ပါချေ။

"နှင် သူ့ကို သံယောဇဉ်ရှိတယ် မဟုတ်လား မြယာ"



www.burmeseclassic.com

www.burmeseclassic.com



နွေးက လျှော့ပေါ့ပြေလျော့စွာ တိုးတိတ်ညင်သာ မေးသည်။ "သံယောဇဉ်"တဲ့။ တကယ်တော့ သံယောဇဉ်ဆိုတာ မေမေခင်တို့ကိုသာ နှိုင်းယှဉ်ရမည့်အရာ မဟုတ်ပါလား။ "သံယောဇဉ်"ဆိုသော အရာထက် ထူးခြားနက်ရှိုင်းမှုတစ်ခုကို သူ့ဆီက မြယာ ခံစားသိရှိခဲ့ရတယ် ဆိုရင်ရော ? ? ။

"နွေးရယ်"

နောက်ဆုံးတော့ နွေးပခုံးပေါ်မှာ မြယာရဲ့မျက်ရည်တွေ ရွှဲနစ်ခဲ့ရသည်။ အဖြေတစ်ခုက ထွက်မလာခဲ့ပါ။





၁၄

တစ်စုံတစ်ခု လိုအပ်နေသလို၊ ဒါမှမဟုတ် ပျောက်ဆုံးသွားသလို ဘာမှန်းမသိသော ဟာတာတာ ခံစားချက်မျိုးနှင့် နေရထိုင်ရတာ မသက်မသာ ရှိလွန်းလှသော ခံစားချက်မျိုးသည် မြယာ ပြန်သွားသည့် နောက်ပိုင်းတွင် ဆိုးရွားစွာ စတင်ပါသည်။ မြယာ ပြန်သည့်နေ့က သူ သင်္ဘောပေါ် ရောက်နေသည့်အတွက် လိုက်မပို့ဖြစ်ပါ။ နွေးထွေးနွေးကတော့ လိုက်ပို့ဖြစ်သည်။ နွေး တင်ထားသော မြယာရဲ့ သောဘာစောင်းပုံလေးကို ကြည့်ကာ အသည်းနှလုံးတွေ တဖျစ်ဖျစ် ညှိုလာသည်ဟုတောင် ခံစားရသည်။

"Have a safety flight ! See u once again my BFF"စာသားနှင့်အတူ နွေးက သူမရဲ့ facebook wall ပေါ်တွင် အဝေးသို့ငေးကာ လက်ပိုက်ရပ်နေသော မြယာရဲ့သောဘာစောင်း

www.burmeseclassic.com



ခါတ်ပုံလေးကို တင်ထားသည်။ ကုတ်အနက်လေးဝတ်ထားကာ ဆံနွယ်တွေ ဝဲကျနေသော မြယာရဲ့မျက်နှာလေးကို အရှုအမူးငေးကာ ဒီမိန်းကလေးကို သူ ဘာကြောင့် ဒီလောက် ချစ်မိသွားလဲ ဆိုတာ သူ့ကိုယ်သူတောင် နားမလည်နိုင်တော့ပါ။ နားလည်တာကတော့ သူ့အချစ်ပဲ ဖြစ်သည်။ "အချစ်"ဆိုတဲ့ ခံစားချက်ဟာ ဒီလိုအရာလား၊ ဒီလောက်ထိ ထူးခြားဆန်းကြယ်သည့် အရာလားဆိုတာ ကိုယ့်ဘာသာ တစိမ့်စိမ့် အံ့ဩရင်း နားလည်လာရတာ ဖြစ်သည်။

"ငါ ရန်ကုန်ပြန်ဖို့ စီစဉ်တော့မယ် သီဟ၊ ခုတည်းက ခွင့်တင်တော့မယ်"

"အဲဒီလောက် ရောဂါရင့်သွားပြီလား။ ဘယ်လောက်ကြာမှာလဲ"

"ငါမပြန်တာ ငါးနှစ်လောက် ရှိပြီလေ။ ခွင့်တွေလည်း ယူမှ မယူခဲ့တာ၊ ခံစားခွင့်အရဆို သုံးလလောက် အေးဆေးနေလို့ရမယ်"

"ဟာ ... စင်ကာပူက တစ်ရက်လေးတောင် မခွာနိုင်တဲ့သူက သုံးလတောင် ပြန်နေမယ်ပေါ့။ ဒါနဲ့ နေပါဦး၊ မင်း သူ့ကို ဖွင့်ပြောလိုက်ပြီလား"

"မပြောပါဘူးကွာ။ ငါ တမင်မပြောလိုက်တာ"

"ဘာလဲ ... တကူးတက လိုက်ပြောမယ် ဆိုပြီးတော့လား"





"အေးပေါ့။ ဒီကိုလာလည်တဲ့ သူတစ်ယောက်ကို ရည်းစားစကား ပြောလွှတ်တယ်ဆိုတာ မကောင်းဘူးလေ။ သူ့ဆီလိုက်ပြောတယ် ဆိုတာက ပိုကောင်းပါတယ်"

"မင်းအိမ်ကတော့ အံ့ဩနေမှာပဲ။ မန္တလေးကိုရော ဘယ်ချိန်ပြန်မှာလဲ"

"ရောက်ပြီး တစ်ပတ် ဆယ်ရက် နေရင်တော့ ခဏပြန်မယ်။ ပြီးရင် အိမ်ကဘိုးတော်နဲ့ ဘွားခေါ်ကို ရန်ကုန်ဘုရားဖူးဆိုပြီး ခွတ်ခေါ်လာမယ်ကွာ၊ အစ်မတို့သားအမိပါလိုက်ရင် လိုက်ကြပေါ့"

"အေး ... သူတို့ကတော့ မင်းကို မန္တလေးမှာ ဆွဲထားဦးမှာပဲ"

"အဲဒီလို ဆွဲထားမှာစိုးလို့ကို သူတို့ပါ ရန်ကုန်ပြန်မ,မလို့။ နောက်ဆုံး မတတ်သာရင်လည်း ပြောပြလိုက်မှာပေါ့။ အချိန်မရှိဘူးလို့။ ရန်ကုန်မှာ မိန်းမပိုးရဦးမယ်လို့"

"ဘာလဲ ... မင်းက သူ့ကို အတည်တွေ ရည်ရွယ်နေပြီလား"

"ဟာ ... ရည်ရွယ်တာပေါ့ကွာ။ ငါ့အသက်အရွယ်က အပျော်ရည်းစားထားလို့ ရသေးတယ် ဆိုရင်တောင် မထားချင်တော့ပါဘူးကွာ။ ပြီးတော့ ငါ မြယာကို သိပ်ချစ်တယ်၊ သူ့ကို မြင်နေရရင် ငါ စိတ်ချမ်းသာတယ်။ ကျေနပ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါ့ဘဝတစ်ခုလုံး ကျန်တဲ့အချိန် တော်တော်များများကို သူနဲ့ပဲ ဖြတ်သန်းကုန်ဆုံးချင်တယ် ဆိုတာ သေချာနေပြီ လေကွာ ...

ဒီမိန်းကလေးတစ်ယောက်ကို သင့်တော်တယ်ဆိုတဲ့ ခံစားချက်နဲ့ လိုက်ကိုလိုအပ်တယ်ဆိုတဲ့ ခံစားချက်က ငါတို့ အသက်အရွယ်မှာ တော်တန်ရုံမှ မဖြစ်တော့တာ၊ ငါ့ အတွက်က သူ့ကို လိုကို လိုအပ်တာပါ"

"သူ့ဘက်ကရော"

အဲဒီမေးခွန်းကိုတော့ သူ ချက်ချင်းမပြောနိုင်ဘဲ တွေဝေငြိမ်သက်သွားပါသည်။ မျက်လုံးထဲတွင် လျှို့ဝှက်မှုသိပ် တတ်သော မြယာရဲ့ မျက်နှာက်ဝန်းများကို ပြန်လည်မြင်ယောင် လာသည်။ ဒါပေမဲ့ အဲဒီလျှို့ဝှက်မှုတွေ များစွာထဲမှ တစ်မျိုးသော နှောင်တွယ်အရိပ်လေးတွေကို မြယာရဲ့မျက်ဝန်းမှာ မြင်နေရသလို ပဲလေ။ ဘာမှန်းမသိပေမယ့် သူနဲ့မြယာကြားမှာ link တစ်ခု ရှိနေသည်ဟု ယုံကြည်ပါသည်။

"မြယာဘက်ကိုတော့ ငါ သေသေချာချာကြီး မပြောနိုင် ဘူးကွာ။ သူ့ကို ကြည့်ရတာတော့ ကြည်လင်နေတဲ့ ကန် ရေပြင်တစ်ခုကို မြင်ရသလိုပါပဲ။ တွေ့လိုက်ရရင် ကြည် လင်တယ်၊ အေးချမ်းတယ်။ ဒါပေမဲ့ ဟိုးအောက်ခြေမှာ ဘာရှိနိုင်လဲဆိုတာတော့ မသိနိုင်တဲ့ သဘောမျိုးပဲ"





"နောက်ပိုင်းမှာ ငါတို့ ယောကျ်ားတွေဆိုတာ ကိုယ့်ဘက်ကို သေချာတဲ့ မိန်းကလေးတွေကိုပဲ ဖွင့်ပြောကြကာလေကွာ။ မင်းက အဲဒီလိုတွေ မစဉ်းစားတော့ဘူးလား"

"မစဉ်းစားတော့ဘူးကွာ။ သူ့ဘာသာ ဘယ်လိုတွေပဲရှိရှိ ကိုယ့်အချစ်တွေက သူ့ကို ပေးပြီးသားပဲ။ လက်ခံတာ မခံတာက သူ့ကိစ္စလို့ပဲ မှတ်ထားတယ်ကွာ ..."

ငါ့ဘဝမှာ ဘယ်မိန်းကလေးတစ်ယောက်ကိုမှ စိတ် ဆင်းရဲ ကိုယ်ဆင်းရဲအောင်လုပ်တာ၊ အသားယူ အခွင့် အရေးယူဖူးတာမျိုး မရှိခဲ့ဘူး။ ကိုယ် တကယ်ချစ်တဲ့ မိန်း ကလေးနဲ့ တွေ့တဲ့အချိန်မှာတော့ ပိုးစိုးပက်စက်ကြီး ကံ မဆိုးလောက်ဘူး ထင်ပါတယ်ကွာ"

သူက ပြောရင်း Laptop Screen မှာ ပေါ်နေသော မြယာရဲ့ Update Photo လေးကို တစ်ချက် ပြန်ငေးမိသည်။ ခင်ကာပုက အပြန်မှာ ငေးမောမရှင်မပျဖြစ်နေသည့် မြယာရဲ့ ဓာတ်ပုံကိုကြည့်ကာ သူမ ရန်ကုန်ကို ပြန်ရတာ မပျော်ဘူးလား ဟူသော အတွေးကို တွေးမိလျှင် နှလုံးသားထဲ ထိခိုက်သွားသည်။ ဒီမှာ နေစဉ်က နှင်းသောက်သည့် ပန်းလေးတစ်ပွင့်လို လှပလန်း ဆန်းနေသည့် မြယာဟာ ရန်ကုန် ပြန်ရောက်လျှင် ဘယ်လို Mood မျိုးနဲ့ နေထိုင်မှာပါလိမ့်။

"သူ့ကြည့်ရတာ သူ့ခြေသမီးပုံစံပဲနော်။ ဘယ်မှာနေတာလဲ မင်း သိလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလျားလမ်းမှာလို့ ပြောတယ်"

သီဟက အောက်နှုတ်ခမ်းကိုမဲ့ကာ ပခုံးတွန့်ပြသည်။

"ဒါပေမဲ့လည်း မင်း သူ့အကြောင်းကို သိပ်မသိဘူး မဟုတ်လား"

"ဘာမှ သိပ်သိစရာ မလိုပါဘူးကွာ။ အကြောင်းသိမှ ချစ်လို့ရတယ်ဆိုရင် အချစ် ဘယ်ဟုတ်တော့မလဲ"

အဲဒီလိုပြောပြီး မြယာရဲ့ဓာတ်ပုံလေးကို ထပ်ကြည့်မိပြန်သည်။ ကဲ ... မြယာရေ ဒီနေ့ကစပြီး တစ်လအတွင်း မင်းဆီကို ကိုယ် လိုက်လာဖို့ စီစဉ်ပါပြီကွာ။

❦ ○ ❦





SINGAPORE ➡ YANGOON

www.burmeseclassic.com

www.burmeseclassic.com



## ၁၅

စင်ကာပူ ချန်ဂီလေဆိပ်ကနေ လေယာဉ်ပျံတက်လာခဲ့ပြီး ရန်ကုန်ရောက်သည့်အချိန်မှစ၍ မြယာရဲ့စိတ်တွေ တဖြည်းဖြည်း လေးလံလာခဲ့သည်မှာ နွမ်းလျအိမ်ပြန်ပျှသော ကြည်အေးရဲ့ ဝတ္ထုတစ်ပုဒ်လိုပင် ဖြစ်ခဲ့လား မသိပါ။ နာရီပိုင်းအတွင်း ပြောင်းလဲသွားသော မြင်ကွင်းရှုခင်းတွေနဲ့ထပ်တူ နှလုံးသားကလည်း လန်းဆန်းရာမှ မလန်းဆန်းရာသို့ ပြောင်းလဲသွားသည်။ မြယာကို လာကြိုသူမှာ မေမေခင်၏ဒရိုင်ဘာနှင့် အိမ်မှာ အိမ်တော်စိုး မအေးမြင့်တို့ ဖြစ်သည်။ ကားနောက်ခန်းထဲမှာ ထိုင်ရင်း ပိတ်လှသော Traffic ကြားမှာ မျက်လုံးတွေက အပြင်ကို ငေးနေသော်လည်း လက်ရှိပုံရိပ်တွေကို မမြင်ဘဲ သစ်ပင်စိမ်းစိမ်းလန်းလန်းများကြားမှ လှပရှင်းသန့်သော မြက်ခင်း။ လူသွားလမ်းလေးတွေ၊ ပြွတ်သိပ်နေသော တိုက်ခန်းအကျပ်တွေ မရှိဘဲ စနစ်တကျ တည်ဆောက်ထားသော ရပ်ကွက် စသဖြင့် ...။



www.burmeseclassic.com

www.burmeseclassic.com



လှပသောရေပြင် ဆန်းသစ်သော မော်ဒန်ဗိသုကာတို့ဖြင့် Marina Bay Sands တစ်ဝိုက်က နေရာတွေ၊ လှပသော ဘားလေးတွေနှင့် လေညှင်းခံ လမ်းလျှောက်ရာ Clarke Quay တစ်ဝိုက်က နေရာလေးတွေ ဒါတွေကိုသာ ထပ်တလဲလဲ ပြန်မြင်နေပြီး မျက်လုံးတွေက လက်ရှိပုံရိပ်တွေကို ဘာမှမမြင်သလိုဖြစ်နေသည်။ ပြောရလျှင်တော့ လူကသာ ရန်ကုန်ပြန်ရောက်လာပေမယ့် မြယာရဲ့စိတ် နှလုံးသားတို့မှာ စင်ကာပူမှာ ကျန်ခဲ့သလို ဖြစ်နေခဲ့ပြီ။ နွေးနဲ့အတူ ပျော်ရွှင်လွတ်လပ်ခဲ့သော အချိန်များ၊ ရင်ခတ်ရဲ့ဂရုတစိုက် အလေးထားမှုများနှင့် နှစ်လတာ စင်ကာပူခရီးသည် နှလုံးသားမှာ ဖျောက်မရအောင် စွဲလမ်းခဲ့ပြီတည်း။

အိမ်ရောက်တော့ ညနေစောင်းပိုင်း ဖြစ်နေပြီမို့ မေမေခင်နှင့်အတူ ကိုကြီးပါ ရှိနေသည်။ မြယာက မေမေခင့်ကို ခါးပေးပွေ့ဖက်လိုက်ရင်း ...

"မေမေခင် နေကောင်းတယ်ဟုတ်"

"အမယ်လေး ... ကောင်းပါ့အေ။ ညည်း ရောက်တော့မှသာ နေမကောင်းဖြစ်တော့မှာ"

"ဟင် ... မေမေခင်ကလည်း"

"ဟုတ်တယ်လေ၊ ညည်းမရှိတုန်း ကျုပ်ကို ပြုစုမယ့်သူမရှိတော့ နေကောင်းအောင် နေရတာပေါ့။ ခုချိန်ကစပြီး စားချင်တာ လျှောက်စားရတော့မယ် ဆိုတော့ ညည်း ဆေးတိုက် ဆေးစပ်ရတော့မှာပေါ့ မြယာရဲ့"





"ဟင် ... လုပ်ပြီ မေမေခင်ကတော့။ ကိုကြီးရော နေကောင်းတယ်ဟုတ်"

မြယာက ဆိုဖာမှာ လက်ပိုက်ပြီး ခပ်ပြုံးပြုံး လှမ်းကြည့်နေသော ကိုကြီးကိုမေးကာ နှုတ်ဆက်လိုက်သည်။

"အေး ... ကောင်းပါတယ်။ ငါ့အတွက်ရော ဘာတွေဝယ်လာခဲ့တုန်း။ စင်ကာပူမှာ Discount ပွဲတော်နဲ့တိုးလာတာ။ တော်တော်မှ Shopping ထွက်လို့ ကောင်းရဲ့လား"

"ဟုတ် ... ကောင်းပါတယ်။ New Year မှာတော့ ဝယ်ရတာ အရမ်းတန်တယ်။ ကိုကြီးအတွက် G2000 formal တွေ ရုံးတက်ရင်ဝတ်ဖို့ တစ်ရာဖိုးသုံးထည် ဝယ်လာခဲ့တယ် ဟင်း ဟင်း"

"ဟဲ့ ... တစ်ရာဖိုးသုံးတယ်၊ ဘေထုပ်တွေလားဟဲ့"

"အဟင်း ... မဟုတ်ပါဘူး မေမေခင်ရယ်။ စင်ကာပူဒေါ်လာတစ်ရာကို Branded အင်္ကျီ သုံးထည်ရတာပါ"

"ဟဲ့ ...တန်လှချည်လား။ ခါတိုင်း တစ်ထည်ကို ဒေါ်လာ ၇၀၊ ၈၀ ရှိတာဆို"

"ဟုတ်ပ ... အဲဒါကြောင့် တချို့က New Year မှာ စု၊ လုံးကို Shopping ထွက်ကြတာကိုး။ ပုံမှန်ဆို စင်ကာပူက ဈေးသိပ်ကြီးတာလေ"

"အန်တီနီနှင့် မအေးမြင့်တို့အတွက်လည်း အများကြီးပါတယ်နော်။ မအေးမြင့်အတွက် ပါတိတ်လှလှတွေ



www.burmeseclassic.com

www.burmeseclassic.com



အိမ်တော်စိုး မအေးမြင့်က အညာဘက်ကမို့ ခုထိ သနပ်ခါးဖွေးနေအောင် တစ်ကိုယ်လုံး ခြေဆုံးခေါင်းဆုံးလိမ်းကာ ပါတိတ်ကိုမှ နှစ်သက်စွာ ဆင်ယင်တတ်သူတည်း။

"အေးပါ ... ငါ့ညီမလေး ငါ့အတွက် ရှယ်ပါလာမယ်ဆိုတာသိလို့၊ ဒီနေ့ ညစာကို စပါယ်ရှယ် ချက်ထားတယ်ဟေ့။ မြန်မာထမင်းဟင်းတွေနဲ့ အတော်ဝေးနေရောပေါ့"

"အဟင်း ... သိပ်တော့ မဝေးဘူး မအေးမြင့်ရဲ့။ နွေးက မြန်မာထမင်းဟင်းကောင်းကောင်း မစားရတာကြာတော့ နွေးကို မကြာခဏ ချက်ကျွေးဖြစ်တယ်"

ပြောရင်းနဲ့မှ ကိုယ့်လက်ရာ ထမင်းဟင်းနဲ့ မုန့်လေး စားသောက်ဖွယ်ရာတွေကို ခုံခုံမင်မင်နဲ့ စားသောက်တတ်သူ ရင်ခတ်ကို ပြေးမြင်လာသည်။ ယူနီဗာဆယ်စတူဒီယိုထဲက လမ်းမ တစ်လျှောက်မှာ လွှင့်စဉ်ကျခဲ့သော သူ့အပြုံးများ၊ MBS နားက လျှောက်လမ်းလေးက သူ့ရယ်သံများ၊ အရာအားလုံးသည် မြယာ ရင်ဘတ်ထဲသို့ ပြင်းပြင်းပြပြ မွှေနှောက်ရောက်ရှိလာသည်။ ခုချိန် ဆို သူရော ဘယ်လိုရှိမှာပါလိမ့်။ တကယ်ဆို ပြန်ခါနီးလေးတောင် ကျွန်တော်တို့ ပြန်ဆုံမယ်နော်တို့၊ ထပ်တွေ့မယ်နော်တို့ တစ်ခွန်း တောင် မပြောလိုက်သူအတွက် တိုက်ဆိုင်တိုင်းမှာ သတိရနေဖို့ သင့်ပါသလား။ မြယာ မရှုးသင့်ဘူး ထင်ပါသည်။

တကယ်တော့ မတော်တဆ ခဏတွေ့ခဲ့တဲ့ လူတစ်ယောက်ပဲလေ။ သူ့ဘဝဟာ ဟိုမှာ အခြေတကျ ဖြစ်နေခဲ့ပြီးသား





အပြင် ဟိုမှာ ပျော်လွန်းလို့ မြန်မာပြည်တောင် ငါးနှစ်လောက် ပြန်မလာဘဲ နေနိုင်တဲ့သူလေ။

"ဟဲ့ ... မေးနေတာ မကြားတော့ဘူး။ ကြည့်စမ်း ... ချက်ချင်းလက်ငင်းကြီး"

မေမေခင်ရဲ့ အသံကျယ်ကြီးကြားမှပင် မြယာက ဖျတ်ခနဲ စိတ်နဲ့ ကိုယ်နဲ့ ပြန်ကပ်သည်။

"ရှင် !!! ဘာပြောလိုက်တာလဲ မေမေခင်"

"စင်ကာပူမှာ နှစ်လနေခဲ့ရတာတော့ ဟုတ်ပါပြီ။ အပျော် အပါးပဲ မဟုတ်ဘဲ ဘာတွေများ အတွေးအမြင် ဗဟုသုတ တွေ ရလာလဲလို့ မေးနေတာ"

"ဟုတ် ... ရပါတယ် မေခင်ရ။ ဒါပေမဲ့ ဒီမှာ ဘာမှအသုံး မဝင်တဲ့ ဗဟုသုတတွေပါ"

"ဟေ ... ဘာဖြစ်လို့လဲအေ"

"သူတို့တွေ စည်းကမ်းရှိတာ၊ တိုးတက်ခေတ်မီတာ၊ တာဝန် ယူစိတ်ရှိကြတာတွေက ဗဟုသုတတွေပေါ့ မေခင်ရယ်။ ဒါပေမဲ့ ဒီမှာ ကိုယ်တစ်ယောက်တည်းနဲ့ ဘယ်လိုမှ ပြောင်းလဲလာမှာ မဟုတ်ဘူးလေ။ နိုင်းယှဉ်ကြည့်မိရင် စိတ်ဆင်းရဲရလွန်းလို့ ဘာမှမနိုင်းတာပဲ ကောင်းကယ်လေ"

"အေးပါအေ။ သူဌေးတွေကတော့ တို့ဆီက ပိုပေါတာပါ"

"စင်ကာပူမှာ ကွန်ဒိုဝယ်ထားတဲ့ သူတွေကို ကြည့်လိုက်ရင် မြန်မာတွေချည်းပဲ။ မြန်မာတွေ ဝယ်လွန်းလို့ စင်ကာပူ

www.burmeseclassic.com

www.burmeseclassic.com



အိမ်မြေဈေးကွက်တောင် နည်းနည်းလှုပ်လှုပ်ခတ်ခတ် ဖြစ်သွားသေးတယ်တဲ့။ သူတို့ သတင်းစာတွေထဲမှာကို ရေးကြတာ။ ရန်ကုန်မှာလို ဈေးကွက်ပျက်အောင် လုပ်ကြတာလေ။ ဒါပေမဲ့ စင်ကာပူဝန်ကြီးချုပ်က တစ်ခါတည်းအပြတ်ပြောပြီးသား။ အိမ်မြေကို ဈေးကွက်တစ်ခုလို စီးပွားရေးလုပ်ငန်းတစ်ခုလို ကစားတာမျိုး လုံးဝအဖြစ်မခံဘူးဆိုပြီး အိမ်မြေဈေးကို ထိန်းချုပ်ထားတာ။ ဒီက လူကြီးတွေနဲ့တော့ ကွာလိုက်တာလေ ...

ဟိုမှာက Instalments တွေနဲ့ပဲ အိမ်တွေ၊ ကွန်ဒိုတွေကို ရောင်းကြတာ များတယ်လေ။ ပုံမှန် အလုပ်လုပ်တဲ့ သူတွေကလည်း လစဉ်ငွေသွင်းပြီးတော့ပဲ ဝယ်နိုင်တာပါ။ အမယ်လေး ... Cash down တွေချေပြီး အပြိုင်အဆိုင်တွေ ဝယ်ကြတာ မြန်မာတွေချည်းပါပဲ ...

စလုံးတွေကတော့ အံ့သြနေတာလေ။ မြန်မာတွေ အဲဒီလောက် ချမ်းသာလား၊ ဘာလုပ်ကြလဲပေါ့ ... ဟားဟား"

"ဟဲ့ ... ဟဲ့ ... တော်ပြီ။ နိုင်ငံရေးတွေ လျှောက်ပြောမနေနဲ့"

"အဟင်း ... မပြောတော့ပါဘူး။ ပြောရင်လည်း ဒီ့ထက်ဆိုးတာတွေ ထွက်လာလိမ့်မယ်။ ဒါဆို မြယာ ရေသွားချိုးလိုက်ဦးမယ်။ ပြီးမှ ညစာစားဖို့ ပြန်ဆင်းလာခဲ့မယ်နော်"





"ဟဲ့ ... ရေကို ချက်ချင်းမချိုးသေးနဲ့ဦး။ ခဏနားဦး"

"ဟုတ် ... မေမေခင်"

မြယာက အိမ်အပေါ်ထပ်က ကိုယ့်အခန်းဆီသို့ တက်လာခဲ့သည်။ နှစ်လလောက်ခွဲခွာခဲ့ရသော အခန်းလေးသည် မြယာ ရှိတုန်းကလိုပဲ သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းပါပဲ။ မအေးမြင့်က တစ်ပတ်တစ်ခါ ရှင်းထားသည်ဟုဆိုသည်။ သက်သောင့်သက်သာရှိသော အိမ်နေရင်းဂါဝန်တစ်ထည်ကို လဲဝတ်လိုက်ရင်းမှ ခင်ဗျားက ဂါဝန်တွေ Dress တွေ တော်တော်ကြိုက်တာပဲနော်၊ ခင်ဗျားနဲ့လည်း တော်တော်လိုက်တယ်၊ Princess တစ်ယောက်နဲ့တူတယ်ဟု ပြောဖူးသော စကားသံတို့ကို ကြားယောင်လာသည်။

ကျွတ် ... အဲဒီလို တိုက်ဆိုင်တိုင်း သတိရနေရင် မကောင်းဘူးလားကွယ်။ လွန်ခဲ့သော နာရီပိုင်းအတွင်းကကို စင်ကာပူမှာ ရှိနေခဲ့သည်။ အခု ရန်ကုန်က ကိုယ့်အခန်းထဲ ပြန်ရောက်နေပြီ။ နာရီပိုင်းလေးအတွင်းမှာပဲ အဝေးကြီးက ပြန်လာသူလို နှမ်းလျှချင်နေတာ ဘာကြောင့်ပါ မှဲ့။ တကယ်ဆို လေယာဉ်ကလည်းကောင်း၊ သက်သောင့်သ သာ အနေအထားမှာ ဒီလို နှမ်းလျှအိမ်ပြန် ဖြစ်မနေသင့်ဘူးမှလား။ မြယာရဲ့ စိတ်နှလုံးဝိညာဉ်တို့သည် ကြည်လင်သာယာသော Sentosa ကျွန်းပေါ်မှာ တဝဲဝဲ လည်နေသည်လို့ ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြယာက ဖုန်းကို အင်တာနက် ဖွင့်လိုက်သည်။ နာရီပိုင်းအတွင်း ပြောင်းလဲသွားသော အရာထဲတွင် internet connection လည်း အပါအဝင် ဖြစ်ပါလိမ့်မည်။ အဝိုင်းလေး လည်နေတာကို စိတ်ရှည်လက်ရှည် စောင့်နေပြီးနောက် facebook စာမျက်နှာတွင် တစ်စုံတစ်ယောက် ဘာများရေးထားမလဲဟု စိတ်တထင့်ထင့် ဖြစ်နေမိသည်။ နောက် "ခလွမ်"ဆိုသော အသံ လေးနှင့်အတူ message က ဘာမတ်ဆေ့များ ဝင်လာမလဲဆိုတဲ့ မျှော်လင့်ချက်။

"ခလွမ်"

တကယ်ကိုပဲ မတ်ဆေ့နှစ်စောင် ဝင်လာခဲ့သည်။ နွေးနှင့် ရင်ခတ်ဆီမှ ဖြစ်ပါသည်။ မတ်ဆေ့တွေကို ဖွင့်မကြည့် ခင် ရင်ခတ် တင်ထားသော ပို့စ်တစ်ခုကို တွေ့ရသည်။ ကမ်း ခြေတစ်ခုရဲ့ နေဝင်ဆည်းဆာချိန်မှာ ကျောပေးရပ်နေသော လူ တစ်ယောက်ရဲ့ ပို့စကတ်ဆန်ဆန် ဓာတ်ပုံလေးကို တင်ထားပြီး "I miss U"တဲ့။ ဘယ်သူ ဘယ်ဝါရဲ့ နာမည်မှ မပါပေမယ့် ဒါဟာ ကိုယ့်ကိုဆိုလိုတာဟု ဘာကြောင့် ယုံကြည်ခံစားမိပါလိမ့်။

ရင်ထဲမှာ နွေးထွေးစွာ ဆွတ်ပျံ့သွားပြီးမှ မြယာက သူ့ရဲ့မတ်ဆေ့ကို အရင်ဖွင့်လိုက်သည်။ ဆောရီးပါ နွေးရေ။

{ အိမ်ကို ချောချောမောမော ပြန်ရောက်ပြီ ထင်ပါတယ် နော် မြယာ။ အရာအားလုံးကို သတိရနေပါတယ် }





မြယာက သူပို့ထားသော မတ်ဆေ့လေးကို ပြုံးငေး နေပြီးမှ အသက်ကို တစ်ချက်ရှိုက်လိုက်သည်။ ဘာမှပြန်မပို့သေး ဘဲ နွေးရဲ့မတ်ဆေ့ကို ဖွင့်လိုက်သည်။ နွေးကတော့ ရောက်ပြီလား၊ အဆင်ပြေလား၊ စ,လုံးကိုလွမ်းလား၊ ဘာလား ညာလား ရောက် တတ်ရာရာတွေကို ရေးထားသည်။ မြယာက နွေးရဲ့မတ်ဆေ့ကို တော့ ပေါ့ပေါ့ပါးပါးပဲ ချက်ချင်း ပြန်ရေးလိုက်သည်။ ရင်ခတ်ရဲ့ မတ်ဆေ့ကိုတော့ ဘာမှပြင်မရေးတော့ဘဲ အပြုံးလေးတစ်ခုပါသော Sticker လေးကိုသာ ပြန်ပို့ပေးလိုက်သည်။

ပြီးတော့ မျက်လုံးတွေကို မှေးမှိတ်ထားလိုက်တော့ ရင်း ခဏလောက်တော့ သမုဒယများနှင့် ကင်းဝေးစွာ နေချင်မိ လေတော့သည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

မြယာသည် ကြက်တောင်ပံ အရိုးရင်းပတ်လည်ရှိ အကြောများကို ဓားဖြင့် လှီးဖြတ်ကာ ဓားကို အရိုးအောက်သို့ အသာလေး တွန်းသွားလိုက်သည်။ လက်ဖြင့်ဆွဲနှာ၍ ရပြီဖြစ်သော အရိုးရဲ့အလယ်သို့ရောက်လျှင် လက်နဲ့ ဆွဲခွာလိုက်ရာ တောင်ပံမှအရိုးက ကျွတ်ထွက်သွားသည်။ အရိုးထုတ်ပြီးသား ကြက်တောင်ပံထဲသို့ အဆာပလာတို့ဖြင့် နုပ်နုပ်စဉ်း နယ်ထားပြီးသားဖြစ်သော ဝက်သားတို့ကို အစာသွပ်ထည့်လိုက်လေသည်။ ထို့နောက် အချိုရည်တို့ဖြင့် နှပ်ထားပြီးသား ကြက်တောင်ပံ ဝက်သားအစာသွပ်တို့ကို မီးအေးအေးနှင့် စိတ်ရှည်လက်ရှည်ကြော် ဖို့ကတော့ မြယာရဲ့လက်ထောက် ချိုမာရဲ့တာဝန် ဖြစ်သွားပြီ။

ဆက်လက်ပြီး မြယာက ငါးရေတ်ကောင်းသီးစွက်စုံကြော်ဖို့ ပြင်ဆင်သည်။ ဒီအိမ်မှာ မီးဖိုချောင်တာဝန်ကို မအေးမြင့်နှင့် ချိုမာတို့က တာဝန်ယူ ချက်ပြုတ်ကြပေမယ့် ဟင်းချက်တာကို





ဝါသနာပါသော မြယာက တစ်ပတ်မှာ တစ်ခါ နှစ်ခါလောက် ရှယ်ထမင်းဝိုင်းတွေကို စီစဉ်ပေးတတ်သည်။ ညှိသည်တွေ ဘာတွေ ထမင်းဖိတ်ကျွေးလျှင် မြယာ စီစဉ်ချက်ပြုတ်ပေးရစမြဲ။ အဲဒါမှ မေမေခင်ရော ကိုကြီးရော မျက်နှာပွင့်လေသည်။ ဒီနေ့သည်း Thai Food Day ဟု သတ်မှတ်ကာ ယိုးဒယားစာတွေချည်း စီစဉ်ချက်ပြုတ်ဖြစ်သည်။

မပါမဖြစ် Sĕa Food တုန့်ယမ်းပေါင်းရည်၊ ကြက်တောင်ပံအစာသွပ်၊ ငါးရေတ်ကောင်း သီးစွက်စုံကြော်၊ ကန်စွန်းငါးပိကြော်၊ ဝက်သားသုပ် စတာတွေကို ပြင်ဆင်ပြီး မေမေခင်နှင့် ကိုကြီးကို မခေါ်ရသေးခင်မှာ ရှုထောင့်မျိုးစုံက ဓာတ်ပုံရိုက်ပြီး ထုံးစံအတိုင်း Facebook အရင် တင်လိုက်သည်။ ပုံတက်သွားတာနှင့် အင်တာနက်ကို ချက်ချင်းပြန်ပိတ်ကာ မေမေခင်နှင့် ကိုကြီးကို ထမင်းစားဖို့ သွားခေါ်ပါသည်။

ဒီနေ့ ကိုကြီးလည်း ရုံးပိတ်သော Sunday မို့ ဒီလို Sunday Special Menu ကို ကိုယ် တိုင်စီစဉ်ဖြစ်တာဖြစ်သည်။ ထမင်းစားခန်းထဲသို့ ဝင်လာသော ကိုကြီးက နှာခေါင်းကို တစ်ချက် ရှုံ့ချည်ပွချည် လုပ်ကာဖြင့် ...

"အနံ့တွေကတော့ မွှေးနေတာပဲဟေ့။ ငါ့အကြိုက် ကြက်တောင်ပံရော ပါရဲ့လား"

"အဟင်း ... ပါ,ပါတယ် ကိုကြီးရ"

"ဒါဆို ငါ့အကြိုက် ကြက်ပင်စိမ်းကရော"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ... မေခင်က ကြက်ပင်စိမ်းကို အဲဒီလောက် ကြိုက်လို့လား။ ဒီမှာ သမီး အသစ်ချက်ထားတယ်။ ငါးရှဉ့်ကောင်းသီးစုံကြော်လေ။ မေခင် ကြိုက်လောက်တယ်"

"အင်း ... ဒါကတော့ ဘယ်စာအုပ်ထဲက ဟင်းလဲ"

"ဟီး ... ဟိုတစ်ပတ်ကမှ ထွက်တဲ့ Evy's Kitchen ရဲ့ ဟင်းချက်နည်းစာအုပ်ထဲကနည်း။ ဒီ ငါးရှဉ့်ကောင်းလေးက တော်တော်စားလို့ကောင်းတယ် မေခင်ရ"

ခုတလောမှာ နွမ်းလျခြင်းတွေ ရှိခဲ့ရပေမယ့် လူတွေဟာ ကိုယ်ဝါသနာပါတဲ့ အလုပ်တွေနဲ့ အာရုံပြောင်းထားရင် စိတ်လက်ပေါ့ပါးသွားရတယ် ဆိုတာ မှန်သင့်သလောက်တော့ မှန်သည်။ စားလျှင် အရသာရှိဖို့သာမက အမြင်အာရုံအရပါ လှပသော ဟင်းပွဲတွေဖြစ်ဖို့ စိတ်ဝင်တစား ချက်ပြုတ်နေရချိန်မှာ Stress ဆိုတာတွေတောင်မေ့လျက်၊ ကိုယ့်လက်ရာလေးကို အားပေးကြတော့လည်း ပီတိတွေက ဖြစ်လိုက်ရတာ ဆိုတာလေ။

"အိမ်း ... မြယာ လက်ရာ မစားရတာ နှစ်လလောက်ကြာသွားလို့လား မသိဘူး၊ ကြက်တောင်ပံက ပိုစားကောင်းနေသလိုပဲ ...

မနက်ဖြန် ညစာကောင်းကောင်း ညည်းပဲ စီစဉ်စမ်းဟာ"

"ကိုကြီးက ဘာစားချင်လို့လဲ"





"ဘာရယ် မဟုတ်ပါဘူး။ ညည်းလက်ရာက ကောင်းပြီးသားပဲ။ ညည်း လေ့လာနေတဲ့ အသစ်အဆန်းတွေ ချက်ပေါ့"

"အိုခေလေ။ Evy's Kitchen စာအုပ်ထဲက လီမွန်ထမင်းနဲ့ ကိုကာကိုလာကြက်သားဟင်းကို စမ်းချက်ကြည့်ချင်နေတာ"

"ဟာ ... အဆန်းတွေပါလား။ ချစမ်းကွာ"

တစ်ချိန်လုံး ထမင်းကိုသာ မြိန်ရေရှက်ရေ စားနေသော မေမေခင်က အဟာမ်းဆိုသော အသံနှင့် လည်ချောင်းရှင်းပြီး စကားထပြောသည်။

"အင်း ... ကြိုက်လိုက်တော့ အစားကောင်း အသောက်ကောင်း၊ တွဲတဲ့မိန်းမကျတော့ ကြက်ဥကောင် ပြုတ်တတ်ရဲ့လား မသိ ... အဟွတ်"

"မေမေကလည်း။ မဆိုင်တာတွေ ဆွဲထည့်ပြောနေပြန်ပြီ"

"ဘာလို့ မဆိုင်ရမှာလဲ။ ကိုယ်တွဲနေတဲ့ မိန်းမရဲ့ အရည်အချင်းကို ကိုယ်တိုင်သိထားသင့်တယ် မဟုတ်လား"

"ကျွတ် ... တော်ပါပြီ မေမေရာ"

"မတော်နိုင်ပါဘူး။ မင်းနဲ့ပတ်သက်တဲ့ ကိစ္စတိုင်းဟာ ငါ့စိတ်ထဲမှာ အချိန်ပြည့် ရှိနေတာပဲ။ ဘယ်နေရာရောက်ရောက် ထပြောနေမှာပဲ ဥစ္စာ"

မြယာက ကိုယ့်ဘက်ကို မြားဦးလှည့်မလာပါစေနဲ့ ဆုတောင်းကာ ထမင်းကို တိတ်ဆိတ်စွာ စားနေမိသည်။ အခုတော့

www.burmeseclassic.com



ကြည်လင်စပြုနေသော စိတ်များပင်လျှင် ဘယ်ရောက်သွားမှန်း မသိပါ။ မေမေခင့်ကိုလည်း စိတ်ညစ်မိသည်။ ထမင်းဝိုင်းပါမကျန် ဒီလို ပြောနေတော့ ဘယ်နားသွားနေရပါတော့မလဲ။ စိတ်ကျဉ်းကျပ်စွာ ရှိနေတုန်းမှာပဲ မြယာရဲ့ဖုန်းက ထမြည်လာသည်။ ထမင်းစားခန်းထဲက ပန်းအိုးတင်ထားသော စင်လေးမှာ ချထားသောဖုန်းကို ကောက်ယူကာ မြယာက ထမင်းစားခန်းအပြင်သို့ ထွက်လာခဲ့သည်။ ဖုန်းမှာ နံပါတ်မပေါ်ဘဲမို့ စိတ်ထဲ ဒိန်းခနဲ ဖြစ်သွားသည်။ ဖွင့်၍ ထူးလိုက်လျှင် ...

"ဟယ်လို"

"နေကောင်းလား မြယာ"

"ရှင် ... ဘ ... ဘယ်သူပါလဲ"

"ဟား... စိမ်းတယ်ဗျာ။ ကျွန်တော့်အသံကိုတောင် မမှတ်မိတော့ဘူးလား။ အသံမကြားရတာ နှစ်ပတ်ပဲ ရှိသေးတဲ့ဟာကို"

တစ်ဖက်မှ ခပ်ငေါ့ငေါ့အသံ ကြားလိုက်ရမှ မြယာစိတ်တွေ ထိတ်ခနဲ ပျော့ရှင်သွားရတော့သည်။ ရင်တွေတဒိုင်းဒိုင်းခုန်လာသည်မှာ လက်ဖျားတွေတောင် အေးစက်လာသည်ဟု ထင်ရလေသည်။ သူ မြယာဆီကို ဖုန်းဆက်လာပါလား။

"ရင် ... ခက်"

"အင်း ... နာမည်တော့ မှတ်မိသားပဲ"

"ဟက်ဟက် ... ရှင်လည်း ခနဲ့တတ်သားပဲ"





"ခင်ဗျား တော်တော်ရက်စက်တယ်ဗျာ"

"ဘာ"

သူ့စကားကြောင့် မြယာရင်ထဲ လှုပ်ခတ်သွားသည်။ သူ ဘာကိုဆိုလိုတာလဲ၊ ဘာကိုပြောတာလဲဟူသော တွေးမိစိတ်ဖြင့် နားမလည်နိုင် ဖြစ်သွားရသည်။ ရုတ်တရက်ကြီး ဖုန်းဆက်လာသူ တစ်ယောက်ထံက ဒီလိုစကားမျိုးကို ရုတ်တရက် ကြားရသူတစ်ယောက်အဖို့ မအံ့ဩဘဲ ဘယ်နေမလဲလေ။

"ရှင် ဘာကို ပြောတာလဲ"

"အဝေးကနေ လှမ်းနှိပ်စက်နေတာလေ။ ခင်ဗျားချက်တဲ့ဟင်းပုံတွေ သိပ်မတင်စမ်းပါနဲ့ဗျာ။ ဒီမှာ ရဲရင့်အောင်ဖြစ်တော့မယ်"

"ဘာလဲ ... ရဲရင့်အောင် ဆိုတာ"

"ပြောဘူး။ ကိုယ့်ဟာကိုယ် စဉ်းစား"

သူ့ရဲ့ခပ်ဘုဘုလေသံကို မြယာက နှာခေါင်းထဲမှ လေထွက်ရုံ "ရှီ"ခနဲ ရယ်မိသည်။ ချက်ချင်းပဲ လူက အလိုလိုပေါ့ပါးလာကာ ပျော်တဲ့ဖီလင်တွေ ဝင်လာပါသည်။ ဒီလူနဲ့စကားပြောရတာ အဲဒါတွေ ပြောစရာ ဖြစ်နေရတာပဲ မဟုတ်လား။ သူ့ရဲ့ခပ်ဘုဘု အပြောတွေ၊ မထီတရီ အပြုံးတွေကို မြယာသဘောကျမိသည်။

"နေကောင်းတယ်နော်"

မြယာရဲ့အမေးကို သူ့ဘက်မှ ချက်ချင်းမဖြေဘဲ



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်သွားသည်။ ပြီးတော့မှ "အင်း ... ကောင်းပါတယ်"ဟု မပွင့်တပွင့် ဖြေသည်။

"ဘာလဲ ... ကျွန်မတင်ထားတဲ့ ဟင်းပုံတွေမြင်ပြီး ဖုန်းဆက်တယ်ပေါ့"

"ဒါပေါ့ ခင်ဗျားက နှိပ်စက်တာကိုး။ စ,လုံးမှာတုန်းက ကျွန်တော့်ကို ယိုးဒယားစာ ချက်မကျွေးသွားဘူးလေ"

"ဟင်း ဟင်း ... ရှင်က Thai Express မှာပဲ အမြဲစားနေတာဆိုတော့ ကျွန်မက တခြားဟာတွေ ချက်ကျွေးတာပေါ့"

"မသိဘူးဗျာ။ ကျွန်တော်တော့ ကြက်တောင်ပံ ဝက်စာသွပ် ဟုတ်လား။ အဲဒါ စားချင်နေတာ တော်တော်ရောဂါ တက်နေပြီ"

"ဟား ဟား ... ရှင်ကတော့ လုပ်ပြီ။ နောက်တစ်ခါကြုံရင် ချက်ကျွေးပါ့မယ်"

"ပို့ပေးလေဗျာ"

"ဘယ်လို ... ပို့ပေးရမယ်၊ ဘယ်လိုလုပ် ပို့လို့ရမှာလဲ"

"ရတာပေါ့။ ပို့ချင်စိတ်ရှိဖို့ပဲ လိုအပ်တာပါ"

"ဟာ ဟ ... အဲဒီလောက် စားချင်နေလည်း ပြန်လာခဲ့ပေါ့ရှင်"

"ကျွန်တော် ပြန်လာရင် တကယ် ချက်ကျွေးမှာလား ... မြယာ"





သူ့အသံက တကယ်ကို အတည်ပေါက်မို့ မြယာ ချက်ချင်းမဖြေနိုင်ဘဲ တုံ့ဆိုင်းသွားရသည်။ ဒါပေမဲ့လည်း စင်ကာပူမှာ ပျော်လွန်းလို့ မြန်မာပြည်မပြန်တာ ငါးနှစ်လောက်ရှိပြီဆိုတဲ့ လူတစ်ယောက်ရဲ့ စိန်ခေါ်မှုကို သိပ်မှုစရာတော့ မလိုဘူးဟု ထင်ပါသည်။

"ဩော် ... ကျွန်မကို အများကြီး ကူညီခဲ့တဲ့ လူတစ်ယောက်က ဒီကိုပြန်ရောက်နေတယ် ဆိုမှတော့ ချက်မကျွေးဘဲ နေစရာလားရှင်"

"အဲဒီလောက် ရှည်ရှည်ဝေးဝေး ပြောစရာ မလိုပါဘူးဗျာ။ လာရင် ကျွေးမယ်၊ ဒါပဲပေါ့"

"အင်း ... ထားပါတော့"

"ဒါနဲ့ ... ခင်ဗျား အခု ဘယ်မှာလဲ"

"အိမ်မှာလေ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး။ ဖုန်းပြောဖို့ အဆင်ပြေရဲ့လားလို့"

ကျွန်မ ထမင်းစားနေတယ်ဆိုရင် သူ ဖုန်းချသွားမှာလား။ ခုချိန်မှာ အခြေအနေမကောင်းသော ထမင်းဝိုင်းသို့ ပြန်မသွားချင်သောစိတ်က ငါးဆယ်ရာခိုင်နှုန်းဆို ကျန် ငါးဆယ်ရာခိုင်နှုန်းက သူနဲ့ ဖုန်းပြောချင်သေးတာလား။ မြယာ စိတ်ကျဉ်းကျပ်လာချိန်မှာ သူက တိုက်တိုက်ဆိုင်ဆိုင် ဖုန်းဆက်လာတာဟာ ကိုယ့်အတွက် ကြည်နူးသာယာစေသော နိမိတ်လား မပြောတတ်တော့ပါ။

"အင်း ... ပြောပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အနုတလော ဘာတွေ လုပ်ဖြစ်နေလဲ မြယာ"

"ဒီလိုပါပဲ၊ ပန်းထိမ်ကိစ္စလေးတွေလုပ်၊ အရောင်းအဝယ်ကိစ္စတွေမှာကူညီ၊ နောက် ဟင်းတွေချက်ဖြစ်တယ်။ မုန့်လေးတွေ လုပ်ဖြစ်တယ်ပေါ့"

"အင်း ... facebook မှာ တွေ့တယ်။ ခင်ဗျားကို ဟင်းတွေပဲ ချက်တတ်တယ် ထင်ထားတာ။ မုန့်တွေပါ လုပ်တတ်တာရော။ ဒါနဲ့များ ချိစ်အမျှင်ကိတ်လေးတောင် လုပ်မကျွေးသွားဘူး"

"ဟား ဟား ... ရှင်ကတော့ အပြစ်တင်ဖို့က အရင်ပဲ။ မုန့်လုပ်တယ်ဆိုတာ ဟင်းချက်သလို အဆာပလာရှိရုံနဲ့ မရသေးဘူးလေ။ မုန့်ဖုတ်ဖို့ Oven တို့၊ တခြားပစ္စည်းကိရိယာတွေ လိုသေးတယ်"

"ဩော် ... Oven များဗျာ။ ဝယ်လိုက်မှာပေါ့"

"ဟင်း ... တစ်ခါလေး ဖုတ်ဖို့အတွက်များ"

"ဟင် ... တစ်ခါလည်း ဘာဖြစ်လဲ။ ကျွန်တော်က စားချင်တဲ့ဟာကို။ ပြီးတော့ ခင်ဗျား မုန့်ဖုတ်ခဲ့တဲ့ Oven လေးဆိုပြီး အမှတ်တရ သိမ်းထားလို့ ရတာပေါ့"

"အင်း ... တစ်ခါဖုတ်ဖို့ Oven ကို ဝယ်ပြီးသိမ်းဦးမယ်။ ရှင်တို့ ဘန်ကာမန်းတွေ ချမ်းသာမှန်း သိပါတယ်။ ဒါကြောင့်လည်း ဒီသောင်ယံက မောင်မခွာရက်နိုင် ဖြစ်နေတာမဟုတ်လား"





"ဟာ ဟား ... ခင်ဗျားက တကယ်ပြောတတ်တယ်ဗျာ။ ဘာလဲ ... ကျွန်တော်က အဲဒီငွေတွေကြောင့် စ,လုံးက မခွာနိုင်ဘူးလို့ ပြောချင်တာလား"

"သိဘူးလေ"

"မြယာ"

သူက အတည်ပေါက်သဏ္ဍာန်ဖြင့် လေးလေးနက်နက် ခေါ်လိုက်သည်။ တစ်စုံတစ်ရာက မြယာ အနားသို့ တဒိတ်ဒိတ်တိုးဝင်လာသလို ခံစားရလေသည်။

"အင်း"

"ခင်ဗျား ... စင်ကာပူကို သတိမရဘူးလား"

အဲဒါ ဘာစကားလဲ။ စင်ကာပူတည်းဟူသော နိုင်ငံကို သတိရရမှာလား။ အဲဒီမှာရှိနေတဲ့ လူသားတွေကိုလား။

"အင်း ... သတိရတာပေါ့"

"စင်ကာပူကို သဘောကျလား မြယာ"

"အင်း ... ကျတာပေါ့။ အဟင်း ... ဘာဖြစ်လို့ ဒါတွေ ကျွန်မကို လာမေးနေတာလဲဟင်"

"ကျွန်တော်က စင်ကာပူကို သဘောကျတယ်လေ။ အဲဒါကြောင့် မြယာရော ကျွန်တော့်လို သဘောကျလား မေးကြည့်တာပါ။ အကယ်၍ စင်ကာပူမှာများ နေမယ်ဆိုရင် နေချင်စိတ် ရှိလားလို့"

www.burmeseclassic.com



အဲဒါ ဘာစကားလဲ။ အယာစကားလား။ ဒါပေမဲ့ သူမေးတာ ရိုးရိုးအဓိပ္ပာယ်လည်း ဖြစ်နိုင်တာပဲလေ။ သိပ်ပြီး လိုရာတွေ ဆွဲတွေးမနေစမ်းနဲ့ မြယာ။

“အင်း ... နေမယ်ဆိုလည်း နေလို့ဖြစ်တဲ့ အနေအထားမှာ ရှိပါတယ်”

“ဟား ... ဝမ်းသာလိုက်တာ မြယာရယ်”

“အင် ... ဘာဆိုင်လို့ ဝမ်းသာရတာတုန်း”

“ခင်ဗျားလည်း စင်ကာပူကို ကြိုက်လို့လေ”

မြယာက ဟက်ဟက်ပက်ပက် ရယ်မိသည်။ မြယာ စင်ကာပူကို ကြိုက်ခြင်း မကြိုက်ခြင်းဟာ သူ့အတွက် ဒီလောက်တောင် အရေးပါနေလား။ ဘာပဲပြောပြော အခုနက ထမင်းဝိုင်းမှာ နောက်ကျခဲ့ရသော စိတ်များမှာ လေနှင့်လွင့်၍ ပါသွားသော မိုးတိမ်မဲများလိုဖြစ်လျက် မြယာရဲ့ကောင်းကင်မှာ ကြည်လင်သန့်ရှင်း၍ လာခဲ့ပါသည်။

“ရှင် ဒီနေ့ off လား”

“ဟုတ်ပ ... ညက အိပ်ရာထ နောက်ကျလို့ ခုနကမှ နိုးတယ်။ ဘာမှလဲ စားစရာ မရှိဘူး။ ကော်ဖီလေးတစ်ခွက် ဖျော်ရင်း facebook လည်း ဖွင့်လိုက်ရော အခြေအနေက ပိုဆိုးသွားတော့တာပဲ”

“ဟား ဟား ... ဖြစ်ရမယ်။ ဘာမှတောင် စားစရာမရှိဘူးပဲ ဖြစ်ရသေးတယ်၊ ဈေးလေး ဘာလေး မဝယ်ထားဘူးလား”





“ဝယ်ထားတယ်။ မနေ့ကတင် ဘော်ဒါတွေက မထင်မှတ်ဘဲ ရောက်လာကြလို့ အိမ်မှာရှိတာတွေ ခေါက်ဆွဲထုပ်က အစ ပြောင်သွားပါလေရော။ ကော်ဖီတောင်ကျန်တာ ကံကောင်း”

“ဩော် ... ဒါဆိုရင်တော့ နေ့လယ်စာကို အပြင်ထွက်စားရင်းနဲ့ Fair Price မှာ ဈေးဝင်ဝယ်လိုက်ပေါ့ရှင်”

“ပြောသလို လုပ်လိုက်ပါ့မယ်”

မြယာက ဘာမှမပြောဘဲ ခဏငြိမ်သက်သွားသလို သူ့ဘက်ကလည်း ငြိမ်သက်သွားသည်။ ပြီးတော့မှ သူ့အသံက ပြန်ထွက်လာသည်။

“ဒါဆို ကျွန်တော် နောက်မှ ဖုန်းဆက်မယ်။ မြယာ အလုပ်ရှိရင် လုပ်လေ”

“ကောင်းပါပြီ”

“ဘိုင့်ဘိုင် မြယာ”

“အင်း ... ဘိုင့်”

သူများ ဖုန်းအရင်ချမလားလို့ မြယာက စောင့်နေသော်လည်း သူက ဖုန်းမချသဖြင့် မြယာကပဲ ဖုန်းချလိုက်ရသည်။ ပြီးတော့ အိမ်ထဲပြန်ဝင်လာခဲ့လျှင် ကိုကြီးနဲ့ မခေင်က ထမင်းစားပြီး၍တောင် ထတော့မည်။ မခေင်က မြယာကို မြင်တာနှင့် မျက်မှောင်ကြုတ်ပြီး မေးသည်။

“ဟဲ့ ... ဘယ်ကဖုန်းမို့ အဲဒီလောက်ကြာအောင် ပြောနေရတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"နွေးဆီကပါ"

"အမယ်လေး ... ပြန်လာတာမှ မကြာသေးဘူး။ ဘာတွေများ အဲဒီလောက် အသည်းအသန် ချစ်နေကြလဲ"

"မဟုတ်ပါဘူး။ သမီး တင်ထားတဲ့ ဟင်းပုံတွေကြည့်ပြီး နွေးက စားချင်တယ်ဆိုပြီး ဖုန်းဆက်လာတာပါ။ အဲဒါနဲ့ ဟိုအကြောင်း ဒီအကြောင်း ပြောပြီး ကြာသွားတာ"

"ထမင်းစားပျက်အောင်များ အဲလောက်ကြာကြာပြောနေတယ်။ ကဲ ... ဆက်စား ... ဆက်စား"

"ဟုတ်"

အဲဒီ "ဟုတ်"ဟာ အခုနက အသက်မပါသော "ဟုတ်"မဟုတ်တော့ဘဲ ရှင်လန်းတက်ကြွသော အသံစာစာ "ဟုတ်"ကလေး ဖြစ်လို့နေသည်။ အခုနက ညစ်သွားသောစိတ်တို့ကို အဝေးက တစ်စုံတစ်ယောက်က လန်းရှင်အောင် လုပ်ပေးလိုက်သည်မှာ အံ့ဩဖို့ကောင်းလှသော တစ်စုံတစ်ရာရဲ့ အစွမ်းတွေပဲလား။

သူက ကြက်တောင်ပံ အစာသွပ်ကို သိပ်စားချင်နေသတဲ့။ ရှေ့မှာချထားသော ကြက်တောင်ပံ ပန်းကန်ကို ငေးစိုက်ကြည့်ရင်း မြယာရဲ့နှုတ်ခမ်းတွေက တဖြည်းဖြည်း ပြုံးလို့လာခဲ့လေသည်။

❦ ၀ ❦





❦ ၁၇ ❦

"ဒီလောက်ဆို ရပြီနော်။ အိုစေလား ကြည့်ဦး"

မအေးမြင့်က မြယာကို ကျစ်ဆံမြီး ကျစ်ပေးနေရာမှ နောက်ဘက်ကနေ မှန်ထောင်ပြလိုက်လျှင် မြယာက ကျေနပ်စွာ ပြုံးပြီး လက်မထောင်ပြလိုက်သည်။ ခပ်ပွပွလေး ကျစ်ထားသော ကျစ်ဆံမြီးကို နောက်မှာမချဘဲ ဘေးတစ်ဖက်သို့ပို့သော စတိုင်လ်ကို ယူလိုက်ပါသည်။ ပြီးတော့ မှန်ရှေ့က ထလိုက်သည်။ စာအနက်ရောင်ရှပ်ပုံစံ ဘလောက်စ်အင်္ကျီကို BYSI က ကြက်သွေးရောင် ပိုးစကတ်အတိုဖြင့် တွဲ ်ထားသော မြယာရဲ့ပုံစံမှာ ကျစ်ဆံမြီးကြောင့်လည်း ပို၍တော်ဝင်ဆန် ခမ်းနားနေသည်။ ခင်ဗျားကို တွေ့လိုက်ရရင် မင်းသမီးတစ်ယောက်လိုပဲ။ အဲ ... I Mean ... Like a Princess ! ဟု ပြောတတ်သူ တစ်စုံတစ်ယောက်ကို သွားသတိမိလျှင် ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲမိချင်သည်။ သတိရခြင်းတွေကို ဘယ်လိုအရာက တားဆီးနိုင်မည်တဲ့လဲ။



www.burmeseclassic.com

www.burmeseclassic.com



"မြယာရေ ... ပြီးရင် မေခင်က သူ့အခန်းကို လာခဲ့ဦးတဲ့"

"ဟုတ် ... အန်တီနီ"

အန်တီနီက အခန်းတံခါးဝကို အသာဟကာ လာပြောရင်း ပြန်လှည့်သွားသည်။

Jennifer's Body သွေးစုပ်ဖုတ်ကောင်ကားထဲ မင်းသမီး Amanda Seyfried အသည်းစွဲရေမွှေးဟု သိထားသော GIVENCHY(Very Irresistible) ရေမွှေးကို လည်တိုင်မှာကော် ဆွတ်လိုက်လျှင် မင်းသမီးပြောထားသလိုပဲ တကယ်ကိုကျက်သရေရှိသော မိန်းမတစ်ယောက်ရဲ့ ကိုယ်သင်းရနံ့ကို ပိုင်ဆိုင်သွားစေသည်။ အိတ်နှင့်ဖုန်းကို ကောက်ယူပြီးနောက် မေခင်၏အခန်းဘက်သို့ ကူးလာခဲ့သည်။ ဒီနေ့ မြယာ အပြင်သွားရမည် ဖြစ်ပါသည်။ လူကြီးတစ်ယောက်ရဲ့ကတော် မှာထားသော ပစ္စည်းတွေကိုသွားပို့ရမည်။

ပြီးလျှင် မွေး ပို့ပေးလိုက်သော လူကြုံပစ္စည်းကို သွား ရွေးရလိမ့်ဦးမည်။

"မေခင်"

"အေး ... လာ မြယာ"

မြယာက မေခင့်အခန်းထဲက ဆိုဖာနှစ်လုံးတွင် တစ်လုံးမှာ ဝင်ထိုင်လိုက်သည်။ မေခင်က ဗီရိုထဲမှ ရတနာဘူးနှစ်ဘူးကိုထုတ်လာကာ မြယာ့ရှေ့က စားပွဲလေးပေါ်တွင် ချသည်။ ပြီးတော့ ရတနာဘူး နှစ်ဘူးဆီကို ဖွင့်ကာ ...





"ဒါက ဒေါ်xxx ကို ပေးရမယ့် ပစ္စည်းတွေ။ ဒီမှာနော် တစ်ဆက်စာ နားကပ်၊ ဆွဲကြိုး၊ လက်ကောက်၊ လက်စွပ်က နှစ်ကွင်း ဟုတ်ပြီနော်"

"ဟုတ် ... အားလုံး အစုံပါပဲ မေခင်"

"အေး ... သေချာယူသွား၊ ဒါ ညည်းအတွက်"

"ရှင် ... သမီးအတွက်"

ခုနက စိန်တွေနဲ့ အရည်အသွေးတူသော စိန်မျိုးတွေဖြစ်ပေမယ့် ဒီ့ဒီဇိုင်းကတော့ လူငယ်ပိုဆန်ကာ ပိုလှပသော လက်ရာများဖြစ်သည်။ ဒီစိန်တစ်ဆင်စာရဲ့တန်ဖိုးက ဘယ်လောက်တန်မှန်း သိနေသည်မို့ မြယာက မေခင့်ကို အံ့သြစွာ ငေးကြည့်နေမိသည်။ ဒါပေမဲ့ ဆက်ပြောလိုက်သော စကားကြောင့် မြယာ ရင်ထဲ နင့်သွားရသည်။

"မိုးမြင့်နဲ့ သမီးတို့ စေ့စပ်ပွဲကျရင် ဝတ်ဖို့လေ"

"ရှင် ... စေ့စပ်ပွဲ"

"ဟုတ်တယ်လေ မြယာ။ သင်္ကြန်အပြီးလောက်ကို စေ့စပ်ထားပြီး လက်ထပ်ပွဲအတွက် စ,ပြင်ဆင်တော့မလားလို့။ Hotel Date ကတော့ ဒီနှစ်ကုန်ပိုင်းလောက် ကောင်းတဲ့အချိန်ကို ယူကြတာပေါ့။ ဒါမှလည်း နေ့ကောင်းရက်သာ ကိုယ်လိုချင်တဲ့ရက်ကို တွက်ယူလို့ရမှာ။ နောက်တစ်ပတ်ထဲ ဗေဒင်ဆရာဆီလည်းသွားဖို့ ဒိတ်ယူထားပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးဟာ စနစ်တကျ လုပ်ကြံခံရမှုလို ဘာမှမ ပြောနိုင်ဘဲ မြယာ ပါးစပ်ပွင့်လျက် အသံမထွက်နိုင်ပဲ ဖြစ်နေသည်။ ကြိုသိထားပြီးသား ဖြစ်ပေမယ့် ဒီလောက်မြန်မယ် မထင်ခဲ့ဘူးလေ။ ခုချက်ချင်းပဲ ထငြင်းရတော့မှာလို၊ ခေါင်းပဲညိတ်ရတော့မှာလိုလို ဖြင့် ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ နှုတ်ခမ်းတွေ တပြင်ပြင် ဖြစ်နေသော မြယာကို မေခင်က တစ်ချက်ကြည့်ကာ ...

"ဘာဖြစ်လို့လဲ မြယာ"

"ဟို ... မေခင်ရယ် ... သ ... သမီးလေ ..."

"အင်း ... ပြော။ ဘာလုပ်ချင်တဲ့ ဆန္ဒတစ်ခုရှိလို့လဲ"

"ဟို ... ဘာမှမဟုတ်ပါဘူး"

တစ်စုံတစ်ရာကို ပြောဖို့ မြယာက တံတွေးမျိုချကာ ဘာဆက်ပြောရမှန်းမသိ ဖြစ်နေသည်။ ခုချိန်မှာ တစ်ခုခု ထပြော လိုက်လို့ ရုတ်ရုတ်သဲသဲ ဖြစ်သွားမှာကိုလည်း မလိုလားပါ။ ဒီ စိန်တစ်ဆင်စာကိုလည်း ထပ်တောင်ကြည့်ချင်စိတ်မရှိ။ မြယာက လူကြီးကတော်ကို ပေးရမည့် ဘူးကိုသာ လှမ်းယူလိုက်သည်။

"ဒါဆို သမီး သွားလိုက်ဦးမယ် မေခင်"

မေခင်က မြယာကို အကဲခတ်သလို စူးစိုက်ကြည့် ရင်း ခေါင်းတစ်ချက် ဆတ်သည်။ မြယာက ဘာမှမပြောတော့ဘဲ ချာခနဲ လှည့်ထွက်လာခဲ့သည်။ ပေါ်တီကိုအောက်မှာ ဒရိုင်ဘာနှင့် ကားက အဆင်သင့် စောင့်နေသည်မို့ မြယာက နောက်ခန်းတံခါး ကိုဖွင့်ကာ ထိုင်လိုက်သည်။ မောင်းရမည့်နေရာကို ပြောပြ မျက်လုံးကိုမှိတ်ထားမိသည်။ ရင်တစ်ခုလုံးက မုံးတစ်လုံး သယ်





ဆောင်ထားရသလို တဒုတ်ဒုတ်နှင့် ရှိနေသည်။ ကိုကြီးကို လက် မထပ်နိုင်ပါဘူးဟု ရဲရဲရင့်ရင့် ငြင်းဆန်နိုင်ဖို့အတွက် မြယာရဲ့ သတ္တိခွန်အားတွေ ဘယ်ကရနိုင်မလဲ။ ကိုကြီးနဲ့ပဲ အဟိအလင်း ဆွေးနွေးရမလား။ မသဇင်ကိုပဲ ကိုကြီးကိုလက်ထပ်ဖို့ ခြေသလုံး သွားဖက်ရတော့မလား။ တကယ်ကိုပဲ မချစ်သော လက်မခံချင် သော လူတစ်ယောက်ကို လက်ထပ်ရတော့မည်ဆိုတော့ လူက သွေးပျက်တုန်လှုပ်ချင်လာသည်။

လူကြီးကတော်အိမ်ကို ဘယ်လိုရောက်လာမှန်းမသိ၊ ပေးစရာရှိတာပေးပြီး အပိုစကားပြောလည်း ပြောဖို့ စိတ်မပါ တော့။ တကယ်ဆို ဒီလိုတွေ့ခွင့်ရတုန်း တခြားစီးပွားရေးကိစ္စတွေ၊ ရပေါက်ရလမ်းတွေ နားစွင့်မေးမြန်း တောင်းဆိုချွဲဖတ် ပူဆော်ရ တာတွေ ရှိပေမယ့် ဒီတစ်ခါတော့ မြယာ စိတ်မပါနိုင်တော့ပါပြီ။ ပစ္စည်းအပ်ကာ ငွေသားကိုတော့ ဘဏ်အကောင့်ထဲကို ထည့်ပေး မှာမို့ မြယာက နှုတ်ဆက်ပြီးတာနဲ့ ပြန်ထွက်လာခဲ့သည်။

"ဘယ်ကိုမောင်းရမလဲ မမလေး"

"ကန်တော်ကြီး"

"ဟုတ်ကဲ့ ခင်ဗျ"

ကားနောက်ခန်းထဲမှာ မသက်သာစွာမှိုရင်း နွေးရဲ့ လူကြုံကလည်း ကန်တော်ကြီးထဲ ချိန်းတာကို အံ့သြတယ်မဟုတ် ပေမယ့် ဘယ်လိုပါလိမ့်ဟု တွေးနေမိသည်။ အင်းလေ ... မြယာ ပစ္စည်းယူမယ့်အချိန် သူ ရောက်နေတဲ့နေရာကို ချိန်းရတာဖြစ်မှာ ပေါ့။ ကန်တော်ကြီးဆိုလို့ မြယာတောင် ကန်တော်ကြီးထဲမရောက်



www.burmeseclassic.com

www.burmeseclassic.com



တာ ဘယ်လောက်ကြာသွားခဲ့ပြီလဲ။ လူငယ်ဘဝအစတွေမှာ သူငယ်ချင်းတွေနဲ့ သွားလာလည်ပတ်ဖို့ထက် စိန်တွေ၊ လက်ဝတ်ရတနာတွေအကြောင်းပဲ နားလည်အောင် သင်ကြားခဲ့ရကာ အရွယ်နှင့်စာလျှင် လူက ပိုရင့်ကျက်ခဲ့သည်။

နွေးကလည်း စင်ကာပူမှာ ကျောင်းသွားတက်ကာ အဲဒီမှာပဲ အလုပ်လုပ်သောအခါ မြယာမှာလည်း တကူးတက ပေါင်းစရာ သူငယ်ချင်း မရှိတော့။ သူငယ်ချင်း အပေါင်းအသင်း နည်းပါးခဲ့ပြီး လုပ်ငန်းနဲ့ ပတ်သက်ဆက်နွယ်သူတွေနဲ့သာ ပေါင်းရသလို ဖြစ်ခဲ့သည်။ ဒါကြောင့်လည်း မြယာ ဝတ်သော ဖက်ရှင်တွေဟာ သိပ်လူငယ်မဆန်ဘဲ တော်ဝင်မင်းသမီးတစ်ပါးလို သားနားတန်ဖိုးရှိသော ဝတ်စုံတွေသာ ဖြစ်ခဲ့ပါသည်။ မြင်လိုက်တာနှင့် ဂုဏ်သရေရှိ မိန်းမပျိုတစ်ယောက်ရဲ့ အသွင်သဏ္ဌာန်ပေါက်အောင် မေမေခင်က ပြုစုပုံသွင်းခဲ့တာလို့ ပြောလို့ရသည်။

"မမလေး ဘယ်နားကို ရပ်ရမလဲ"

ကန်တော်ကြီးထဲ ဝင်လာပြီမို့ ဒရိုင်ဘာက မေးသည်။ မြယာက ဟိုဟိုဒီဒီ အကဲခတ်ရင်းမှ ...

"အင်း ... ရှေ့နည်းနည်း ဆက်သွားပြီး ဘေးကပ်ခဏရပ်ထားလိုက်။ ကျွန်မ ဖုန်းဆက်ကြည့်လိုက်ဦးမယ်"

မြယာက နွေး ပေးထားသော ဖုန်းနံပါတ်ကို ခေါ်လိုက်သည်။ တစ်ဖက်က ဖုန်းဖွင့်ကာ ထူးပါသည်။

"ဟယ်လို"

"မဈေဝါပါလား"





"ဟုတ်ကဲ့"

"သြော် ... ကျွန်မ မြယာနော်ပါ။ နွေးကွေးရဲ့သူငယ်ချင်းပါ။ အခု ကျွန်မ ကန်တော်ကြီးထဲကို ရောက်နေတယ်။ မဈေဝါ ဘယ်နားမှာလဲဟင်"

"အင်း ... xxx စားသောက်ဆိုင်မှာ"

"ဟုတ်လား ... ကျွန်မ မတွေ့သေးဘူး"

"အထဲကို ဝင်လာခဲ့နော်။ ရေခဲမုန့်ဆိုင်နားကို လာခဲ့လေ၊ အဲဒါဆို ဆုံလို့ရမယ်ထင်တယ်၊ အစ်မက ဘာအကျႌဝတ်ထားလဲဟင်"

"အနက်ပါ။ အကျႌအနက်ရောင်နဲ့ စကတ်ကြက်သွေးရောင် ဝတ်ထားပါတယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ဒါဆို ရေခဲမုန့်ဆိုင်ဘက် လျှောက်လာခဲ့နော်။ အစ်မက မြင်သာမှာပါ၊ ကျွန်မ လှမ်းခေါ်လိုက်မယ်"

"ကောင်းပါပြီ"

တစ်ဖက်က ဖုန်းချသွားသောအခါ မြယာက မလှမ်းမကမ်းက ရေခဲမုန့်ဆိုင်ဆီသို့ လျှောက်လာခဲ့သည်။ ရေခဲမုန့်ဆိုင်ရှေ့မှာ ဘယ်သူမှ ရှိမနေပါ။ ဘေးဘီဝဲယာမှာ အခြားလူတွေ ဖြတ်သွားဖြတ်လာ ရှိနေကြသော်လည်း မြယာကို လာမေးသူတော့မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ခဏစောင့်နေသော်လည်း ပေါ်မလာဖြင့် မြယာက အခုနက ဖုန်းကို ပြန်ခေါ်လိုက်သည်။ ဒီတစ်ခါတော့ ချက်ချင်း မကိုင်ဘဲ တော်တော်ကြာမှ ဖုန်းဖွင့်တာ ကြားရလျှင် ဟိုဘက်က တောင် မပြောရသေး မြယာက ခပ်လောလော မေးလိုက်မိသည်။

"ညီမရေ ... အစ်မ ရေခဲမုန့်ဆိုင်ရှေ့ကို ရောက်နေပြီ။ ညီမ ဘယ်မှာလဲဟင်"

"ညီမ အစ်မနောက်မှာလေ"

အဲဒီအသံက ဖုန်းထဲက ထွက်လာတာ မဟုတ်ဘဲ မြယာရဲ့ နောက်ဘက်က ထွက်လာသောအသံ ဖြစ်သလို ထွက်လာတဲ့ အသံကလည်း ထူးခြားတာမို့ အံ့သြစိတ်နှင့် မြယာက နောက်သို့ ချာခနဲ လှည့်ကြည့်မိလိုက်လျှင် ...။

တကယ်ပါပဲ ... တကယ့်ကို ... တကယ့်ကိုပါပဲ။ အဲဒီအခိုက်အတန့်မှာ ကမ္ဘာကြီးတစ်ခုလုံး ခေတ္တရပ်တန့်သွားသလို အားလုံး ငြိမ်သက်တိတ်ဆိတ်သွားသလို ... နောက် လေနုအေး တွေ တဖြည်းဖြည်း တိုးဝှေ့တိုက်ခတ်လာသလို။ မြယာရှေ့မှာ လက်နှစ်ဖက်ကို နောက်ပစ်ပြီး မြယာကို လွမ်းဆွတ်တမ်းတသော မျက်ဝန်းများဖြင့်ငေးကာ နှုတ်ခမ်းတွေကတော့ ကြည်ကြည်နူးနူး ပြုံးပြနေသူသည် ...

"ရှင် ... ခတ်"





သူက မြယာကို ဘာမှမပြောဘဲ ပြုံးပြနေရင်းမှ သူ့သွားဖြူဖြူတွေပေါ်အောင် ဟက်ခနဲ တစ်ချက်ရယ်သည်။ အဲဒီအရယ်ကို မြင်တော့မှ မြယာသည်လည်း ကြည်ကြည်နူးနူး ရယ်မိတော့သည်။

"So Suprise ! ပါလားနော်"

မြယာက ပခုံးနှစ်ဖက်ကိုတွန့်ကာ ပြောလိုက်လျှင် သူက ခေါင်းတဆတ်ဆတ်ညိတ်ကာ မြယာအနားသို့ ခြေတစ်လှမ်း တိုးကပ်လာသည်။

"နေကောင်းတယ်နော်"

"အင်း"

မြယာက မပွင့်တပွင့် ဖြေမိသည်။ သူ့ကြည့်ရတာ လည်း အနည်းငယ် စိတ်လှုပ်ရှားနေတဲ့ ပုံစံပါပဲ။ ဒါပေမဲ့ သူက ယောက်ျားလေးဆိုတော့ ကိုယ့်ကိုယ်ကိုယ် သတိထား ထိန်းချုပ်နိုင် ဟန် တူပါသည်။

"လာလေ မြယာ။ ဟိုဆိုင်လေးမှာ ထိုင်ရအောင်။ အချိန် ရတယ်မှုလား"

"ဟုတ် ... ရပါတယ်"

သူနဲ့မြယာက ကရပိတ်နှင့် ကန်တော်ကြီး၊ ရွှေတိဂုံ ဘုရားကိုပါ လှမ်းဖူးမြင်ခွင့်ရသော လေနုအေးများ တိုက်ခတ်နေ သည့် ကန်ရေပြင်ကို မေးတင်ထားသော စားသောက်ဆိုင်လေးရဲ့ စားပွဲတွင် နှစ်ယောက်သား မျက်နှာချင်းဆိုင်ပြီး ထိုင်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်တာက ရောက်လာတာမို့ မြယာက သံပရာရည်မှာတော့ သူကလည်း အဲဒါပဲ မှာပါသည်။ ပြီးလျှင် သူ မပြောခင်မှာပဲ မြယာက တစ်စုံတစ်ရာကို သတိရကာ စ,မေးလိုက်သည်။

"ဒါနဲ့ ... နေပါဦး။ ရှင်နဲ့ နွေးက ပေါင်းကြကြတဲ့ သဘောပေါ့လေ ... ဟုတ်လား"

"အဟင်း ... ကျွန်တော့်အိုက်ဒီယာပါ။ နွေးက ကူညီခဲ့တာပါ"

"မနေ့ညကတင် ရှင်နဲ့ကျွန်မ Online မှာ တွေ့နေတာတောင် အရိပ်အမြွက်လေးတောင် မပြောဘူးနော်။ တတ်လည်း တတ်နိုင်တယ်"

"ဪ ... ကျွန်တော် လာမယ် မြယာရေလို့ ပြောရတာ အရမ်းလွယ်ပါတယ်။ ကျွန်တော်က လွယ်တဲ့အရာတွေကို သိပ်မကြိုက်ဘူး။ စာမေးပွဲမေးခွန်းရွေးရင်တောင် ခက်တဲ့ဟာကိုပဲ ရွေးဖြေတာ"

မြယာက သူ့ကို မျက်စောင်းမထိုးမိအောင် အတန်တန် ထိန်းချုပ်ထားလိုက်ရသည်။ ဘာပဲပြောပြော သူ့ကို လုံးဝ မျှော်လင့်မထားချိန်မှာ တွေ့လိုက်ရသည့်အတွက် ပျော်လည်းပျော်ရသလို နှလုံးသွေးတိုးသံ တဒိတ်ဒိတ်ကိုလည်း ကိုယ့်ဘာသာပြန်ကြားနေရသည့် အခြေအနေပင်။

"ဘယ်နေ့က ရောက်နေတာလဲ"

"ဒီည Mid night လေယာဉ်နဲ့ပဲ"





"အို ... ဒါတောင် အခု တွေ့ရလား"

"ကျွန်တော် ခင်ဗျားကို အရမ်းတွေ့ချင်နေပြီလေ မြယာ"

သူ့စကားသံက တိုးတိုးလေးပေမယ့် မြယာရင်ထဲ ဝုန်းဒိုင်းကြဲသွားသည်။ သူ့ကို ယောင်ယမ်းပြီး မော့်ကြည့်ဖြစ်သော မျက်ဝန်းများမှာ သူ့အကြည့်တွေက မလွှဲဖယ်နိုင်ဘဲ ပင့်ကူအိမ်မှာ ငြိနေသော ပိုးကောင်ငယ်တစ်ခုလို ဖြစ်နေသည်။ သူ့မျက်ဝန်းတွေထဲမှာ တကယ်ကိုပဲ လွမ်းဆွတ်တမ်းတတဲ့ အရိပ်ယောင်တွေ ပြည့်နှက်နေတာပါလား။ သူရော မြယာရဲ့မျက်လုံးထဲမှာ အဲဒါမျိုးတွေကို ရှာဖွေနေလား။ အဲဒီလို သတိရမိတော့ မြယာက မျက်လွှာကို ကမန်းကတန်း ချပစ်လိုက်သည်။

"မြယာ ခေါင်းမော့ပါဦး"

စိတ်ကို တည်ငြိမ်အောင် ထိန်းထားပြီး ခေါင်းကို မော့လိုက်လျှင် သူက စိတ်လက်ပေါ့ပါးစွာ ရယ်ပြနေသည်။ အဲဒီတော့မှပဲ မြယာက လွှတ်ခနဲ စကားတစ်ခွန်း ထွက်သွားသည်။

"ဒါနဲ့များ နွေးက လူကြုံပစ္စည်း လက်ဆောင်တဲ့။ ဟင်း... ဘာမှလဲ မပါဘဲနဲ့"

"မပါဘဲ နေမလား မြယာရယ်။ ခင်ဗျားတောင် အားနာဦးမယ်"

"ဘာလဲ ... ရှင် ဝယ်လာတာတွေလား"

"နွေးလည်း ထည့်ပေးလိုက်ပါတယ်။ အခုတော့ ကျွန်တော် ယူမလာဘူး။ သူငယ်ချင်းကားနဲ့ ကပ်လိုက်လာတာမို့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘယ်နရက် နေမှာလဲ"

"ဟား ... မေးပုံက"

"ဟုတ်တယ်လေ။ ရှင်က စင်ကာပူမှာပဲ ပျော်တဲ့သူ မဟုတ်လား။ ဒီကို ငါးနှစ်လောက်တောင် မပြန်ဘဲ နေနိုင်တဲ့သူဆိုတော့ ဒီမှာ ဘယ်နရက် နေနိုင်မှာမို့လဲ"

"ခင်ဗျားရှိတဲ့ နေရာမှာ တစ်သက်လုံးဆိုလည်း နေနိုင်မယ် ထင်တာပဲ"

"ကျွတ် ... ရှင် ဘာတွေပြောနေတာလဲ"

"ကျွန်တော့် ခံစားချက်ကို ရိုးရိုးသားသား ပြောတာပါ။ တခြားအကြောင်းပြချက်တစ်ခုကို လိမ်ပြီးမပြောချင်ဘူးလေ မြယာ။ စင်ကာပူကနေ တမင် မပြန်တာမှ မဟုတ်တာ ဗျာ။ ဒီလိုပါပဲ၊ ကိုယ်နေနေကျ နေရာလည်းဖြစ် ကိုယ့် အလုပ်ကလည်း အရမ်းအဆင်ပြေနေတဲ့ နေရာဆိုတော့ ကြီးကြီးမားမား တွန်းအားမရှိသရွေ့ ကျွန်တော် ပြန်ဖို့ စိတ်မဝင်စားမိဘူးပေါ့ဗျာ"

မြယာက သူ့ကို မျက်စောင်းတစ်ချက်ရွယ်ပြီးမှ နှုတ်ခမ်းကို မသိမသာ တွန့်မိသည်။

"ကျွန်တော် ခွင့်သုံးလ ယူလာတယ် မြယာ"

မြယာက သူ့ကို မျက်လုံးအဝိုင်းသားဖြင့် မော့်ကြည့် မိသည်။ သူကတော့ "ဘာလဲ"ဟူသော သဘောဖြင့် ပြုံးပြုံးကြီး မျက်ခုံးပင့်ပြပါသည်။





"ရှင် ဘယ်မှာနေလဲ"

"အဟင်း ... နေစရာတွေ များနေလို့ ဘယ်မှာနေရမှန်း တောင် မသိဘူး ဖြစ်နေတယ်"

"အမယ်လေး... ရှင် သူဌေးဆိုတာ သိပါတယ် ... ဟင်း"

"သူဌေး မဟုတ်ပါဘူးဗျာ။ ရွှေကျောင်းပြောင်ပြောင် ဝမ်း ခေါင်ခေါင်ပါ။ ကျွန်တော်က အညာသားဆိုတော့ အစု အဆောင်း ဝါသနာပါတယ်ဗျ။ အမေတို့ရဲ့ Control တွေ လည်း ပါတာပေါ့ ...

ဟိုမှာရှာလို့ရသမျှတွေကို ဒီမှာ မြေတွေ၊ ကွန်ဒို တိုက်ခန်းတွေဝယ်ပြီး ငှားစားဖြစ်တယ်။ အခု ကိုယ်ပြန် လာတော့ နေစရာ မရှိတော့ဘူး"

"အင်း ... အဲဒီတော့"

"ကျွန်တော့်သူငယ်ချင်းနဲ့ အတူစပ်ဝယ်ထားတဲ့ ရန်ကင်း ပန်းခြံကွန်ဒိုမှာ နေတယ်"

"သြော် ... ဒါဆို သုံးလအတွင်းစီးဖို့ ကားလည်းမရှိဘူး ပေါ့"

"ဘာလဲ ရှာပေးမလို့လား"

သူက ပြုံးစစနှင့်ပြောလျှင် ဒီတစ်ခါတော့ မြယာက တကယ်ပဲ မျက်စောင်းထိုးမိသွားရသည်။

"ဟာ ... မျက်စောင်းထိုးတယ် ... ကျမ် ... ကြည့်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာတုန်းက ရှင်က ကျွန်မကို အများကြီး အကူအညီ ပေးခဲ့တော့ ဒီမှာလည်း ကျွန်မက ပြန်ကူညီရမှာပေါ့"

"အင်း ... အသွားအပြန်ဆိုတာ နေရာတိုင်းမှာ ရှိသင့်ပါတယ်လေ"

သူ့စကားက ဘာအဓိပ္ပာယ်လဲ။ ပြန်မေးနေလျှင် ပိုဆိုးနေမှာ စိုးသဖြင့် မြယာက သံပရာရည်ကိုသာ တစ်ငုံသောက်လိုက်သည်။

"ကျွန်တော်နဲ့ အခု အတူနေတဲ့ သူငယ်ချင်းက ကား အရောင်းအဝယ် လုပ်တဲ့သူပါ။ ကျွန်တော် ဒီမှာ ခဏနေတုန်း စီးမယ့်ကားက ဆိပ်ကမ်းမှာ သွားမထုတ်သေးလို့။ အဆင်ပြေပါတယ် မြယာ။ ကျွန်တော်က နောက်တာ"

"မန္တလေးကရော ဘယ်တော့ ပြန်မှာလဲ"

"အမှန်အတိုင်းပြောရင် ကျွန်တော် ပြန်ရောက်နေတာ ကျွန်တော့်အိမ်က မသိသေးဘူး မြယာ"

သူက စကားကို ဖြည်းညင်းအေးဆေးစွာ ပြောနေသည်မို့ မြယာက သူ့မျက်နှာကိုသာ ငေးနေမိသည်။ သူက ဆက်ပြောပါသည်။

"အိမ်ကသိရင် ကျွန်တော့်ကို ချက်ချင်းပြန်လာခိုင်းမှာလေ။ ကျွန်တော်က ရန်ကုန်မှာ နေချင်သေးကယ်"

မြယာက ခပ်လျော့လျော့ ပြုံးပြမိရင်း သက်ပြင်းကို ခိုးရှိုက်မိသည်။ အပြည့်အဝ မပျော်နိုင်သော ကိုယ့်ဘဝကိုယ်





ပြန်သတိရမိကာ စိတ်နှလုံးသားတို့က ချက်ချင်းနွမ်းသွားသည်။

"ကဲ ... ကျွန်တော်က ဒီမှာ အားအားယားယား ဖြစ်သွားပြီနော်၊ ဒီတော့ ခင်ဗျားကို လိုက်နှောင့်ယှက်တော့မယ်"

"ဘယ်လိုနှောင့်ယှက်မှာလဲ"

"ဘယ်ပြောပြမလဲ"

သူ လုပ်ပြသော အိုက်တင်ကို သဘောကျ၍ မြယာက ရယ်မိသည်။ သူက သံပရာရည်ကို မော့်သောက်ရင်း ခွက်ကို ငုပ်ခနဲ ပြန်ချကာ ကျောကို နောက်သို့မှီချလိုက်ရင်း ...

"ဝါး ... မြယာကို ဘယ်လို အနှောင့်အယှက်ပေးရင် ကောင်းမလဲဗျို့"

သူ့အသံက အနည်းငယ် ကျယ်သွားသဖြင့် မြယာက လက်ညှိုးနှင့် နှုတ်ခမ်းကို ကန့်လန့်ဖြတ်ကာ ...

"ရှူး ... ဘာလို့ အော်နေတာလဲ"

"ကျွန်တော် ပျော်နေလို့ပါ မြယာရာ။ ခင်ဗျားကို တွေ့ရတာ အရမ်းပျော်နေလို့ ခင်ဗျားရော ပျော်လားလို့ မမေးတော့ပါဘူးနော့။ ဒါ မမေးသင့်တဲ့ မေးခွန်းပဲဟာ"

သူ့ဟာသူမေးပြီး သူ့ဟာသူ ပြန်ဖြေနေသော ရင်ခတ်ကို မြယာက ခပ်ငေးငေးလေးကြည့်ရင်း ရင်ထဲတွင် ဆွတ်ပျံ့လာသည်။ ဇေဒါရောင်စပို့ရှပ်လက်တိုလေးကို ဝတ်ဆင်ထားပြီး သူ့လက်ဖျံတစ်လျှောက် စိမ်းမြနေသော မွေးညင်းနုလေးတွေကအစ ရင်ခုန်ဖို့ကောင်းစွာ တည်ရှိသော ရင်ခတ်ဟာ ကိုယ်နှင့်တွေ့ဖို့



www.burmeseclassic.com

www.burmeseclassic.com



လိုက်လာခဲ့တယ်တဲ့။ ဒါဟာ အိပ်မက်တစ်ခုလို ထင်နေဆဲပေမယ့် အိပ်မက် မဟုတ်ဘူး ဆိုတာလည်း ကိုယ့်ဘာသာ သိနေသားပဲလေ။

ဖြစ်နိုင်လျှင် သူနဲ့ အတူတူ ဒီကမ္ဘာကြီးပေါ်မှာ ပျောက်ကွယ်သွားချင်သည် ဆိုလျှင် သူ့အပေါ်ရော တရားပါ့မလား။

"ဒီနေ့ကတော့ ကျွန်မလည်း အိမ်ကိုမပြောခဲ့ရလို့။ မနက်ဖြန်ဖြစ်ဖြစ် နေ့လယ်စာ ဒါမှမဟုတ် ဒင်နာ ကျွေးမယ်လေ"

"ဘာလဲ ... ခင်ဗျားချက်မှာလား"

"အဟင်း ... မဟုတ်ပါဘူး။ ရှင်ကလည်း။ အပြင်မှာ လိုက်ကျွေးမှာပေါ့။ ရှင် ဒီမရောက်တာ ငါးနှစ်ရှိပြီပဲ၊ မစားရသေးတဲ့ဆိုင်တွေ အများကြီးပဲဟာ"

"အင် ... ကျွန်တော်က ခင်ဗျားလက်ရာ စားချင်တဲ့ဟာကို"

မြယာက ဘာပြန်ပြောရမှန်း မသိစွာ ဖျတ်ခနဲ အကြဲအိုက်သွားတာကို ကြည့်ရင်း သူက နားလည်သလို ချက်ချင်းပဲ လက်တစ်ဖက် ထောင်ပြကာ ...

"ဟား ဟား ... နောက်တာပါဗျာ။ စားတော့ စားချင်တာ တကယ်ပါ။ ဒါပေမဲ့ မြယာကို pressure မပေးပါဘူး။ ဘယ်မှာပဲ စားရ စားရ စားရဖို့ အရေးကြီးတာပေါ့၊ ဟုတ်တယ်မှုလား ...





ဒါဆို မနက်ဖြန် ဒင်နာ စားမယ်လေ။ နေ့လယ်ဘက်လောက်ထိက ကျွန်တော် ဆိပ်ကမ်းမှာ ကားထုတ်ရမှာနဲ့ ဘာနဲ့ အလုပ်တွေရှုပ်နေမှာ။ ဒီတော့ ဒင်ဒင်ကြတာပေါ့"

"အိုခေ"

"ဘယ်မှာကျွေးမှာလဲဗျ"

"အင်း ... ရှင် ဘာစားချင်လဲ"

"ဒီမှာ ကိုရီးယားတွေ ခေတ်စားနေတယ်ဆိုဗျ"

"အဟင်း ... ဟုတ်တယ်။ ဘာလဲ ... Golden Park သွားချင်လို့လား"

"ဘာလဲ ... Golden Park ... ??"

"ကိုရီးယားချွေးထုတ်ခန်းလေ၊ ဒီမှာ လာဖွင့်ထားတာ"

"ဩော် ... ချွေးလား ထုတ်တော့ပါဘူးဗျာ။ စင်ကာပူမှာ တောင် ပူလွန်းလို့ ချွေးက အလိုလို စိမ့်ထွက်နေတာ။ ကိုးရီးယားစာ စားချင်တယ်လို့ ပြောတာ ...

မြန်မာထမင်းဟင်း ကောင်းကောင်းစားချင်ပေမယ့် အင်း ... ဩော် ... ညနေကျတော့ မြန်မာထမင်းဆိုင်တွေက သိပ်မစုံတော့ဘူးလားလို့"

"နောက်နေ့ နေ့လယ်စားလေ။ မနက်ဖြန်တော့ ဒင်နာပဲ စားတာပေါ့။ ကဲ ... ဒါဆိုရင် ကျွန်မ သွားတော့မယ်။ ရှင်ခတ်ကို ဘယ်လိုက်ပို့ပေးရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကားက ခင်ဗျား မောင်းလာတာလား"

"ဟင့်အင်း ... ဒရိုင်ဘာနဲ့ လာတာ"

"ဒါဆိုရင်တော့ မပို့နဲ့တော့။ ကျွန်တော် ခင်ဗျားမောင်းတဲ့ ကားမှ စီးချင်တာ"

"ဟင်း"

မြယာရဲ့ မျက်စောင်းကဲပုံစံကို သူက ကြည်နူးစွာ ပြုံးကြည့်နေသည်။ မြယာက အနေခက်စွာ ခုံမှထလိုက်ပါသည်။ သူ့ကို နှုတ်ဆက်သလို တစ်ချက်ကြည့်လိုက်သည်။ ပြီးတော့ "သွားတော့မယ်"ဟု ခပ်ကိုးကိုး နှုတ်ဆက်မိသည်။ သူက မြယာကို လက်ချောင်းလေးများ လှုပ်ခတ်ကာ ပြန်နှုတ်ဆက်သည်။ မြယာက လှည့်အထွက်တွင် သူက လှမ်းခေါ်သည်။

"မြယာ"

မြယာက လှည့်ကြည့်မိလျှင် ...

"မနက်ဖြန် ဒင်နာစားပြီးရင် ကျွန်တော် ခင်ဗျားနဲ့ဘုရား တက်ချင်တယ်"

ဘုရားတက်ချင်တယ်တဲ့။ လိုက်ပို့မလား သွားမလား လို့တော့ သူ ဆက်မပြော။ သူ့ရဲ့ဆန္ဒသက်သက်ကိုသာ ထုတ်ဖော် လိုက်ပုံ ရပါသည်။ တက်မယ် မတက်ဘူး၊ သွားမယ် မသွားဘူးက မြယာ ဆန္ဒ၊ မြယာ ဆုံးဖြတ်ရမည့် အပိုင်းလို ဖြစ်နေသည်။ မျှော်လင့်တကြီး ငေးစိုက်နေသော သူ့မျက်ဝန်းများကို မြယာ ဥပေက္ခာမပြုရက်ပါ။ သူနဲ့အတူတူ အေးချမ်းစွာ ဘုရားတက်ဖို့





မြယာ ဝမ်းမြောက်ဝမ်းသာ ဆန္ဒဖြစ်ပါသည်။ တစ်ခုတည်းသော စကားကိုသာ မြယာ ဆိုမိသည်။ မြယာ စကားကြောင့် သူ့ အနည်းငယ် မျက်ခုံးပင့်သွားသော်လည်း ချက်ချင်းပဲ တဟက်ဟက် ရယ်တာကို ကြုံရလေသည်။

"အိုခေလေ။ ရှင် ပုဆိုးဝတ်ခဲ့ဖို့တော့ မမေ့နဲ့"

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၁၈

လေတချွန်ချွန်ဖြင့် ဆံပင်သ,နေသော သူ့ကို မင်းသူက မှန်ထဲမှနေ၍ မဲ့ရွဲ့ပြနေသဖြင့် သူက "ဘာလဲ"ဟု ရယ်ကျဲကျဲ တုံ့ပြန်မိသည်။

"ဩော် ... ရင်ခတ် ... ရင်ခတ်။ သီဟကတော့ ပြောရှ သား။ ငါတို့ကောင် အချစ်နဲ့အတွေ့မှာ အတော်ပြောင်းလဲ သွားပြီတဲ့။ ကိုယ်တိုင်မြင်မှပဲ ယုံတော့တယ်ကွာ။ ကျွတ် ကျွတ် ... တာယာ ... တာယာ ... ဘောကွင်း ... ဘောကွင်း"

"ဟေ့ကောင် ... ပေါက်ကရတွေ လျှောက်ပြောမနေနဲ့ ငါ ဝတ်ထားတာ အဆင်ပြေရဲ့လား ကြည့်ပေးဦး"

"ပြေပါသကောကွာ။ ဒီပုံနဲ့ဆို လူကြီးတွေနဲ့တောင် သွား တွေ့လို့ရနေပြီ။ ကဲ ... မင်းက ငါးနှစ်မှ တစ်ခါလော ပြန်လာတာဆိုတော့ တစ်ခါတည်း မင်္ဂလာဆောင်ဖို့ကို စီစဉ်သွားတော့"





"ဟေ့ကောင် ... အဲလောက်လည်း အထင်မကြီးပါနဲ့ကွာ။ သူနဲ့ ငါနဲ့က ဘာမှ မပတ်သက်သေးပါဘူး။ မိတ်ဆွေ အဆင့်ပဲ ရှိသေးတာ။ ငါ့ဘက်က ချစ်နေတာတော့ သူ ရိပ်မိမယ် ထင်တာပဲ"

"သူ့ဘက်ကရော ဘယ်လိုအခြေအနေရှိလဲ"

မင်းသူရဲ့အမေးကို ချက်ချင်းမဖြေနိုင်ဘဲ မှန်ထဲသို့ စိုက်ကြည့်နေမိသည်။ မှန်ထဲတွင် ရင်ခတ် ဆိုသော တစ်ယောက် က G-2000 စပို့ရှပ်နက်ပြာရောင်ကို ကော်လာမှာ နက်ပြာအကွက် ပ်လေးများ ပါဝင်သည့် စပို့ရှပ်လက်ကို၊ အောက်က ဦးဂျမ်းပုဆိုး နက်ပြာကွက်စိတ်တို့ဖြင့် တွဲဖက်ဝတ်ဆင်ထားပြီး သူ့ကိုစိုက် ကြည့်နေသည်။ ခါတိုင်းဝတ်နေကျ ခပ်မိုက်မိုက်နာရီတွေထက် ရိုးရှင်းသည့် နာရီကိုသာ ဝတ်ဆင်ထားသည်။ သူ့ပုံစံဟာ ဘယ် ဘက်ကကြည့်ကြည့် တည်ကြည်သည့် သူ့ပုံစံသည် မြယာကို သည်း တည်ကြည်သော နှလုံးသားဖြင့် ချစ်ခဲ့တာပါပဲ။

ဒါပေမဲ့လည်း အချစ်ဆိုတာ အပေးအယူသဘော ဆန်သဖြင့် သူ့ဘက်က ဘယ်လောက်ပဲ မှန်ကန်ပါစေ။ မြယာဆီ က အချစ်ဆိုတာ သူ အတိအကျ မမျှော်လင့်ရဲခဲ့ပါ။

"သူ့ဘက်ကတော့ ပုံမှန်ပါပဲ။ ခေတ်မီ ယဉ်ကျေးတဲ့ ခေတ်ပညာတတ် မိန်းကလေးတစ်ယောက်ရဲ့ပုံစံက ခန့်မှန်း ရတော့ နည်းနည်းခက်တယ်မှလား"

www.burmeseclassic.com



"သူ့အကြောင်းရော မင်း ဘယ်လောက်သိလဲ။ ဥပမာ ရည်းစားရှိ,မရှိ ဆိုပါတော့ကွာ"

မင်းသူ ပြောမှပဲ သူက ကေပျက်အောင် ခေါင်းကုတ်ချင်သွားသည်။ သူနှင့်မြယာ မျက်လုံးချင်း နားလည်ထားသည့် ဝေါဟာရမှာ သူမတွင် ရည်းစား သို့မဟုတ် ချစ်သူ မရှိဘူး မဟုတ်ပါလား။

"မရှိဘူး ... မရှိဘူးလို့ ထင်တာပဲကွာ"

"ဟင်း ... ဟော့ကောင်။ ကြည့်လည်း ..."

"တော်ပြီ ... တော်ပြီကွာ ... ငါ့ကို လိုက်ပို့တော့။ ညကိုးနာရီဝန်းကျင်လောက် ရွှေတိဂုံဘုရားနားမှာ ကင်းလှည့်နေ။ အပြန်လည်း ကြိုပေး ... ဟုတ်ပြီနော်"

"ဟင် ... မင်းကားကို နံပါတ်မြန်မြန်ကပ်မှ ဖြစ်မှာပါ"

"ကဲ ... သွားမယ်ကွာ၊ လာ ... ကိုယ်က အရင်ရောက်နေမှ ဖြစ်တာ"

သူစီးမယ့်ကားက နောက်တစ်ရက် နှစ်ရက်နေမှ ရောက်မှာမို့ အခုလောလောဆယ်တော့ သူ့မှာ မင်းသူကိုသာ ချောဆွဲနေရသည်။ အခုလည်း မင်းသူက သူ့ကို မြယာနှင့်ချိန်းထားသော စားသောက်ဆိုင်သို့ ပို့ပေးသည်။ သူက ထောင့်ကျသော ရှုခင်းကောင်းသော စားပွဲမှာ ဝင်ပေါက်ဘက်ကိုငေးပြီး မြယာကို ထိုင်စောင့်ပါသည်။ သူက ချိန်းထားသော အချိန်ထက် ဆယ့်ငါးမိနစ် ကြိုရောက်နေကာ မြယာကတော့ အချိန်အတိအကျ





ပဲ ရောက်လာခဲ့သည်။ သူ့ကို မျက်လုံးဖွေရှာနေသော သူမကို ထပြီးလက်ပြဖို့ အနည်းငယ် နောက်ကျသည်အထိ မြယာရဲ့ မြန်မာဆန်သောအလှမှာ နစ်မျောရသည်။

ကြက်သွေးနီရောင် ပိုးရင်ဖုံးလက်ပြတ်လေးကို ဒူးနားမှာ ချိတ်အဆင်အနီလိုင်းသာ ပါဝင်သော လုံချည်အနက်ရောင်ဖြင့် ဒေါက်မြင့်မြင့်ကိုစီးကာ အနောက်တိုင်းကျစ်ဆံမြီးပွပွလေးကို ဘေးတစ်ဖက်မှာ ချထားရင်း လျှောက်လှမ်းဝင်လာသော မြယာကို သူတင်မက အခြားသူတွေလည်း ငေးနေရသည်။ သူက သတိဝင်လာရင်း ဖျတ်ခနဲ မတ်တတ်ရပ်ကာ လက်ပြလိုက်လျှင် ဝင်းခနဲ လင်းလက်သွားသော မြယာရဲ့အပြုံးကို မြင်ရသည်။ ကျက်သရေရှိလှတဲ့ ဒီအမျိုးသမီးကို သူ ပိုင်ဆိုင်ခွင့်ရလျှင် ဘယ်လောက်များ ကံကောင်းမှာပါလိမ့်။

"စောင့်ရတာ ကြာပြီလား"

"မကြာပါဘူး။ ကဲ ... ဘာစားမလဲ"

"အံ့ဟင်း ... ကျွန်မက ရှင့်ကို ပြန်မေးရမှာ။ စား ... များများ။ ဒီဆိုင်က အစားအသောက် ကောင်းတယ်"

"အိုခေလေ ... မြယာ ကောင်းမယ်ထင်တာတွေ မှာပေးပါ"

"အင်း ... မှာကြတာပေါ့"

သူမက ဟိုဟာ ဒီဟာ ကောင်းတယ် ပြောပြသဖြင့် အတူမှာကြပြီးမှ စိတ်တာထွက်သွားလျှင် သူက စတင်၍ မပြောရင် မနေနိုင်သော ရှီးကျူးစကား ဆိုလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဒီနေ့ အရမ်းလှနေတယ်"

"မြန်မာ့ဝတ်စုံက မိန်းကလေးတစ်ယောက်ကို တော်တော် ကျက်သရေရှိသွားစေတာပဲနော်"

"ဆိုလိုတာက ! ကျွန်မက ကျက်သရေရှိနေတယ်ပေါ့"

"ဒါကတော့ မပြောဘဲသိလေ"

"ဟား ... ဟား"

မြယာ လွတ်လပ်ပေါ့ပါးစွာ ရယ်လိုက်ပုံလေးကို တစ်ချက်ကြည့်ပြီးနောက် သူက ဘေးမှာချထားသော အထုပ်တွေကို ကမ်းပေးလိုက်ပါသည်။

"ရော ... ဒါက စင်ကာပူက လက်ဆောင်တွေ"

"ဟင် ... အထုပ်တွေက ဘယ်နှထုပ်တောင်လဲ။ နွေး ပေးလိုက်တာ တစ်ထုပ်တည်းလို့ သူ ပြောတယ်"

"နွေးပေးလိုက်တာ တစ်ထုပ်တည်းဆို ကျန်တာတွေက တွေးကြည့်ပေါ့ဗျာ"

မြယာက ဘာတွေပါလိမ့်ဟု မျက်လုံးဝင့်ကြည့်ကာ ခုချက်ချင်း ဖွင့်ကြည့်ရမှာကိုလည်း အားနာနေပုံမျိုးဖြင့် ဇဝေဇဝါ ဖြစ်နေသည်။ သူက မြယာ အနေမခက်အောင် စကားပြောလိုက် သည်။

"ကျွန်တော့်လက်ဆောင်တွေက အရမ်းတန်ဖိုးကြီးတာတွေ မဟုတ်ပါဘူး။ မြယာ ကြိုက်လောက်မယ် ထင်တာလေး တွေ မျက်စိထဲတွေ့တိုင်း အမှတ်တရ ဝယ်မိတာလေးတွေ စုနေတဲ့ သဘောပါ ...





အားမနာဘဲနဲ့ ကောင်းကောင်းသုံးပေးပါ မြယာ"

"ကျေးဇူးတင်ပါတယ်"

သူမက ခပ်တိုးတိုးဆိုကာ အသာပြုံးပြရင်း ခေါင်း တစ်ချက်ဆတ်ပြသည်။ အဲဒီနောက် သူတို့ တခြားထွေရာလေး ပါးတွေပြောရင်း ဒင်နာစားကြပါသည်။ ပြီးလျှင် ဘုရားတက်ဦး မှာမို့ သိပ်အချိန်မဆွဲကြဘဲ ထမင်းစားပြီးတာနှင့် ဘုရားတက်ကြ သည်။ စားသောက်ဆိုင်ကနေ ဘုရားကို သိပ်ကြာကြာ မမောင်းပါ။ သူမမောင်းသော ကားပေါ်တွင် စီးခွင့်ရတာလောက် ကျေနပ် ဆွတ်ပျံ့ဖွယ်ကောင်းသော အနေအထားမျိုး မရှိတော့ချေ။ သူမ ကားမောင်းပုံက သက်သောင့်သက်သာနဲ့ အေးအေးဆေးဆေးရှိပါ သည်။

ဘုရားကို Lift နှင့်မတက်ဘဲ လှေကားအတိုင်းပဲ ဖြည်းဖြည်းချင်း တက်လာခဲ့ကြသည်။ စနစ်ကျ၍ အကွက်စိသော မြယာသည် ကားပေါ်မှာ ဘုရားကပ်ဖို့ပန်းကို အိမ်ကနေ ယူလာ ခဲ့သဖြင့် ညဘက်ပန်းသည် မရှိတော့မှာ မပူရဘဲ ဘုရားပန်းကပ် ကာ ဘုရားကိုလည်း အေးချမ်းကြည်ညိုစွာ ဖူးရသည်မှာ အလွန် ပဲ စိတ်ချမ်းသာစရာ ကောင်းလှပါသည်။ ဘုရားကို လက်ယာရစ် တစ်ပတ် ပတ်ပြီးနောက် မွေးနံထောင့်တွေမှာ ရေသပ္ပာယ်ကြ သည်။ ပြီးတော့ လူရှင်းသော ဇရပ်တစ်ဆောင်မှာ ခဏထိုင်ဖို့ မြယာကိုပြောပြီး လျှောက်လာခဲ့ကြသည်။ ညရဲ့လရိပ် ကြယ်အရိပ် များဖြင့် ရွှေသားအတိပြီးသော ရွှေတိဂုံကို သူက စိတ်ထဲမှ



www.burmeseclassic.com

www.burmeseclassic.com



အကြိမ်ကြိမ် ကြည့်ညိုဦးခိုက်မိသည်။ လေအဝှေ့မှာ ဆည်းလည်းသံတလွင်လွင်ကလည်း သူ ငါးနှစ်လောက် မကြားခဲ့ရသည့် သာယာနာပျော်ဖွယ် အသံတစ်ခု ဖြစ်ပါသည်။

"ညဘက် ဘုရားတက်ရတာ တော်တော်စိတ်ချမ်းသာဖို့ကောင်းတာနော်"

"သေချာတာပေါ့"

"ခင်ဗျားရော ဘုရားကို ပုံမှန်လာဖြစ်လား"

"အင်း ... ပုံမှန်တော့ မရောက်ဖြစ်ဘူး။ မကြာခဏတော့ ရောက်ပါတယ်"

ဇရပ်ပေါ်ကို ရောက်ပြီမို့ သူနဲ့မြယာက အတူယှဉ်တွဲထိုင်လိုက်ကြသည်။ ရွှေညိုရောင်ပဝါလေးတစ်ဖက်ကို ပခုံးပေါ်တင်ကာ ဘုရားကို ငေးနေသော မြယာရဲ့ ဘေးတိုက်မျက်နှာလေးကို သူက ငေးမိကာ ပင့်သက်ရှိုက်မိသည်။ လေနုအေးတို့တိုက်ခတ်မှုကြောင့် နားသယ်စပ်ရှိ ဆံစလေးများက ပါးပြင်ပေါ်သို့ ခုန်တက် ခုန်ဆင်း လုပ်နေပုံက ကဗျာတစ်ပုဒ်ကို ဖတ်ရသည့်နှယ် လွင်မျောခံစားစေပါသည်။

"မြယာ"

"ပြောလေ"ဟူသော သဘောဖြင့် သူမက အသာအယာပြုံးကာ မေးဆတ်ပြသည်။ သူ့ဘဝတွင် ဒီလိုလေးလေးနက်နက် စကားပြောဖို့ တစ်ခါမှ အားမယူခဲ့ရဖူးသဖြင့် စိတ်လှုပ်ရှားမှုတွေ ရှိသော်လည်း မပြောမပြီး ဆိုသည့်ထုံးကို နှလုံး





မူထားသဖြင့် သူက အတတ်နိုင်ဆုံး ထိန်းချုပ်ကာ ပြောဖို့ကြိုးစားလိုက်သည်။

"ကျွန်တော် ရန်ကုန်ကို ဘာလို့မြန်မြန်ရောက်လာလဲဆိုတာ ခင်ဗျား သိမလား"

သူမမျက်ဝန်းထဲမှာ သိသလိုလို အရိပ်အယောင်တွေ သူ တွေ့ပါသည်။ ဒါပေမဲ့လည်း သူမ ဘယ်ပြောမလဲလေ။ သို့သော် သူမအဖြေက ,လိမ္မာပါးနပ်ပါသည်။

"ရန်ကုန်ကို လာချင်တဲ့စိတ် ရှိလို့ပေါ့"

"ဟုတ်တယ် ... လာချင်တဲ့စိတ်ဖြစ်အောင် တွန်းအားတစ်ခုက အရောက်ပို့ခဲ့တယ် မြယာ။ တကယ်တော့ ကျွန်တော်ဟာ ခင်ဗျားကို စကားတစ်ခွန်း လာပြောကာပါ မြယာ"

သူမက သူ့ကို အနည်းငယ် အံ့ဩရိပ်သမ်းသွားသော မျက်လုံးများဖြင့် မော့ကြည့်သည်။ အဲဒီမျက်လုံးများကို တစ်စက်မှ လွှဲဖယ်ခြင်းမရှိဘဲ သူက အမိအရ စိုက်ကြည့်ပြီး လေးနက်စွာ ဆက်ပြောလိုက်သည်။

"တကယ်တော့ ခင်ဗျားကို ကျွန်တော် ချစ်တယ်ဆိုတာ စင်ကာပူမှာတည်းက ကျွန်တော့်ဘာသာ သေချာနေပြီးသားပဲ မြယာ။ ဒါပေမဲ့ အလည်သဘောလာတဲ့ မိန်းကလေးတစ်ယောက်၊ နောက်ပြီးတော့ ကျွန်တော် တကယ်ချစ်မြတ်နိုးတဲ့ မိန်းကလေးတစ်ယောက်ကို ရည်းစားစကားပြောလွှတ်လိုက်တယ်ဆိုတဲ့ အဖြစ်မျိုး အဖြစ်မခံနိုင်ဘူး...



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းထဲကလည်း မပြောချင်ဘူး။ မတ်ဆေ့လည်းမပို့ချင်ဘူး။ viber ကလည်း မပြောချင်ဘူး၊ facebook ကလည်း မပြောချင်ဘူး။ ဒီစကားကို ကျွန်တော်ကိုယ်တိုင်လည်း အရမ်းတန်ဖိုးထားတဲ့အတွက် ကိုယ်တိုင်ကိုယ်ကျလာပြောတာပါ မြယာ ...

ကျွန်တော့်ဘဝမှာ ဘယ်မိန်းမတစ်ယောက်ကိုမှ မချစ်ဘူးတဲ့ အချစ်မျိုးနဲ့ ခင်ဗျားကို မြတ်မြတ်နိုးနိုး ချစ်ခဲ့တာပါ မြယာ။ ဒါကိုတော့ ယုံကြည်ပေးပါ"

သူမက ဘာမှမပြောဘဲ သူ့ကို ပြန်ငေးနေသည်မှာ အကြာကြီး။ တစ်ခုခုပြောဖို့ ရည်ရွယ်ချိန်ဆနေသော သူမရဲ့နှုတ်ခမ်းဖျားကတော့ အတန်ကြာသည်အထိ ဘာစကားမှ ထွက်မလာသဖြင့် သူကပဲ စကားထောက်ရသည်။

"ကျွန်တော့်ကို တစ်ခုခု ပြောပါဦး မြယာ။ စိတ်ဆိုးသွားတာတော့ မဟုတ်ပါဘူးနော်"

"စိတ်မဆိုးပါဘူး ရင်ခတ်၊ ရှင်က ကျွန်မကို ရှင့်ခံစားချက်ကို ပြောပြတာပဲလေ။ စိတ်ဆိုးစရာစကား မဟုတ်ပါဘူး"

"ကျွန်တော် ဝမ်းသာလိုက်တာ၊ မြယာ ဒါဆိုရင်လေ ကျွန်တော့်အတွက် ..."

သူ့စကားတောင် မဆုံးသေး။ သူမက ဖြတ်ပြောချပစ်လိုက်သည်။

"ကျွန်မ ခုချိန်မှာတော့ ဘာမှပြောနိုင်မှာ မဟုတ်ဘူး"





"အင်း ... ရပါတယ် မြယာ။ ကျွန်တော် နားလည်ပါတယ်။ လောလောဆယ်လည်း ခင်ဗျား ဘာမှမပြောနိုင်ဘူးဆိုတာ ကျွန်တော် တကယ်ယုံပါတယ် ...

ကျွန်တော် ချစ်တဲ့အကြောင်းကို ခင်ဗျား officially သိသွားရင် ကျေနပ်ပါပြီ။ ကျွန်တော် ခင်ဗျားအကြောင်း သိပ်မသိပါဘူး မြယာ။ ယုတ်စွအဆုံး ခင်ဗျားမှာ ရည်းစားရှိလား မရှိဘူးလားတောင် မသိဘဲ ချစ်မိခဲ့တာ။ မစဉ်းစားဘဲ ချစ်ခဲ့မိတာ ...

ကျွန်တော်တို့ တွေ့ဆုံချိန်က သိပ်မကြာခဲ့ဘူးဆိုပေမယ့် ကျွန်တော့်အတွက်တော့ ခင်ဗျားကို ချစ်ဖို့အချိန် လုံလုံလောက်လောက် ရခဲ့ပါတယ်"

"ရှင် ပြောချင်တဲ့စကားတွေ ပြီးပြီလားဟင်"

"ဘာလဲ ... မြယာ။ ကျွန်တော့်စကားတွေ ကြားရတာ စိတ်အနှောင့်အယှက် ဖြစ်နေရပြီလား"

သူက စိတ်ကောင်းစွာ မေးလိုက်လျှင် သူမမျက်ဝန်းတွေထဲမှာ အရည်ကြည်တွေ လင်းလဲ့နေတာ တွေ့ရသည်။ ခံစားမှုတွေ ပြည့်သိပ်နေသော မြယာရဲ့မျက်နှာပေါ်က အဓိပ္ပာယ်တွေကို သူ မဖတ်တတ်ပါ။ သူ့အပေါ်မှာ ခါးသီးတာလည်းမဟုတ်၊ သူ့ချစ်စကားကြောင့် သာမန် ရှက်ရွံ့မှုမျိုးလည်း ရှိမနေဘဲ ဘယ်လိုအဓိပ္ပာယ် ဖော်ဆောင်ရမှန်း မသိအောင် လှို့ဝှက်နက်နဲနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... မ ... မဟုတ်ပါဘူး။ ကျွန်မတို့ သွားကြရအောင်"

မြယာက ပြောပြောဆိုဆို ထရပ်သည်။ သူ မျှော်လင့်ထားတာ ဒီထက်ကောင်းသော အခြေအနေမဟုတ်ပေမယ့် ဒီလောက်ထိလည်း မမျှော်လင့်ခဲ့။ နားလည်း နားမလည်နိုင်ခဲ့ပါပေ။ သူကိုယ်တိုင် တစ်ခုခုပြောဖို့ ကြိုးစားပေမယ့် ဘာပြောရမှန်းလဲ မသိချေ။ အပြန်မှာ သူမက Lift နှင့်ဆင်းသည်။ သူလည်း စကားထပ်မဆိုမိ။ ကားရပ်ထားသော နေရာသို့ ရောက်မှပဲ သူမက နှုတ်ဆက်ဖို့ လှမ်းအကြည့်မှာ သူက စကားဆိုမိသည်။

"ကားမောင်းဖို့ အဆင်ပြေရဲ့လား မြယာ"

"ပြေပါတယ် စိတ်မပူနဲ့။ ရှင်က ဘယ်ရှိပြန်မှာလဲ"

"ကျွန်တော့်သူငယ်ချင်း ဒီနားမှာ ရှိပါတယ်။ ဖုန်းဆက်လိုက်တာနဲ့ ဆယ်မိနစ်အတွင်း ရောက်လာမှာ။ ခင်ဗျား တစ်ယောက်တည်း ပြန်သွားရမှာကိုသာ ကျွန်တော် စိတ်ပူတာ"

"စိတ်မပူပါနဲ့။ အိမ်ရောက်ရင် ကျွန်မ ဖုန်းဆက်လိုက်ပါ့မယ်၊ သွားတော့မယ်"

သူမက တိုးတိတ်စွာ နှုတ်ဆက်ရင်း ကားပေါ်တက်မောင်းထွက်သွားသည်။ သူက အိတ်ထဲမှဖုန်းကိုထုတ်ကာ မင်းသူထံ ခေါ်လိုက်ပါသည်။ မင်းသူက ငါးမိနစ်အတွင်း ရောက်လာသည်။ အိမ်မပြန်သေးဘဲ မင်းသူကို ပြည်သူ့ရင်ပြင်ရှေ့သို့





မောင်းခိုင်းလိုက်သည်။ သူ့ရဲ့မအီမလည်ပုံစံကိုကြည့်ကာ မင်းသူက အခြေအနေ ဘယ်လိုလဲဟု မေးသည်။

ကားတံခါးမှာမှီရင်း စီးကရက်ကို ဖွာထုတ်ပစ်ကာ ဘာပြောရမှန်း မသိသေးဘဲ ခေတ္တစဉ်းစားနေမိသည်။ စီးကရက်ကို အမြဲမသောက်တတ်ပေမယ့် သိပ်တွေးစရာတွေ၊ စိတ်ညစ်စရာတွေ နည်းနည်းရှိလာရင်တော့ ဖွာတတ်သည်။

"ငါ မပြောတတ်တော့ပါဘူးကွာ။ သူ့မျက်လုံးထဲမှာ ငါ့အပေါ် နားလည်တဲ့ အရိပ်အယောင်တွေ ငါတွေ့တယ်၊ သူ့ကို ချစ်တယ်လို့ ပြောတဲ့စကားအပေါ်မှာ သူ့ဘက်က ခံစားချက်တစ်ခုခု ဖြစ်သွားတယ်ဆိုတာတော့ ငါသိတယ်၊ ဒါပေမဲ့ ဘာလဲဆိုတာ အတိအကျ မသိဘူး ...

မင်းလည်း မိန်းကလေးတစ်ယောက်ကို propose လုပ်ဖူးမှာပဲကွာ၊ ကိုယ်ပြောလိုက်တဲ့အချိန်မှာ တစ်ဖက်မိန်းကလေးရဲ့ responce က စိတ်လှုပ်ရှားတာရှိမယ်၊ ရင်ခုန်တာရှိမယ်၊ ရှက်သွားတာရှိမယ်၊ သူနဲ့ကိုယ် အတိုင်းအတာတစ်ခုထိ ပွင့်လင်းမြင်သာပြီးသားဆိုရင် ကိုယ့်ချစ်စကားမှာ သူ ပျော်ရွှင်သွားတာမျိုးရှိမယ်၊ ပြောလိုက်ရတဲ့သူမှာ feeling တစ်ခုခုတော့ ကျန်ရမယ်ကွာ"

"အခု မင်းက ဘာမှမကျန်လို့လား"

သူက စီးကရက်တစ်ဖွာကို ရှိုက်လိုက်သည်။ မီးခိုးငွေ့တွေ မှုတ်ထုတ်လိုက်ချိန်မှာ လောလောလတ်လတ် မြင်တွေ့ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



သော မြယာရဲ့လှို့ဝှက်လှပသည့် မျက်နက်ဝန်းများကို ထပ်တွေ့ရသည်။ ပြည်သူ့ရင်ပြင်ရှေ့ကနေ ရွှေတိဂုံဘုရားကို မြင်တွေ့နေရသည်။

ဒီဘုရားပေါ်တွင် သူ မြယာကို ချစ်စကားဆိုခဲ့သည်။ ဘယ်လိုပဲဖြစ်ဖြစ် သူမအတွက် အမှတ်တရ ဖြစ်မည် ထင်ပါသည်။

"ငါကျန်ခဲ့တာ နားမလည်ခြင်း များစွာလေ"

"ငါ အရှင်းဆုံးမေးမယ်ကွာ။ ဆော်က မင်းကို စိတ်ဝင်စားတယ်လို့ မင်းထင်တယ်ဟုတ်။ အေး ... ထင်ရသလောက် responce က မကောင်းဘူး။ အဲဒါကို မင်းစိတ်မှာ လက်မခံနိုင် ဖြစ်နေတာ ဒါပဲမှလား"

"အေး"

"မင်းဆော်အကြောင်း နည်းနည်းစုံစမ်းလိုက်ကွာ"

သူက မင်းသူကို တစ်ချက် လှည့်ကြည့်မိသည်။ မင်းသူက သူ့ကိုအတည်ပေါက်ပုံစံနှင့် ပြန်စိုက်ကြည့်နေသည်။

"ဟုတ်တယ် ရင်ခတ်။ မင်းဆော်ကို တစ်ရက်လောက် သူ ဘယ်မှာနေလဲ လိုက်ကြည့်လိုက်။ သူ့အကြောင်း ငါ စုံစမ်းပေးမယ်။ ငါ့ဘော်ဒါတွေက လိုင်းစုံတယ်။ facebook မှာလည်း တစ်ချက်ထောက်လိုက်ရင် သိမှာပါ ...

တစ်ပတ်အတွင်း သူ့အကြောင်းကို မင်း အကုန်သိစေရမယ်။ သိပြီးသွားရင် မင်းအတွက် အဖြေတစ်ခုခု ထွက်လာမှာပဲ"





သူ ဘာမှမပြောနိုင်ဘဲ ခပ်ဝေးဝေးသို့သာ ငေးနေမိသည်။ ရွှေရောင်အတိပြီးသော သပ္ပာယ်လှသည့် ရွှေတိဂုံဘုရားကို ဖူးတွေ့ခွင့် ရနေသော်လည်း ရင်မအေးနိုင်သည့် ငမိုက်သားမှာ သူပဲ ဖြစ်ပါလိမ့်မည်။ ခဏအကြာတွင် သူမထံမှ ဖုန်းဝင်လာသည်။ အိမ်သို့ ပြန်ရောက်ပြီ ဆိုတဲ့အကြောင်း။ သူက "အိုခေ" ပဲ ပြန်ပြောလိုက်၍ သူ့ကို သူမ တစ်ခုခုပြောဖို့ ကြိုးစားပုံရသော်လည်း တကယ်တမ်းက ဘာစကားမှ အတည်တကျ ထွက်မလာဘဲ "ဒါဆို ကျွန်မ ဖုန်းချလိုက်ပြီနော်"တဲ့။ သူက အရင်ဦးအောင် ချမိသွားလား မသိပါ။

စင်ကာပူမှာ သူမနဲ့အတူ သာယာပျော်ရွှင်ရင်ခုန်ရသော နေ့ရက်များကို အတူဖန်တီးခဲ့တယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့လား၊ အိပ်မက်များလားလို့တောင် တွေ့ရတဲ့အထိ မြယာရဲ့ အနေအထားကို သူ လိုက်၍မမီနိုင်တော့ပြီ။ သူမ ကြည့်ရတာ အသက်မဲ့နေသလိုကို ဖြစ်နေတာလေ။



www.burmeseclassic.com

www.burmeseclassic.com



## ၁၉

မေခင်နှင့်အတူ စိန်ပွင့်တွေကို အရွယ်တူတာလေးတွေ ရွေးချယ်နေသော မြယာမှာ ဖုန်းသံကြောင့် Display ကို ငုံ့ကြည့်လိုက်လျှင် ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသည်။ နာမည်တပ်မထားဘဲ နံပါတ်သာ ပေါ်နေပေမယ့်လည်း ဘယ်သူဆက်တယ်ဆိုတာ သိနေခြင်းသည် ဖုန်းနံပါတ်တွေဆို မမှတ်မိတတ်သော မြယာရဲ့ထူးခြားမှု တစ်ခုခုလေပဲလား။ မြယာက မေခင့်ကို တစ်ချက် အကဲခတ်လိုက်ပြီး ဖုန်းဖွင့်ထားလိုက်ပါသည်။

"ဟယ်လို"

"မြယာ ... ကျွန်တော်ပါ"

"ဟုတ် ... ပြော"

"မြယာ နေကောင်းရဲ့လား"

သူ အဲဒီလို ကြင်နာသော လေသံနှင့်မေးလျှင် မြယာ သိပ်ငိုချင်ပါသည်။ နဂိုအခံက အရာရာကို ဝမ်းနည်းနာကျင်စိတ်တို့နှင့် မြင်နေသောကြောင့်လားတော့ မပြောတတ်။





"ကောင်းပါတယ်"

"ကျွန်တော် ခဏနေရင် မန္တလေးတက်တော့မလို့၊ အဲဒါ ခင်ဗျားကို လှမ်းနှုတ်ဆက်တာ"

လှမ်းနှုတ်ဆက်တာတဲ့။ ရင်ထဲ ဘယ်လိုဖြစ်သွားခဲ့မှန်း မသိပါ။ ဒါပေမဲ့ မြယာ သူ့ကို ကြိုးစားပြီး စကားပြောသည်။

"ကားနဲ့ သွားမှာလား"

"မဟုတ်ဘူး flight နဲ့ အခု လေဆိပ်ကနေ ဆက်နေတာ"

"ဪ"

ဘာပြောရမှန်း မသိပါ။ မြယာ နေရာမှာ အခြား မိန်းမတစ်ယောက်ဆို ပွင့်လင်းလွတ်လပ်တဲ့ နှလုံးသားနဲ့ လွမ်းစေးကာဗျာ ဖွဲ့နေမည်လား မပြောတတ်ချေ။ သူ မြယာကို ပြောထားတုန်းက ရန်ကုန်မှာ တစ်လလောက် နေဦးမည်တဲ့။ မန္တလေးက သူ့အိမ်ကိုတောင် သူရောက်နေကြောင်း အသိမပေးပါတဲ့။ ခုတော့ တစ်ပတ်လောက်နဲ့ သူ မန္တလေးကို သွားတော့မည်။ ရှင် ပြောထားတော့ တစ်လနေမယ့်ဆို ဆိုတဲ့ ရန်တွေ့စကားဆန်ဆန်က မြယာရင်ထဲမှာပဲ တိုးဝှေ့နေကာ အပြင်သို့ ထွက်မလာပါ။

"ကျွန်တော် ရန်ကုန်မှာ မပျော်လို့ မန္တလေးသွားတာ မြယာ"

"ဪ ... မန္တလေးမှာတော့ ပျော်စရာတွေ ရှိနေတယ်ပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"အနည်းဆုံးတော့ နွေးထွေးမှုပေးနိုင်တဲ့ မိသားစုရှိတယ်လေ"

ဘာပြောရမှန်း မသိသဖြင့် နာကျင်ခြောက်ကပ်စွာ ရယ်မိသွားသည်။ သူလည်း တစ်ဖက်ကနေ၍ ဘာဆက်ပြောရမှန်း မသိ ဖြစ်နေပုံ ရပါသည်။ ဒါပေမဲ့ တစ်ခုခုကို သတိရဟန်ဖြင့် သူ ဆက်ပြောလာသည်။

"မြယာ စိတ်ထဲမှာ ငါ့ကို ရည်းစားစကားပြောပြီး ထွက်သွားတယ်လို့ ကျွန်တော့်ကို မမြင်စေချင်ဘူး။ ကျွန်တော် မြယာကို သိပ်ချစ်နေတဲ့ ယောကျ်ားတစ်ယောက်ပါ။ ကိုယ်ချစ်တဲ့ မိန်းကလေးတစ်ယောက်ကို စာအုပ်တစ်အုပ်လို အမြဲဖတ်နေတဲ့သူပါ ...

ကျွန်တော် သိနေတယ်၊ မြယာမှာ စိတ်ညစ်စရာ တစ်ခုခု ရှိနေသလိုပဲ။ ကျွန်တော် propose လုပ်လိုက်တဲ့ အချိန်မှာ မြယာ ပိုစိတ်ညစ်သွားသလိုပဲ။ ကျွန်တော့်ကြောင့် မြယာ စိတ်ညစ်ရတယ်ဆိုရင် ကျွန်တော် တကယ်စိတ် မကောင်းပါဘူး။ ကျွန်တော့် propose စကားက မြယာကို pressure မပေးစေချင်ဘူး ...

ကျွန်တော် တကယ်ကို စိတ်မကောင်းဘူး မြယာ"

နောက်ဆုံးစကားကို သူက တုန်ခိုက်နေသော အသံဖြင့်ပြောလျှင် မြယာ အော်ငိုချင်စိတ်ပေါက်အောင်ပဲ ရူးချင်ရသည်။ အနားမှာ မေမေခင်လည်း ရှိနေသည်မို့ ဘာပြောရမှန်းလဲ မသိ





သွားပြီး စကားပြောရင်လည်း မေမေခင်က ပိုအာရုံစိုက်တော့သည်။

"ကျွန်တော် ဖုန်းချလိုက်တော့မယ်နော်"

"ဟုတ် ... ဟုတ်"

တစ်ဖက်က ဖုန်းချသွားသည်။ မြယာ အယောင်ယောင် အမှားမှားဖြင့် ဖုန်းကိုနားမှာကပ်ထားဆဲ။ နောက်မှ ဖုန်းကို ဘေးမှာချထားလိုက်ရင် စိန်တွေကို ဟန်မပျက်ရွေးမည့် ဟန် ဖမ်းလိုက်သည်။

"ဘယ်သူ ဆက်တာလဲ"

"ဩော် ... သမီးမိတ်ဆွေ တစ်ယောက်ပါ"

"မိန်းကလေးလား၊ ယောကျ်ားလေးလား"

"မိန်းကလေးပါ။ ဘာဖြစ်လို့လဲ မေခင်ရဲ့။ ယောကျ်ားဆို ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ ညည်းကို ယောကျ်ားတွေကြိုက်ရင် ဇာတ်လမ်းတွေ ရှုပ်လာမှာမို့ပေါ့"

"ဘာဇာတ်လမ်းတွေ ရှုပ်မှာလဲ မေခင်။ သမီးဘဝတစ်လျှောက်လုံးမှာ အဲဒီလို ရှုပ်ရှုပ်ယှက်ယှက် အဖြစ်မျိုး ရှိဖူးလို့လား"

"အဲဒီလို အရှုပ်တွေ မလုပ်ဘူးလို့လည်း စင်ကာပူထိ တစ်ယောက်တည်း လွှတ်တာပေါ့။ ညည်း တစ်သက်လုံးက အေးအေးဆေးဆေး နေလာခဲ့တာတွေကို သိလို့ပေါ့ မြယာ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့။ ညည်း ဘယ်လောက်ပဲ အေးအေးဆေးဆေးနေနေ ကြိုက်ချင်တဲ့သူကတော့ လာကြိုက်မှာပဲ။ ခုတောင် ဟိုက ဒီက လာစပ်ဟပ်နေကြတဲ့ဟာ ...

ကျုပ်သားအတွက် ကျုပ်ဥထားတဲ့ ဟာလေးပါလို့ ပြောထားလို့သာ"

"ဘ ... ဘယ်လို။ မေခင်က သူများတွေကို ကိုကြီးအတွက် သမီးကို ဥထားတယ်လို့ ပြောတယ်ဟုတ်လား"

"အေးလေ ... နက်ဖြန် သန်ဘက်ခါပဲ ညည်းနဲ့ မိုးမြင့်ကို စေ့စပ်ပေးတော့မှာပဲ၊ လူတွေသိတော့ ဘာဖြစ်လဲ"

"မေခင် တကယ်ပဲ ဆုံးဖြတ်လိုက်ပြီလားဟင်"

"မြယာနဲ့နှာ"

မေခင်က ခပ်တင်းတင်းဖြင့် နာမည်အပြည့်အစုံ ခေါ်လျှင် အခြေအနေမကောင်းဘူးဆိုတာ မြယာ သိသော်လည်း မတတ်နိုင်တော့ချေ။ ရင်ခတ်ရဲ့ကြေကွဲနေသော လေသံကို နားထဲမှာ ပြန်ကြားလာကာ စိတ်ကို တင်းထားမိသည်။ ရင်ခတ်က pressure မပေးဘူး ပြောသွားသော်လည်း သူ့အတွက် စိတ်မကောင်းသလို ဒီဘက်မှာလည်း ဒီလို ဖိအားတွေကြားမှာ မွန်းကျပ်လာသည်။

"ဘာဖြစ်လို့ ဒီလိုစကားတွေကို ခဏ ခဏ ပြောနေရတာလဲ။ ရှင်းရှင်းပြောစမ်း မြယာ။ ညည်းက မိုးမြင့်နဲ့ လက်မထပ်ချင်တာလား"





ဘာပြန်ပြောရမှန်း မသိဘဲ မြယာ လက်တွေတဆတ်ဆတ် တုန်လာသည်။ ဟုတ်တယ် ... မြယာ လက်မထပ်ချင်ဘူးလို့ ပြောလိုက်လျှင် မေခင် ဘာဖြစ်သွားမလဲ၊ သွေးတိုးသွားမလား၊ မူးမိုက်လဲကျသွားမလား။ အိမ်တွင်းရေးတွေ ပွည် ပွည် ဖြစ်မှာကို မြယာ မလိုလားပါ။

"မေးတာကို ဖြေလေ မြယာ"

"သမီး အချစ်မပါတဲ့ အိမ်ထောင်ရေးကို မထူထောင်ချင်ဘူး မေခင်"

"ဘာအေ ... အချစ် ! ဟုတ်လား"

မြယာ ဘာမှပြန်မပြောမိဘဲ နှုတ်ခမ်းကို တင်းတင်း စေ့ထားမိသည်။ မျက်လုံးထဲတွင် ရင်ခတ်ရဲ့ ပုံရိပ်တို့က ထင်ဟပ်လို့လာသည်။ သူလည်း စိတ်မကောင်းခြင်းများစွာနဲ့ ခရီးထွက်သွားရတာပဲ။ မြယာလည်း တိုက်ပွဲတစ်ခုကို စ,ဝင်ပြီဆိုတာ ကိုယ့်ဘာသာကိုယ် သိလိုက်သည်။

"ဘာလဲ ... ညည်းက ဘယ်ကအချစ်နဲ့ တွေ့နေတာလဲ။ ဟမ် ... ဘယ်နားက အားကိုးလောက်စရာ ကောင်ကို တွေ့နေလို့လဲ"

"ဘယ်သူနဲ့မှ မတွေ့ဘူး မေခင်။ ဒါပေမဲ့ မြယာနဲ့ကိုကြီးကို မေခင် စီစဉ်မယ်ဆိုတော့ အဲဒီနေ့ကစလို့ တစ်ရက်ပြီး တစ်ရက် မြယာ စဉ်းစားတယ်။ ကိုကြီးနဲ့မြယာဟာ တစ်သက်လုံးက မောင်နှမအရင်းတွေလိုပဲ နေလာတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးအပေါ်မှာ လင်သားတစ်ယောက်အနေနဲ့ မြယာ ဘယ်လိုမှ စိတ်ကူးလို့ကို မရတာပါ ...

ကိုကြီးလည်း ဒီလိုရှိမှာပဲ။ သူ တကယ်ချစ်တဲ့သူကိုပဲ လက်ထပ်ချင်မှာပဲ။ မြယာတို့ နှစ်ယောက်လုံးက မေခင် စိတ်ချမ်းသာဖို့ ရှေးရှုပြီး လက်ထပ်လိုက်ရုံနဲ့ တကယ်သာယာတဲ့ အိမ်ထောင်ရေးတစ်ခုကို ထူထောင်နိုင်လိမ့်မယ်လို့ မေခင် ထင်သလား"

ချက်ကျ လက်ကျနှင့် တစ်ခွန်းချင်း အေးအေးဆေးဆေး ပြောနေသော မြယာကိုကြည့်ကာ မေခင်က ဒေါသတွေ တလိပ်လိပ် ထွက်လာဟန်တူသည်။ မျက်လုံးတွေက တောက်ပြောင်စူးရှလာသည်။ အဲဒီ မျက်လုံးတွေကို ပြိုင်မကြည့်ရဲတာ မဟုတ်ဘဲ လေးစားသမှုဖြင့် ယှဉ်မကြည့်တော့ဘဲ လွှဲဖယ်လိုက်သည်။

"ညည်း ဘာလို့ ငါ့စေတနာတွေကို နားမလည်ရတာလဲ မြယာ"

"သမီး နားလည်ပါတယ်။ မေခင်တို့ ကျေးဇူးတွေ ဘယ်လောက်များလဲဆိုတာ သမီး သိပါတယ်"

"ညည်း ငါ့ပိုင်ဆိုင်မှုတွေ ဘယ်လောက်ရှိလဲဆိုတာ ညည်း အသိဆုံးပဲ မြယာ။ မိုးမြင့် လုပ်နေတဲ့အလုပ်တွေ မပါသေးဘူး။ ညည်းဟာ ငါတို့ရဲ့ တရားဝင်အမွေ ပိုင်ဆိုင်ခွင့် ရထားတဲ့သူ မဟုတ်ဘူးဆိုတာ ညည်း သိတယ်နော် ...





ညည်း မိုးမြင့်ကိုယူမှ သူ့ရဲ့တရားဝင်ဇနီးဖြစ်မှ ဒါတွေ ညည်း တရားဝင်သက်ဆိုင်မယ် ဆိုတာရော သိရဲ့လား"

မြယာက မဲ့ပြုံးဆန်ဆန် တစ်ချက်ပြုံးမိသည်။ အဲဒီစည်းစိမ်ဥစ္စာတွေကို မြယာ တစ်ဇက်လေးမှ မမက်မောဘူးဆိုရင် မေခင် ဘယ်လိုလုပ်မလဲ။

"မေခင်က သမီးအတွက် တစ်သက်စားမကုန်တဲ့ ရန်သူမျိုးငါးပါး ဖျက်ဆီးလို့မရတဲ့ အမွေတွေ ပေးထားပြီးပါပြီ။ အဲဒါတွေကိုပဲ မြယာ မက်ပါတယ် ...

မြယာ ဘွဲ့ရတယ်။ ပညာတတ်တယ်။ စီးပွား ရှေ့တွေအကြောင်း professional နားလည်တယ်။ နိုင်ငံတကာ အသိမှတ်ပြု လက်မှတ်တွေ ရထားတယ်။ MBA ဘွဲ့ပါ ထပ်ရထားတယ်။ ဒါတွေဟာ မြယာ တန်ဖိုးအထားရဆုံး မေခင်ရဲ့တစ်သက်စာအမွေတွေပါ။ ဒီအမွေတွေနဲ့ မြယာ တစ်သက်လုံး လူတန်းစေ့ နေနိုင်ပါတယ်၊ အဲဒါတွေကိုပဲ မက်ပါတယ်။ တခြား ဘာမှ ..."

"တော်ပြီ မြယာ။ ညည်း ငါ့ကို ဘာမှ ထပ်မပြောနဲ့တော့။ ညည်းက ငါသေတာကို မြင်ချင်တာလား။ ဟင် ... မိုးမြင့်က သဇင်ဆိုတဲ့ မိန်းမကို အိမ်ပေါ်ခေါ်လာပြီး တစ်နေ့တစ်နေ့ အဲဒီဟာမ မျက်နှာကို ငါ ကြည့်ရင်း နေ့တိုင်း အဆိပ်ကျွေးသတ်နေသလို ဖြစ်မှာကို ညည်း မြင်ချင်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"မေခင် မသေဇင်ကို ..."

"တော်ပြီ ... အဲဒီမိန်းမနာမည် ငါ့ကို ထပ်မပြောနဲ့။ မကြားချင်ဘူး၊ တော်ပြီ ... ညည်းလည်း ထွက်သွားတော့...

နီနီရေ ... နီနီ ... လာခေါ်ပါဦး၊ အမယ်လေး ... ရေအေးအေးတစ်ခွက်လောက် မြန်မြန်လာတိုက်စမ်းပါ"

"မေမေခင် ... ဘာဖြစ်လို့လဲ မေမေခင်။ ဟင် ... မြယာ မေခင် ဘာဖြစ်ကာလဲ"

မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ရောက်လာသော အန်တီနီ့ကို မြယာက ထုံးစံအတိုင်းပဲ ဟူသော အကြည့်ဖြင့် တစ်ချက်ကြည့်ကာ ထိုင်ရာမှ ထထွက်လာခဲ့သည်။ လက်ထဲမှာ တင်းတင်းဆုပ်ထားသော ဖုန်းကိုကိုင်ရင်း ဒီအချိန် လေယာဉ်တက်သွားပြီလားဟု တွေးမိသည်။ စင်ကာပူမှာတုန်းက သူ့ကြောင့် မြယာ ပျော်ရွှင်ခဲ့ရသည်။ သူ ရန်ကုန်ရောက်လာတော့ မြယာကြောင့် သူ မပျော်ရွှင်နိုင်တော့ဘူးလား။ တွေးရင်း တွေးရင်း စိတ်မကောင်းစွာနှင့် မျက်ရည်တွေ ဝဲလာမိသည်။ Sorry ပါ ရင်ခတ်ရယ်။

❦ ○ ❦





## ၂၀

လူတစ်ယောက်ဟာ အချစ်နဲ့ အဆင်မပြေလျှင် တခြားကိစ္စတွေမှာလည်း နေရထိုင်ရတာ အဆင်မပြေဟု သူ ကြားဖူးထားသည်မှာ တကယ်ပဲ မှန်နေတတ်လားတော့ မပြောတတ်ပါ။ မန္တလေးသို့ ရောက်သွားပြီး မိဘဆွေမျိုးတွေနဲ့ တွေ့ရတာ အစပိုင်းတော့ စိတ်ပြေလက်ပျောက် ဖြစ်ပေမယ့် နည်းနည်းကြာလာတာနဲ့ နှလုံးသားက သူ အလိုရှိရာကို တောင့်တတော့တာပဲလေ။ မန္တလေး ရောက်ပြီး တစ်ပတ်ခန့်ထိ သူ မြယာကို ဖုန်းမဆက်ဖြစ်ပါ။ facebook လည်း သိပ်မသုံးဖြစ်ဘဲ အခန်းအောင်းဖြစ်တာများ၍ သူ့အမေကတောင် ဆူလာသည် အထိပင်။

"ဟဲ့ ... အိမ်ပြန်မရောက်တာ ငါးနှစ်ရှိတာတောင်မှ နင်က ဂူအောင်းသိုင်းကျင့်နေရလားဟဲ့။ မန္တလေးမှာ နင်မရောက်တဲ့ဆိုင်တွေ အများကြီးမို့ သွားပါမယ်ပြောလည်း မလှုပ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... နေပူတယ်လေ အမေရာ။ ဒီလောက် ပူနေတဲ့ဟာ"

"အမယ်လေး ... နင်က အင်္ဂလန်မှာ နေခဲ့တာမို့လို့လား။ နင်တို့ စင်ကာပူလည်း ပူတာပဲ"

သူ ပြန်မလာသော်လည်း သူ့ကိုတွေ့ဖို့ရာ သူ့မိဘတွေက စင်ကာပူသို့ တစ်နှစ်တစ်ခေါက်တော့ ရောက်လာကာ ဆေးစစ်၊ လည်ပတ်ကြလေ့ ရှိတာမို့ မန္တလေးဘက်က အမျိုးတွေ အဆွေတွေနှင့်က အဆက်အသွယ် မပြတ်ခဲ့ပါ။ သူ့စိတ်ထဲတွင် စင်ကာပူသည် ရန်ကုန်–မန္တလေးနှင့် နီးနီးလေးတွင်ရှိသည်ဟု ထင်မြင်မိတဲ့အထိ ဖြစ်ပါသည်။

"စင်ကာပူက အပြင်မှာသာပူတာ။ ဘယ်နေရာသွားသွား ရထားပေါ်မှာ ကားပေါ်မှာ အေးစိမ့်နေအောင် လုပ်ပေးထားတာ"

"အမယ်လေး ... အမေကျော် ချွေးတော်လွှမ်းနေပြန်ပါပြီ။ နင့်ကို ဒေါင်းလန်းကြီးမှာ ထမင်းကျွေးမလို့ဟဲ့"

"ဒေါင်းလန်းကြီးလည်း မစားချင်ဘူး၊ စကောကြီးနဲ့လည်း မစားချင်ဘူး၊ အမေ့လက်ရာလောက် ဘယ်ဆိုင်က ကောင်းဦးမှာလဲ။ အိမ်မှာပဲ စားပါ့မယ် အမေရာ"

"ဟင်း ... ဘာဖြစ်နေမှန်းကို မသိဘူး။ ရောက်တည်းက အခန်းအောင်းပြီး သာခွေယိုင် ဖြစ်နေတယ်။ နင် မှန်မှန် ပြောစမ်း၊ မယားပူ မိနေတာ မဟုတ်လား"

"အာ ... မဟုတ်ပါဘူး၊ အမေကလည်း"





"ငရင်ခတ်ရယ် ... ငါက နင့်ကို မွေးထားတဲ့ အမေပါ။ ပြောစမ်း ... နင့်ကို ဘယ်ဟာမက လုပ်လွှတ်လိုက်လဲ"

သူ့အမေက စကားကို တုတ်ထိုးအိုးပေါက် ပြောတတ်သော အညာသူကြီးမို့ တစ်ချက် တစ်ချက် ပြောလိုက်လျှင် ယောကျ်ားလေးဖြစ်တဲ့သူတောင် တွန့်တွန့်သွားရသည်။

"မဟုတ်ပါဘူး အမေရာ။ ဘယ်သူကမှ ဘာမှမလုပ်ပါဘူး"

"ဒါဖြင့် နင့်မှာ ရည်းစား မရှိဘူးပေါ့"

"မရှိပါဘူး"

"အေး ... ဒါဆို နင့်ကို မိန်းမပေးစားမှ ဖြစ်မယ်"

"ဗျာ ... မယူချင်ပါဘူး"

"ဟဲ့ ... မယူလို့ မရဘူး။ နင့်အသက်ပဲ နှစ်ဆယ့်ခုနစ်ထဲ ရောက်နေပြီ။ နောက်ပြီးရင် ကြိုက်လိုက်တဲ့ စင်ကာပူဆိုတာလည်း မြန်မာပြည်ပြန်လာဖို့ကို စိတ်ကူးမရှိဘူး။ ဟိုမှာ အ,တွေ ဖ,တွေနဲ့ ညားသွားမှဖြင့် ဟိုအ,ရော ဒီဖ,ရော မြေးတွေ မလိုချင်းဘူးဟေ့။ ကျုပ်တို့က မြန်မာမြေးစစ်စစ် ပဲ ထိန်းချင်တယ်"

"ကျွန်တော် ကတိပေးတယ်။ အ,လည်းမယူဘူး၊ ဖ,လည်း မယူဘူး။ စ,လုံးမလည်း မယူဘူး။ မြန်မာမစစ်စစ်ပဲ ယူမယ်"

"အေး ... ဒါဆိုလည်း ငါပေးစားတာ ယူတော့လေ"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... မယူချင်ပါဘူး အမေရာ။ ကျွန်တော် တစ်သက်လုံး ပေါင်းရမယ့် မိန်းမကို ကျွန်တော့်ဘာသာ ကြိုက်တာ ယူပါရစေ။ စဉ်းစားကြည့်ပေါ့ဗျာ ကိုယ်တစ်သက်လုံးပေါင်းရမယ့်ဟာကို၊ အမေတို့လည်း ကိုယ်ချစ်တဲ့သူပဲ ယူခဲ့ကြတာပဲ မဟုတ်လား"

"ဟဲ့ ... ဒါပေမဲ့ ငတို့က ကိုယ့်မိဘအရိပ်အောက်မှာ အေးအေးဆေးဆေးနေရင်း ကြင်ယာတွေ့ခဲ့ကြတာ။ နင့်လို မိဘကွယ်ရာမှာ ဘာဖြစ်နေလို့ ဖြစ်နေမှန်း မသိရတာ မဟုတ်ဘူး"

"အမေကလည်းဗျာ။ ကျွန်တော် ဟိုမှာနေတာ ငါးနှစ်ရှိပြီ။ ဘာသံကြားရလို့လဲ။ အေးအေးဆေးဆေး နေ,နေတာပဲဟာ"

"အေးလေ ... အဲဒီလို အေးအေးဆေးဆေး နေနေလို့လည်း ဆင်ပြောင်ကြီး အမြီးကျမှတစ်သွားမှာစိုးလို့ပေါ့။ ဟင်း ... မိဘဆိုတာ သားသမီး အိမ်ထောင်ရက်သားကောင်းကောင်း မကျသေးသရွေ့ အခြေကျတာ မမြင်သေးသရွေ့ စိတ်တိုင်းကျ စိတ်အေးရတာ မဟုတ်ဘူး"

"အမေ့သမီးနဲ့ သားက အခြေတကျ ဖြစ်နေပြီပဲ။ ကျွန်တော့်ကိုတော့ ခဏ မျက်စိမှိတ်ထားပေးပါဦး အမေရာ၊ ဟူး... တကယ်ပဲ"

အမေက သူ့ကို မျက်စောင်းထိုး ကြည့်နေတုန်းမှာပဲ သူ့ဖုန်းက မြည်သံထွက်လာသည်။ ကြည့်လိုက်တော့ မင်းသူ





ဆီကဖုန်းမို့ သူက ဖွင့်ထူးလိုက်ရင် အခန်းက ဘေးဝရန်တာကို ဖွင့်ကာ ဖုန်းပြောဖို့ ထွက်လိုက်သည်။

"အေး ... ပြော မင်းသူ"

"အေးဆေးပဲလား။ ပြောလို့ရတယ် မဟုတ်လား"

"အေး ... ရတယ်။ ငါ အခု အိမ်မှာ"

"မင်း မြယာ အကြောင်း ငါ တော်တော်သိခဲ့ရပြီ"

ရင်ထဲမှာ ဒိန်းခနဲ ခုန်သွားသည်။ နှုတ်ခမ်းကို လျှာနှင့်တစ်ချက် သပ်မိရင်း မြယာ အကြောင်း နားစွင့်နေမိသည်။

"သူ့ဘွားတော်က ဟိုးအရင်တည်းက ရှေးသူဌေးတွေကွ။ ဘိုးစဉ်ဘောင်ဆက် ရတနာလုပ်ငန်းနှင့် ချမ်းသာလာကြတာ။ အခု သူတို့က အင်းလျားလမ်းမှာ နေကြတယ်။ အရင်တည်းက နေကြတာ။ တကယ်တော့ မြယာနန္ဒာဟာ မွေးစားသမီးတဲ့ကွ"

"မွေးစားသမီး ! "

အနည်းငယ် အံ့သြမိသည်မှအပ ဒီကိစ္စဟာ သူ့အတွက်တော့ ဘာမှအရေးမကြီးဟု ထင်မိပါသည်။ မွေးစားသမီးပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် သူမ ကောင်းကောင်းမွန်မွန် ကြီးပြင်းခဲ့ရသည်ဆိုလျှင် သူ ကျေနပ်ပါသည်။

"သူ့ကို မွေးစားထားတဲ့ ဘွားတော်မှာ သားတစ်ယောက် ရှိတယ်။ မိုးမြင့်သာတဲ့။ မြယာရဲ့အမေက ငယ်ငယ်လေးတည်းက ဆုံးသွားတယ်။ အဖေက သူ့ကို မွေးစားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘွားတော်ရဲ့လူယုံလို့ ပြောတာပဲ။ အဲဒါနဲ့ မြယာနန္ဒာကို သုံး,လေးနှစ်သမီးတည်းက ဒေါ်ခင်မိုးမိုးက မွေးစားခဲ့တယ်တဲ့။ မြယာအဖေကတော့ ဆုံးသွားတာ နည်းနည်းကြာပြီတဲ့”

“အင်း ... ဒါပဲလား”

“မဒါပဲသေးဘူး ရင်ခတ်။ မြယာနန္ဒာဟာ အဘွားကြီးရဲ့ ပုံသွင်းထိန်းသိမ်းမှုအောက်မှာ လုံးဝ prefect ပဲ။ ရုပ်ရည်ချောမောတယ်၊ ပညာတတ်တယ်၊ ကျောက်မျက်ရတနာတွေအကြောင်း အထူးကျွမ်းကျင်တယ်။ အပေါင်းအသင်း ဝင်ဆန့်ပြီး ယဉ်ကျေးလိမ္မာတဲ့ မိန်းကလေးတစ်ယောက်မို့ သားရှင်တွေက မျက်စိကျကြတယ် ...

စပ်ကြ ... ဟပ်ကြ ... ကမ်းလှမ်းကြတာတွေ ရှိတယ်”

“ဒ ... ဒီတော့ ... သူ့ကို အိမ်က သဘောတူထားတဲ့လူ ရှိတယ်။ ယောက်ျားပေးစားဖို့ အစီအစဉ်ရှိတယ်လို့ ဆိုလိုချင်တာလား”

“အေး ... ယောက်ျားပေးစားဖို့တော့ အစီအစဉ်ရှိတယ်။ ဒါပေမဲ့ အဘွားကြီးက ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ် ဆိုတဲ့ စကားလိုပဲ”

“ဘာ ... အဲ ဒီ တော့ ...”

“ဟုတ်တယ် ... သူ့အိမ်က ဘဲကြီးနဲ့ပေးစားဖို့ စီစဉ်ထားတယ်တဲ့။





ရင်ထဲမှာ မီးစတစ်စနှင့် ဆောင့်ထိုးခံလိုက်ရသလို ပူထူသွားသည်။ ချက်ချင်းပဲ မြယာရဲ့ နွမ်းလျလျ မျက်နှာကို မြင်ယောင်လာမိလျှင် အခြေအနေတစ်ရပ်ကို သဘောပေါက်လို့ သွားလေသည်။ သူ propose လုပ်ခဲ့စဉ်က မြယာ ဒီအကြောင်းကို ပြပြီး သူ့ကိုမငြင်းခဲ့ပါ။ ကျွန်မမှာ လက်ထပ်ရမယ့်သူ ရှိတယ် ဟူသော စာသားကို သူမ မရွတ်ခဲ့။ မြယာရဲ့ အကန့်တွေထဲတွင် သူက ဘယ်အကန့်မှာပါလိမ့်။

“မင်း source က သေချာလို့လား။ ဘယ်ကရတာလဲ”

“ဟော့ကောင် ... သူတို့အိမ်က အန်တီကြီးတစ်ယောက်နဲ့ ငါ့ဆော်ဒါတစ်ကောင်က သိတာ။ နောက်ထပ် source တစ်ခုက သူနဲ့ပေးစားမယ့် ဘဲကြီးနဲ့ ငြိနေတဲ့ ဆော် အသိုင်းဝန်းက ရတာ တစ်ခု”

“ဘာရယ် ... ဟို ဘဲကြီးက ငြိနေတာ ရှိသေးတယ် ဟုတ်လား”

“အေး ... ဘဲကြီးက သူ့အမေရဲ့ ရတနာလုပ်ငန်းကို စိတ်မဝင်စားဘူး။ Construction တွေ လုပ်တယ်။ တင်ဒါတွေ လိုက်တယ်၊ လူကြီးပိုင်းနဲ့ အပေါက်အရောက်ရှိတယ် ...

သူ့မှာ သုံးနှစ်လောက်တွဲလာတဲ့ ဆော်တစ်ပွေရှိတယ်။ သူ့ထက်တော့ တစ်နှစ် နှစ်နှစ်လောက် ငယ်မယ်။ မင်း မြယာထက်တော့ ကြီးမယ်။ သူ ခရီးတွေ ဘာတွေထွက်ရင် အဲဒီဆော်ပါတယ်တဲ့။ တော်တော်လေး အခွင်း



www.burmeseclassic.com

www.burmeseclassic.com



ကျကျ ပတ်သက်တဲ့ အနေအထားပေါ့ကွာ။ ခေါ်နာမည်က သဇင်မြင့်မိုရ်တဲ့။ အဘွားကြီးက အဲဒီခေါ်နဲ့ သူ့သားကို လုံးသဘောမတူဘူး။ ခါးခါးသီးသီးပဲ။ မြယာနဲ့ပဲ ဇွတ်စီစဉ်နေတာ"

"မြယာကရော ... ဟိုဘဲကရော ..."

သူ အလောတကြီး မေးမြန်းမိသည်။ သူ့မျက်ဝန်းထဲတွင် သူ့ရဲ့ချစ်စကားကို လွတ်လပ်စွာ ရင်ခုန်စိတ်လှုပ်ရှားဖို့ အခွင့်အရေးတောင် မရှိခဲ့သူ မြယာရဲ့အနေအထားကို မြင်ယောင်လာသည်။ မြယာ ရှင်သန်ရပ်တည်နေရသော ဘဝအနေအထားဟာ ခက်ခဲပင်ပန်းသလား။ သူ့အချစ်ကို လက်ထပ်ဖို့ လူရှိသားနဲ့ ယတိပြတ် မငြင်းဆန်ခဲ့သည့် မြယာရဲ့နှလုံးသားမှာ ဘယ်လို complex တွေ ရှိနေမလဲ။ အခုမှပဲ မြယာ မျက်ဝန်းထဲက အဓိပ္ပာယ်တွေ သူ အခုမှ တစ်စချင်း ဆက်ယူလို့ ရလာပါသည်။

"မြယာဘက်တော့ ငါ မသိဘူးကွ။ ဟိုဘဲကတော့ ခေါ်ကြီးရှိတာတော့ အမှန်အကန်ပဲ။ ဟိုခေါ်ကလည်း ပေါ့သေးသေးထဲကတော့ မဟုတ်ဘူး။ ဒါပေမဲ့ သူတို့ကို သေချာပေါက် စီစဉ်မယ်လို့လည်း ပြောနေတယ်။ ဟိုဘဲက ဘယ်လိုတွေ ဖယားရှေ့ထားလဲတော့ မပြောတတ်ဘူး။ လောလောဆယ်တော့ အဘွားကြီးက စေ့စပ်ဖို့ စီစဉ်နေတယ်လို့ ကြားရတာ နောက်ဆုံးသတင်းပဲတဲ့"

"ဘာ ... စေ့စပ်ဖို့ ! ဟုတ်လား"





"အေး"

ချက်ချင်းပဲ ခေါင်းကဆံပင်မွေးတွေ ထောင်လာသလို နားရွက်တွေပါ ထူပူလာသည်။ အရှင်ဘုရား ဘယ်မိန်းမသားတစ်ယောက်ကိုမှ အသည်းမခွဲဘူးသော ကျွန်တော်မျိုးရဲ့သစ္စာကို သနားသောအားဖြင့် ကိုယ့်ချစ်သူကိုသာ ပိုင်ဆိုင်ခွင့် ရနိုင်ပါရစေ။

"ဟော့ကောင် ... ဟယ်လို"

"ဩော် ... အေး"

"အာ ... ဒီကောင်ကွာ။ ငါက ငုတ်တုတ်များ မေ့သွားပြီလားလို့"

"မင်း ဒီ့ထက် ဘာထပ်သိရဦးမလဲ"

"ဒါ မြယာနန္ဒာရဲ့ ဘဝဇာတ်ကြောင်းနဲ့ လက်ရှိ သူ့ရဲ့ update ကို အခိုင်လုံဆုံး source ကနေ ရထားတာပဲ။ တခြားဘော်ဒါတွေဆီက နည်းနည်းသိရတာတွေလည်း ရှိပါတယ်။ မင်း မြယာက အေးအေးဆေးဆေး နေတတ်တယ်၊ ချောတယ်၊ လှတယ်။ ကြိုက်တဲ့သူတွေ ရှိပေမယ့် ရည်းစားမရှိဘူးပေါ့ကွာ ...

အဲဒီလောက်ပဲ"

"အေးကွာ ကျေးဇူးပဲ သယ်ရင်း။ မင်းလည်း တော်တော်ပင်ပန်းသွားပြီ။ ထူးတာ သိရလည်း ထပ်ပြောပါဦး"

"ထူးဖို့ကတော့ မင်းပဲ ရှိတော့တယ်"

"ဘာဖြစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ ဒီလောက်ဆို၊ မင်းလည်း ကောင်မလေး
အခြေအနေကို ကောင်းကောင်းသဘောပေါက်ရောပေါ့။
သူ ဘာတွေ စိတ်ညစ်စရာ တွေ့နေလဲ မင်း သိပြီပဲ။
ကြည့်ရတာ မင်းကို သယောဇဉ်ရှိပြီး ဟို ဘိုးတော်ကို"

"ဟော့ကောင် ... နောက်မှ ပြန်ဆက်လိုက်တော့မယ်"

သူက အသည်းအသန်ပဲ မင်းသူ့ရဲ့ဖုန်းကို ချပစ်ကာ မြယာထံသို့ ဖုန်းခေါ်ဖို့ ကြိုးစားတုန်းမှာပဲ သူ့ဖုန်းထဲသို့ မက်ဆေ့ တစ်စောင်က ကလင်ခနဲ အသံပေးကာ ဝင်လာသည်။ မကြည့်တော့ဘူး လုပ်နေပေမယ့် စိတ်ထဲ တစ်မျိုးဖြစ်နေ၍ ဖွင့်ကြည့်လိုက်လျှင် မြယာထံက မက်ဆေ့ ဖြစ်နေပါသည်။ SMS ဆိုသည့် အတိုင်း၊ သူမပို့ထားသည်မှာ တကယ်ကို တိုတိုလေးပါ။

"Yr Phone is busy now"

သူမ သူ့ကို သတိရစွာနဲ့ ဖုန်းခေါ်နေခဲ့တာလား။ မန္တလေးရောက်ပြီးမှ သူ သူမကို ဖုန်းမဆက်ခဲ့ဘူးလေ။ သူ မဆက်တဲ့အဆုံးမှာ သူမက ဆက်လာခဲ့တယ်ပေါ့။ သူကလည်း မင်းသူဖုန်းကိုတောင် ရုတ်တရက် ဖြတ်ချကာမြယာဆီသို့ဖုန်း ခေါ်မည့် ပြင်ချိန်မှာ တကယ်ကိုပဲ သူတို့ရဲ့စိတ်နှလုံးသားတွေ တိုက်ဆိုင်နေခဲ့တာပဲ။ မြယာရယ် ဟူသော မချိတင်ကဲ ရေရွတ်သံတွေ သူ့ နှလုံးသားထဲတွင် ပျံ့ကျဲနေမည်ဟု ထင်ပါသည်။

ကိုယ် မင်းအနားကို အမြန်ဆုံး ပြန်လာခဲ့ပါ့မယ် မြယာ။

❦ ○ ❦





## ၂၁

ကြည့်နေသော ကိုရီးယားကားထဲမှာ မင်းသမီးက ကော်ဖီသောက်ချင်တယ်ဟု ရေရွတ်လိုက်လျှင် မင်းသားက "ခဏစောင့်"ဆိုပြီး ပြေးထွက်သွားသည်။ ခဏနေ ပြန်ရောက်လာသော အခါ လက်ထဲမှ ကော်ဖီဘူး နှစ်ဘူးနှင့်။ အဲဒီပြကွက်ကိုကြည့်ရင်း မြယာရဲ့နှလုံးသားထဲက ပြင်းပြင်းပြပြ ရိုက်ခတ်လာသည်။ စင်ကာပူ Orchard လမ်းမကြီးမှာ လမ်းလျှောက်ရင်း ညောင်းလာခဲ့ပြီး လမ်းဘေးက အုတ်ခုံလေးမှာ မြယာက ဝင်ထိုင်၊ မြို့ပြရဲ့ရောင်စုံ လူရေစီးကို Starbucks ကော်ဖီနှင့် ခံစားချင်လိုက်တာဟု အမှတ်တမဲ့ ရေရွတ်ပြီးမှာပဲ သူက ခဏစောင့်ဆိုပြီး ပြေးထွက်သွားသည်။

သိပ်မကြာမီမှာပဲ Starbucks Coffee ဘူး နှစ်ဘူး ကိုကိုင်ပြီး သူ ပြန်ရောက်လာသည်။ နမူးမှာ ချွေးလေးတွေတောင် စို့လို့။ အဲဒီမျက်နှာကို ငေးရင်း အခုပဲ ပြန်မြင်ယောင်လာသလို



www.burmeseclassic.com

www.burmeseclassic.com



မြယာ ရင်ထဲတွင် နင့်လာသည်။ ခုချက်ချင်းပဲ သူ့ကို ပြင်းပြင်း ပြပြတွေ့ဖို့ ဆန္ဒရှိတယ်ဆိုရင် ဘယ်လိုလုပ်ရပါ့။ ကျွန်မ ဖြစ်ပျက်နေတဲ့ ခံစားချက်တွေ၊ တွေ့ကြုံနေရတာတွေ ရှင် နားလည်အောင် ဘယ်လိုပြောရမလဲ ရှင်ခတ်ရယ်။

မြယာက ဓာတ်လမ်းတွဲကိုလည်း ဆက်မကြည့်တော့ဘဲ ပိတ်ပစ်လိုက်ကာ ထိုင်ရာမှ ထလာခဲ့သည်။ ပြတင်းတံခါးအနား သွားရပ်လိုက်လျှင် စံပယ်ရနံ့တွေကို ခပ်သင်းသင်း ရသည်။ ညကိုးနာရီခန့် ရှိပြီမို့ လ,ထွက်စပြုလာသည်။ ဒါတောင် တိမ်မျှင်တွေ ဖုံးနေသဖြင့် ညရဲ့လ,သည် မပီပိုးတဝါးသာ။ လရောင်ကို ငေးရင်း ဘာဆက်လုပ်ရမှန်း မသိသော ကိုယ့်နှလုံးသားရဲ့ လမ်းပြမြေပုံအကြောင်း တွေးနေမိသည်။

{ အိပ်မက်လေးထဲမှာ xxx မင်းနဲ့ ကိုယ် အမြဲဆုံချင်တယ် xxx အပြင်မှာ တို့ဘဝတွေ ဝေးလည်းဝေးပေါ့ }

မြယာရဲ့ဖုန်းမှ အားတီရဲ့ တေးသံသာလေး ထွက်လာသည်။ အဲဒီ Ring Tone သံ ကြားတာနှင့် ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားရသည်။ ဒါဟာ တစ်ဦးတစ်ယောက်က ခေါ်ရင် သီးသန့်မြည်တဲ့ Ring လေ။ မြယာက စားပွဲပေါ်မှာ တင်ထားသောဖုန်းဆီ လျှောက်သွားပြီး ဖွင့်နားထောင်လိုက်သည်။ တိုက်ဆိုင်စွာ သတိရနေခဲ့တာလား ရှင်ရယ်။

"ဟယ်လို"





"မြယာ ... ကျွန်တော်ပါ"

သူ့အသံကြားတာနှင့် ငိုချင်လာသည်မှာ ဘာကြောင့်မှန်း မသိပါ။

"အင်း ... ပြောလေ"

"နေကောင်းရဲ့လား မြယာ"

တစ်ဆိတ် ! ရှင် ကျွန်မကို အဲဒီလို ကြင်နာကရုဏာသက်နေတဲ့ လေသံတွေနဲ့ မပြောပါနဲ့လား ရှင်ခတ်ရယ်။ ရင်ထဲမှာ ဘာကို ကြေကွဲမှန်းမသိ ကြေကွဲပြီး ထိခိုက်ခံစားရလွန်းလို့ပါ။

"ကောင်းပါတယ် ရှင်ရော ? "

"အင်း ... ကျွန်တော်လည်း ကောင်းပါတယ်"

နှစ်ယောက်သား ဘာဆက်ပြောရမှန်း မသိတော့သလို ငြိမ်သွားကြပြန်သည်။ ပြောမယ့် ပြောတော့လည်း ပြိုင်တူစကားစ,က ထွက်သွားကြသည်မို့ တိုက်ဆိုင်လှချည်ရဲ့ဟု တွေးမိရသည်။

"ပြောလေ မြယာ"

"ရပါတယ်၊ ခင်ဗျား အရင်ပြောပါ။ Lady first ပေါ့"

"ဩော် ... ဘာရယ်မဟုတ်ပါဘူး။ မနေ့လေးမှာ ပျော်စရာကောင်းမှာပေါ့လို့"

"အင်း ... ကျွန်တော့်အတွက်ကတော့ မြယာနဲ့ အတူတူရှိခဲ့တဲ့ စင်ကာပူနေ့ရက်က အချိန်တွေလောက် ဘယ်အချိန်ကမှ ပျော်စရာ မကောင်းဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟက် ... ရှင် အခု ကျွန်မရှိတဲ့ နိုင်ငံကို ရောက်နေတာပဲလေ"

"ဘာပျော်စရာ ကောင်းလို့လဲဗျာ"

သူ့ရဲ့ ခပ်ညည်းညည်းလေသံကို မြယာက ဒီဘက်မှာ နားခေါင်းရှုံ့မိသည်။ ဒီလူဟာ တစ်ခါ တစ်ခါ အရမ်းရင်ခုန်ဖို့ကောင်းသော စကားတို့ကို ပြောတတ်သော်လည်း တစ်ခါတလေကျ အမှန်အတိုင်း ခေါ်မလား၊ ဘု,ဘောက်ခေါ်မလား ပြောတတ်တာကလည်း ဆိုးပါသည်။ ချစ်စနိုးနှင့် အမြင်ကတ်ဖို့ ကောင်းရသည်။

"ရှင် တကယ် မပျော်တာလားဟင်"

မြယာရဲ့ တိုးလျလျ မေးသံကြောင့် သူ ခေတ္တတော့ ငြိမ်သက်သွားသည်။ ပြီးတော့မှ ပြောပါသည်။

"အခုနေ ခင်ဗျားကို တွေ့ခွင့်ရရင်တော့ ပျော်မှာပေါ့ဗျာ"

"အဟင်း ... ရှင်က မန္တလေးမှာပဲဟာ"

"ဒါဆို ကျွန်တော်သာ ရန်ကုန်မှာ ဆိုရင်တော့ ခုနေ တွေ့ချင်လိုက်တာဆိုရင် ခင်ဗျား တကယ်ထွက်တွေ့မှာလား"

"ဩော် ... အိမ်ရှေ့လာတွေ့မှာလား"

"အင်းပေါ့"

"ဟား ဟား ... ရှင် တကယ် ဟာသပြောတတ်တယ်"

လွတ်လပ်ပေါ့ပါးလာသော နှလုံးသားဖြင့် မြယာက ရယ်ရင်း ပြောမိသည်။ သူက ချက်ချင်းပဲ တုံ့ပြန်သည်။





"နိုး ... ဟာသပြောတာ မဟုတ်ဘူး။ ခင်ဗျားသာ ကျွန်တော့်ကို ထွက်တွေ့နိုင်မယ်ဆို ကျွန်တော် ညတွင်းချင်းကားမောင်းလာခဲ့မယ်။ ဘယ်လိုလဲ မြယာ"

"ဟင်း ... ဟင်း ... အိုခေလေ"

"ဒါဖြင့်ရင် အိမ်ရှေ့ထွက်ခဲ့တော့"

"ဘ ... လို ! ."

"ဟုတ်တယ် မြယာ။ အခု ကျွန်တော် ခင်ဗျားတို့အိမ်ရှေ့မှာ"

မြယာ ပါးစပ်အဟောင်းသား ပွင့်သွားသည်။ သူ နောက်နေသည်ဟု လုံးဝမထင်ရလောက်အောင် သူ့အသံက ခံစားချက်အပြည့်နှင့် တည်ကြည်လေးနက်နေပါသည်။ ချက်ချင်းပဲ ပြေးထွက်တော့မိတော့မို လူက ကတုန်ကယင် ဖြစ်လာကာ ရင်တွေ တဒိုင်းဒိုင်း ခုန်လာသည်။ သူ တကယ်ပဲ မြယာတို့အိမ်ရှေ့မှာ ရောက်နေခဲ့တာလား။

"ဘယ်လိုလဲ မြယာ။ အိမ်ရှေ့ကို ထွက်လာမှာလား"

"ရှင် တကယ် ပြောနေတာလား"

"ထွက်လာခဲ့လိုက်ပါ မြယာ။ ကျွန်တော် တကယ်ရောက်နေတာ"

လုစ်ခနဲ ပြေးမည်ပြင်ပြီးမှ ကိုယ့်ကိုယ်ကိုယ် ဘာပုံလဲဆိုတာ မှန်ထဲပြန်ကြည့်ရသည်။ ချည်သားဘောင်းဘီရှည်ပွ၊ အိမ်နေရင်း တီရှပ်အနက်ရောင် အကျပ်လေးမို့ ဂျင်းဂျာကင်အတို



www.burmeseclassic.com

www.burmeseclassic.com



လေးကို ထပ်ဝတ်ကာ ဖုန်းကို ဘောင်းဘီအိတ်ထဲ ထိုးထည့်ရင်း အောက်ထပ်သို့ အပြေးတစ်ပိုင်း ဆင်းလာခဲ့သည်။ အချိန်က ကိုးနာရီကျော်နေပြီမို့ မေခင်ကလည်း ဘုရားခန်းထဲ ရောက်နေမှာဖြစ်ပြီး အန်တီနီ၊ မအေးမြင့်နှင့် အိမ်ကကောင်မလေးတွေလည်း ဆိုင်ရာ ဆိုင်ရာ နေရာအသီးသီးကို ရောက်နေကြမည်လား။ အောက်ထပ်မှာ ဘယ်သူမှ မတွေ့ပါ။ မြယာက တိုင်မှာချိတ်ထားသော ခြံသော့ကိုဖြုတ်ကာ အပြေးတပိုင်း ထွက်လာခဲ့သည်။

ခြံအပြင်သို့ရောက်လျှင် ...။

ခြံဝမှာပဲ ရှိသေးသော မြယာသည် ခြံရဲ့ရှေ့၊ လမ်းရဲ့တစ်ဖက်မှာ ကားရပ်ပြီး ကားဘော်ဒီကိုမှီကာ လက်ပိုက်ရပ်ငေးနေသော ရင်ခတ်ကို တကယ်ပဲ တွေ့လိုက်ရပါသည်။ အနက်ရောင်ရှပ်အင်္ကျီက လည်ပင်းမှာ ကြယ်သီးနှစ်ဆင့်ဖြုတ်လျက်၊ ခပ်ပေပေဒီဇိုင်းဖြင့် မြယာကို ခပ်မိုက်မိုက် ငေးကြည့်နေသော ရင်ခတ်။ မြယာနှင့်သူသည် တစ်ယောက်ကိုတစ်ယောက် အကြာကြီး ငေးကြည့်နေမိကြသည်။ မျက်ဝန်းတွေထဲမှာ ပျောက်ဆုံးသွားတော့မလို စူးစူးနင့်နင့် စိုက်ကြည့်နေမိကြလေသည်။

❦ ○ ❦





"သာယာတယ်နော်"

"အင်း"

"ထိုင်မလား"

"ဟင့်အင်း ... လမ်းပဲ လျှောက်ချင်တယ်"

"အိုးခေ"

သူက သွက်လက်စွာဖြင့် လေတစ်ချက်တောင် ချွန်လိုက်သေးသည်။ သူ ဒီလိုပျော်ရွှင်မြူးနေဟန်ကို မြင်ရတော့ "ကန်ပေါင်ဘက် ခဏသွားရအောင်လေ"ဟု စတင်လာသော သူ့စကားကို လိုက်လျောခဲ့မိတာ မမှားဟု ကိုယ့်ဘာသာ ယုံကြည်သွားသည်။ အင်းလျားကန်ပေါင်သည် လေတဖြူးဖြူးနှင့် သာယာလိုက်သည်မှ ဟိုဘက်လွန်နေသည်။ ဒီနေရာမှာ သူနဲ့တွဲပြီး လမ်းလျှောက်ထွက်နေရလိမ့်မည်ဟု မြယာ ယောင်လို့တောင် မစဉ်းစားမိပါ။

"ဘယ်တုန်းက ပြန်ရောက်နေတာလဲ"

"ခင်ဗျားအိမ်ရှေ့ မရောက်ခင် တစ်နာရီကျော်လောက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မြယာ အသာပြုံးကာ သူ့ကို လှည့်ကြည့်မိသည်။ သူက မြယာကို ကြည့်ဘဲ ရှေ့တည့်တည့်သို့ကြည့်ကာ လမ်းလျှောက်နေသည်။ ဒီယောက်ျားဟာ ငါ့ကို သိပ်ချစ်ပါလားဟူသော အတွေးနှင့် ကြက်သီးထချင်လာသည်။ သူနဲ့အတူ ဒီလိုယှဉ်တွဲပြီး Sentosa မှာ လမ်းတွေစလျှောက်ခဲ့ဖူးသည်။ တကယ်ကို အမှတ်တမဲ့မှ အမှတ်တရပါပဲ။ Sentosa ရဲ့ နွယ်တစ်ပင်သည် အင်းလျားကန်ပေါင်ထိ ပေါက်ရောက်ရှင်သန် နေခဲ့လေသည်။

"ကြည့်လို့ မဝသေးဘူးလားဗျာ။ ကျွန်တော်လည်း ပြန်ငေးချင်လို့ပါ"

အမှတ်တမဲ့မို့ သူ့စကားကို ရုတ်တရက်တော့ နားမလည်ချေ။ နောက်တော့မှ မြယာ ငေးနေတာကို ဆိုလိုခြင်းဖြစ်သည်မို့ ဟက်ခနဲပင် သဘောတကျ ရယ်မိသည်။ သူကလည်း ကျေနပ်စွာ လိုက်ရယ်ပါသည်။ လေး၊ငါးလှမ်းလောက် လျှောက်အပြီးတွင် သူက ခြေစုံရပ်လိုက်ရင်း ...

"မြယာ"

မြယာက သူ့ကို အသာလှည့်ကြည့်ပြီး ဘာလဲဟူသော သဘောဖြင့် မေးဆတ်ပြလိုက်သည်။

"သိပ်ခက်ခဲနေလား"

"ဘယ်လို"

"ကျွန်တော့်ကို ပြန်ချစ်ဖို့ သိပ်ခက်ခဲနေလားလို့ မေးကြည့်တာပါ"

"........"





"ကျွန်တော့်ကို ယုံကြည်လား"

"ဒါက ယုံကြည်မှုနဲ့ မဆိုင်ပါဘူး"

"ဆိုင်တာပေါ့ မြယာ"

မြယာက သူ့ကို အသာမော့်ကြည့်မိသည်။ သူ့မျက်ဝန်းထဲတွင် လေးနက်ခြင်း အရိပ်ယောင်တွေ ပြည့်နှက်နေလေသည်။

"ကျဉ်းထဲကျပ်ထဲ ရောက်နေတဲ့ မြယာကို ကျွန်တော် အရမ်းသနားတယ်၊ ဒီအချိန်မှာ ကျွန်တော့်အတွက် မြယာ ထည့်စဉ်းစားပေးနေတယ် ဆိုရင် အဲဒီစိတ်နဲ့တင် မြယာကို တစ်သက်လုံး စောင့်ဖို့ အင်အားရှိပါတယ်။ ဘေးနားမှာ ငေးနေခွင့်နဲ့တင်ကို ခင်ဗျားကို ချစ်နေလို့ရတယ် မြယာ ...

ဒါပေမဲ့ ဘဝနဲ့ဆိုင်တဲ့ ကိစ္စအတွက် အရေးတကြီး ဆုံးဖြတ်ရမယ့် အချိန်ဆိုရင် ချစ်သူတစ်ယောက် မဟုတ်ဘဲနဲ့တောင် မြယာကို ကျွန်တော် ကူညီချင်တယ်"

သူ့စကားအဆုံးတွင် မြယာရဲ့မျက်လုံးတွေ ဝိုင်းသွားသည်။ နှုတ်ခမ်းလည်း အနည်းငယ် ပွင့်ဟသွားမည်ဟု ထင်ပါသည်။ သူ့စကားတွေဟာ ဘာအဓိပ္ပာယ်တွေလဲ။ သူ ဘာတွေသိထားတာလဲ။ အင်းလျားက လေနအေးတွေပင်လျှင် မအေးမြနိုင်တော့ဘူး ထင်ပါသည်။

"ရှင် ... ရှင် ... ဘာပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မြယာ"

သူက နှစ်သိမ့်တော့မည့်ဟန်ဖြင့် မြယာရဲ့နာမည်ကို ခေါ်သည်။ သူ ဘာတွေ သိထားလဲ ဘယ်လောက်ထိ သိထားလဲ ဆိုတာ မြယာ အတွက် ပိုအရေးကြီးနေပါသည်။

"ရှင့်ကို နွေး ပြောတာလား"

"ဘယ်သူမှ မပြောပါဘူး။ နွေးကို ကျွန်တော် မေးတောင် မမေးဖူးပါဘူး"

"ဒါ ... ဆို"

"အမှန်အတိုင်း ပြောရရင် မြယာ ပုံစံကို ကျွန်တော်က အလွတ်ရနေပြီလေ၊ ခင်ဗျားသာ မသိပေမယ့် ခင်ဗျားရဲ့ ကျဉ်းကျပ်မှုတွေ ကျွန်တော် မြင်နေရတယ် မြယာ။ ဒါကြောင့် ..."

သူက ဆက်မပြောဘဲ တံတွေးတစ်ချက် မျိုချကာ မြယာကို စိုက်ကြည့်သည်။ မြယာက သူ ဘာပြောမလဲ ဆိုတာ တထိတ်ထိတ်ဖြင့် စောင့်စားနေမိသည်။

"ကျွန်တော် ခင်ဗျားအကြောင်းတွေ စုံစမ်းခဲ့တယ်"

"အဲ ... ဒီ ... တော့"

"အရှိအတိုင်းပဲ သိခဲ့ရပါတယ်။ တစ်ဆိတ်လောက် မြယာ။ ကျွန်တော်တို့ ဒီထက်နည်းနည်း ပွင့်ပွင့်လင်းလင်း ပြောရအောင် ..."





ကျွန်တော့်ကို နွေးလို သူငယ်ချင်းတစ်ယောက်အနေနဲ့ သဘောထားပြီး ပြောလိုက်ရင် ခင်ဗျားလည်း သက်သောင့်သက်သာ ရှိမှာပါ"

မြယာ ရင်ဘတ်ထဲတွင် နင့်လာပြီး သူ့ကို ငေးနေသော မျက်ဝန်းတွေမှာ စိုစွတ်လာသည်ဟု ထင်ရသည်။ သူ့မျက်ဝန်းတွေထဲမှာတော့ တောက်ပသည့် အလင်းရောင်မျိုးကို မြယာ အတွက် ရှာဖွေတွေ့ရပါသည်။ ခုချက်ချင်းပဲ ပခုံးတစ်ဖက်မှာ မှီခိုပစ်ချင်အောင် သူ့မျက်လုံးတွေက နွေးထွေးတောက်ပအားကိုးချင်စရာ ကောင်းနေသည်။ ယောကျ်ားတစ်ယောက်ရဲ့ အကြင်နာဟာ အဲဒီလောက် အင်အားကြီးမှန်း မြယာ မသိခဲ့ပါ။

"မြယာ ကျေးရူးတရားကို ဘဝကြီးတစ်ခုလုံးနဲ့လဲပြီး ဆပ်ဖို့ဆိုတာ အဓိပ္ပာယ်မရှိဘူး မှလား"

"........."

"ခဏကိစ္စ မဟုတ်ဘဲ တစ်သက်လုံးကိစ္စ ကိုယ့်ဘဝကြီး တစ်ခုလုံး အရမ်းကြီး ပြောင်းလဲသွားမယ့် ကိစ္စတစ်ခုမှာ ကျေးရူးတရားဆိုတာကို ဘေးဖယ်ထားပြီး အရှိတရား အတိုင်း မြယာကို စဉ်းစားတတ်စေချင်တာပါ ...

ကျွန်တော် ခင်ဗျားကို propose လုပ်ထားတာကို ခဏစေ့ထားပြီး မိန်းကလေးတစ်ယောက်ရဲ့ အိမ်ထောင်ရေးကိစ္စကိုပဲ သီးသန့်စဉ်းစားကြည့်လိုက်ရအောင်။ ကိုမိုးမြင့်မှာ သူ အများကြီး ရင်နှီးပတ်သက်တဲ့ ချစ်သူလည်း ရှိနေတာပဲ။ အမှန်ကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်စေချင်တယ် မြယာ ...



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားမှာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်တဲ့ အခွင့်အရေးတွေ အရည်အချင်းတွေ အများကြီးရှိပါတယ်။ လူ့ဘဝကို ခဏရတာပါ မြယာ၊ စိတ်မချမ်းသာလောက်ဘူးလို့ ထင်တဲ့လမ်းကို သိသိရက်နဲ့ ဘာလို့ဆက်လျှောက်မှာလဲ”

သူ့စကားအဆုံးမှာ မြယာရဲ့ မျက်ရည်တစ်စက်က အင်းလျားလေနှင့်အတူ လွင့်စဉ်ကျသွားလေသည်။ သူက ခါးထောက်ကာ ခေါင်းမော့ပြီး အသက်ဝဝ ရှူလိုက်ဟန်ကို နောက်ဆုံးတွေ့မြင်လိုက်ရသည်။

❦ ○ ❦



## ၂၂

“ဟော့ကောင် ... အဲဒီလောက်လည်း မရှိုင်းပါနဲ့ကွာ။ အနံ့တွေလည်း မွှန်ထူနေပြီ။ ဘာလဲ ဒီနေ့ အမြေရမှာမို့လို့လား”

မှန်ထဲကတစ်ဆင့် မြင်နေရသော မင်းသူက သူ့ကို ရှုံ့မဲ့ကာ ပြောနေလျှင် သူက တဟားဟား ရယ်မိသည်။ အင်္ကျီလက်ကို ကြယ်သီးတပ်နေရင်း ရှပ်အင်္ကျီဖြစ်လေးတွေ ဝတ်တာပိုသဘောကျတယ် ဟူသော သူမရဲ့စကားအတိုင်း ရန်ကုန်မှာတောင် ဖစ်တင်ရှပ်တွေ ပြေးဝယ်လိုက်သေးသည်။ အဲဒီလောက်ထိအောင်ပါ ဒေါ်မြယာ။

မီးခိုရောင်ပေါ်မှာ အနီဖျော့လိုင်းစင်းတွေပါသော ဖစ်တင်ရှပ်ကို ကြယ်သီးတပ်ပြီး လက်ခေါက်နေရင်းမှ ...

“အမြေက တောင်းရင် ရချင်ရမှာပေါ့”

“ဟာ ဟ ... ဘယ်လိုလဲ အခြေအနေ ကောင်းသွားပြီလား”





www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကောင်းတယ် ဆိုပါတော့"

"ဟာ ... မိုက်လှချည်လား။ သူ့အိမ် ပြဿနာကို ဘယ်လိုရှင်းလိုက်လဲ"

"ငါ သူ့ကို နားလည်အောင် ရှင်းပြတယ်။ အရေးကြီးတာက သတ္တိရှိဖို့၊ ကိုယ့်ဘဝနဲ့ဆိုင်တဲ့ကိစ္စမှာ အမှန်တရားကို ရဲရဲမြင်တတ်ဖို့ပေါ့ ...

စင်ကာပူက သူ့သူငယ်ချင်းကလည်း အားပေးတယ်။ အခုလက်ရှိမှာ ငါက သူ့ကို အဖြေတောင်းနေတာထက် မိတ်ဆွေတစ်ယောက်လို စိတ်သန့်သန့်နဲ့ ကူညီဖို့က ပထမလို့ သူ နားလည်အောင် ရှင်းပြထားတယ်။ သူ အဲဒီအိမ်က ထွက်လာလည်း လိုအပ်တာတွေ အားလုံးကူညီဖို့ စီစဉ်ထားတယ်"

"ဟာ ... ဒါဆို မင်းက ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကပေါ့"

"ဟား ... ဟား ... ဟား"

"အဆန်းကြီးတွေကွာ၊ ကိုယ်ချစ်တဲ့ မိန်းကလေးတစ်ယောက်ကို ရည်းစားစကားလာပြော၊ အဖြေလာတောင်းတဲ့သူက အဲဒီကိစ္စအသာထား၊ သူ့ဘဝအရေးအတွက် အရင်စဉ်းစားစီစဉ်ပေးနေရတယ်လို့ ...

ငါစဉ်းစားမိတာ တစ်ခုရှိတယ်။ မင်းသာ ရောက်မလာရင် မြယာနန္ဒာတစ်ယောက် အဲဒီဘဲကြီးကို ယူမိမလား မသိဘူး"





"သူက အဘွားကြီးကို မလွန်ဆန်နိုင်တာပါကွာ။ အဘွားကြီးကို သနားတာ ငဲ့ညှာတာ စိတ်မဆင်းရဲစေချင်တာလို့ ပြောတယ်"

"ဘယ်လိုပဲဖြစ်ဖြစ်လေ မင်းသာ ရောက်မလာရင် သူ အိမ်ထောင်ကျချင် ကျသွားဦးမှာပဲ"

"ဟက် ... ထားပါတော့ကွာ။ ကဲ ... ငါ ဒိုးပြီ"

"ဟော့ကောင် ... အခြေအနေကောင်းရင် ကျွေးဖို့လည်း သတိရဦး"

"အေးပါကွာ"

သူက အခန်းအပြင်ဘက်သို့ထွက်ပြီး ကော်ရစ်တာအတိုင်း လျှောက်လာခဲ့သည်။ Lift ကိုခေါ်ကာ ကားပါကင်ထဲသို့ ဆင်းလာခဲ့ပြီး ကားကို မောင်းထွက်လာခဲ့သည်။ ဒီနေ့ မြယာနှင့် အတူ ဂျပန်ဆိုင်လေးမှာ ညနေစာစားရင်း စကားပြောဖို့ ချိန်းထားသည်။ သူ့ရဲ့အားပေးနှစ်သိမ့်သည့် စကားတွေ၊ စင်ကာပူက နွေးရဲ့ခွန်အားပေး စကားတွေကြောင့် မြယာဘက်က အရာရာကို ရင်ဆိုင်ဖို့ အသင့်ရှိနေခဲ့ပြီ ဆိုရင်တောင် သူ အများကြီးကျေနပ်ရပါသည်။

သူ့အတွက် ခေါင်းညိတ်မှုရယ် အဖြေမဟုတ်။ မြယာရဲ့ နှလုံးသားတစ်ပိုင်းတစ်စကို ခံစားသိရှိနိုင်လေသည်။ အတွေးနှင့်အတူ ပျော်ရွှင်စွာ ကားမောင်းရင်း မီးပွိုင့်အမိမှာ ရှည်ကြာလွန်းတဲ့ ကားတန်းကြား သူက မြယာ ဖုန်းကို ခေါ်လိုက်သည်။ ထူးဆန်းသော အဖြေကို ကြားလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးမင်း ခေါ်ဆိုသော တယ်လီဖုန်းမှာ စက်ပိတ်ထား ပါတယ်ရှင်"

ဘယ်လိုဖြစ်တာပါလိမ့်။ သူနဲ့ချိန်းထားသည့် မြယာဟာ ဖုန်းပိတ်ထားစရာ အကြောင်းမှ မရှိတာ။ ကားမောင်းနေတုန်းမို့ ပိတ်ထားတာလားဟု တွေးမိရသော်လည်း Silent လုပ်ထားလို့လည်း ရတာပဲဟု ကိုယ့်ဘာသာ တွေးရပြန်သည်။ သူဆက်သမျှ မြယာဖုန်းဟာ ဘယ်တုန်းကမှ ပိတ်ထားတာနှင့် မကြုံရသဖြင့် စိတ်ထဲတစ်မျိုးဖြစ်ရသည်။ ဘာပဲဖြစ်ဖြစ် သူက ဂျပန်ဆိုင်လေးသို့ရောက်အောင် မောင်းလာခဲ့ပါသည်။

သီးသန့်ခန်းထဲမှာ Reserved လုပ်ထားတာမို့ မြယာကိုစောင့်ရင်း ဖုန်းထပ်ခေါ်မိသည်။ ဖုန်းက စက်ပိတ်ထားဆဲ။ မနေတတ် မတိုင်တတ်ဖြစ်စွာနှင့် သူက ဖုန်းအင်တာနက်ကိုဖွင့်ကာ facebook ဝင်ကြည့်သေးသည်။ မြယာများ update ဘာတင်ထားလဲလို့ပေါ့။ မြယာ နောက်ဆုံးတင်ခဲ့သော ပို့စ်မှာ လွန်ခဲ့သောသုံးရက်ခန့်က သူမ ချက်ပြုတ်ထားသော ကြက်သောက်ဆမ်းဟင်းခါတ်ပုံဖြစ်ပြီး လောလောလတ်လတ် ဘာမှရှိမနေပါ။ သူက facebook ကို ပြန်ပိတ်ပြီး ရေတစ်ခွက် သောက်လိုက်သည်။ နာရီကိုကြည့်သည်။ ဖုန်းခေါ်သည်။ စက်က ပိတ်ထားဆဲ။

ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘဲ လူက စိတ်ရှုပ်ထွေးလာသည်။ မြယာဟာ ချိန်းထားသော အချိန်ထက် ဘယ်တော့မှ နောက်ကျသောသူ မဟုတ်။ ခုတော့ အချိန်က နာရီဝက်





ကျော် ကြာခဲ့ပြီ။ အထူးသဖြင့် ဖုန်းဆက်၍မရတာက ဆိုးတာဖြစ်ပါသည်။ အဲဒီအချိန်မှာပဲ သူ့ဖုန်းသံ မြည်လာလျှင် လန့်ဖျပ်သွားရသည်အထိ။ ဒါပေမဲ့ မြယာထံက ဖုန်းမဟုတ်။ သို့သော်လည်း သူ မသိသော နံပါတ်အစိမ်းမို့ မျှော်လင့်ချက်အပြည့်နှင့် ကိုင်မိသည်။

"ဟယ်လို"

"ကိုရင်ခတ်လား"

"ခင်ဗျာ ! ဟုတ်ကဲ့။ ဟယ်သူပါလဲ"

"ကိုရင်ခတ် ကျွန်မ နွေးထွေးပါ"

"အာ ... နွေးထွေး။ ပြော"

တိုက်တိုက်ဆိုင်ဆိုင် နွေးထွေးက စင်ကာပူကနေဖုန်းဆက်တာကို အံ့သြနေမိသော်လည်း ဆဋ္ဌမအာရုံက တစ်စုံတစ်ခုကို သတိရသွားသောအခါ ဖျတ်ခနဲ ထိတ်လန့်တုန်လှုပ်သွားသည်။

"ရှင် မြယာနဲ့ တွေ့လား"

"မတွေ့ဘူး နွေးထွေး။ အခု ဂျပန်ဆိုင်မှာ မြယာနဲ့ချိန်းထားလို့ စောင့်နေတာ"

"မြယာ ဓေ့စပ်သွားပြီ"

"ဘာ"

သူ့ရဲ့ "ဘာ" ဟာ အကျယ်ကြီးတောင် မထွက်ခဲ့ဘဲ တိုးတိတ်ဆေးစက်စွာ ထွက်သွားသော "ဘာ" ဖြစ်သည်။ သွေးစက်



www.burmeseclassic.com

www.burmeseclassic.com



နေသော ရေခဲသေတ္တာထဲက ခွက်တစ်ခွက်ထဲကို ရေနွေးပူလောင်းထည့်လိုက်သလို ရင်ထဲမှာ အက်ခနဲ ဖြစ်သွားသလားတောင် ထင်ရသည်။

"ဟယ်လို ... ရှင် ဖုန်းကိုင်ထားသေးတယ်နော်"

"ဩော် ... ဟုတ်"

"ဒီနေ့ သတင်းစာထဲမှာလည်း စေ့စပ်ကြောင်းလမ်းပြီးစီးခြင်းကြော်ငြာ ပါတယ်လေ။ ကျွန်မ စိတ်မကောင်းပါဘူးရင်ခတ်"

"ရပါတယ်ဗျာ။ ခင်ဗျားနဲ့ ဘာဆိုင်လဲ။ သူ့ဘဝအတွက် သူ မှန်တယ်ထင်လို့ ဆုံးဖြတ်သွားတာလေ ...
ပြောစရာ မရှိတော့ပါဘူး"

ပြောစရာ မရှိတော့ပါဘူး ဆိုသော သူ့အသံကကို တုန်ယင်နေသလား မပြောတတ်ပါ။ လုပ်ရက်လိုက်တာ မြယာရယ်ဟုတောင် အသံမထွက်နိုင်တော့တဲ့အထိ ရင်ထဲမှာ အက်ကွဲနေသည်။

"ဒါဆို ကျွန်မ ထင်တဲ့အတိုင်းပဲပေါ့။ ရှင် မသိလောက်သေးဘူးထင်ပြီး ဖုန်းဆက်လိုက်တာ"

"ခင်ဗျားက ဘယ်လို သိတာလဲ"

"မြယာနဲ့ ကျွန်မလည်း အဆက်အသွယ် မရပါဘူး။ သတင်းစာထဲက ကြော်ငြာကိုတွေ့တဲ့ သူငယ်ချင်း တစ်ယောက်က လှမ်းပြောတာပါ"





"လုံး၀ အရိပ်အမြွက်လေးတောင် မသိရဘဲ ဟန်မပျက်စေရဘဲ မြယာ လုပ်ချသွားတာဗျ။ ဒီနေ့ ကျွန်တော်နဲ့တောင် ချိန်းထားတာလေ"

"Sorry"

"ထားပါတော့ဗျာ၊ ဘာပဲဖြစ်ဖြစ် ဖုန်းဆက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ မဟုတ်ရင် ကျွန်တော် ဘယ်အချိန်ထိ စောင့်နေမိမလဲ မသိဘူး"

"တစ်ခုခု ထပ်သိရရင် ကျွန်မ Online မှာ မတ်ဆေ့ပို့ထားပါဦးမယ်"

"နေပါတော့ဗျာ။ ဒီလောက်ဆို လုံလောက်ပါပြီ။ အိုခေ... နွေးထွေး ကျေးဇူးပဲ၊ ကျွန်တော် ဖုန်းချလိုက်တော့မယ်"

"See You Bye"

သူက ဖုန်းချပြီးသွားသောအခါ အသက်မဲ့နေသော သူလို ဘာဆက်လုပ်ရမှန်း မသိဘဲ ရှေ့မှာချထားသော ပန်းအိုးကို ငေးပြီးစိုက်ကြည့်နေမိသည်။ ဒါဟာ သူ့အခန်းထဲက ပန်းအိုးဆိုရင်တော့ နံရံမှာ ပစ်ပေါက်ရိုက်ခွဲမိမှာပါပဲ။ ခုတော့ ဘာမှလုပ်လို့မရဘူးဟူသည့် အသိဉာဏ်က ,သူ့ကို ချုပ်အုပ်နေသည်။ ပန်းအိုးကို ပစ်ပေါက်ခွဲခွင့် မရှိသလို မြယာကိုရော ဖွတ်သွားတွေ့ပြီး ဖြေရှင်းချက်တောင်း၊ ပြဿနာရှာ၍ ရမတဲ့လား။ မရနိုင်ပါ။ အသိဉာဏ်နှင့် ယှဉ်သော နှလုံးသားကအစ မရနိုင်တော့ဘူးဆိုတာကို ဟိုးအတွင်းထဲ ကလီစာထဲထိ နက်နက်ရှိုင်းရှိုင်း နားလည်သဘောပေါက်ခဲ့ပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ... မထရေစီလား။ ဟုတ်ကဲ့ ... ကျွန်တော် ရင်ခတ်ပါ။ ကျွန်တော် စင်ကာပူ Silk Air လက်မှတ် တစ်စောင်လောက် လိုချင်လို့ပါ။ ဟုတ် ... အနီးဆုံးရမယ့် ရက်ပေါ့၊ မနက်ဖြန်တောင် ရတယ်၊ ဗျာ ... Wednesday မနက် ဆယ်နာရီ အိုခေပါ ... သိုင်.ခရူး၊ ကျွန်တော် မနက်ဖြန် ရုံးခန်း လာခဲ့ပါ့မယ်"

ဖုန်းချလိုက်ပြီးနောက် အသက်ကို ဝဝရှူကာ တစ်ချက် ရှိုက်မိသည်။ ခွင့်လွှတ်ပါ အမေရေ။ မ,ဘက်လိုက်ပြီး မိုက်ဘက်ပါမိတဲ့ သား။ အမေ့ကို ပြောနေရင် ရန်ကုန်ချက်ချင်းဆင်းပြီး လာတားမှာစိုးလို့ စင်ကာပူရောက်မှသာ ပြန်သွားပြီဆိုတဲ့ အကြောင်း ဖုန်းဆက်ပါရစေတော့။ ခုတော့ ရန်ကုန်မှာ တစ်စက်လေးမှ နေချင်စိတ် မရှိတော့လို့ပါ။

❦ ○ ❦





YANGOON ➡ SINGAPORE

www.burmeseclassic.com

www.burmeseclassic.com



## ၂၃

သူမရှိနေသည့်အရပ် သူမရှိနေမည့် နေရာကနေ ချက်ချင်းဆိုသလို ရှောင်ခွာထွက်လာခဲ့ပြီး စင်ကာပူကို ရောက်လာတာတောင်မှ ဝေဒနာဟာ မသက်သာနိုင်ပါ။ ဒီမြေမှာ အဲဒီအမျိုးသမီးနဲ့ စတွေ့ခဲ့ရတာလေ။ ပြီးတော့ သူမက ခဏဆိုပေမယ့်လည်း ရက်အတော်ကြာအောင် ဒီမှာနေခဲ့တာ မဟုတ်လား။ ဒီမှာ Taxi မစီးချင်သူ၊ MRT ကိုသာ မက်မက်စက်စက် စီးချင်သူ၊ MRT စီးရလျှင် ပျော်နေသူ၊ စင်ကာပူက ပြောင်လက်တောက်ပသန့်ရှင်းနေသော မြို့ပတ်ရထားတွေကို မြင်တွေ့တိုင်း ရန်ကုန်မှာ ဘယ်တော့ရောက်မှာလဲဟု တဖွဖွပြောတတ်သူ။

အား ... သွားစမ်းပါကွာ ရူးတော့မယ်။ သုံးလနေမယ်ပြောပြီး တစ်လနှင့် အောင်ဖျာလိပ်ပြီး ပြန်လာသော သူ့ကို သီဟာက အပြုံးအပြုံ အထူးတဆန်းနှင့် ကြည့်မေးတာ မှတ်မိနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ဖြစ်တာလဲ။ သုံးလ ဆိုပြီး ခုမှ တစ်လတောင် မနက်ဖြန် သန်ဘက်ခါမှ ပြည့်မှာမဟုတ်လား ...

အခြေအနေ မကောင်းဘူးလား။ တလောက Facebook Status တွေမှာတော့ ဗီလင်ကြည်နူးတို့ ဗီလင်သာယာတို့ ဗီလင်ရင်ခုန်တို့"

"ဟော့ကောင် ... တော်စမ်းပါကွာ။ ဆက်မပြောနဲ့တော့"

နားမလည်ဘူးဟူသော ပုံစံဖြင့် သီဟက လက်ဝါးနှစ်ဖက်ဖြန့်ကာ ပခုံးတွန့်ပြသည်။ သူ့ရင်ထဲမှာ တဆစ်ဆစ်မြည်အောင်ပင် နာနေရှာပါသည်။ သီဟကို ဆက်မပြောနဲ့ ဆိုသော်လည်း ဆက်ပြောရမည့်သူက သူ ဖြစ်လို့နေသည်။ တကယ်တမ်းကျတော့လည်း ခံစားချက်ဆိုတာ အရင်းနှီးဆုံး သူငယ်ချင်းတစ်ယောက်ကို ဖွင့်ထုတ်လိုက်မှ ပေါ့သွားတတ်တာမျိုးမှလား။

"သူ့ကို ငါ စိတ်မချမ်းမသာမယ့် ဘဝထဲကို ဖွတ်မဆင်းစေချင်ခဲ့တာ အဲဒါ ငါ့စေတနာသက်သက်ပဲ။ ဟိုလူ့ကိုမယူနဲ့ ငါ့ကိုယူ ဆိုတဲ့ စိတ်မျိုးလည်း မဟုတ်ဘူး။ ငါ့အချစ်ကို တုံ့ပြန်ရမယ်လို့လည်း မဟုတ်ဘူး ...

ငါချစ်တဲ့ မိန်းကလေးတစ်ယောက်ကို စိတ်ချမ်းသာစေချင်တဲ့ စိတ်တစ်ခုသက်သက်ပဲ ရှိတာကွာ ...

ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်လဲ"





"သူ အားလုံး လက်ခံတယ်ကွာ။ ဘယ်လိုပဲဖြစ်ဖြစ် သူ အဲဒီလူကို မယူဘူးပေါ့။ နောက်ဆုံး သူ အိမ်ကပဲဆင်းရဆင်းရပေါ့ ...

အားလုံး ဟုတ်နေပြီးတော့မှ တစ်ရက် ငါနဲ့ သူနဲ့ ဒင်နာစားဖို့ ချိန်းတယ်၊ သူ ရောက်မလာခဲ့ဘူး။ ဖုန်းပိတ်ထားတယ်။ အဲဒီနေ့က သူ စေ့စပ်တဲ့နေ့တဲ့၊ စေ့စပ်ကြောင်းလမ်းသတင်းလည်း သတင်းစာထဲမှာ ပါခဲ့တယ်"

"အဲဒီတော့ သူ့ကို မင်း ဆက်သွယ်ခဲ့လား"

"ဟော့ကောင် ... ဘာဆိုင်လို့ ဆက်သွယ်ရတော့မှာလဲ။ ငါက ငပေါမို့ သွားဆက်သွယ်ရမှာလား။ ငါနဲ့ ချိန်းထားတာ သူ အသိဆုံးပဲ။ သာမန်မိတ်ဆွေလောက် သဘောထားရင်တောင် ချိန်းထားတာဖျက်ရင် လေးစားမှုနဲ့ မလာဖြစ်တဲ့အကြောင်း ပြောရသေးတယ်မှလား။ သူက ဖုန်းတောင်ပိတ်ထားတာ ငါ့ကို ရှေးတွေးက ဖုန်းဆက်ပြီး လှမ်းပြောလို့ ...

မဟုတ်ရင် ဘယ်အချိန်ထိ ဂျပန်ဆိုင်ထဲမှာ ငုတ်တုတ်မေ့နေမိမလဲ မသိဘူး"

"အင်းလေ ... မင်း သူ့အကြောင်းတွေတောင် မင်းသူလိုက်လို့ သိရတာ မဟုတ်လား။ မင်းဆော်က မြူစီစီပါကွာ"

"ဘာ ငါ့ဆော်လဲ ... တော်စမ်းပါကွာ။ သူများနဲ့ယူတော့မယ့်ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကြားထဲမှာ သူနဲ့ ဘာအဆက်အသွယ်မှကို မရခဲ့ဘူးလား"

"ဘာမှ မရဘူး။ သူ့ facebook တောင် Deactivate လုပ်သွားတယ်။ လုံးဝ ဆုံးစမြုပ်သွားတာပဲ"

"နွေးထွေးဆီကရော ဘာမှ ထပ်မသိရဘူးလား"

"ဘာမှ မသိရဘူး။ ငါလည်း ဘာမှမမေးတော့ဘူး။ သူလည်း ဘာမှ လာမပြောဘူး။ တော်ပါပြီကွာ ပြီးသွားပါပြီ၊ ဇာတ်လမ်းက မစရသေးခင်တည်းက ပြီးသွားပြီ"

"ဘယ်တတ်နိုင်မလဲကွာ၊ ကိုယ်က သူ့အပေါ်မှာ အစစ်မှန်ဆုံး ချစ်ခဲ့တာပဲ။ ကိုယ့်ဘက်က အစစ်အမှန်တွေပဲ ပေးခဲ့ပေမယ့် သူ့ဘဝအတွက် သူ ရွေးချယ်သွားတာပဲလေ ...

မင်း ခံစားရလဲ ခဏပါကွာ။ ကြာရင် မေ့နိုင်သွားမှာပါ"

သူက နှာခေါင်းထဲမှ လေထွက်ရုံ "ချီ"ခနဲ ရယ်ကာမဲ့ပြုံး ပြုံးမိသည်။ ဝိုင်ဝိုင်းသီချင်း ဆိုပြလိုက်ရမလား။ မေ့နိုင်မယ်လို့တော့ မင်းထင်လား တဲ့လေ။ အချိန်တစ်ခုတွင်းမှာတော့ သူမကို မေ့ချင်မေ့သွားမှာပေါ့လေ။ အဲဒါက မလွဲပါဘူး ...

ဒါပေမဲ့ မမေ့နိုင်သေးသရွေ့ မေ့နိုင်ခြင်းနဲ့ မမေ့နိုင်ခြင်းကြားက ခရီးအကွာအဝေးတစ်ခုကိုတော့ မေ့ဖို့ကြိုးစားသူတိုင်း ခက်ခဲပင်ပန်းစွာ လျှောက်လှမ်းရဦးမှာပါပဲလေ။

❦ ○ ❦





"ဟယ်လို ... အမေ ... သားပါ"

"ဟဲ့ ... ရင်ခတ်၊ နင် ... နင် ..."

"အမေ ရင်ဘတ်ကို ဖိထားနော်၊ နေကောင်းတယ် မဟုတ်လား"

"အေး ... ငါ့အသုဘ မနက်ဖြန်ပဲ ချမယ်၊ နင် လာစရာမလိုဘူး ခွေးကောင်"

"အမေရယ် ... ကျွန်တော့်ကို ခွေးကောင်လို့ မဆဲပါနဲ့။ ကျွန်တော် ခွေးဆို ခွေးကို မွေးတာ ဘယ်သူလဲ"

"လာရှည်မနေနဲ့။ နင် ဘာကိစ္စနဲ့ ခွေးပြေး ဝက်ပြေး ပြန်ပြေးသွားရတာလဲ၊ ဟမ် ... ပြောစမ်းပါဦး ခွေးကောင်လေးရဲ့ ... ဟင် ...

မအောက်ကိုတောင် အကျိုးအကြောင်းပြောဖော် မရဘဲနဲ့ အဲဒီလောက် ကောက်ကာငင်ကာ ထ,ပြန်ရအောင် နင် ... နင်တော့လား။ သေတော့မယ် ... နင့်ကို ငါ စင်ကာပူမှာ နားရင်းလာအုပ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"လာခဲ့လေ။ ရှေ့လကျရင် Silk Air က Promotion ရှိတယ်၊ အမေလာရင် ငါကျည်းကျပ်တိုက်ကြော်လေး လုပ်လာပေးနော်"

"ရင်ခတ် ... နင့်ကိုတော့လေ ... နင့်ကို လုပ်ချင်လွန်းလို့ ငါ့ကိုယ်ငါတောင် ပြန်လုပ်မိတော့မယ်။ တကယ် မကြုံဖူးပါဘူး ရင်ခတ်ရယ်။ နင့်လောက် ပေါ့ပျက်ပျက်နိုင်တဲ့ ကောင်မျိုး ငါ့ဘဝမှာ မတွေ့ဖူးဘူး။ လာချင်တဲ့အချိန် လာတယ်၊ ပြန်ချင်တဲ့အချိန် ကောက်ပြန်တာမှ ရန်ကုန် ခဏဆိုပြီး တစ်ဇိတ်အတွင်း စင်ကာပူ ပြန်ရောက်သွားတယ်"

"ဒါတွေက အမေ နာနေကြ တရားတွေပါ အနိစ္စတွေပဲလေ အမေ"

"xxx ÷ + x"

သူ့အမေက ကလော်တုတ်တော့မှပဲ သူက ဟက်ဟက်ပက်ပက် ရယ်မိတော့သည်။ ဒီလို မရယ်ခဲ့ရတာတောင် ကြာပြီပဲလေ။ အမေ စိတ်ဆိုးအောင် စ,ရတာ အင်မတန်ပျော်ဖို့ကောင်းပါသည်။ စ,တာကို စ,မှန်းမသိဘဲ တကယ်ဒေါသထွက်တော့ စ,တဲ့သူက ပို စ,လို့ကောင်းသည်။

"ခွေးကောင် ... နင့်ကို မိန်းမပြန်ပြန်ပေးစားမှ ဖြစ်တော့မယ်"





"မိန်းမပေးစားလို့ ပိုက်ဆံကို စစ်ကိုင်းချောင်မှာ ဇရပ်တစ်ဆောင် ဆောက်လိုက်ပါ။ သား နောက်ငါးနှစ်နေရင် ပြန်လာပြီး ဘုန်းကြီးအပြီးဝတ်တော့မယ်"

"ဘာ ... နင် စိတ်တော့ မှန်ပါသေးတယ်နော်"

"ဘုရားဟောထားတာတောင် ရှိသေးတာပဲ။ ပုထုဇဉ်ဥမ္မတ္တကောတဲ့။ လူတိုင်းက အရူးချည်းပဲ"

"တော် တော် ... ရင်ခတ်။ နင်နဲ့ ဆက်ပြောနေရင် ငါပါ ရူးသွားလိမ့်မယ်"

"မှန်တယ် ... သွက်သွက်မခါခင် ဖုန်းချကြစို့"

"ရင်ခတ်ရယ် ... စကားကို အကောင်းပြောစမ်းပါ။ ငါက နင့်ကို မွေးထားတဲ့ အမေပါ။ နင် ဘာတွေဖြစ်နေတာလဲ။ ကောက်ကာငင်ကာ မန္တလေးရောက်လာ ရန်ကုန် ပြေးသွား၊ အခု စင်ကာပူတောင် ပြန်ရောက်သွားမှ မအေကို ဖုန်းဆက်တယ်။ ဘာတွေဖြစ်နေတာလဲ ပြောစမ်း ...

မိန်းမကိစ္စနဲ့ပတ်သက်တယ် မဟုတ်လား"

သူ ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ အမေ့ကို အကျိုးအကြောင်း နည်းနည်းပြောပြလိုက်ရင် ကောင်းမလား။ ဒါပေမဲ့ နောက်ဆုံးကျန်တဲ့ ချစ်ခြင်းအရ မြယာ အပေါ်မှာ မည်သူတစ်ဦးတစ်ယောက်မှ စိတ်ကွက်ငြိုငြင်သွားမှာကို မလိုလားပါ။ အဆုံးထိ အပြစ်က လွတ်စေချင်တဲ့စိတ်သာ ရှိပါတယ် ဒေါ်မြယာ။



www.burmeseclassic.com

www.burmeseclassic.com



"မပတ်သက်ပါဘူး"

"နင် ငါကို မလိမ်နဲ့"

"မလိမ်ပါဘူး။ အမေ လကုန်ရင် သား ပိုက်ဆံတွေလွှဲလိုက်မယ်၊ အရမ်းများလို့ Bank ကပဲ လွှဲမယ် အမေ။ မေမြို့နဲ့ကလောမှာ ဟိုတယ်ဆောက်ဖို့ သုံးလိုက်ပါ"

"ဟဲ့ ... အဲဒီလို အရေးကြီးတဲ့ ကိစ္စတွေကို ဒီမှာရောက်တုန်းက တစ်ခါတည်း ဘာလို့ မဆွေးနွေးသွားတာလဲ"

"ဘာဆွေးနွေးစရာ လိုလဲဗျာ။ ကိုကြီးတစ်ယောက်လုံးလိုတော်တဲ့အင်ဂျင်နီယာ ရှိနေတာပဲ။ ကျွန်တော့်မှာ အပေါ်ဆုံးက ပိုက်ဆံကလွှဲလို့ ဘာမှရှိတာ မဟုတ်ဘူး"

"အေး ... အဲဒီလို မသိတဲ့ကောင်က ဘယ်ကဟာမှန်းမသိတဲ့မိန်းမနဲ့ ရမှာစိုးလို့ဟ"

"ကျွန်တော် ကတိပေးပြီးသားပဲ အမေရာ။ ကျွန်တော် မြန်မာမကိုပဲ ယူမှာပါလို့။ ဒါပေမဲ့ ခုတော့ လူပျိုကြီးလုပ်ချင် လုပ်တော့မှာ"

"နင့်ဟာနင် လုပ်ချင်လုပ် မလုပ်ချင်နေ။ နင့်ကို ငါ သုံးနှစ်အချိန်ပေးမယ်၊ သုံးနှစ်အတွင်း ကိုယ်ကြိုက်တဲ့မိန်းမကို ရှာပြီး ယူရင်ယူ၊ မယူရင်တော့ နင့်အိမ်ရာထဲအရောက် မိန်းမတစ်ယောက် ငါလာထည့်ပေးမှာပဲ။ ငါ တကယ်ပြောနေတာ"





"အင်းပါ အမေရာ။ အမေ တကယ်ပြောနေမှန်း သိပါတယ်။ သုံးနှစ် ဟုတ်လား ... မနက်ဖြန်တောင် ဘာဖြစ်မယ်မှန်း မသိတဲ့ အနာဂတ်မှာ အမေက သုံးနှစ်အချိန်ပေးထားတာ နိမ်ားဆီးမီးသား အိုမား ...

ကဲ ... အမေရေ။ နောက်မှ ဖုန်းခေါ်တော့မယ်။ ဖုန်းကတ်ကုန်တော့မယ်။ ဖုန်းကျတော့မယ်။ ကျန်းမာရေးကို ဂရုစိုက်နော်၊ I love you so much ... အာဘွား"

"ဟဲ့ ..."

သူ့အမေရဲ့ တစ်ခုခုပြန်ပြောဖို့ စကားအစမှာပဲ ဖုန်းကတ်က မိနစ်ကုန်သွားကာ ဖုန်းကျသွားခဲ့ပြီ ဖြစ်ပါသည်။ သူက အသာပြုံးရင်း ခေါင်းယမ်းမိသည်။ ဘာပဲဖြစ်ဖြစ် အမေနဲ့ ဖုန်းပြောရတာ ပျော်စရာကောင်းခဲ့သည်။ စိတ်လည်း နည်းနည်းတော့ ပေါ့သွားခဲ့သည်။ အချစ်တစ်ခု အစပြုပြီး သမုဒယတွေ ဖန်တီးရင် ဖန်တီးခဲ့သလောက် ခံစားနာကျင်ခဲ့ရတဲ့အချိန် ကြာတတ်သည်ဆိုလျှင် သမုဒယတွေ များများစားစား မရှိသည့် သူနဲ့ မြယာ ကြားမှာ သိပ်မကြာခင် နေတတ်သွားမည်လား။

ချစ်ဖူးခဲ့သမျှတော့ ပျောက်ပျက်သွားတယ်မှ မရှိတာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... တော်လောက်ပြီ ထင်တယ်။ ဒီနေ့ အခြေနေ သိပ်မကောင်းဘူးလားလို့။ အရင်းနား ပြန်ရောက်လာရင် ရပ်လိုက်တော့"

သီဟရဲ့ စေတနာသတိပေးစကားကို သူက ခေါင်းတစ်ချက်ဆတ်ပြရင်း စီးကရက်ကို တစ်ချက်ရှိုက်ဖွာရင်း Game Screen ကို တစ်ချက်စိုက်ကြည့်နေမိသည်။ ဘေးက ဆေးလိပ်ပြာခွက်ကို လာသိမ်းသော ကာစီနိုက ဝန်ထမ်းကောင်မလေးက "ကော်ဖီထပ်ယူဦးမလား"ဟု အပြုံးနှင့်မေးတာကို အပြုံးနှင့် ခေါင်းခါပြလိုက်သည်။

"ဒီတစ်ခါ သုည လာမလားလို့ပဲ။ နည်းနည်းထပ်ချလိုက်မယ်"

"ဟော့ကောင် ... အများကြီး ပါသွားဦးမယ်။ ခုနေ ရပ်ထားရင် သိပ်မဆိုးသေးဘူး"

"ဒီတစ်ခါတည်းပါကွာ၊ ဒီတစ်ခါ စိတ်ထဲက အံရှမ်း Feel လာနေလို့"





"Feel လာတိုင်း ကောင်းကာကျလို့"

"ဟော့ကောင် ... နိုင်ငံရေးတွေ ပါမလာနဲ့"

သီဟက မျက်စောင်းထိုးပြီးပြောလျှင် သူက တစ်စုံတစ်ခုကို ရည်ရွယ်ပြီး ပြောမှန်းသိစွာ ချက်ချင်းဟားမြစ်သည်။ ပါးစပ်ကပြော၊ လက်ကလည်း သုညဂဏန်းပေါ် ထိုးကြေးတွေ လိုက်တင်နေမိသည်။ သုညအနားက ဂဏန်းတွေရောပေါ့။ ကဲ... ငါ့လိုကောင် သုညနဲ့ အနီးတစ်ဝိုက်မှာ သာယာစမ်းပါကွာ။ ဒိုင်က အံစာတုံးကို ပစ်လွှတ်လိုက်သည့် အခိုက်မှာ သူ့ရင်မှာ တထိတ်ထိတ်။ ကိုယ် Crazy ဖြစ်သော တစ်စုံတစ်ယောက်ကို မေ့နိုင်ဖို့ ကိုယ် Crazy ဖြစ်သော တစ်စုံတစ်ရာနှင့် အစားထိုးရပါသည်။

"ဆိုးယိုး"

ကြော်ငြာပေးသည့် စ,လုံးမအသံက Zero (ဇီးရိုး)ဟု မထွက်ဘဲ ဆီးယိုးဟု ထွက်လာလည်း ပြဿနာမရှိတော့။ သူက ယာ့စ်ဟု လေထဲ လက်သီးတစ်ချက်ပစ်သွင်းရင်း ပျော်ရွှင်စွာအော်မိသည်။ သူ့စက်ထဲတွင် ပိုက်ဆံတွေက မြင်မကောင်းအောင် ပြည့်လာသည်။ ခုနက ရှုံးနေတာထက် အဆပေါင်းများစွာ တက်လာခဲ့ပြီ။

"ဟော့ကောင် ... တော်တော့။ တော်တော့။ မင်းကို ဒါ ကံကြမ္မာက ခဏကျီစားလိုက်တာ။ လောဘမကြီးနဲ့တော့ ထပ်မလုပ်နဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ ... တော်ပါပြီ။ ဒီလောက်ရဖို့ကို မမျှော်လင့်ခဲ့ဘူး။ တော်ပါပြီ ... တော်ပါပြီ။ ခဏနေ လူများလာတော့မယ် ငါတို့လည်း လစ်မယ် ...

ကဲ ... မင်း ဘာစားချင်လဲ Clarke Quay မှာ ကလက်စီကွေးမလား"

"ကလက်စီလည်း မကွေးချင်ဘူး။ မန္တလေးပဲ သွားမယ်။ ဝက်ခြေထောက်စွပ်ပြုတ်ပဲ စားချင်တယ်"

ဟင်းခနဲ ရှုံ့မဲ့မိတော့မလို ဖြစ်သွားသော သူ့ပုံစံကို သီဟကလည်း ချက်ချင်းအထာပေါက်သည်။ သူ အခုနက ပြောလိုက်သလို နိုင်ငံရေးတွေ ပါမလာနဲ့ဟု ပြန်ပြောသည်။ ပင်နီဆူလာက မန္တလေး ရှမ်းအစားအစာဆိုင်သည် မြယာနန္ဒာတည်းဟူသော ရက်စက်မှုအပေါင်း သရဖူဆောင်းခဲ့သူ မိန်းကလေးတစ်ယောက်ရဲ့ နှစ်သက်လွန်းသောဆိုင်လေး။

သူမ အကြိုက်ဆုံးက မာလာငါးကင်နဲ့ ဝက်ခြေထောက်ချဉ်စပ်စွပ်တဲ့။ အဲဒါ စားရလျှင် သူမ မျက်နှာက ချောကလက်စားရသော ကလေးတစ်ယောက်လို ဝင်းပွန်းလဲ့တာကို မှတ်မိနေသေးသည်။ ကျွတ် ... တိုက်ဆိုင်တိုင်း သတိရတဲ့စိတ်ဆိုတာ ဝေးကွာသွားတဲ့ လူတွေအဖို့တော့ တကယ် မစားသာပါဘူး။

"လစ်မယ် မှလား"

"လစ်ပေါ့ကွာ"





သူနဲ့ သီဟက ကာစီနိုမှ ပြန်ထွက်လာကာ ပင်နီဆူလာသို့ထွက်လာခဲ့ကြသည်။ ပင်နီဆူလာက မန္တလေးမှာ စားသောက်ပြီး ထွက်လာလျှင် သီဟက အပေါ်ထပ်တွေသို့ တက်ဖို့ ပြောလာသည်။

"ရွှေရတနာမှာ ဂျာနယ် သွားဝယ်ရအောင်ကွာ"

"မင်းကလည်း။ အင်တာနက်မှာ သတင်းတွေ ဒီလောက် ဖတ်နေရတာတောင်"

"ငါက စာရွက်ကို ကိုင်ဖတ်ရတာ ကြိုက်တာလေ။ ရွှေအမြုတေမဂ္ဂဇင်းလည်း မှာထားတာရှိလို့။ လာကွာ ... တက်ရအောင်"

မပြောတော့ဘူး ဟူသော ပုံစံဖြင့် သူက သီဟနောက်က လိုက်လာခဲ့သည်။ သူတို့က စက်လှေကားနှင့်အတက်၊ တစ်ဖက်က စက်လှေကားက ဆင်းလာသူကိုမြင်လျှင် ရုတ်တရက်မို့ အံ့သြသွားပြီး နောက်မှ လက်ပြမိသည်။

"ကျွန်တော် ပြန်ဆင်းလာခဲ့မယ်။ သီဟ ... မင်းဘာသာဝယ်နှင့်တော့၊ ငါ့အတွက် နေကြာစေ့ ဝယ်လာခဲ့၊ ဟိုမှာ နွေးထွေးကို သွားနှုတ်ဆက်လိုက်ဦးမယ်"

"အဟမ်း"

သူက စက်လှေကားနှင့် ပြန်ဆင်းလာလျှင် နွေးထွေးက အောက်မှာ ပြုံးပြီးရပ်စောင့်နေသည်။

"မတွေ့တာ ကြာပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ။ ရှင်က ရောက်နေတာတောင် ပြောမှမပြောတာ"

"ခုနလေးကတင် ကာစီနိုမှာ Check in ဝင်ထားတယ်လေ။ လောင်းကစားသည်သာ အကောင်းဆုံးပါလို့"

"ဟား ဟား ... အဲဒီလောက်လည်း စိတ်မနာပါနဲ့ရှင်၊ ဘယ်လိုလဲ အဆင်ပြေလား"

"အင်း ... ဆိုပါတော့"

"ကျွန်မက အိမ်ကပို့လိုက်တဲ့ လူကြုံပစ္စည်း လာယူတာ။ တစ်ခုခု စားမလား၊ ကျွန်မ ကျွေးပါ့မယ်"

"အာ ... နေပါစေဗျာ။ ကျွန်တော်တို့ ခုပဲ မန္တလေးက ထ,လာတာ၊ ဟိုကောင်က ဂျာနယ်ဝယ်ချင်တယ်ဆိုလို့ ဒီဘက်ကူးလာတာ"

"သြော်"

သူနဲ့ နွေးထွေးကြားမှာ တစ်ခုခုကို သတိရရဲ့သားနဲ့ ကွေ့နေကြသည်ဟု ထင်ရပါသည်။ တစ်ယောက်နဲ့ တစ်ယောက် ဘာဆက်ပြောရမှန်းမသိ ဖြစ်နေကြသည်။ တကယ်တော့ သူတို့ဆီမှာ Topic အကြီးကြီးတစ်ခု ရှိတယ် မဟုတ်လား။ သူတို့နှစ်ယောက်တောင် မြယာနဲ့ ပတ်သက်ပြီးမှ သိခဲ့ရတဲ့ မိတ်ဆွေတွေ ဖြစ်သည်။

နောက်တော့ နွေးထွေးကပဲ အပြုံးသဲ့သဲ့ တစ်ခုဖြင့် ...

"မြယာကို စိတ်ဆိုးနေလား"





"မဆိုးပါဘူးဗျာ၊ ဘာဆိုးစရာရှိလို့လဲ"

"ကိုရင်ခတ် ... ရှင် သူ့ကို တော်တော်ချစ်ခဲ့တာပဲနော်။ အဲဒီချစ်ခြင်းကို မြယာက လေးလေးနက်နက် အသိအမှတ်ပြုခဲ့ပါတယ်"

"ဟက် ... သူ အသိအမှတ်ပြုတာ မပြုတာက ကျွန်တော့်အတွက် မရေးမကြီးပါဘူး"

"ကြည့် ... အဲဒါကိုက စိတ်ဆိုးနေတာ မဟုတ်ဘူးလားလို့"

"စိတ်မကောင်း ဖြစ်တာပါ။ သူ အသိအမှတ်ပြုလည်း ဘာမှ အရာမထင်တော့ဘူးလေ ...

နွေးထွေးရော အားလုံး အိုခေတယ် မဟုတ်လား။ ကြားထဲ မတွေ့ဖြစ်ကြရင်တောင် စင်ကာပူမှာ မင်္ဂလာဆောင်မယ် ဆိုရင်တော့ ဖိတ်ဗျာ။ ဆက်ဆက်လာပြီး ဂုဏ်ပြုပေးပါ့မယ်"

"ဟား ဟား ... ကောင်းပါပြီရှင်။ အိုခေ ... ဒါဆို ဒိုပ် မကြာခင် ထပ်ဆုံတာပေါ့။ ကျွန်မကို ခွင့်ပြုပါဦး"

"ကောင်းပါပြီဗျာ ... ဆီးယူ"

နွေးထွေး ထွက်ခွာသွားသော ကျောပြင်ကို ဘာရယ်မဟုတ် ငေးနေရင်းမှ တစ်စုံတစ်ယောက်ကို ပြင်းပြင်းပြပြ သတိရလာခဲ့သည်။ အချစ်ဆိုတာ ကိုယ် ခံစားခဲ့ရဖူးသူ တစ်ယောက်ကို မပြောနဲ့ သူနဲ့ပတ်သက်တဲ့ တစ်စုံတစ်ရာ၊ သူ့သူငယ်ချင်း၊ သူ့မိသားစုဝင် သူ့အမျိုး စတာတွေနဲ့ တွေ့ရင်တောင် သူ့ကို တွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသလို ခံစားထိရှရတာ မဟုတ်လား။ အဟောင်းတွေအသစ်ဖြစ်ကြရတာ မဟုတ်လား။

သူ့ခံစားချက်တွေက မဟောင်းဘဲ လတ်လတ်ဆတ်ဆတ်ဆိုတော့ အသက်ရှူတိုင်းတောင် ထိရှနာကျင်ရပါသည်။

❦ ○ ❦





“SIX MONTHS LATER”

www.burmeseclassic.com

www.burmeseclassic.com



## ၂၄

“ကျွတ် ... ငါ့ဘဝကလည်း ဘယ်လိုကုသိုလ်နဲ့မှယှဉ်ပြီး မွေးလာလဲ မသိဘူး။ ဒါပေမဲ့လည်း ပဋ္ဌာန်းတရားသဘောနဲ့ ပြောရမယ်ဆို ကုသိုလ်နဲ့ အကုသိုလ် အပြန်အလှန် ဆက်စပ်နေပုံကလည်း ရှိနေတော့”

“အမယ်လေးကွာ ... ပဋ္ဌာန်းတွေ ဘာတွေ အမြင့်ကြီး ပါလာပြန်ပြီ။ ငါ နားမလည်တာတွေ မပြောနဲ့ကွာ”

“ဟုတ်တယ်လေ။ သူများတွေက ကေဘယ်လ်စီးချင်လို့ ဈေးကြီးတွေပေးဝယ်။ USS tickets တွေကတော့ ရွှေ့မရတော့ ငါတို့က ဒါကြီးကို အချောင်သွားသွားစီးနေရတယ်”

“ကိုယ့်ကံနဲ့ကိုယ်ဆိုတာ ဒါမျိုးပေါ့ကွာ”

“ဘာကံလဲ။ ငါ ပြောတာ အဲဒီကုသိုလ်ပဲလေ။ အမှတ်တမဲ့ ကြည့်ရင် ကံကောင်းတယ်လို့ ထင်ရပေမယ့် ကာကံရှင်အတွက် အဆင်မပြေရင် ဒါကို ကံကောင်းလှချည်ရဲ့လို့ ဘယ်မှတ်မလဲကွာ”





“အေးပါကွာ ... ဒါမျိုးကလည်း ခဏ ခဏ မရှိနိုင်ပါဘူး”

“Sentosa ပဲ ရေစက်က မကုန်နိုင်ဘူး။ ပျင်းလွန်းလို့”

“ဟုတ်လို့လား ... လွမ်းလွန်းလို့ မဟုတ်ဘူးလား”

သူက သီဟကို မျက်ထောင့်နီနှင့် ကြည့်မိကာ ကေဘယ်လ်စီးဖို့နေရာသို့ တက်ဖို့ရာ Lift ကိုဖွင့်ပြီး ဝင်လာခဲ့သည်။ သီဟရဲ့ညီမဝမ်းကွဲတွေ စင်ကာပူသို့ အလည်လာရောက်ကြရာမှာ တစ်ယောက်က အပူရှပ်ပြီးဖျားတော့ ဒီနေ့စီးဖို့ ဝယ်ထားသည့် Sentosa သွားသည့် ကေဘယ်လ်ကိုလည်း မစီးနိုင်တော့။ USS tickets တွေလည်း ဆုံးမှာစိုးသဖြင့် သူတို့က လာထုတ်ပေးရသည်။ Sunday မို့လားမသိ။ ခါတိုင်း လူနည်းနည်းရှင်းသော ကေဘယ်လ်စဟေရှင်မှာတောင် လူတွေ တန်းစီနေရပါသည်။

ဒီနေရာကိုရောက်တော့ သူ့ရင်မှာ စိုက်ခဲ့သော ဆူးဒဏ်ရာက ပြန်နာရသည်။ ဆူးကတော့ ဘယ်နေရာပဲဖြစ်ဖြစ် နာခဲ့ရတာပါပဲ။ ဒီနေရာကတော့ အဆိုးဆုံးပေါ့။ ဒီနေရာမှာပဲ ကေဘယ်လ်တစ်လုံးကို နှစ်ယောက်အတူ စီးမိပြီး တိုက်ဆိုင်သော ကံကြမ္မာနှင့် မိန်းကလေးတစ်ယောက်ကို အမှတ်မထင် ချစ်မိသွားခဲ့ရတာလေ။

“Hello ... Please take care Ok ... Ok”

ဝန်ထမ်းတွေက ပါးစပ်ကပြော၊ လက်ကလည်း ညွှန်ပြနှင့် တက်ခိုင်းနေချိန်မှာ သူက ရှေ့ကို အရင်တက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း သီဟာကို လှည့်ကြည့်လိုက်လျှင် သူ့နောက်မှာမရှိဘဲ ဖုန်းပြောနေသည်။ မလှမ်းမကမ်းမှာမို့ သူက "ဟေ့ကောင်"ဟု ခပ်အုပ်အုပ် အော်ခေါ်မိလျှင် သီဟာက လိုက်သွားနှင့်တော့ဟု ပြန်အော်သည်။ ဘာလဲဟ ... ဒီကောင်။ သူက တစ်ခုခု ပြန်ပြောဖို့ ကြိုးစားတုန်းမှာပဲ ကေဘယ်လ်အိမ်လေးရဲ့တံခါးကို ဝန်ထမ်းက ပိတ်ပေးလိုက်ပြီ။ ကေဘယ်လ်က စတင်ပြီး တရွေ့ရွေ့ထွက်ခွာပါပြီ။ သူက နားမလည်စွာနှင့် သီဟာကို လှည့်ကြည့် လှည့်ကြည့် ဖြစ်နေသည်။ သီဟာက နောက်တစ်စင်းအတွက် ဝင်ရောက်တန်းစီနေတာ တွေ့ရပြီး သူက လှမ်းဆဲဖို့ရာ ဖုန်းကိုဆုတ်လိုက်သည်။

ဖုန်းဆက်တော့ Busy တဲ့။ သူက ရှစ်ခနဲ ရေရွတ်ရင်း လှည့်မကြည့်တော့ဘဲ ခြေပစ်လက်ပစ်မှီချလိုက်ကာ အခုမှပဲ သူ့ရှေ့တည့်တည့်ကခုံမှာ ထိုင်နေသော သူကို သတိပြုမိရသည်။ သံပရာခွံဒီဇိုင်း ဂျင်းဦးထုပ် ဆောင်းထားပြီး Ray Ban မျက်မှန်အညိုရောင်လေး တပ်ထားကာ အဖြူရောင်ချည်သားဂါဝန်တိုဖြင့် မိန်းကလေးတစ်ယောက်သည် သူ့ကို ပြုံးပြနေသည်။

"ဟင် ... ခင် ... ခင်ဗျား ..."

သူမက အညိုရောင်မျက်မှန်ကို အသာဆွဲချွတ်လိုက်တော့ သူ့ရင်ဘတ်တစ်ခုလုံး ဟင်းလင်းပွင့်သွားသလို ခံစားသွားရပါသည်။ သူမကတော့ အေးဆေးပါပဲ။

"ကျွန်မတို့ ထပ်တွေ့ပြန်ပြီနော်"





"ဟား ... ဘာ တွေလဲ။ နေစမ်းပါဦး ... ခင်ဗျားက ?? ဟား ... ဘာတွေလဲကွာ"

ပျော်ရွှင်ခြင်း၊ ဝမ်းသာခြင်း၊ ရင်ခုန်ခြင်း၊ စိတ်လှုပ်ရှားခြင်း သို့ပေမဲ့ ဘာကမှားနေလဲ ဆိုသော မသေချာ မရေရာသေးခြင်း၊ အမှန်တရားကို မသိသေးခြင်း စသော ခံစားချက်ပေါင်းစုံဖြင့် နှစ်မွှန်းနေသော သူ့ကို မြယာက ကရုဏာသက်သလို ငေးကြည့်နေပါသည်။ အဲဒီ မျက်ဝန်းတွေကိုမြင်တော့ သူ ပိုနာကျင်ရသည်။ ကျေးဇူးပြုပြီး မင်း ငါ့ကို အဲဒီလိုအကြည့်မျိုးတွေနဲ့ မကြည့်စမ်းပါနဲ့ မြယာ။

"ခင်ဗျား ဟန်းနီးမွန်း ထွက်လာတာလား။ အမျိုးသားရော"

"ကျွန်မ လက်မထပ်ခဲ့ပါဘူး"

သူက မြယာကို နင့်နင့်နဲနဲ စိုက်ကြည့်နေမိသည်။ အပူအအေးတွေနဲ့ ဖြောင်းဆန်နေရ၍ ရူးရတော့မည် ထင်ပါသည်။

"လက်မထပ်ခဲ့ရုံမျှ စေ့လည်း မစေ့စပ်ခဲ့ဘူး ရင်ခတ်"

"........"

တစ်ခုခုပြောဖို့ ကြိုးစားသော်လည်း စကားလုံးတွေက ထွက်မလာခဲ့ပေ။ ဖုန်းပိတ်ထားခဲ့သည့်ကိစ္စ၊ သူ့ကို အဆက်အသွယ်လေးတောင် မလုပ်သည့် ကိစ္စတွေအတွက် သူမမှာ ပြောစရာစကားတွေ မရှိဘူးတဲ့လား။ သူ့မျက်ဝန်းထဲက မေးခွန်းတွေကို မြယာ ဖတ်တတ်ဟန် တူပါသည်။ ဆက်ပြောလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နဲ့ ချိန်းထားတာကို မေခင် သိသွားပြီး အဲဒီနေ့မတိုင်ခင် ညတည်းက ဖုန်းကို သိမ်းထားတာ။ ဇွေစပ်ကြောင်းလမ်း သတင်းကတော့ အစတည်းက အဲဒီနေ့မှာထည့်ဖို့ မေခင်ပဲ စီစဉ်ထားတာပါ။ အပိုင်ချုပ်တဲ့ သဘောပေါ့လေ...

ကျွန်မကိုလည်း အင်တာနက်ရော၊ ဖုန်းပါ သုံးခွင့်မပေးတော့ဘဲ အိမ်ထဲမှာပဲ အကျယ်ချုပ်လို ထားလိုက်တော့တာ။ ကျွန်မ ဘယ်သူနဲ့မှ အဆက်သွယ် လုပ်လို့မရဘဲ အိမ်ထဲမှာတင် အမျိုးမျိုး နားချတယ် ...

အဲဒီမှာ ဇွေစပ်ကြောင်းလမ်းသတင်းကြောင့် အိမ်ပေါ်ကို တက်လာခဲ့သူက ကိုကြီးရဲ့ချစ်သူ မသဇင်ပါ။ သူ့မှာ ကိုကြီးနဲ့ရတဲ့ ကိုယ်ဝန်ကို လွယ်ထားတာ သုံးလတောင် ရှိပြီတဲ့လေ။ အဲဒါကို မေခင်က Shock ရပြီး သတိလစ်လို့ ဆေးရုံတင်ရတယ်။ တော်တော်နေမကောင်းဖြစ်သွားတယ်ပေါ့ ...

ကျွန်မလည်း မေခင့်ကို တော်တော်ပြုစုလိုက်ရတယ်။ မေခင့် အခြေအနေ ပြန်ကောင်းလာတော့မှ တခြားလူကြီးတွေက မေခင့်ကို နားချဖျောင်းဖျပြီး နှစ်ဖက်ညှိနှိုင်းပေးလို့ ကိုကြီးနဲ့ မသဇင်လည်း လက်ထပ်လိုက်ရပြီ။ မသဇင်တောင် ကလေးမီးဖွားတော့မယ်လေ"

ဖြည်းဖြည်းနှင့် အေးအေးဆေးဆေး ပြောပြနေသော မြယာရဲ့စကားတွေကို နားထောင်ရင်း ရင်ထဲတွင် နှင်းကျလာသလို





အေးမြ စွတ်စိုလာပါသည်။ သူ့မျက်ဝန်းတွေထဲမှာတောင် နှင်းတွေကျနေမလားဘဲ။

"ရှင့်ကို တမင်မဆက်သွယ်ခဲ့တာ မဟုတ်ဘူး။ ကျွန်မ ဆက်သွယ်လို့ရတဲ့ အချိန်မှာ ဆက်သွယ်တော့ ရှင် ပြန်သွားခဲ့ပြီလေ"

"မြယာရယ် ... ကျွန်တော်"

"ရှင် ... ပြောဖူးတယ်နော်။ ရှင့်ကို အပြည့်အဝ ယုံကြည်ပါတဲ့။ တကယ်တော့ ရှင်ကသာ ကျွန်မကို အပြည့်အဝ မယုံကြည်ခဲ့တဲ့သူပဲ"

"ဟာ ... အဲဒီလို မဟုတ်ပါဘူး။ ကျွန်တော် ... ကျွန်တော် ကျွတ် ... မသိဘူးဗျာ။ ကျွန်တော် ရှင်းမပြတတ်တော့ဘူး၊ ဒါပေမဲ့ ကျွန်တော် ခင်ဗျားကို သိပ်ချစ်ခဲ့တာ မြယာ။ ခင်ဗျားကို ဘာမှန်း ညာမှန်း မသိဘဲနဲ့ ချစ်ခဲ့တာပါ ...

ခင်ဗျားမျက်နှာကို ကြည့်လိုက်တာနဲ့ ခင်ဗျား ဘာဖြစ်နေတယ်ဆိုတာကို ရိပ်မိလောက်အောင် ချစ်တဲ့ကောင်ပါ။ ဒါပေမဲ့ အဲဒီနေ့က ကျွန်တော်လည်း ..."

"တော်ပါပြီ ဆက်မပြောပါနဲ့တော့"

မြယာက ခပ်ဆတ်ဆတ်လေး ပြောပြီး မျက်စောင်းထိုးလိုက်လျှင် သူ ဘယ်လိုလုပ်ပြီး သူမနား ရောက်သွားမှန်းမသိပါ။

"အခု ဒီကို ဘယ်လိုလုပ် ရောက်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လေယာဉ်စီးပြီး ရောက်လာတာပေါ့"

"မဟုတ်ဘူးလေ။ နေပါဦး ... အခု ဒီလိုတိုက်တိုက်ဆိုင်ဆိုင် တွေ့တာက သိဟတို့ နွေးထွေးတို့ စီစဉ်တာလား"

"အင်းပေါ့ ... မဟုတ်ရင် ဒီလောက် တိုက်တိုက်ဆိုင်ဆိုင် လာဆုံနေမလား။ တိုက်ဆိုင်လွန်းတယ်ဆိုတာ တစ်ခါပဲ ဖြစ်နိုင်တယ်ရှင့် ...

ရှင်လား ... ဆန်တိုဆာကို တိုက်တိုက်ဆိုင်ဆိုင် ရောက်လာမှာ"

"အဲဒါတော့ ဟုတ်တယ်ဗျာ။ ခင်ဗျားလုပ်လို့ Sentosa ကို တစ်သက်လုံး စိတ်နာတော့မလို ဖြစ်သွားတာ"

"ဟား ဟား ဟား"

သူမက ချိုလွင်သာယာစွာ ရယ်မောလျှင် အဲဒီရယ်သံလေးကို တစ်သက်တာ ထာဝရ ပိုင်ဆိုင်ပါစေကြောင်း ကျွန်းပိုင် ကွမ်ယင်မယ်တော်ကြီးထံမှာ ဆုတောင်းချင်ပါသည်။ ရယ်နေပုံလေးကိုငေးကာ သူက သူမရဲ့လက်လေးတစ်ဖက်ကို ဆွဲယူလိုက်လျှင် သူမက တွန့်ခနဲ ဖြစ်သွားသည်။ သူက သူ့ရင်ဘတ်မှာ သူမလက်ကို မြတ်မြတ်နိုးနိုး အပ်ထားမိရင်း သူမကို ပျောက်ဆုံးသွားမှာ စိုးသည့်အလား နှင့်နှင့်သီးသီး စိုက်ကြည့်မိသည်။

"ကျွန်တော့်ကို ဒီလို Romantic ဆန်ဆန် ပြန်တွေ့ဖို့ ဒီလိုဖန်တီးရောက်လာပေးတဲ့ ခင်ဗျားကို သိပ်ကျေးဇူးတင်တယ် ...





တစ်ဘဝလုံး အမြတ်နိုး အမြတ်နိုးဆုံး ချစ်သွားပါ့မယ် မြယာ"

"ဟင်း ... ဟင်း ... ဆန်းလိုက်တာနော်"

"ဘာကိုလဲ"

"ဩော် ... ရှင်ချစ်တဲ့ အကြောင်းတွေပဲ ပြောနေတာ။ ကျွန်မကို ချစ်ရဲ့လားလို့ မေးဖို့တောင် သတိမရလို့လေ"

"မဟုတ်ဘူး မြယာ။ သတိမရတာ မဟုတ်ဘူး။ အခု ခင်ဗျားကို တွေ့လိုက်ရပြီး ကျွန်တော့်အနား ခင်ဗျားပြန်ရောက်လာတယ် ဆိုတာတောင် ကျွန်တော့်အတွက် အိပ်မက်လိုလိုပဲ။ အရမ်းပျော်ဖို့တောင် မပျော်ရဲသလိုလို ဖြစ်နေတယ် ...

ခုချိန်မှာ ခင်ဗျားဆီက ချစ်တယ်ဆိုတဲ့ စကားကို ကြားရရင် ရူးသွားနိုင်တယ်။ အဲဒါကြောင့် မမေးသေးတာ။ နောက်ရက်မှ မေးမယ်၊ စိတ်ချ ... ခင်ဗျားကို ဒီတစ်ခါ ကျွန်တော် ပြန်မလွှတ်တော့ဘူး"

မြယာက သူ့ရဲ့ ဆိုက်ကိုဆန်ဆန် ချစ်ခြင်းကို ငေးမောနေပြီးမှ သူမရဲ့ထုံးစံအတိုင်း မျက်နှာလေးတစ်ဖက်လှည့်ကာ ဟက်ခနဲ ရယ်သည်။ ပြီးတော့ သူ့ကို ပြန်ကြည့်သည်။ သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ပျောက်ဆုံးသွားတော့မလို နစ်ဝင်ငေးမျှောနေသည်မှာ အကြာကြီး။ ကောဘယ်လ်က Sentosa ဘက်သို့ ရောက်သွားပြီး တံခါးဖွင့်ပေးတော့မှပဲ ပတ်ဝန်းကျင်နှင့် အဆက်အသွယ် ပြန်ရလေသည်။

www.burmeseclassic.com



သူက မြယာရဲ့လက်ကလေးကို တင်းတင်းဆုပ်ကာ အပျော်တွေပြည့်နေသော ခြေလှမ်းဖြင့် Sentosa သို့ ခြေချသည်။ ချစ်သူအဖြစ် စတင်ဆိုက်ပြီဖြစ်သော ခြေတစ်လှမ်းဖြင့် တစ်ဘဝလုံးစာ အဆုံးထိတိုင် ချစ်ခြင်းဖြင့် လျှောက်လှမ်းကြတော့မယ် ဆိုတာ ရင်ဘတ်ချင်း ညှိပြီးသားဖြစ်သော ချစ်တေးသံစဉ် ဖြစ်ပါမည်။

ချစ်ခင်လေးစားသော ...

**ဆုမြတ်မွန်မွန်**

12:15 (P:M)
Fri, 22 August
2014.

www.burmeseclassic.com